


တက္ကသိုလ်
နေဝင်းမြင့်
JOURNEY TO THE WEST
အကြမ်းပတမ်း
ခရီးသန်း
တစဉ်
၅

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးမောင်လှိုင်

လှိုင်အော့(ဖ်)ဆက် (၀၃၈၅၄)

၁၃၄၊ လမ်း ၄၀၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးကြည်ဝင်း

ဝင်းစာပေ (          )

၃၄၈၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။

# တက္ကသိုလ်နေလင်းအောင်

## အကြမ်းပတမ်းခရီးဆန်း

## ( JOURNEY TO THE WEST )

( ဒဏ္ဍာရီဝတ္ထုရှည် )

မူရင်းစာရေးဆရာ ဝူးချိမ်အင်း၏ စီးယူကျိ ဂန္ထဝင်မြောက်

ဝတ္ထုရှည်ကြီး ကိုဘာသာပြန်ဆိုသည်၊

စာမူခွင့်ပြုချက်အမှတ် ၁၃၉ / ၉၅ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၀၂/၉၅ (၂)

၁၉၉၅ ခုနှစ်၊ မေလ၊ ပထမအကြိမ်

အုပ်ရေ - ၇၀၀

တန်ဖိုး - ( ၁၅၀/- )

မျက်နှာဖုံးပန်းချီ - ပန်းချီငြိမ်းအောင်

ကာလာခွဲ - မြကျွန်းသာ

အာရဏ်ဦးစာပေအတွက်

**နှမိုးဆောင်းစာပေ**

၇၂၊ ၆ လမ်း၊ ရန်ကုန်မြို့၊

မှ ဖြန့်ချိသည်။

## အခန်း (၁၃၆)

## ရွှေငါး

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့သည် ကုန်းပေါ် တက်ပြေးကြသည်။ သူတို့၏ ပရိယာယ်မှာ ဆားဝူကျိန်းကို တိုက်ခိုက်စဉ် အခါက ပရိယာယ်ပေတည်း။

ကျူးပတ်ကိုင်က -

"အစ်ကိုကြီးနောက်မှာ လိုက်လာနေပြီ"

ဘီလူးသည် ရေပေါ်၌ ကိုယ်တစ်ဝက် ပေါ်လာသောအခါ ကမ်းစပ်ပေါ်၌ စွန်းဟိန်ကျဲ၊ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့ မားမား မတ်မတ် ရပ်နေကြောင်း တွေ့လိုက်ရလေ၏။

"ငါက ရေအောက်မှာသာ စွမ်းအားရှိတာ၊ ကမ်းပေါ်မှာ သူတို့ကို တိုက်နိုင်မှာ မဟုတ်ဘူး ....၊ နောက်ပြီး သူတို့ကသုံးယောက် ငါက တစ်ယောက်တည်း၊ သူတို့ကို ဘယ်လိုမှ နိုင်မှာမဟုတ်ဘူး"

ဘီလူးသည် ရေအောက်သို့ဝှန်းခနဲ ပြန်ငုပ်ပြီး ပြေးတော့၏။ သူသည် သူ့ ရေနန်းဗိမာန်သို့ ပြန်ပြေးကာ တံခါးကို အလုံပိတ်ကာ နေလေတော့၏။

စွန်းဟိန်ကျဲတို့ သုံးယောက်မှာ မှန်းချက်နှင့်နမ်းထွက်မကိုက်ဘဲ

ဖြစ်သွားလေ၏။ သုံးယောက်သား ခေါင်းချင်းရိုက် တိုင်ပင်ကြပြန်တော့သည်။

ကျူးပတ်ကိုင်က –

"ဒီကနေ့တော့ မောပြီဗျာ"

"ဟ .... မင်းက တိုက်တောင် မတိုက်ရသေးဘူး"

စွန်းဟိန်ကျဲက ပြောလေ၏။

"ဟာ အစ်ကိုကြီးရာ ကျုပ်တို့နှစ်ယောက် အသေအကျေတိုက်ရတာပါ၊ ဒီဘီလူးက ရေအောက်မှာ ပိုစွမ်းအားရှိတယ်၊ ဆားဂူကျိန်းကို မေးကြည့်ပါလား"

"ဟုတ်ပါတယ် အစ်ကိုကြီး၊ တကယ်တမ်း တိုက်ရင်လည်း ကျုပ်တို့နှစ်ယောက်နဲ့သူ သရေပွဲလောက်ပဲဖြစ်မှာပါပဲ"

ဆားဂူကျိန်းက ဝင်ရောက် ထောက်ခံသည်။

ဆားဂူကျိန်းသည် စကားများများ မပြောချေ။ လိုအပ်သလောက်သာ ပြောတတ်သည်။

"ကဲ .... ဒီလိုဆိုရင် နားကြပေတော့၊ ရွာထဲတော့ ပြန်မနေပါနဲ့ကွာ၊ ငါတို့ ဘီလူးကို မနိုင်သေးဘူးဆိုတာ ရှက်စရာကောင်းနေပါတယ်"

စွန်းဟိန်ကျဲက ပြောပြီး သစ်ပင်အောက်၌ ဝင်အိပ်လေတော့၏။ သူတို့ သုံးယောက်စလုံး သစ်ပင်အောက်၌ အိပ်စက်ကြသည်။ နောက်တစ်နေ့ မိုးလင်းသောအခါ ရွာထဲမှ ထန်ချင်းနှင့် ထန်ထိန်းတို့ ထွက်လာကြောင်း တွေ့ရလေ၏။ သူတို့သည် တောင်းနှစ်တောင်းဖြင့် စားသောက်ဖွယ်ရာများ ယူဆောင်လာကြခြင်းဖြစ်သည်။

ကျူးပတ်ကိုင်က ဝမ်းသာသွားသည်။

"ဟာ .... အတော်ပဲ၊ တကယ် အလိုက်သိပါပေတယ်ဗျာ၊ အဝစားထားမှ ဘီလူးကို တိုက်ခိုက်နိုင်ဖို့အားရှိမှာဗျ ..."

သူတို့သည် စားသောက်ဖွယ်ရာများကို အားရပါးရ စားသောက်ကြတော့သည်။

ကျူးပတ်ကိုင်နှင့်ဆားဂူကျိန်းတို့သည် စားသောက်ပြီးသောအခါ သူတို့၏ လက်နက်များကို ကိုင်စွဲပြီး ရေအောက်သို့ ဆင်းသွားကြလေတော့၏။



စွန်းဟိန်ကျဲက ထန်ချင်းနှင့် ထန်ထိန်းတို့အား ကျေးဇူးတင်စကားပြောပြီး ပြန်ခိုင်းလေ၏။

"ကျုပ်တို့အတွက် ထမင်း၊ ဟင်း လာပို့တာ ကျေးဇူးတင်ပါတယ်၊ အခု ဘီလူးတက်လာပါတော့မယ်၊ ကျုပ်တို့ တိုက်ကြခိုက်ကြရမှာပါ၊ ဒီတော့ သင်တို့ အမြန်ဆုံးပြန်မှ ဘေးကင်းပါလိမ့်မယ်"

ထန်ချင်းနှင့် ထန်ထိန်းတို့သည် ပန်းကန်များ သယ်ဆောင်ကာ ကမန်းကတန်း ပြန်သွားကြ၏။

စွန်းဟိန်ကျဲသည် ထန်ချင်းနှင့် ထန်ထိန်းတို့ကို မျက်စိတစ်ဆုံး ကြည့်နေ၏။ ထို့နောက် သက်ပြင်းချပြီး သံတုတ်ကို ဆွဲထုတ်လိုက်သည်။ သူသည် ကမ်းစပ်သို့ သွားရပ်ကာ ရေပေါ် တက်လာမည့် ဘီလူးအား စောင့်ဆိုင်းနေလေတော့၏။

အတန်ကြာသောအခါ ကျူးပတ်ကိုင်နှင့် ဆားဂူကျိန်းတို့ ရေပေါ် ပြန်တက်လာလေ၏။ သူတို့နောက်၌ ဘီလူးမပါချေ။ ကျူးပတ်ကိုင်က ခေါင်းယမ်းပြလေ၏။

"အစ်ကိုကြီး ကျုပ်တို့ ဆဲနည်းမျိုးစုံနဲ့ ဆဲဆို ကြိမ်းမောင်းခဲ့တာပဲ၊ သူက တံခါးလုံးဝမဖွင့်ဘူး၊ ကျုပ်တို့သာ ပါးစပ်ညောင်းပြီး ပြန်ခဲ့ရပါတယ်"

ဆားဂူကျိန်းကလည်း စိတ်ပျက်လက်ပျက် ထိုင်လိုက်သည်။

"ခက်တာပဲဗျာ ... ၊ ဘီလူး ထွက်မလာတော့ ကျုပ်တို့လည်း ဘာမှ မလုပ်တတ်ဘူးဗျ၊ တံခါးကိုထုရိုက်တော့လည်း၊ ထုရိုက်တာပဲ အဖတ်တင်တယ် ...."

စွန်းဟိန်ကျဲက –

"ကဲ .... ဆရာကို ကယ်နိုင်တာ မကယ်နိုင်တာကို အပထား၊ ဆရာ့အခြေအနေ ဘယ်လိုရှိသလဲဆိုတာ ငါ သွားစုံစမ်းလိုက်ဦးမယ်"

ကျူးပတ်ကိုင်တို့ ခေါင်းညိတ်ကြ၏။

"အစ်ကိုကြီးအကြံ ကောင်းပါတယ်"

စွန်းဟိန်ကျဲသည် ရေထဲသို့ ခုန်ဆင်းလိုက်ပြီး ငါးတစ်ကောင်

အဖြစ် ဖန်ဆင်းကာ ရေနန်းဗိမာန်သို့ ကူးခတ်သွားလေတော့၏။ သူသည် ရေနန်းဗိမာန်အား လှည့်ပတ်ကြည့်ရှုပြီး အခြေအနေကို အကဲခတ်သည်။

တစ်ခဏအကြာတွင် တံခါးပွင့်လာသည်။

"ကျွီ ...."

ပုစွန်ဘွားဘွား ထွက်လာသည်။

စွန်းဟိန်ကျဲက ဖန်ဆင်းထားသောငါးသည် ပုစွန်ဘွားဘွားကို ကြည့်နေ၏။ ပုစွန်ဘွားဘွား အဝေးသို့ထွက်ခွာသွားကြောင်း သေချာသောအခါ သူသည် ပုစွန်ဘွားဘွားဟန် ဆောင်လိုက်၏။

"ဒေါက် ... ဒေါက် .... ဒေါက် ...."

တံခါးသည် ပွင့်သွား၏။

"ဘယ်သူလဲ"

ပုစွန်ဘွားဘွားသည် မတ်တတ်ရပ်နေ၏။

အစောင့်ဘီလူးသည် ပုစွန်ဘွားဘွားအား မြင်သောအခါ လမ်းဖယ်ပေးလိုက်၏။ ပုစွန်ဘွားဘွားသည် ရေနန်းဗိမာန်ထဲ ဝင်သွားသည်။ ရေနန်းဗိမာန်ထဲ၌ ဘီလူးသည် ထိုင်၍စားသောက်နေသည်။ သူ့ တပည့်သားမြေးများက ဝိုင်းဝန်းပြုစုနေသည်။

ပုစွန်ဘွားဘွားသည် ထိုဝိုင်းသို့မသွားတော့ဘဲ... အနောက်ဆောင်ထဲသို့ လှမ်းဝင်လိုက်သည်။ ကျောက်သေတ္တာတစ်လုံးအား သူတွေ့မြင်ရသည်။ ဆရာတော်သည် ထိုသေတ္တာထဲ၌ ရှိကောင်းရှိမည်ဟု တွေးတောလိုက်မိသည်။

သူသည် သေတ္တာအနီးသို့ကပ်ကာ တီးတိုးအသံပြုလိုက်၏။

"ဆရာ...ဆရာ..."

ဆရာတော်သည် စွန်းဟိန်ကျဲ၏ အသံကို ကြားသောအခါ ဝမ်းသာသွား၏။

"ဝူခုံးလားဟေ့..."

"ဟုတ်ပါတယ် ဆရာ"

"ငါ့ကို ဘီလူးဖမ်းထားတယ်"



"သိပါတယ်ဆရာ"

"ငါ့ကို ကယ်ပါဦးကွာ"

"စိတ်ချပါ၊ အခုကယ်ဖို့လာစုံစမ်းတာပေါ့၊ မကြာခင် ဆရာလွတ်မှာပါ၊ ဘီလူးမရိပ်မိခင် တပည့်တော် ထွက်မယ်ဆရာ ...."

သူသည် ဆရာတော်အား နှစ်သိမ့်စကားပြောပြီး ပြန်ထွက်လာသည်။

ဘီလူးများသည် သူ့အား ပုစွန်ဘွားဘွားဟုပင်ထင်ကာ မည်သူမျှ အထူးအဆန်း မလုပ်ကြတော့ချေ။

စွန်းဟိန်ကျဲသည် ရေနန်းဗိမာန်မှ ထွက်လာပြီး ကုန်းပေါ်သို့ တက်လာ၏။

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့က သူ့အား ဝိုင်းဝန်း မေးမြန်းကြ၏။

"အစ်ကိုကြီး .... ဆရာကိုတွေ့ခဲ့ရဲ့လား"

"တွေ့ခဲ့ပါတယ်"

"ဘယ်လို ကယ်မလဲ အစ်ကိုကြီး"

"ငါစဉ်းစားတယ်၊ ငါတို့သုံးယောက် ကယ်ရင်တော့ ရတာပါပဲ၊ ဒါပေမယ့်အချိန်ကြာနေမယ်၊ ကွမ်ယင်မယ်တော်ကို သွားပင့်ဖိတ်လိုက်ရင် တစ်ခဏနဲ့ ကိစ္စပြီးသွားမယ်၊ နောက်ပြီး ဒီဘီလူး ဘယ်ဘဝက လာသလဲ ဆိုတာလဲ သိချင်သေးတယ် ...."

"ကောင်းတယ် အစ်ကိုကြီး ..... အဲဒီအကြံ သိပ်ကောင်းတယ်၊ ကိစ္စမြန်မြန်ပြတ်လေ ကောင်းလေပဲ"

"ဒီလိုဆိုရင် ငါသွားတော့မယ်"

သူသည် ပြောပြောဆိုဆို ကောင်းကင်ပေါ်သို့ ခုန်တက်သွား၏။ ထို့နောက် တိမ်တိုက်စီးကာ ကွမ်ယင်မယ်တော်ထံသို့ ထွက်ခွာသွားလေတော့၏။

စွန်းဟိန်ကျဲသည် မယ်တော်ရှိရာကျွန်းသို့ ချောမောစွာရောက်ရှိသွား၏။ နားပန်းဆံနှင့် လူငယ်တစ်ယောက် လာရောက်ကြိုဆိုသည်။

"တန်ခိုးရှင် .... ဘယ်က လှည့်လာပါသလဲ"

စွန်းဟိန်ကျဲက ပြုံးလိုက်၏။

"သင် .... ဟုန်ဟိုင်အော့ မဟုတ်လား"

ဟုန်ဟိုင်အော့က ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်ုပ်ကို အခု ဟုန်ဟိုင်အော့လို့ မခေါ်ပါနဲ့တော့"

စွန်းဟိန်ကျဲက –

"ဟုတ်သားပဲ၊ သင်ဟာ အခု ကွမ်ယင်မယ်တော့် ကြာပလ္လင်ကို စောင့်ရှောက်တဲ့ ချိုင့်ချိုင်းသူငယ်တော် ဖြစ်နေပြီကိုး"

"တန်ခိုးရှင် ဒီကိုလာတာ မယ်တော်ကို တွေ့ဖို့မဟုတ်လား"

"ဟုတ်ပါတယ်"

"လမ်းခရီးမှာ အခက်အခဲ ကြုံနေရလို့မဟုတ်လား"

"ဟုတ်ပါတယ်"

"တန်ခိုးရှင် ခဏစောင့်ပါ၊ ကျွန်ုပ်သွားပြီး အကြောင်းကြားပေးပါ့မယ်"

သူသည် ပြောပြီးသည်နှင့် ခရမ်းရောင် ဝါးရုံတော ရှိရာသို့ လျှောက်သွားလေတော့၏။

အတန်ကြာသောအခါ သူ ပြန်ထွက်လာသည်။

စွန်းဟိန်ကျဲက –

"မယ်တော်က ဘာပြောလိုက်သလဲ"

"ခဏစောင့်ပါတဲ့"

"မစောင့်နိုင်ဘူး .... ဟိုမှာ ကျွန်ုပ်ရဲ့ ဆရာတော် အဖမ်းခံနေရတယ်၊ ကျွန်ုပ် ကွမ်ယင်မယ်တော်ကို ဝင်တွေ့မယ်"

သူသည် ဝါးရုံတောရှိရာသို့ ဝင်လေတော့၏။ ဝါးရုံတောအစပ် အရောက်တွင် ကွမ်ယင်မယ်တော်သည် ဝါးခြင်းတစ်ခုကို ကိုင်လျက် ထွက်လာနေကြောင်းတွေ့ရသည်။ ကွမ်ယင်မယ်တော်မှာ ဆံပင်များကို ဖားလျား ချထားကြောင်း တွေ့ရှိရသည်။

စွန်းဟိန်ကျဲ အားတုံ့အားနာ ဖြစ်သွား၏။

"ခွင့်လွှတ်ပါ မယ်တော်၊ အလွန်အရေးကြီးလို့ ဝင်လာမိတာပါ"



မယ်တော်က –

"ကိစ္စမရှိပါဘူး၊ ကိစ္စကို ကျွန်ုပ် သိတယ်၊ အခုပဲ သင်နဲ့ အတူ လိုက်ခဲ့မယ်"

ကွမ်ယင်မယ်တော်သည် တိမ်တိုက်ကိုစီးကာ ထွက်သွားတော့သည်။ စွန်းဟိန်ကျဲလည်း နောက်မှ လိုက်ပါသွား၏။ မကြာမီ သူတို့သည် မိုးထိမြစ်ပေါ်သို့ ရောက်ရှိလာကြတော့၏။

ကွမ်ယင်မယ်တော်သည် ဝါးခြင်းအား ကြိုးတစ်ချောင်းဖြင့်ချည်ကာ မြစ်ထဲသို့ ချလိုက်လေ၏။ မယ်တော်သည် ခြင်းကိုလှုပ်ခါပြီး ပြောသည်။

"လာသင့်တဲ့သူ လာ ...... သွားသင့်တဲ့လူ သွား"

"လာသင့်တဲ့သူ လာ ...... သွားသင့်တဲ့လူ သွား"

"လာသင့်တဲ့သူ လာ ...... သွားသင့်တဲ့လူ သွား"

မယ်တော်သည် ထိုစကားကို သုံးကြိမ်ရွတ်ဆိုလေ၏။ မြစ်ပြင်ကြီးသည် လေမလာပါဘဲလျက် လှိုင်းတံပိုး ပြင်းထန်လာသည်ကို တွေ့ရသည်။ ကွမ်ယင်မယ်တော်သည် ဝါးခြင်းကို ဆွဲယူလေရာ ခြင်းထဲ၌ ရွှေငါးကြီးတစ်ကောင် ပါလာသည်ကို တွေ့မြင်ကြရတော့သည်။

စွန်းဟိန်ကျဲက –

"ဒီရွှေငါးဟာ ကျွန်ုပ်တို့ကို ဒုက္ခပေးနေတဲ့ ဘီလူးလား မယ်တော်"

ကွမ်ယင်မယ်တော်က ခေါင်းညိတ်၏။

"ဟုတ်တယ်၊ အဲဒီရွှေငါးဟာ ကျွန်ုပ်ရဲ့ ရေကန်ထဲမှာ မွေးမြူထားတဲ့ ရွှေငါးပါ၊ တစ်ချိန်တုန်းက ပင်လယ်ရေလျှံပြီး သူဟာ ပင်လယ်ရေနဲ့ မျောပါသွားရာက သူ့ကို ရှာမတွေ့တော့ပါဘူး၊ သူက ဒီမိုးထိမြစ်မှာ လာသောင်းကျန်းနေတဲ့ ဘီလူး ဖြစ်နေတာကိုး ...."

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့မှာ ကွမ်ယင်မယ်တော်ကို တွေ့သောအခါ ရှိခိုးဦးခိုက်ကြလေ၏။

စွန်းဟိန်ကျဲက –

"ကဲ .... ငါ့ညီတို့ မယ်တော်ရဲ့ လက်ထဲက ရွှေငါးဟာ ဘီလူးပဲ၊

အခုပဲ ဆရာ့ကို ဆင်းကယ်ကြပေတော့၊ အန္တရာယ်ကတော့ ကင်းရှင်းသွားပြီ"

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့သည် မြစ်အောက်သို့ ဆင်းသက် သွားကြလေတော့၏။

စွန်းဟိန်ကျဲက –

"မယ်တော် .... ရောက်တုန်းရောက်ခိုက် ထန်မိသားစုကျေးရွာက လူတွေ ဖူးတွေ့နိုင်အောင် ခဏလေး နေပေးပါလို့ မေတ္တာရပ်ခံပါရစေ"

ကွမ်ယင်မယ်တော်က ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ၊ ဒါမှ ရွာသူရွာသားတွေ ဗုဒ္ဓတရားတော်မြတ်ကို အလေးထားကြလိမ့်မယ်"

စွန်းဟိန်ကျဲသည် ထန်ချင်းနှင့် ထန်ထိန်းတို့ထံ ဆင်းသက်သွားလေ၏။ ကွမ်ယင်မယ်တော်ကိုယ်တိုင် ရောက်ရှိလာပြီး ဘီလူးကို နှိမ်နင်းလိုက်ကြောင်း ရှင်းပြသည်။

ထန်ချင်းနှင့် ထန်ထိန်းတို့သည် တစ်ရွာလုံးကြားနိုင်ရန် ကြေညာမောင်း ခတ်ရတော့၏။ သူတို့သည်သာ ရွာမျက်နှာဖုံးလူကြီးများ ဖြစ်ကြသည်မဟုတ်ပါလော။

တစ်ရွာလုံးမှ ရွာသူရွာသားများထွက်ကာ ကွမ်ယင်မယ်တော်အား ဖူးမြော်ကြလေ၏။

ရွာရှိ ပန်းချီဆရာများလည်း ကွမ်ယင်မယ်တော်၏ ပုံကို ပန်းချီရေးဆွဲကြ၏။ ထို့နောက် သူတို့ ကိုးကွယ်ကြမည် ဖြစ်သည်။ ကွမ်ယင်မယ်တော်လည်း နောက်ဆုံး ကောင်းကင်ပေါ်သို့ ပြန်လည်ကြွမြန်း သွားလေတော့သည်။

မကြာမီ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့ သည်လည်း ဆရာတော်ကို ပင့်ဆောင်ခဲ့ကြ၏။ စွန်းဟိန်ကျဲသည် ဆရာတော်အား အဖြစ်စုံ သနစ်စုံကို လျှောက်ထားသည်။

"အိမ်း .... ကွမ်ယင်မယ်တော်ရဲ့ ကျေးဇူးဟာလည်းကြီးမားလှပါတယ်၊ ငါတို့ မရှုနိုင် မရှိက်နိုင် ဖြစ်နေတဲ့ အခါမှာ အမြဲတမ်း သူဟာ အကူအညီပေးခဲ့တယ်"



ဆရာတော်သည် လက်အုပ်ချီ၍ ပြောကြားလိုက်လေ၏။ ထန်ချင်းနှင့် ထန်ထိန်းတို့သည် ဆရာတော်အား ပင့်ဆောင်သွားပြီးနောက် ဆွမ်းကွမ်းဝေယျာဝစ္စများ လုပ်ဆောင်ကြ၏။

စွန်းဟိန်ကျဲတို့ တပည့်သုံးယောက်အားလည်း သဒ္ဒါရက်ရောစွာ ကျွေးမွေးကြသည်။ ကျူးပတ်ကိုင်၏ အစားသောက် ကြီးမားပုံမှာလည်း ရွာသူရွာသားများအတွက် ပြောစမှတ်တွင်သွား၏။

ထန်ချင်းနှင့် ထန်ထိန်းတို့သည် ဆရာတော်အား ငွေတုံးများဖြင့် ပူဇော်သည်။ ဆရာတော်က လုံးဝလက်မခံချေ။ အကြောင်းညီညွတ်လျှင် ရိက္ခာခြောက်များကိုသာ ထည့်ပေးရန် မိန့်ကြားသည်။ ထို့ကြောင့် ရွာသူရွာသားများသည် ရိက္ခာခြောက်များကို ရသရွေ့စုဆောင်းကြရာ အိတ်ကြီးတစ်လုံးမျှ ရရှိလေ၏။

ထိုတစ်ညဆရာတော်သည် ကျိန်းစက်ပြီးနောက်၊ နောက်တစ်နေ့နံနက်စောစောတွင် စတင် ခရီးထွက်တော့သည်။ ရွာသူရွာသားများအားလုံးလိုလို ဆရာတော်တို့အား လိုက်ပါပို့ဆောင်ကြ၏။ ဤသို့ဖြင့် မိုးထိ မြစ်ကမ်းစပ်သို့ ရောက်ရှိလာကြတော့သည်။

ယခုအချိန်၌ နှင်းလည်းမကျတော့ချေ။ မိုးထိမြစ်ရေလည်း မခဲတော့ချေ။

ကမ်းစပ်၌ လှေကြီးတစ်စင်း တွေ့ရသောအခါ ရွာသူရွာသားများ အလွန်ဝမ်းသာသွား၏။ ဆရာတော်တို့အတွက် ကူးဖြတ်စရာလှေ တွေ့ရပြီ မဟုတ်ပါလား။

ထိုအချိန်တွင် မြစ်ရေသည် လှိုင်းတံပိုး ကြီးလာတော့သည်။

ထန်စန်းကျွမ်းဆရာတော်က –

"ဝူခုံ .... ဒီလောက်လှိုင်းကြီးနေရင် ကူးလို့ဖြစ်ပါဦးမလား ...."

ထန်ချင်းက ကြားဖြတ်လျှောက်ထားလေ၏။

"ဟုတ်ပါတယ်ဆရာတော်.... တပည့်တော်တို့ရွာကို ခဏပြန်ပြီး အနားယူကြပါ ....၊ လှိုင်းလေငြိမ်ခါမှ ကူးဖြတ်တာဟာ စိတ်ချရပါတယ်"

ဆရာတော်က သက်ပြင်းချ၏။

"ကျွန်ုပ်တို့ လာတုန်းက ဒီရွာမှာ တစ်ရက်ပဲ နားမယ်လို့

စိတ်ကူးလာခဲ့တယ်၊ အခုလေးငါးရက် ကြာသွားပါပြီ၊ ဒီတစ်ရက် ထပ်နားရင် တစ်ရက် ပိုပြီး ကြန့်ကြာသွားပါလိမ့်မယ်၊ သည်းခံ ဒကာကြီး၊ သည်းခံ၊ ကျွန်ုပ်တို့ ဆက်လက်ခရီးသွားရမှာပဲ ...."

"ဝေါ ...."

ကြီးမားသော ရေသံကြီးနှင့်အတူ အလွန်ကြီးမားလှသော ရေဘီလူးကြီးတစ်ကောင်သည် ရေထဲ၌ပေါ်လာတော့၏။ ရွာသူရွာသား များသည် ကြောက်လန့်ပြီး ဟိုပြေးဒီပြေးဖြစ်ကုန်သည်။ ရေဘီလူးသည် ကမ်းပေါ်သို့တက်ရန် ချဉ်းကပ်လာသည်။

စွန်းဟိန်ကျဲက သံတုတ်ဖြင့်ရိုက်ရန်ရွယ်သည်။

ရေဘီလူးက –

"ကျွန်ုပ်ကို မရိုက်ပါနဲ့ ....၊ ကျွန်ုပ် ရန်မူဖို့ လာတာ မဟုတ်ပါ ဘူး၊ ထန်စန်းကျွမ်းဆရာတော်ကို မြစ်တစ်ဖက်ကို ကူးပေးမလို့ လာတာပါ"

စွန်းဟိန်ကျဲက –

"သင် ဘယ်သူလဲ"

"ကျွန်ုပ် မြစ်အောက်မှာ နေပါတယ်၊ ကျွန်ုပ်အမည် ရေဘီလူး နတ်ဗုံပါ၊ အဲဒီ အကြားအမြင် ဘီလူး ရောက်လာပြီး ကျွန်ုပ်ကို တိုက်ခိုက် မောင်းထုတ်ပါတယ် ....၊ အခု ... တန်ခိုးရှင်နဲ့ ကွမ်ယင်မယ်တော် ရောက်လာတဲ့ အခါမှာတော့ အကြားအမြင် ဘီလူး မရှိတော့ပါဘူး၊ ဒါကြောင့် ကျေးဇူးတင်တဲ့ အနေနဲ့ မြစ်တစ်ဖက်ကို ကူးပေးပါ့မယ်၊ အားလုံး လှေပေါ်တက်ကြပါ၊ ကျွန်ုပ် ရေထဲက လှေကိုတွန်းသွားပါမယ်"

ဆရာတော်သည် ဝမ်းသာအားရဖြစ်သွားပြီး ဆရာတော် တပည့် သုံးယောက်နှင့်မြင်းကိုပါ လှေပေါ်တင်ကြ၏။

စွန်းဟိန်ကျဲက –

"နေဦး .... သင်မကောင်းကြံချင်ရင် မကောင်းကြံနိုင်သေးတယ်၊ စိတ်ကောင်းရှိတဲ့လူ၊ စိတ်ကောင်းမရှိတဲ့လူဆိုတာ ချိုပေါက်ပြီး ကွဲပြားနေ တာမဟုတ်ဘူး၊ သင့်လည်ပင်းကို ကြိုးကွင်းတစ်ခု စွပ်ထားရမယ်၊ တစ် ဖက်ကမ်းရောက်မှ ပြန်ဖြုတ်ပေးမယ်၊ ဘယ်လိုလဲ သဘောတူရဲ့လား"



ရေဘီလူးနတ်ဗုံက ရယ်မောလိုက်ပြီး –

"တူပါတယ် တန်ခိုးရှင် .... တူပါတယ်"

စွန်းဟိန်ကျဲသည် အမွေးတစ်ပင်ဆွဲနုတ်လိုက်ပြီး ကြိုးတစ်ခု ဖန်ဆင်းလိုက်သည်။ ထိုကြိုးဖြင့် ရေဘီလူးအားကြိုးကွင်းစွပ်လိုက်၏။

"ကဲ ... ရပြီ၊ သွားတော့"

ဆရာတော်သည် ထန်ချင်းနှင့်ထန်ထိန်းတို့ ရွာသားများကို လက်ပြ နှုတ်ဆက်လေ၏။

ရွာသားများကလည်း ဆရာတော်အား လက်အုပ်ချီ၍ ဦးခိုက်ကြ လေ၏။

ရေဘီလူးသည် လှိုင်းလေများအကြားမှ လှေကိုတွန်းကာ တစ်ဖက်ကမ်းအရောက်ပို့လေ၏။

ဆရာတော်က ရေဘီလူးနတ်ဗုံအား ကြည့်ကာ –

"သင့်ကို ကျေးဇူးတင်ပါတယ်၊ ကျွန်ုပ်ပြန်လာတဲ့အခါ သင်နဲ့ တွေ့ဆုံရဦးမှာပေါ့"

ရေဘီလူးက လက်အုပ်ချီရင်း –

"ဆရာတော် .... တကယ်လို့ မြတ်စွာဘုရားဆီ ရောက်တဲ့ အခါမှာ တပည့်တော်ဟာ နှစ်ပေါင်းထောင့်သုံးရာကျော် တရားကျင့်ပါ လျက် အခုအထိ လူပုံသဏ္ဍာန်ကို ဖန်ဆင်းလို့ မရနိုင်သေးပါဘူး၊ အဲဒါဘာကြောင့်လဲဆိုတာ မေးလျှောက်ပေးပါဆရာတော် ..."

ဆရာတော်က ဝန်ခံ၏။

"ကောင်းပါပြီ၊ မေးခဲ့ပေးပါ့မယ်"

ဆရာတော်နှင့် စွန်းဟိန်ကျဲတို့သည် ရေဘီလူးကို နှုတ်ဆက်ပြီး ထွက်ခွာလာကြလေ၏။

ရေဘီလူးသည် မြစ်ထဲသို့ ငုပ်လျှိုးဝင်ရောက်ကာ ပျောက်ကွယ် သွားတော့သည်။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း (၁၃၇)

### ပရိယာယ်ဖြင့်မြှူချော့ခြင်း

သူတို့သည် တစ်တောဝင် တစ်တောထွက်၊ တစ်တောင်တက် တစ်တောင်ဆင်းဖြင့် ခရီးဆက်လက် ထွက်ခွာလာခဲ့ကြ၏။ အချိန်တရွေ့ရွေ့ ကုန်ဆုံးသွားသည်နှင့်တူ ဆောင်းရာသီသို့ ကူးပြောင်းရောက်ရှိသွားခဲ့လေပြီ။

ထန်စန်းကျွမ်းဆရာတော်တို့ သွားသည့် အနောက်ဘက် ခရီးလမ်းမှာ အကြမ်းပတမ်း ခရီးလမ်းဖြစ်၏။ မည်မျှ လမ်းကြမ်းလာသနည်းဆိုသော် .... မြင်းလျှောက်ရသည်ကို မဆိုထားနှင့် လူလျှောက်ရသည်ပင် ခက်ခဲလာသည်။

သို့သော် .... ဆရာတော်နှင့် တပည့်သုံးယောက်တို့သည် မလျှော့သောခွဲ၊ မလျှော့သောလုံ့လနှင့် ဆက်လက်လျှောက်လာခဲ့ကြရာ အလွန် မြင့်မားသော တောင်ခြေသို့ ဆိုက်ရောက်လာလေတော့၏။

ဆရာတော်သည် မြင့်မားသောတောင်ကြီးကို မော့ကြည့်ကာ ထိတ်လန့်တုန်လှုပ်သွားသည်။

"အင်း သိပ်မြင့်တဲ့ တောင်တစ်လုံးတော့ တွေ့ပြန်ပြီ၊ ငါတို့တက်ရမှာတောင် ခပ်လန့်လန့်ပဲ"



စွန်းဟိန်ကျဲက နှစ်သိမ့်လိုက်၏။

"တပည့်တော်တို့က ဆက်ပြီး သွားရဦးမှာပဲ မဟုတ်လား၊ ဘာမှ လန့်စရာမလိုပါဘူးဆရာ"

"ခရီး အတွေ့အကြုံက များပြီလေ၊ လန့်မယ်ဆိုလည်း လန့်စရာပေါ့"

"ဒါပေါ့ဆရာ၊ ဒါပေမယ့် ဒီအခက်အခဲတွေကို တပည့်တော်တို့ ဖြတ်ကျော်နိုင်ခဲ့တာပဲ မဟုတ်လား"

"အေးပါ၊ အခုလည်း ဖြတ်ကျော်နိုင်မှာပါပဲ"

သူတို့သည် စကားတပြောပြောနှင့် တောင်ကို တက်ခဲ့ကြ၏။ တောင်ခါးလယ်သို့ ရောက်သောအခါ ခြံဝင်းတစ်ခုအား တွေ့မြင်ရလေ၏။

ဆရာတော်က -

"ဝူခုံး .... ဟိုရှေ့မှာ အဆောက်အအုံတစ်ခု ရှိနေတယ်၊ တောထဲ တောင်ထဲမှာ ဒီလို အဆောက်အအုံမျိုး ရှိတာကတော့ ထူးဆန်းတယ်၊ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် တစ်ညတာ တည်းခိုခွင့် ရဖို့တော့ သွားတောင်းရလိမ့်မယ်"

စွန်းဟိန်ကျဲသည် ဆရာတော် ညွှန်ပြသော အဆောက်အအုံကို ကြည့်လိုက်၏။ ယင်းအဆောက်အအုံမှာ အခိုးအငွေ့များ ရစ်သိုင်းနေသည်ကို တွေ့ရ၏။

စွန်းဟိန်ကျဲက ခေါင်းယမ်းလိုက်၏။

"ဆရာ ... ဒီအဆောက်အအုံမှာ အခိုးအငွေ့တွေ ရစ်သိုင်းနေတယ်၊ အဲဒါ ဘီလူးတွေ ရှိတဲ့ သဘောပဲ"

ဆရာတော်က -

"မင်းမသွားချင်လည်းနေလေကွယ်၊ ဆွမ်းလေး ဘာလေးရအောင်တော့ ရှာကြံပါဦး ...."

စွန်းဟိန်ကျဲက ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီဆရာ၊ တပည့်တော် ဆွမ်းခံဖို့ ကြည့်လိုက်ပါဦးမယ်၊ ဒါပေမယ့် တပည့်တော် စည်းဝိုင်း ထား ပါမယ်၊ ဆရာ အပြင်ကို

မထွက်ပါနဲ့၊ ကျူးပေါက်ကိုင်ရော၊ ဆားဝှကျိန်းရော ကြားတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ကြားပါတယ် အစ်ကိုကြီး"

သူသည် ဆရာတော်၊ တပည့်နှစ်ယောက်နှင့် မြင်းတို့အား သံတုတ်ဖြင့် စည်းဝိုင်း ဝိုင်းလိုက်၏။

"တပည့်တော်တို့ ဘီလူးတွေနဲ့ တွေ့တိုင်း ပြဿနာဖြစ်ကြရလို့ အခုလို လုပ်ရတာပါ"

"ကောင်းတာလုပ်တာပဲ၊ ကိစ္စမရှိပါဘူး"

"ဆရာ .... ဒီစည်းဝိုင်းကို တပည့်တော် သံတုတ်နဲ့ ခြစ်လိုက်တယ်နော်၊ အဲဒါ ခိုင်မာတဲ့ အုတ်တံတိုင်းကြီး တစ်ခုပါပဲ၊ ဒါကြောင့် တပည့်တော်ရဲ့ စည်ဝိုင်းထဲကို ဘယ်ဘီလူး၊ ဘယ်တိရစ္ဆာန်မှ မဝင်ရဲပါဘူး၊ ဆရာတို့ ဒီစည်းအပြင်ကို မထွက်သမျှ ဘာမျှမကြောက်ရဘူး၊ တပည့်တော် ပြန်မလာမချင်း ဒီစည်းဝိုင်းထဲကပဲ စောင့်ကြပါ ...."

စွန်းဟိန်ကျဲသည် စကားဆုံးသောအခါ တိမ်တိုက်ပေါ်သို့ ခုန်တက်လိုက်၏။ သူသည် တိမ်တိုက်ကို စီးကာ ရှေ့လျား ထွက်ခွာသွားတော့သည်။

အတန်ကြာသွားမိသောအခါ ခြံဝင်းတစ်ခုနှင့် တဲအိမ်ငယ်တစ်လုံးအား ကောင်းကင်ပေါ်မှ မြင်ရလေ၏။ ခြံဝင်းထဲ၌ အဘိုးအိုတစ်ယောက်နှင့် ခွေးတစ်ကောင်ရှိသည်။

စွန်းဟိန်ကျဲသည် ထိုခြံဝင်းရှေ့သို့ ခုန်ဆင်းလိုက်၏။

"ဝုတ် ... ဝုတ် ... ဝုတ် ..."

စွန်းဟိန်ကျဲအား တွေ့သောအခါ ခွေးသည် အဆက်မပြတ် ဟောင်လေတော့သည်။

အဘိုးအိုသည် ခွေးကို လှမ်းငေါက်သည်။ ခွေးသည် အဟောင်ရပ်သွား၏။

အဘိုးအိုသည် ခြံတံခါးအနီးသို့ လျှောက်လာပြီး မေးသည်။

"သင် .... ဘယ်သူလဲ"

စွန်းဟိန်ကျဲက –



"ကျွန်ုပ်တို့ဟာ မဟာထန်နိုင်ငံကပါ၊ ပိဋကတ်သုံးပုံ ပင့်ဆောင်ဖို့ ခရီးထွက်လာတဲ့ လူတွေပါ ....၊ ကျွန်ုပ်တို့ရဲ့ ဆရာကတော့ ဘုန်းတော်ကြီးတစ်ပါးပါ၊ ဒါကြောင့် ဆရာတော်အတွက် ကျွန်ုပ် ဆွမ်းခံထွက်လာတာပါ၊ သင်က ဆွမ်းလောင်းလှူမယ် ဆိုရင်တော့ အတိုင်းထက်အလွန်ပါပဲ ...."

အဘိုးအိုက ခေါင်းယမ်းလိုက်၏။

"ဒါဆို သင် လမ်းမှားနေပြီ"

"ဘာဖြစ်လို့လဲ"

"သင်တို့ သွားရမယ့်လမ်းဟာ လမ်းမကြီးပါ"

"မမှားပါဘူး၊ ကျွန်ုပ်ရဲ့ဆရာကတော့ လမ်းမကြီးမှာစောင့်နေပါတယ်၊ ကျွန်ုပ်ကသာ ဆွမ်းခံရမယ့် အိမ်ကို လိုက်ရှာရင်း သင့်တဲအိမ်ကို တွေ့တာပါ"

အဘိုးအိုက သူ့ကို စေ့စေ့ကြည့်ပြီး –

"သင်မလိမ်ပါနဲ့၊ သင်ပြောတဲ့လမ်းမကြီးဆိုတာဟာ ဒီနေရာက လီပေါင်း တစ်ထောင်လောက် ဝေးတယ်၊ သင်လျှောက်ရင် ခုနစ်ရက်ရှစ်ရက်လောက် လျှောက်ရလိမ့်မယ်"

စွန်းဟိန်ကျဲက ပြောလိုက်၏။

"ကျွန်ုပ်လာတာကတော့ ရေနွေးတစ်အိုးကျက်လောက်ပဲ ကြာပါတယ်ခင်ဗျာ ...."

"သင်ပြောတာကို ကျွန်ုပ်မယုံဘူး၊ သင်ဟာ လူကောင်းသူကောင်း မဟုတ်နိုင်ဘူး၊ ဒါကြောင့် သင် သွားပါတော့ ...."

အဘိုးအိုသည် အတွင်းသို့လှည့်ဝင်သွား၏။ စွန်းဟိန်ကျဲသည် ကိုယ်ယောင်ဖျောက်ကာ အိမ်တွင်း မီးဖိုဆောင်သို့ ဝင်လာလေ၏။ သူသည် အိုးခွက်များကို လှန်လှောကြည့်ရာ ထမင်းများနှင့် မျှစ်ဟင်းကို တွေ့ရသည်။ သူသည် ထမင်း၊ ဟင်းများကို ဖက်တစ်ခုဖြင့်ထုပ်ပြီး ယူဆောင်ခဲ့လေတော့၏။

သူသည် ဆွမ်းဟင်းရသည်သာ လိုရင်းဖြစ်သည်။

✸ ✸ ✸ ✸ ✸ ✸ ✸

ထန်စန်းကျွမ်းဆရာတော်၊ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့သည် စည်းဝိုင်းထဲတွင် ထိုင်နေကြ၏။ သူတို့ အတန်ကြာ ထိုင်နေသော်လည်း စွန်းဟိန်ကျဲ ပြန်မလာသေးဘဲရှိသည်။ ဆရာတော်သည် ညည်းညူလိုက်၏။

"အင်း ဝူခုံးလည်း ပြန်မလာသေးပါလား၊ ဘယ်များ လျှောက်သွားနေသလဲ မသိဘူး ...."

ကျူးပတ်ကိုင်သည် စွန်းဟိန်ကျဲအား ချောက်တွန်းရန် အမြဲတမ်းအဆင်သင့်ဖြစ်နေ၏။ ချောက်တွန်းပြီးလျှင် သူပဲနောင်တရပြန်သည်။

"ဆရာ .... မျောက်ဆိုတာ သိတဲ့အတိုင်းပဲ၊ သွားဆော့နေမှာပေါ့၊ ဘယ်မှာ အငြိမ်နေနိုင်ပါ့မလဲ၊ တပည့်တော်တို့သာ စည်းဝိုင်းထဲမှာ ချုပ်မိနေတာ၊ တပည့်တော်တို့ ဆက်လျှောက်ရင် အိမ်တွေ့မယ်၊ အိမ်တွေ့ရင် ဆွမ်းရမယ်၊ ဒါပဲဥစ္စာ၊ သူက တကူးတက ဆွမ်းခံထွက်ရတယ်လို့ ...."

ဆားဝူကျိန်းက -

"ဟာ .... အစ်ကိုကြီး စည်းဝိုင်းထားတာ အလကား မဟုတ်ဘူး၊ သူ့ စည်းဝိုင်းထဲက ဘယ်မှမထွက်ပါနဲ့၊ အစ်ကိုကြီး ရောက်လာရင်လည်း လွဲနေဦးမယ် ...."

ကျူးပတ်ကိုင်က -

"သူ စည်းတားထားတာ ဘာဖြစ်သလဲ၊ ဟောဒီမှာ ကြည့် ...."

သူသည် စည်းဝိုင်းကို ခွကျော်လျက် ဝင်လိုက်ထွက်လိုက် လုပ်ပြသည်။

"ဘာတဲ့တိုင်းလဲ၊ အလကားတဲ့တိုင်း ....၊ ဘယ်ခွေး ဘယ်ကျားမှလည်း မလာဘူး၊ ဘယ်ဘီလူးမှလည်း မလာနိုင်ဘူး၊ ကျားကိုတောင် ငါက ပြန်ကိုက်ပြလိုက်ဦးမယ် ...."

ဆရာတော်က -

"ဒီလိုဆိုရင်လည်း ငါတို့ ဆက်သွားကြတာပေါ့ကွယ်၊ ဝူခုံး ငါတို့ကိုမတွေ့ရင် ဆက်လိုက်လာမှာပေါ့"

ဆရာတော်သည် မြင်းပေါ်တက်ကာ ကျူးပတ်ကိုင်က မြင်းကို ဆွဲလျက် ထွက်ခွာသွားတော့သည်။



ဆားဝူကျိန်းမှာ စိတ်ပျက်သွားသည်။ စွန်းဟိန်ကျဲက မှာခဲ့သည် မဟုတ်ပါလော။ ဤနေရာမှ စောင့်ပါဟု။ သူသည် ပြဿနာ တက်လာမည်ကို ရင်တထိတ်ထိတ်ဖြင့် စောင့်ရင်း နောက်မှ အထုပ်ထမ်းကာ လိုက်ရတော့သည်။

သူတို့သည် မကြာမီ လှပသော အဆောက်အအုံတစ်ခုသို့ ရောက်လာတော့၏။ ထိုအဆောက်အအုံ၌ မြူများ ရစ်လွှမ်းနေသည်။

ကျူးပတ်ကိုင်က -

"ဆရာ ဒီမှာနေဦး၊ တပည့်တော် အဆောက်အအုံထဲ ဝင်ကြည့်လိုက်ဦးမယ် ...."

"အေး .... အေး ... သွား .... သွား .... ၊ သွားပြီးရင် မြန်မြန်ပြန်လာခဲ့၊ စွန်းဟိန်ကျဲလိုလည်း ကြာမနေစေနဲ့ဦး"

"စိတ်ချပါဆရာ၊ အမြန်ဆုံး ပြန်လာခဲ့ပါမယ်"

သူသည် စကားဆုံးသည်နှင့် အဆောက်အအုံ ရှိရာသို့ သွားလေ၏။

အဆောက်အအုံမှာ တောထဲ တောင်ထဲ၌ မရှိနိုင်သော အဆောက်အအုံဖြစ်သည်။ အလွန် လှပသည်။ မြူများ ဝေနေသည်ကပင် ထိုအဆောက်အအုံကို တစ်မျိုးတစ်ဖုံ လှပစေသည်။

ကျူးပတ်ကိုင်သည် ပထမ ခြံထဲသို့ ဝင်လိုက်၏။ အစောင့်တစ်ဦးမျှ မတွေ့ရချေ။ ထိုအခါ သူသည် အဆောက်အအုံထဲသို့ ဝင်လိုက်ပြန်သည်။ မည်သူ တစ်ဦး တစ်ယောက်မျှ မတွေ့ရချေ။

သူသည် အဆောက်အအုံခန်းမထဲသို့ ဝင်လိုက်၏။ ခန်းမထဲ၌လည်း တစ်ဦးတစ်ယောက်မျှ မရှိချေ။

သူသည် အထဲရှိ အခန်းတစ်ခုထဲ ဝင်လိုက်ပြန်သည်။ ထိုအထဲ၌လည်း တစ်ယောက်မျှ မရှိပြန်ချေ။ သို့ရာတွင် ခြင်ထောင်များ ထောင်ထားသည့် ခုတင်များကိုတော့ တွေ့ရသည်။

"ထူးတော့ထူးတာပဲ၊ အခန်းထဲလည်း လူတစ်ယောက်မှ မရှိဘူး၊ ဒါပေမယ့် ခြင်ထောင်တွေတော့ရှိနေတယ်၊ မပြောနိုင်ဘူး၊ ခြင်ထောင်ထဲမှာ လူရှိချင် ရှိနေမယ်"

သူသည် ခုတင်အနီးသို့ လျှောက်သွားပြီး ခြင်ထောင်ကို လှန်ကြည့် လိုက်လေ၏။

"ဟာ ...."

ခြင်ထောင်ထဲ၌ အရိုးစုများ ရှိနေလေ၏။ သူသည် ခြင်ထောင်တိုင်း လှန်ကြည့်၏။ ခြင်ထောင်တိုင်း အရိုးစုရှိနေသည်။

ထို့ကြောင့် သူသည် အတွင်းခန်းသို့ ဝင်လေတော့သည်။ အတွင်းခန်းထဲတွင်လည်း တစ်ဦးတစ်ယောက်မျှ မတွေ့ရချေ။ သူသည် အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

"ဟော ...."

သူသည်စားပွဲပေါ်မှ ငွမ်းကပ်အင်္ကျီသုံးထည်အား မြင်ရလေ၏။ သူဝင်လာစဉ်က ထိုအင်္ကျီသုံးထည်ကို မမြင်မိချေ။ သူသည်ဂရုမစိုက်ဘဲ အင်္ကျီသုံးထည်ကို ကောက်ယူလိုက်၏။

"အတော်ပဲ .... ရာသီဥတုက အေးအေး .... ငွမ်းကပ်အင်္ကျီ တွေ့ရတာ အတော်ပဲ ဖြစ်သွားတာပေါ့၊ ဆရာ ဝမ်းသာမှာပဲ"

သူသည် ဆရာတော်ဆီ ပြန်ရောက်၍ ငွမ်းကပ်အင်္ကျီကို ဆရာတော်အား ပေးသောအခါ သူ့အထင်နှင့်အမြင် လွဲသွားကြောင်း တွေ့ရှိရတော့သည်။

သူက –

"ဆရာ .... အဆောက်အအုံထဲမှာ လူလည်းတစ်ယောက်မျှ မတွေ့ပါဘူး၊ ဒါပေမယ့် ငွမ်းကပ်အင်္ကျီသုံးထည်တော့ တွေ့ခဲ့တယ်ဆရာ၊ ဒါကြောင့် တပည့်တော်လည်း ငွမ်းကပ်အင်္ကျီသုံးထည်ပဲ ယူခဲ့ပါတယ်၊ ရာသီဥတုက အေးစိမ့်နေတော့ ဒီငွမ်းကပ်အင်္ကျီတွေနဲ့အတော်ပဲဆရာ ....၊ တစ်ယောက်တစ်ထည်စီဝတ်ရင် အတော်ပါပဲ ...."

ထန်စန်းကျွမ်းဆရာတော်သည် မာန်မဲအော်ငေါက်တော့သည်။

"ကျူးပတ်ကိုင် .... သင်ဟာ ဘာဖြစ်လို့ မကောင်းမှု ကျူးလွန်ချင်ရတာလဲ၊ သူများပစ္စည်းကို မတောင်းဘဲ ယူတာဟာ ခိုးတာနဲ့ အတူတူပဲ"

"ဟာဆရာကလည်း၊ အိမ်ထဲမှာ ဘယ်သူမှ မရှိလို့ မတောင်းဘဲ



ယူလာတာပေါ့၊ ခိုးလာတာမဟုတ်ပါဘူး၊ ခိုးတယ်ဆိုတာက ပိုင်ရှင်မသိအောင် ယူတာမှ ခိုးတာလို့ဆိုပါတယ်"

"ဘာပဲဖြစ်ဖြစ်၊ ငါတော့ မဝတ်ဘူး"

"ဆရာတော် မဝတ်ချင်နေပါ ....၊ တပည့်တော်ကတော့ ရာသီဥတုဒဏ်ကို မခံနိုင်တော့ပါဘူး၊ ရတုန်းရခိုက် ဒါလေးဝတ်ထားရမယ်"

သူသည် ဆားဝူကျိန်းရှိရာသို့ တစ်ထည်ပေးလိုက်၏။

"ရော့ .... မင်းလည်းတစ်ထည်ဝတ်ထား"

သူသည် ပြောပြောဆိုဆို ငွမ်းကပ်အင်္ကျီအား ဝတ်ဆင်လိုက်၏။ ဆားဝူကျိန်းလည်း ဝတ်ဆင်လိုက်သည်။

"ဝုန်း ...."

"ဝုန်း ...."

သူတို့နှစ်ယောက်စလုံး ပစ်လဲကျသွားသည်။

"ဟ .... ဟ .... ဘယ်လိုဖြစ်တာလဲ"

သူတို့သည် ဗလုံးဗထွေးအော်ရင်း ကြိုးစား၍ ထရပ်ကြသည်။ သို့သော် မရပ်နိုင်ချေ။ ငွမ်းကပ်အင်္ကျီက ကြိုးတစ်ချောင်းအလား တုပ်နှောင်ထား၍ဖြစ်သည်။

ဆရာတော်သည် ထိတ်လန့်သွား၏။

"ကျူးပတ်ကိုင် .. ဆားဝူကျိန်း ....မင်းတို့ ဘယ်လိုဖြစ်တာလဲ"

ကျူးပတ်ကိုင်က –

"မသိဘူး ဘုရား၊ ဒီအင်္ကျီက ကြိုးတွေလိုပါပဲ ....၊ တပည့်တော်တို့ကို တုပ်နှောင်ထားတယ်ဘုရား ...."

ထိုစဉ် ဘီလူးများ ရောက်ရှိလာကြလေ၏။ သူတို့သည် ထန်စန်းကျွမ်းဆရာတော်အား ကြည့်လိုက်သည်။ ဘုန်းတော်ကြီးသည် အလွန်လှပနုနယ်လှသည်ဟု သူတို့ထင်မြင်လေ၏။

"အသင်ဘုန်းကြီး ဘယ်ကလဲ"

ထန်စန်းကျွမ်းဆရာတော်က –

"ကျုန်ုပ်တို့ဟာ ထန်နိုင်ငံက ပိဋကတ်သုံးပုံ ပင့်ဆောင်ဖို့ ထွက်လာတဲ့ ခရီးသည်တွေပါ ...."

ဘီလူးများ ဝမ်းသာသွားသည်။

"ဟား .... ဟား .... ဟား ... ဒါဆိုရင် သင်ဟာ ထန်စန်းကျွမ်း ဘုန်းကြီးပေါ့"

"ဟုတ်ပါတယ်"

"ဒါဆိုရင် သင့်အသားကိုစားရင် အသက်တစ်ထောင်ပိုရှည်တယ်လို့ ကျုပ်တို့သိရတယ် ...."

ဆရာတော်သည် ထိတ်လန့်သွားလေ၏။

"ကျွန်ုပ်ကို သတ်မစားပါနဲ့၊ ကျွန်ုပ်ရဲ့ တပည့်များကိုလည်း သတ်မစားပါနဲ့၊ တကယ်လို့ ကျွန်ုပ်ရဲ့တပည့်ကြီး ဆွမ်းခံပြန်လာလို့ ကျွန်ုပ်တို့ကို မတွေ့ရင် သင်တို့ပြေးစရာမြေရှိမှာ မဟုတ်တော့ဘူး၊ ကျွန်ုပ်ရဲ့တပည့်က သင်တို့ကို လိုက်သတ်ပါလိမ့်မယ်"

ဘီလူးများ တွေဝေသွားသည်။ ထန်စန်းကျွမ်းဘုန်းကြီး၏ စကားများသည် စဉ်းစားစရာ ဖြစ်သည်။ ဒါကို ဘီလူးများသိသည်။ သူသည် ဆရာတော်ကို စိုက်ကြည့်ပြီး -

"သင့် တပည့်ကြီးက ဘယ်သူလဲ"

ဆရာတော်က -

"ကျွန်ုပ်ရဲ့ တပည့်ကြီးရဲ့ နာမည်ရင်းကတော့ စွန်းဝူခုံးပဲ၊ ကျုပ်တပည့်ဖြစ်လာတော့ ကျွန်ုပ်က စွန်းဟိန်ကျဲလို့ခေါ်တယ်"

ဘီလူးများသည် ထိုနာမည်ကို ကြားသောအခါ အကြီးအကျယ် တုန်လှုပ် သွားကြလေ၏။

ဘီလူးတစ်ကောင်က -

"စွန်း .... စွန်းဝူခုံး .... ဟုတ်လား"

"ဟုတ်ပါတယ်၊ စွန်းဝူခုံးပါ ...."

အခြားဘီလူးတစ်ကောင်က -

"သူ .... သူ့ဆိုသိတာပေါ့"

ဘီလူးတစ်ကောင်က ဝင်ပြောပြန်၏။

"စွန်းဝူခုံးဆိုတာ လွန်ခဲ့တဲ့နှစ်ပေါင်း ငါးရာတုန်းက နတ်ပြည်တက်ပြီး သောင်းကျန်းခဲ့တဲ့ သူပဲ၊ နတ်မင်းကြီးကို ပလ္လင်အပ်ရမယ်လို့



ခြိမ်းခြောက်ခဲ့တဲ့သူပဲ၊ သူ့ကိုတန်ခိုးရှင်လို့လည်း ခေါ်တယ်မဟုတ်လား"

ဆရာတော်သည် စွန်းဟိန်ကျဲ၏နာမည်ကို ကြားသည်နှင့် ဘီလူးများ ဤမျှကြောက်လန့်သွားသည်ကို တွေ့သောအခါ အလွန်ဝမ်းသာသွား၏။

"ဟုတ်တယ်၊ ဟုတ်တယ်၊ တချို့က သူ့ကိုတန်ခိုးရှင်လို့ ခေါ်ကြတယ်"

ဘီလူးများသည် စွန်းဝူခုံး၏အမည်ကိုကြားသည်နှင့် တကယ်ပင် ကြောက်လန့်သွားကြသည်။ သို့သော် .... သူတို့သည် ထန်စန်းကျွမ်းဆရာတော်၏ အသားကိုလည်း စားလိုလှသည်။ အသက်တစ်ထောင်ပိုရှည်မည်ဟူသော မက်လုံးကရှိနေသည် မဟုတ်ပါလော။

ခေါင်းဆောင် ဘီလူးသည် ကျန်ဘီလူးများအား အမိန့်ပေးလိုက်လေ၏။

"ဟေ့ .... မင်းတို့ ဘာတွေကို ကြောက်နေကြတာလဲ၊ သူတို့ကို အကုန်ဖမ်းခဲ့၊ ဒီဘုန်းကြီးကိုလည်း ကြိုးနဲ့တုပ်လိုက်၊ မြင်းကိုပါ ခေါ်ခဲ့"

ဘီလူးများသည် ထန်စန်းကျွမ်းဆရာတော်ကို ကြိုးများဖြင့် တုပ်နှောင်လိုက်တော့သည်။

"ဟိုနှစ်ကောင်ကိုတော့ ကြိုးတုပ်စရာမလိုတော့ဘူး၊ သူတို့ ဝမ်းကပ်အကျီဝတ်ထားသမျှ ကြိုးတုပ်ပြီးသွားပြီ၊ သူတို့ကို အကုန်ဖမ်းခဲ့၊ အခုတော့ ဘုန်းကြီးကို စားလို့မဖြစ်သေးဘူး၊ သူ့တပည့် စွန်းဝူခုံးဆိုတဲ့ ကောင်ကို ဖမ်းမိမှ တို့စားနိုင်တော့မယ်၊ အခုတော့ .... ခေါ်သွားပြီး အခန်းထဲမှာ လှောင်ထားလိုက်၊ စွန်းဝူခုံးဆိုတဲ့ ကောင်ကို ငါတို့ဖမ်းဖို့ လုပ်ကြရမယ်"

သူတို့သည် ခေါင်းဆောင် ဘီလူး၏ စကားဆုံးသောအခါ ထန်စန်းကျွမ်းဆရာတော်၊ ကျူးပတ်ကိုင်နှင့် ဆားဂူကျိန်းတို့ကို ဖမ်းဆီး ခေါ်ဆောင်သွားလေတော့၏။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၁၃၈)

## အကူအညီတောင်းရခြင်း

စွန်းဟိန်ကျဲသည် ဆွမ်းခံရာမှ ပြန်ရောက်လာလေ၏။ သူသည် ကောင်းကင်မှ ကြည့်ကတည်းက သူ့စည်းဝိုင်းကို မြင်သည်။ စည်းဝိုင်းထဲ၌ တစ်ယောက်မျှ မရှိတော့ချေ။ စည်းဝိုင်းသာ ကျန်ရှိနေတော့သည်။

စွန်းဟိန်ကျဲသည် စိတ်ပျက်လက်ပျက် ညည်းညူလိုက်၏။

"ဆရာဟာ တကယ်ခက်ပါကလား၊ ဘေးရန်အန္တရာယ်ကိုမြင်လို့ ကြိုတင် တားဆီးထားတာကိုလည်းမမြင်၊ ငါ့ကိုလည်း အကောင်းမထင်၊ အခုလို ထွက်သွားတော့ သူတို့ပဲ ဒုက္ခရောက်မှာပေါ့ ...."

သူသည် တောင်ကြည့်မြောက်ကြည့်လုပ်ပြီးတွေးသည်။

"သူတို့ဟာ ဘယ်နည်းနဲ့မှ နောက်ကြောင်းပြန်မှာ မဟုတ်ဘူး၊ ရှေ့ဆက်ခရီးသွားကြမှာပဲ၊ ငါလည်း ရှေ့ဆက်ပြီး လိုက်ရှာရင် ဆရာတို့ကို တွေ့မယ်လို့ ယူဆရတယ်"

သူသည် စည်းဝိုင်းမှ ရှေ့သို့ဆက်ထွက်လာတော့၏။ သူသည် လမ်းခရီးတစ်လျှောက်လုံး မျက်လုံးကို အနားမပေးဘဲကြည့်ရှုလာလေ၏။

ထိုစဉ် သူ့ရှေ့မှလျှောက်လာကြသော အဘိုးအိုတစ်ယောက်နှင့် သူငယ်တစ်ယောက်တို့ကို တွေ့ရလေ၏။ သူသည် အလွန် ဝမ်းသာသွား



၏။ မေးမြန်းစုံစမ်းရမည့် သူတို့ကို တွေ့နေရပြီ မဟုတ်ပါလော။

စွန်းဟိန်ကျဲက နှုတ်ဆက်လိုက်၏။

"အဘ .... ဘယ်က လာကြပါသလဲ"

"ဟိုဘက် တောင်ကပါ"

"အဘ .... လမ်းမှာ ဘုန်းကြီးတစ်ပါးနဲ့ ကပ္ပိယ နှစ်ယောက်ကို တွေ့ခဲ့ပါသလား ...."

အဘိုးအိုက –

"တွေ့တယ်၊ တွေ့တယ်၊ ဘုန်းတော်ကြီးက အသားဖြူဖြူနဲ့ အင်မတန် သီလ သမာဓိရှိတဲ့ ရုပ်ရည်မျိုးနဲ့မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်"

"နောက်ပြီး ဝက်နဲ့တူတဲ့ကပ္ပိယ၊ နောက်ပြီး ဆံပင်ကိုဖားလျားချထားတဲ့ ကပ္ပိယ၊ ဒီနှစ်ယောက်မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်"

"သူတို့ကို တွေ့ခဲ့ပါတယ်"

"ဘယ်မှာ တွေ့ခဲ့သလဲဟင်"

"သူတို့ကို ဘီလူးတွေ ဖမ်းသွားပါပြီ"

စွန်းဟိန်ကျဲသည် ထင့်ခနဲဖြစ်သွား၏။

"ဘယ်က ဘီလူးတွေများ ဖမ်းသွားသလဲ မသိပါဘူး"

အဘိုးအိုနှင့် သူငယ်တို့သည် ရုတ်တရက် တောစောင့်နတ်နှင့် တောင်စောင့်နတ်များ အသွင်သို့ ကူးပြောင်းသွား၏။ သူတို့သည် စွန်းဟိန်ကျဲကို ဂါရဝပြုလိုက်၏။

"ကျွန်ုပ်တို့ကို ခွင့်လွှတ်ပါ တန်ခိုးရှင်၊ ကျွန်ုပ်တို့ဟာ ဒီတောဒီတောင်ကို စောင့်ရတဲ့ နတ်မင်းများ ဖြစ်ပါတယ်"

"သင်တို့ ကျုပ်ရဲ့သံတုတ်နဲ့ တွေ့ချင်ပြီနဲ့တူတယ်၊ ဘာကြောင့် ပွင့်ပွင့်လင်းလင်း မပြောကြတာလဲ၊ ဘာဖြစ်လို့ အဘိုးအိုနဲ့ သူငယ် အဖြစ် ဟန်ဆောင်ရတာလဲ ....၊ ကျုပ်ဒေါသထွက်ရင် သင်တို့ သေကုန်မယ်"

"ခွင့်လွှတ်ပါ တန်ခိုးရှင်၊ ဆရာတော်နဲ့ တပည့် နှစ်ယောက်ကို

ဘီလူးများ ဖမ်းသွားတယ်လို့ အသိပေး အကြောင်းကြားပါတယ်"

"သင်တို့က ဘာဖြစ်လို့ မတားဆီးရတာလဲ"

"ခေါင်းဆောင်ဘီလူးဟာ ကျွန်ုပ်တို့ထက် တန်ခိုးပိုကြီးပါတယ် တန်ခိုးရှင်၊ ကျွန်ုပ်တို့ တားဆီးလို့မရပါဘူး"

"ကဲ .... ထားတော့၊ ကျုပ် အရမ်းစိတ်ဆိုးတယ်၊ သင်တို့ လုပ်ပုံ မဟုတ်သေးဘူး၊ အခု ဘီလူးတွေ ဘယ်မှာလဲ"

တောင်စောင့်နတ်က –

"ရှေ့ကတောင်ဟာ ရွှေနဖားတောင်လို့ ခေါ်ပါတယ်၊ တောင်ပေါ်မှာ လိုဏ်ဂူတစ်ခု ရှိပါတယ်၊ ဒီလိုဏ်ဂူကိုလည်း ရွှေနဖားလိုဏ်ဂူလို့ ခေါ်ပါတယ်၊ အဲဒီလိုဏ်ဂူထဲမှာ ဘီလူးတစ်ကောင် နေပါတယ်၊ ခေါင်းကြမ်းဘီလူးလို့ ခေါ်ပါတယ်၊ အဲဒီခေါင်းကြမ်းဘီလူးဟာ သိပ် တန်ခိုးရှိပါတယ်၊ အဲဒီဘီလူးဆီကို တန်ခိုးရှင်ရဲ့ ဆရာတပည့်တွေကို ဖမ်းခေါ်သွားတာပါ"

စွန်းဟိန်ကျဲသည် သူ့လက်ထဲမှ ဆွမ်းနှင့်ဆွမ်းဟင်းထုပ်အား တောစောင့်နတ်နှင့် တောင်စောင့်နတ်တို့အား ပေးလိုက်၏။

"ဒီဆွမ်းနဲ့ ဆွမ်းဟင်းတွေကို သိမ်းထားပေးကြပါ၊ ကျုပ် ဘီလူးတွေနောက်လိုက်ပြီး ဆရာကို သွားကယ်မယ်"

"ကောင်းပါပြီ တန်ခိုးရှင်"

တောစောင့်နတ်နှင့် တောင်စောင့်နတ်တို့သည် ဂါရဝ ပြုလိုက်ကြလေ၏။

စွန်းဟိန်ကျဲလည်း သံတုတ်ကိုဆွဲ၍ တောင်ပေါ်သို့ တက်လေတော့၏။

မကြာမီ သူသည် ရွှေနဖားလိုဏ်ဂူရှေ့သို့ ရောက်ရှိလာသည်။ လိုဏ်ဂူရှေ့တွင် ဘီလူးကလေးများ ဆော့ကစားနေသည်ကို တွေ့ရခြင်းအားဖြင့် ရွှေနဖားလိုဏ်ဂူရှင် ဘီလူးသည် ထန်စန်းကျွမ်းဆရာတော်၏ တပည့် စွန်းဟိန်ကျဲဆိုသူအား ဂရုမစိုက်ကြောင်း ပြသနေပေသည်။ ဂရုစိုက်လျှင် တံခါးကိုအလုံပိတ်၍ သတိဝီရိယနှင့် နေရပေမည်။

စွန်းဟိန်ကျဲအား တွေ့မြင် ရသောအခါ ဘီလူး လေး များ သည် ထိတ်လန့်သွားကြလေ၏။



စွန်းဟိန်ကျဲက အော်ငေါက်လိုက်သည်။

"မင်းတို့ရဲ့ အရှင်သခင် ခေါင်းကြမ်းဘီလူးကို သွားပြောလိုက်၊ ထန်စန်းကျွမ်းဆရာတော်ရဲ့ တပည့်ကြီးလာတယ်လို့ပြောလိုက်၊ သူဟာ ငါ့နာမည်ကို သိတယ်၊ ဆရာတော်ကို အမြန်ဆုံး လွှတ်လိုက်လို့ သွားပြောချေ၊ မဟုတ်ရင် အားလုံးကို သတ်ပစ်မယ်လို့ ပြောလိုက်၊ တစ်ဆွေလုံး တစ်မျိုးလုံးကို သတ်ပစ်မယ်လို့ပြောလိုက်"

ဘီလူးကလေးများသည် လိုဏ်ဂူထဲသို့ ပြေးဝင်သွားလေ၏။

လိုဏ်ဂူထဲ၌ ဦးချိုတစ်ချောင်း ပေါက်နေသော ဘီလူးကြီးတစ်ကောင်သည် ထိုင်နေ၏။ သူသည် သူ့အခြွေအရံများကို မိန့်ခွန်းခြွေနေသည်။ ထန်စန်းကျွမ်းဆရာတော်၏ အသားကို စားခြင်းနှင့် ပတ်သက်ပြီး ဩဝါဒပေးနေခြင်း ဖြစ်သည်။

"မင်းတို့အတွက် ဘုန်းကြီးရဲ့အသားတစ်တုံးစီကို ငါပေးမယ်၊ အဲဒါကို မှုမှုတတ စားကြ၊ ကြားလား"

ထိုသို့ပြောနေစဉ် ဘီလူးကလေးများသည် အပြေးအလွှား လာရောက်ပြီး သတင်းပို့လေ၏။

"ဘာများ အထိတ်တလန့် ပြေးလွှားလာရတာလဲ"

"အပြင်မှာ ထန်စန်းကျွမ်းဘုန်းကြီးရဲ့တပည့်ကြီး ရောက်နေပါတယ်"

"သူ ဘာပြောသလဲ"

"သူ့ဆရာကို လွှတ်ပေးရမယ်တဲ့၊ လွှတ်မပေးရင် တစ်ဆွေလုံး တစ်မျိုးလုံးကို သတ်မယ်လို့ပြောနေပါတယ်"

"ဟား .... ဟား .... ဟား .... ဒီကောင်က ဒီလို ပြောရဲသလား"

"သူ အပြင်မှာ စောင့်နေပါတယ်"

"ကောင်းပြီ၊ ငါ့လှံတံပေးစမ်း ....."

သူသည် သူ့တပည့်တစ်ဦးပေးသော လှံတံကိုလှမ်းယူလိုက်၏။

ဘီလူးကြီးသည် လှံတံကိုယူပြီး လိုဏ်ဂူထဲမှ ထွက်ခွာသွားတော့၏။ သူသည် စွန်းဟိန်ကျဲကို တွေ့သောအခါ ဟက်ဟက် ပက်ပက်

ရယ်မောသည်။

"ဘယ်သူများ မှတ်သလဲလို့"

စွန်းဟိန်ကျဲက –

"သင်က ကျွန်ုပ်ကို သိလို့လား"

"သိတာပေါ့၊ သင်ဟာ စကြဝဠာ တန်ခိုးရှင်ဆိုတဲ့ မျောက်မင်းပဲ၊ အခုတော့ ..... အခုတော့ စွန်းဟိန်ကျဲ ဖြစ်နေတာပေါ့လေ"

စွန်းဟိန်ကျဲသည် ဘီလူးကြီးက မိမိကို သိနေခြင်းအတွက် အံ့သြနေသည်။

"သင်ဟာ နတ်မင်းကြီးရဲ့ ပလ္လင်ကိုလာလုပြီး တိုက်ခိုက်ခဲ့တယ် မဟုတ်လား"

ထိုတိုက်ပွဲကို သူ မြင်ပုံရသည်။

ထိုစဉ် နတ်တစ်ပါးပါးလည်း မဖြစ်နိုင်ပေ။ သူသည် ဘီလူးသာ ဖြစ်၏။

စွန်းဟိန်ကျဲက –

"ဟုတ်တယ်၊ ကျွန်ုပ်က စွန်းဟိန်ကျဲပဲ၊ အစတုန်းကတော့ တန်ခိုးရှင်မျောက်မင်းပဲ၊ အခုတော့ ထန်စန်းကျွမ်းဆရာတော်ရဲ့ တပည့် ဖြစ်နေပြီ၊ သင် ကျွန်ုပ်ရဲ့ ဆရာကို ဖမ်းဆီးခေါ်ဆောင်သွားတယ် မဟုတ်လား၊ ပြန်လွှတ်ပါ ....၊ နို့မဟုတ်ရင် သင့်အား သတ်ရပါလိမ့်မယ်"

ခေါင်းကြမ်းဘီလူးသည် ရယ်မောလေတော့၏။

"သင့်ကို သူများတစ်တွေ ကြောက်ပေမယ့် ကျွန်ုပ်ကတော့ လုံးဝ မကြောက်ဘူး"

"သင် .... ဆရာ့ကို လွှတ်ပေးမလား၊ မလွှတ်ပေးဘူးလား"

"ဟား .... ဟား .... ဟား ... ရော့ ဒီမှာ လွှတ်ပေးပြီ"

သူသည် လှံတံဖြင့် စတင် တိုက်ခိုက်လေတော့၏။ စွန်းဟိန်ကျဲ လည်း ပြင်းပြင်းထန်ထန် တိုက်ခိုက်သည်။

သူတို့သည် သိုင်းကွက်သုံးဆယ်ခန့် တိုက်ခိုက်သောအခါ မည်သူက မည်သူကိုမျှ အနိုင်မရဘဲ ရှိနေကြသည်။



စွန်းဟိန်ကျဲက ချီးကျူးလိုက်၏။

"သင့်ရဲ့ လှံပညာက မဆိုးပါလား"

ခေါင်းကြမ်းဘီလူးကလည်း စွန်းဟိန်ကျဲအား ချီးကျူးလိုက်၏။

"သင် မျောက်မင်းဟာ နတ်ပြည် တစ်ခုလုံးမှာ အရမ်းကျော်ကြား တယ်၊ ကျော်ကြားထိုက်ပါပေတယ် ...."

"ကဲ .... တိုက်ကြဦးစို့"

သူတို့သည် ထပ်မံ၍ တိုက်ခိုက်ကြပြန်၏။ သူတို့သည် သိုင်းကွက်ပေါင်း တစ်ရာနှစ်ဆယ်အထိ အနိုင်အရှုံးမပေါ်ကြပါ။

ခေါင်းကြမ်းဘီလူးသည် သူ့တပည့်များအား အမိန့်ပေးလိုက်၏။

"ဝိုင်းတိုက်ကြ"

နောက်လိုက် ဘီလူးများသည် ဓား၊ လှံ၊ ပုဆိန်များဖြင့် အပြင်း အထန် တိုက်ခိုက်ကြတော့၏။

စွန်းဟိန်ကျဲက ရယ်မောသည်။

"လာလေ .... ပျော်စရာကြီးပါလား"

သူသည် သံတုတ်ကို လေထဲမြှောက်လိုက်ရာ သံတုတ်များ ရာချီ၍ ထွက်ပေါ်လာတော့၏။ နောက်လိုက် ဘီလူးများသည် သံတုတ် များ၏ ရိုက်နှက်မှုဒဏ်ကို အပြင်းအထန် ခံရတော့၏။

ခေါင်းကြမ်းဘီလူးသည် စွန်းဟိန်ကျဲ၏ အစွမ်းကို ကြည့်သည်။

"သင် .... သိပ်လည်းသဘောကျမနေနဲ့ဦး"

"သင် ဘာလုပ်နိုင်လို့လဲ"

"ကျွန်ုပ်ရဲ့ အစွမ်းကိုလည်း ကြည့်ပါဦးလေ ...."

သူသည် လက်ကို တစ်ချက်ဝှေ့ယမ်းလိုက်၏။ သူ့လက်ထဲမှ အဖြူရောင် ကွင်းကလေးထွက်လာ၏။ ပလူပျံနေသော သံတုတ်များအား လိုက်လံစုပ်ရာ သံတုတ်တစ်ချောင်းတည်း ဖြစ်သွားတော့၏။

အဖြူရောင်ကွင်းသည် စွန်းဟိန်ကျဲ၏ လိုတရသံတုတ်အား စုပ်လျက် ခေါင်းကြမ်းဘီလူးထံသို့ ပျံသန်းရောက်ရှိသွားသည်။

"ဟား .... ဟား ... ဘယ့်နှယ်ရှိစ ...."

သူသည် စွန်းဟိန်ကျဲ၏ သံတုတ်အား သိမ်းဆည်း လိုက်ပြီး

ရယ်မောနေလေ၏။

စွန်းဟိန်ကျဲသည် သူ၏ လိုတရသံတုတ် ပါသွားသဖြင့် ဆက်လက် မတိုက်နိုက်ဝံ့တော့ချေ။ သူသည် နောက်ဆုတ်သွားရသည်။

ခေါင်းကြမ်းဘီလူးသည် လိုတရ သံတုတ်အားသိမ်းဆည်းကာ ဂူတွင်းသို့ ပြန်ဝင်သွားလေ၏။

စွန်းဟိန်ကျဲအတွက် ဤတိုက်ပွဲသည် အထိအနာဆုံး တိုက်ပွဲဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် .... သူ့လိုတရ သံတုတ် ဆုံးရှုံးသွားသောကြောင့်တည်း။ သူသည် တိုက်ပွဲတိုင်း ဤသို့ လက်နက် မဆုံးရှုံးဖူးပေ။ နတ်စစ်သူကြီး ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်နှင့် တိုက်စဉ်ကပင် လက်နက် မဆုံးရှုံးဖူးခဲ့ပေ။ ထို့ကြောင့် စွန်းဟိန်ကျဲသည် ဝမ်းမနည်းစဖူး ဝမ်းနည်းနေ၏။

သူသည် ကျောက်တုံး တစ်တုံးပေါ်၌ ထိုင်ပြီး တွေးနေသည်။

"အင်း .... ဒီ ဘီလူး ကြည့်ရတာ နတ်ပြည်နဲ့ တစ်စုံတစ်ခု ပတ်သက်နေပုံရတယ်၊ နတ်သား တစ်ပါးပါးက ဘီလူးယောင်ဆောင်တာများလားမသိဘူး၊ ဒီအတိုင်းဆိုရင် နတ်ပြည်ကို တက်စုံစမ်းမှဖြစ်မယ်"

သူသည် ဤသို့ စဉ်းစားပြီးနောက် ဝမ်းနည်းနေသော စိတ်ကို ဖျောက်ဖျက်ပစ်လိုက်၏။

"ငါ ဝမ်းနည်းနေလို့ အပိုပဲ ....၊ ငါဒီဘီလူးကို နိုင်အောင် တိုက်ရမယ်၊ အကူအညီ ခေါ်သင့်က ခေါ်ရမယ်၊ အခု ....ငါနတ်ပြည်ကို သွားစုံစမ်းရမယ်"

သူသည် ကျွမ်းတစ်ပတ်ပစ်လိုက်ရာ နတ်ပြည်သို့ ရောက်ရှိသွားလေ၏။

သူသည် နတ်ဘုံနတ်နန်း၏ တောင်ဘက် မုခ်တံခါးအနီးသို့ လျှောက်လာ၏။ ထိုအခါ တံခါးမှူးနတ်က ဆီးကြိုနှုတ်ဆက်လေ၏။

"တန်ခိုးရှင်ပါလား ..... ဘယ်လိုက ဘယ်လိုရောက်လာတာလဲ"

စွန်းဟိန်ကျဲက –

"ကျွန်ုပ် ပိဋကတ်တော် ပင့်ဆောင်မယ့် ဆရာတော်ကို လိုက်လံစောင့်ရှောက်နေတာပါ၊ အဲဒါ ခေါင်းကြမ်းဘီလူးက ကျွန်ုပ် ဆရာကို



ဖမ်းထားတယ်ဗျာ၊ ဒီဘီလူးဟာ တော်တော် အစွမ်းထက်နေတယ်၊ သူ့ကြည့်ရတာ ဘယ်သူ့ကိုမှလည်း ကြောက်ရွံ့ပုံ မရဘူး၊ ဒါကြောင့် ဒီဘီလူး နတ်ပြည်နဲ့ ဘယ်လိုပတ်သက်သလဲ ဆိုတာကို ကျွန်ုပ် တက်လာပြီး စုံစမ်းတာပါ ...."

တံခါးမှူးနတ်က –

"ကောင်းပြီ၊ ကျုပ်နဲ့လိုက်ခဲ့ပါ ...."

တံခါးမှူးနတ်သည် စွန်းဟိန်ကျဲအား နတ်မင်းကြီး၏ တိမ်တိုက်နန်းတော်သို့ ခေါ်ဆောင်သွားလေတော့၏။ တိမ်တိုက်နန်းတော်သို့ ရောက်သောအခါ တံခါးမှူးနတ်က နတ်မင်းကြီးအား ဝင်ရောက်ဖူးမြော်ပြီး အကျိုးအကြောင်း လျှောက်ထားလေ၏။

ထိုအခါ နတ်မင်းကြီးသည် တိမ်တိုက် နန်းတော်မှ ထွက်လာလေ၏။

သူသည် နတ်မင်းကြီးကို ဂါရဝပြုလိုက်၏။

နတ်မင်းကြီးက –

"သင် မျောက်မင်း .... ထန်စန်းကျွမ်းဆရာတော်အား လိုက်လံပို့ဆောင်ခြင်းမပြုဘဲ ..... ဘာကြောင့် နတ်ပြည်ကို တက်လာပါသလဲ"

စွန်းဟိန်ကျဲက အဖြစ်အပျက်များကို အသေးစိတ် ပြောပြလေ၏။

"ဒါကြောင့် နတ်ပြည်က နတ်တစ်ပါးပါးဟာ ဘီလူးအဖြစ် ဖန်ဆင်းပြီး သောင်းကျန်းနေသလားလို့ နတ်မင်းကြီးဆီ လာအကူအညီ တောင်းတာပါ ...."

နတ်မင်းကြီးက –

"အင်း .... ဒီလိုဆိုရင် သက်ဆိုင်ရာနတ်မင်းများနဲ့ တိုင်ပင် ညှိနှိုင်းကြပေါ့၊ တံခါးမှူးသည် .... မျောက်မင်းကို သက်ဆိုင်ရာ နတ်မင်းနဲ့ တွေ့ဆုံညှိနှိုင်းဖို့ ခေါ်သွားပေးပါ ...."

တံခါးမှူးသည် မျောက်မင်းအား သက်ဆိုင်ရာ နတ်မင်းဆီသို့ ခေါ်သွားလေ၏။ သက်ဆိုင်ရာ နတ်မင်းသည် စာရင်းစာရွက်များနှင့် ရှိနေသော နတ်မင်းတို့ကို တိုက်ဆိုင်စစ်ဆေးလေ၏။

ထိုအခါ နတ်ပြည်မှ နတ် သား များ တစ်ပါးမျှ မလျော့ဘဲ

ရှိနေသည်ကို တွေ့ရလေ၏။

စွန်းဟိန်ကျဲ စိတ်ဓာတ်ကျသွားသည်။

သက်ဆိုင်ရာ နတ်မင်းသည် နတ်ပြည်ရှိ နတ်သမီး၊ နတ်သား စာရင်းနှင့် လက်ရှိစာရင်း ကိုက်ညီလျက်ရှိကြောင်း နတ်မင်းကြီးအား တင်ပြ လျှောက်ထားလေ၏။

နတ်မင်းကြီးသည် စိတ်ပျက် လက်ပျက် ထိုင်နေသော စွန်းဟိန်ကျဲကို ကြည့်ကာမေးလိုက်၏။

"သင့်ရဲ့ ဆရာကို ဖမ်းသွားတဲ့ဘီလူးဟာ အတော် တန်ခိုးကြီး သလား ...."

စွန်းဟိန်ကျဲက စိတ်ပျက်စွာပြောသည်။

"ဟာ .... တန်ခိုးကြီးတာတော့ မပြောနဲ့၊ ကျွန်ုပ်နဲ့သူ တိုက်ခိုက်တာ သိုင်းကွက်ပေါင်း တစ်ရာ့ငါးဆယ်အထိ တိုက်ခိုက်ကြတယ်၊ ဒါပေမယ့် အရှုံးအနိုင် လုံးဝမပေါ်ဘူး ....၊ သူ့အင်အားလည်း အတော်ကြီးမားတယ်၊ နောက်ဆုံး ကျွန်ုပ်ရဲ့လိုတရ ရွှေရစ်သံတုတ်ပါ သူ့လက်ထဲ ပါသွားတယ်၊ ဒီရွှေရစ်သံတုတ်ကို ကျွန်ုပ်တစ်ခါမှ မဆုံးရှုံး ခဲ့ဖူးဘူး"

နတ်မင်းကြီးက –

"သိပ်လည်းစိတ်မပူပါနဲ့၊ ဒီဘီလူး ဘယ်လောက် အင်အားကြီး ကြီး၊ ကျွန်ုပ်ရဲ့ နတ်စစ်သည်တော်များရဲ့ အင်အားကိုတော့ မီမှာ မဟုတ်ပါဘူး၊ ကျွန်ုပ်တို့ သင့်ကို နတ်စစ်သည်တော်များ ပေးပို့ ကူညီမယ်"

နတ်မင်းကြီးသည် နတ်စစ်သူကြီး ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ် အား အကူအညီပေးရန် အမိန့်ချလိုက်သည်။

လီတင်းဝမ်က –

"မျောက်မင်း .... ဘာမှ မပူပါနဲ့၊ ကျွန်ုပ်တို့ သင့် ဆရာတော် ကို ကယ်တင်ပေးပါမယ်"

"ကောင်းပါပြီ နတ်မင်း"

ဘုံခုနစ်ဆင့်ရှင်လီတင်းဝမ်သည်သူ၏သားတော်လိုချားနှင့်တကွ နတ်စစ်သည်တော်၊ မိုးကြိုးနတ်သားများကို ခေါ်ဆောင်လျက် စွန်းဟိန်ကျဲနှင့် အတူ ရွှေနဖားတောင်သို့ ဆင်းသက်ခဲ့လေတော့၏။



✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၁၃၉)

## ဘုံစုနစ်ဆင့်ရှင်တိုက်ခိုက်ခြင်း

သူတို့သည် ရွှေနဖား တောင်ထိပ်၌ ရပ်ပြီး အခြေအနေကို စောင့်ကြည့်ကြလေ၏။

"အသင်နတ်မင်း.... အသင်ကတော့ ဝင်တိုက်ဖို့ မလိုသေးပါဘူး၊ သင့်ရဲ့သားတော် လိုချားကိုသာ တိုက်ခိုင်းသင့်ပါတယ်၊ သင်နဲ့ မိုးကြိုးနတ်သားများကတော့ အခြေအနေကို စောင့်ကြည့်သင့်ပါတယ်၊ မိုးကြိုးနတ်သားဟာ အခြေအနေကိုစောင့်ကြည့်ပြီး ခေါင်းကြမ်းဘီလူးကို မိုးကြိုးနဲ့ ပစ်သင့်ရင် ပစ်ချလိုက်ပါ ...."

စွန်းဟိန်ကျဲကဘုံနစ်ဆင့်ရှင်လီတင်းဝမ်ကိုပြောဆိုလိုက်လေ၏။

"ကောင်းတယ်၊ ခေါင်းကြမ်းဘီလူးရဲ့ အစွမ်းကို ခန့်မှန်းဖို့ အချိန်ရတာပေါ့ ...."

သူသည် သားတော် လိုချားကိုထည့်လိုက်၏။

"ကဲ .... သားတော် .... သင်တိုက်ခိုက်ပါ၊ ဘီလူးဆိုပြီး အထင်မသေးပါနဲ့၊ မျောက်မင်းတောင် သံတုတ်လက်နက် ဆုံးရှုံးခဲ့တာကို သတိရှိပါ"

သားတော် လိုချားသည် စစ်တိုက်ရန် တက်ကြွနေသူ ဖြစ်သည်။



ခမည်းတော်လီတင်းဝမ်ထံမှ အမိန့်ရရှိလိုက်သည်နှင့် တိမ်တိုက်ပေါ်မှ ခုန်ဆင်းသွားတော့၏။

စွန်းဟိန်ကျဲလည်း လိုချားနှင့်အတူ လိုက်သည်။

သူသည်လိုချားအား ရွှေနဖားလိုဏ်ဂူရှေ့သို့ ခေါ်ဆောင်လာလေ၏။

သူသည် လိုဏ်ဂူအားစောင့်ကြပ်နေသော ဘီလူးအားကြည့်ပြီး -

"ဟေ့ .... မင်းတို့ဘီလူးမင်းကို သွားပြောစမ်း၊ စွန်းဟိန်ကျဲ တိုက်ခိုက်ဖို့ ရောက်လာတယ်လို့ ...."

တံခါးစောင့် ဘီလူးသည် အလျင်အမြန် ပြေးဝင်သွား၏။

ခေါင်းကြမ်းဘီလူးသည် အလျင်အမြန် ပြေးဝင်လာသော တံခါးစောင့်အား ကြည့်ပြီး မေးလိုက်သည်။

"ဘယ်လိုလဲ .... စွန်းဟိန်ကျဲ ရောက်လာပြန်ပြီ မဟုတ်လား ..."

"ဟုတ် .... ဟုတ်ပါတယ်"

"ဒီ မျောက်စုတ်ကို မလာရဲလောက်အောင် ဆုံးမမှ တော်မယ်"

"သူ့ကို ဆုံးမဖို့ လွယ်မယ်၊ မလွယ်ဘူးတော့ မသိရပါဘူး၊ ဒါပေမယ့် သူက စစ်ကူတော့ ခေါ်လာပါတယ်၊ သူ့ဘေးမှာ တိုက်မယ့်လူ တစ်ယောက် ပါလာပါတယ် ...."

"ဘာစစ်ကူလာလာ၊ ကျွန်ုပ် ဂရုမစိုက်ဘူး၊ အဲဒီစစ်ကူကိုပါ ဆုံးမလိုက်မယ်"

သူသည်လှံတံကို ဆွဲလျက် ဘီလူးအခြံအရံများဖြင့် ဂူပြင်သို့ ထွက်လေ၏။

စွန်းဟိန်ကျဲသည် ခေါင်းကြမ်းဘီလူး ထွက်လာသည်ကို တွေ့သည်။ သူ့လက်ထဲ၌ သံတုတ်လက်နက် မရှိသဖြင့် အသာနောက်ဆုတ်သွားသည်။

ခေါင်းကြမ်းဘီလူးသည် လိုချားနတ်သားအား တွေ့သောအခါ ထုတ်ဖော်မေးမြန်းလိုက်၏။

"သင်ဟာ ဘုံခုနစ်ဆင့်ရှင်လီတင်းဝမ်ရဲ့သားတော် မဟုတ်လား" လိုချားကခေါင်းညိတ်၏။

"ဟုတ်ပါတယ်"

"သင်က ဘာကိစ္စရှိလို့ ကျွန်ုပ်ရဲ့ လိုဏ်ဂူရှေ့ကို လာပြီး ရပ်နေရတာလဲ"

လိုချားက –

"သင် ဘာကြောင့် စကားများနေတာလဲ၊ ကျွန်ုပ်စကားများများ မပြောချင်ဘူး၊ သင်ဖမ်းထားတဲ့ ထန်စန်းကျွမ်းဆရာတော်ကို လွှတ်ပေးလိုက်ပါ၊ သူတို့မှာ ဆောင်ရွက်စရာ ကိစ္စကြီးတစ်ခု ရှိနေပါတယ်၊ အဲဒီလိုမှ သင်မဆောင်ရွက်ရင်တော့ ကျွန်ုပ်အဆိုးမဆိုနဲ့ ....၊ သင့်ကို သတ်ရလိမ့်မယ်၊ ကျွန်ုပ်က ဘယ်သူ့မှမသတ်ချင်ဘူး ...."

ခေါင်းကြမ်းဘီလူးသည် ဒေါသထွက်သွားလေ၏။

"ဩော် ... သင်က ကျွန်ုပ်ကို တိုက်ခိုက်ဖို့ ရောက်လာတာပေါ့လေ၊ သင့်ကို မျောက်မင်းက စစ်ကူတောင်းခဲ့တာကိုး"

"ဟုတ်တယ်၊ မျောက်မင်းက ကျွန်ုပ်ကို စစ်ကူ ခေါ်လာတာပဲ၊ ဲ ဆရာတော်ကို လွှတ်မလား မလွှတ်ဘူးလား၊ ဒါပဲပြော ...."

ခေါင်းကြမ်းဘီလူးသည် သုန်သုန်မှုန်မှုန်နှင့်ပြောသည်။

"သင်က တိုက်ခိုက်မှုပညာ ဘယ်လောက်တတ်လို့လဲ၊ စစ်ဆင်စစ်တက် ဘယ်လောက်တတ်လို့လဲ၊ ကျွန်ုပ်ကိုမာရေကျောရေနဲ့မပြောနဲ့"

လိုချားသည် ဒေါသ အမျက် ချောင်းချောင်း ထွက်လာသည်။ ဤကဲ့သို့သော ဘီလူးမျိုးက သူကဲ့သို့သော နတ်မျိုးနတ်နွယ်ကို ဤသို့ ပြောရပါမည်လောဟု ဒေါသထွက်သည်။ ထို့ကြောင့် သူသည်လှံတံဖြင့် စတင် တိုက်ခိုက်တော့၏။

ခေါင်းကြမ်း ဘီလူးကလည်း လုံးဝ ကြောက်ရွံ့ခြင်း မရှိဘဲ၊ ပြန်လည် တိုက်ခိုက်လေသည်။

ဤသို့ဖြင့် တိုက်ပွဲသည် တဖြည်းဖြည်း အရှိန်မြင့်လာလေ၏။ သိုင်းကွက်ပေါင်း ငါးဆယ်ခန့် တိုက်ခိုက်ကြရာ မည်သူမျှ အရှုံးအနိုင် မပေါ်ကြချေ။

ထိုအချိန်တွင် စွန်းဟိန်ကျဲသည် ကောင်းကင်ပေါ်သို့ ရောက်ရှိသွားသည်။ သူသည် မိုးကြိုးနတ်ကို မေးသည်။



"မိုးကြိုးနတ် ဘယ်မှာလဲ"

"ကျွန်ုပ် ဒီမှာ အသင့်ရှိနေပါတယ်"

"ဘီလူးရဲ့ ငယ်ထိပ်ကို မိုးကြိုးနဲ့ ပစ်ချလိုက်စမ်းပါ ...."

မိုးကြိုးနတ်သည် မိုးကြိုးဖြင့်ပစ်ချရန် ဟန်ပြင်လိုက်စဉ် လိုချား၏ တိုက်ခိုက်မှုသည် ပြောင်းလဲသွား၏။ သူ၏ ရုပ်လက္ခဏာသည် ချက်ချင်းပြောင်းလဲသွား၏။ သူသည် ဦးခေါင်း သုံးလုံးဖြစ်လာကာ လက်ခြောက်ဖက်ဖြစ်လာ၏။

သူ၏ လက်ခြောက်ဖက်၌ လက်နက်ခြောက်မျိုး ကိုင်ဆောင်ကာ ဘီလူးအားတိုက်ခိုက်တော့သည်။

ခေါင်းကြမ်းဘီလူးကလည်း အကြောက်အရွံ့မရှိဘဲ ပြန်လှန်တိုက်ခိုက်လေ၏။ သူသည်လည်း ဦးခေါင်းသုံးလုံး လက်ခြောက်ဖက် ဖန်ဆင်းပြီး ပြန်လည် တိုက်ခိုက်တော့သည်။

လိုချားသည် လက်ထဲ၌ ကိုင်ဆောင်ထားသော လက်နက်ခြောက်မျိုးအား ဘီလူးကြီးထံသို့ ပစ်လွှတ်တိုက်ခိုက်လိုက်သည်။ ယင်းလက်နက်ခြောက်မျိုးကို တော်ရုံတန်ရုံ ရန်သူ မခံနိုင်ချေ။ ယင်းလက်နက်ခြောက်မျိုးမှာ ဘီလူးနိုင်ဓား၊ ဘီလူးနိုင်ကြဲ့၊ ဘီလူးနိုင်ကြိုး၊ ဘီလူးနိုင်တုတ်၊ ဘီလူးနိုင်ဆူးတပ်သံလုံးနှင့် ဘီလူးနိုင်မီးသီးတို့ဖြစ်၏။

လိုချားသည် လက်နက် ခြောက်မျိုးကို ပစ်လွှတ်ပြီးသည်နှင့် လက်အုပ်ချီကာ ဂါထာမန်းမှုတ်လိုက်သည်။

"ပွားစမ်း ..."

ယင်း လက်နက်ခြောက်မျိုးသည် ရာချီ၍ ပွားများသွား၏။ ယင်းလက်နက်များသည် ပျံသန်းလာပြီး ဘီလူးကြီးအား တိုက်ခိုက်တော့၏။ ဘီလူးကြီးသည် လက်ခြောက်ဖက်ဖြင့် ယင်းလက်နက်များကို ပြန်လည်ခုခံ၏။ မနိုင်ပုံပေါက်လာသောအခါ အဖြူရောင် ကွင်းကလေးအား ထုတ်၍ ပစ်လိုက်တော့၏။

ထို အဖြူရောင် ကွင်းကလေးသည် ယင်းလက်နက်များကိုလျင်မြန်စွာလိုက်၍ စုပ်နေသည်။ ထို့ကြောင့် ယင်းလက်နက်များ ကွယ်ပျောက်သွားပြီး လက်နက်ခြောက်မျိုးသာ ပြန်ဖြစ်သွားသည်။

သူ ပစ်လွှတ်လိုက်သည့် အဖြူရောင် ကွင်းကလေးသည် ထို လက်နက် ခြောက်မျိုးကို လိုက်စွပ်သည်။ ခြောက်မျိုးစလုံးကို ထို အဖြူရောင် ကွင်းကလေးက စွပ်မိသွား၏။ သူသည် ခြေဆောင့်၍ လက်ယပ်ခေါ်လိုက်သည်။

လက်နက် ခြောက်မျိုးကို စွပ်မိထားသော အဖြူရောင် ကွင်းကလေးသည် ဘီလူးကြီးထံ ရောက်ရှိသွားလေ၏။

"ဟား .... ဟား .... ဟား .... သင် ဘာတတ်နိုင်သေးသလဲ"

ခေါင်းကြမ်းဘီလူးသည် လက်နက်ခြောက်မျိုးအား သိမ်းပိုက်လိုက်၏။

သားတော် လိုချားသည် လက်နက်ခြောက်မျိုးစလုံး ဆုံးရှုံးသွားသဖြင့် ဆက်လက် မတိုက်ဝံ့တော့ချေ။ သူသည် ဆုတ်ခွာရတော့၏။

"သင်တို့ ကျွန်ုပ်ကို အန်မတုနိုင်ပါဘူး"

ခေါင်းကြမ်း ဘီလူးသည် အော်ဟစ်ကြွေးကြော်ကာ ဂူထဲသို့ ပြန်လည် ဝင်ရောက်သွားလေတော့၏။

သားတော် လိုချားသည် ခမည်းတော် လီတင်းဝမ်ထံသို့ ပြန်ရ လေတော့၏။

"ခမည်းတော် .... ဒီခေါင်းကြမ်းဘီလူးဟာ အတော်တန်ခိုးကြီး ပါတယ်၊ သားတော်ရဲ့ လက်နက်ခြောက်မျိုးလည်း ဘီလူးထံ ပါသွားပါပြီ ခမည်းတော် ...."

ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်သည် ဘီလူးအား ဒေါသဖြစ်မိ လေ၏။ မိုးကြိုးနတ်သားက –

"ကျွန်ုပ် မိုးကြိုးမပစ်မိတာ သိပ်ကံကောင်းသွားတယ်၊ နို့မို့ဆိုရင် ကျွန်ုပ်ရဲ့ မိုးကြိုး လက်နက်ပါ ဘီလူးဆီ ပါသွားမှာပဲ ......"

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"ဘီလူးက ဒီလောက်မဟုတ်ပါဘူး၊ သူ့ရဲ့ အဖြူရောင် ကွင်း ကလေးကြောင့် အနိုင်ရသွားတာပါ ...."

သားတော် လိုချားက –

"ကျွန်ုပ်တို့ ရှုံးနေရတဲ့ကြားက သင်မျောက်မင်းဟာ ရယ်နိုင်သေး



တယ်နော် ...."

စွန်းဟိန်ကျဲက –

"ကျွန်ုပ်က မရယ်ဘဲ ထိုင်ငိုနေရမှာလား၊ ဒီဘီလူးကို ဘယ်လို အနိုင်ရမလဲဆိုတာ နည်းလမ်းရှာရမှာပေါ့၊ ကျွန်ုပ် ထိုင်ငိုနေလို့ အနိုင် ရမှာ မဟုတ်ဘူး"

ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်က –

"ဟုတ်တယ်၊ သားတော် ....၊ မျောက်မင်းပြောတာ မှန်တယ်"

သူကဆက်ပြော၏။

"ဒီ ဘီလူးကိုနိုင်ဖို့ ကျွန်ုပ်အကြံတစ်ခုတော့ ရထားပါတယ် ...."

စွန်းဟိန်ကျဲက –

"ပြောပါနတ်မင်း ...."

လီတင်းဝမ်က –

"ဘယ်နတ်မဆို ဘယ်ဘီလူးမဆို အရာရာမှာ တစ်ဖက်ကမ်းခပ် မတော်နိုင်ဘူး ...."

စွန်းဟိန်ကျဲက –

"ဒါလည်း ဟုတ်တယ်၊ ကျွန်ုပ် နတ်ပြည်ကို ခဏ သွားလိုက် ဦးမယ်"

သူသည် စကားဆုံးသည်နှင့် တစ်ပတ်ကျွမ်းပစ်ကာ နတ်ပြည်သို့ တက်သွားသည်။ သူသည် နတ်ပြည်၏ တောင်ဘက်တံခါးအနီးသို့ ရောက်သွားသည်။

တာဝန်ကျ တံခါးမှူးက အံ့သြစွာ မေးလေ၏။

"ကျွန်ုပ် သိထားတာကတော့ တန်ခိုးရှင်ဟာ နတ်စစ်သူကြီး ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်နဲ့ လိုက်သွားတယ် ဆိုတာပဲ၊ အခု ဘယ့်နှယ် တန်ခိုးရှင်က နတ်ပြည် ပြန်ရောက်နေတာလဲ၊ ဘာလဲ၊ ဘီလူးကို နှိမ်နင်းလို့ မရဘဲ ဖြစ်နေသလား"

စွန်းဟိန်ကျဲက ခေါင်းညိတ်၏။

"ဟာ ... ခက်ခဲလိုက်တာတော့ မပြောပါနဲ့တော့၊ အခု ... မီးနတ် သားကို လာပြီး အကူအညီ တောင်းတာပါ"

တံခါးမှူးနတ်သားက -

"နတ်မင်းကြီးကို တွေ့သွားဦးမလား"

"မလိုပါဘူး၊ ကျွန်ုပ် မီးနတ်သားဆီကို ကိုယ်တိုင်သွားပြီး အကူအညီ တောင်းပါမယ်"

"ဒီလိုဆိုရင် မျောက်မင်းပဲ သွားပါတော့၊ ကျွန်ုပ် လိုက်မပို့တော့ပါဘူး ...."

သူသည် တံခါးပေါက်မှ အတွင်းသို့ ဝင်လေ၏။

ထို့နောက် မီးနတ်သားရှိရာ ဘုံဗိမာန်သို့ ရောက်ရှိလေ၏။ မီးနတ်သား၏ ဘုံဗိမာန်၌ မည်သူ့ကိုမျှ မတွေ့ရချေ။

"မီးနတ်သား ... မီးနတ်သား ...."

စွန်းဟိန်ကျဲက အော်ခေါ်လေ၏။

"ဘယ်သူလဲ အော်ခေါ်နေတာ"

အတွင်းမှ ပြန်အော်သံ ကြားရလေ၏။

"စွန်းဝူခုံး .... စွန်းဝူခုံး ... မျောက်မင်း အော်ခေါ်နေတာ"

မျောက်မင်း ဟူသော အသံကြားသောအခါ မီးနတ်သားသည် မနေရဲတော့ဘဲ ထွက်လာရလေ၏။

"ဘာဖြစ်လို့လဲ တန်ခိုးရှင်"

စွန်းဟိန်ကျဲက အကျိုးအကြောင်း ပြောပြလေ၏။

"အဲဒါကြောင့် သင့်ဆီအကူအညီလာတောင်းတာပါ၊ သင် ကူညီနိုင်စွမ်း ရှိပါတယ်၊ ကျွန်ုပ် နတ်မင်းကြီးဆီတောင် မဝင်ဘဲနဲ့ ဒီကို တန်းလာခဲ့တာပါ"

မီးနတ်သားက ခေါင်းညိတ်၏။

"ရပါတယ် တန်ခိုးရှင်၊ ဟိုမှာ ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ် လည်း ရှိနေတာပဲ၊ နတ်မင်းကြီးဆီ ဝင်ဖို့ မလိုပါဘူး၊ ကျွန်ုပ် အခုပဲ တန်ခိုးရှင်နဲ့ လိုက်ခဲ့ပါမယ်"

"ကောင်းတယ်၊ ဘီလူးကို ကျွန်ုပ်တို့ နှိမ်နင်းနေကြတာ၊ ဘယ်လိုမှ နှိမ်နင်းလို့ မရဘူး"

မီးနတ်သားသည် သူ့အဖွဲ့သားများကိုခေါ်ပြီးနောက် စွန်းဟိန်ကျဲ



နောက်သို့ လိုက်လေတော့၏။

မကြာမီ သူတို့သည် ရွှေနဖား တောင်ထိပ် ကောင်းကင်သို့ ရောက်ရှိလာတော့၏။

မီးနတ်သားက ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်အား ဂါရဝပြုလိုက်သည်။

လီတင်းဝမ်က -

"ကဲ .... တန်ခိုးရှင်ပဲ ဘီလူးကို စိန်ခေါ်ပြီး ထုတ်လိုက်ပေတော့၊ သူ အပြင်ရောက်လာရင် မီးနတ်သားကမီးနဲ့ တိုက်လိုက်ပေါ့၊ ဒါပဲ မဟုတ်လား"

စွန်းဟိန်ကျဲက ခေါင်းညိတ်၏။

"ကောင်းပါပြီ၊ ကျွန်ုပ် သွားစိန်ခေါ်ပါမယ်"

သူသည် တိမ်တိုက်ပေါ်မှ ခုန်ဆင်းကာ ခေါင်းကြမ်းဘီလူး နေထိုင်သော လိုဏ်ဂူရှေ့သို့ လျှောက်လာလေ၏။

တံခါးစောင့် ဘီလူးများသည် စွန်းဟိန်ကျဲ ရောက်လာသည်ကို တွေ့သောအခါ သွားရောက် သတင်းပို့ကြလေ၏။

ခေါင်းကြမ်းဘီလူးက -

"ဒီမျောက်စုတ် ... ဘယ်သူ့ကို စစ်ကူတောင်းပြီး လာပြန်သလဲ မသိဘူး၊ တစ်ခါနှိမ်လွှတ်လိုက်တာ မမှတ်သေးဘူး၊ ဒီတစ်ခါအမှတ်ရှိသွားအောင် ထပ်နှိမ်လွှတ်ရဦးမယ်"

သူသည် လှံတံကို ကိုင်ဆောင်ကာ အခြံအရံ ဘီလူးများဖြင့် လိုဏ်ဂူထဲမှ ထွက်လာလေ၏။ သို့သော် သူ အပြင်ရောက်သောအခါ စွန်းဟိန်ကျဲ တစ်ယောက်တည်းကိုသာ တွေ့ရှိရသည်။

"အသင် မျောက်စုတ် .... သေချင်လို့ ပြန်လာတာလား"

ထိုအချိန်တွင် ဘုံခုနစ်ဆင့်ရှင်လီတင်းဝမ်သည် တိမ်တိုက်ပေါ်မှ ခုန်ဆင်းလာလေ၏။ ဘုံခုနစ်ဆင့်ရှင်မှာ နည်းနည်းနောနော ရာထူးကြီးသူမဟုတ်ပေ။ နတ်စစ်သူကြီး ဖြစ်ပေသည်။ သို့သော် .... ခေါင်းကြမ်းဘီလူးသည် မကြောက်ရွံ့ဘဲ ဟားတိုက်ရယ်မောသည်။

"မျောက်စုတ်က ဘယ်သူ့ကို အကူအညီတောင်းသလဲမှတ်တယ်၊

တကယ့်လူကို အကူအညီ သွားတောင်းခဲ့တာကိုး၊ ဘုံခုနစ်ဆင့်ရှင်ကို ဘယ်က ခေါ်လာတာလဲ"

ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်က အော်ငေါက်လိုက်၏။

"အသင်ဘီလူး .... ကျွန်ုပ်ကို သင်သိသွားပဲ၊ သိရင် ဒူးထောက်ခစားစမ်း"

ခေါင်းကြမ်းဘီလူးက ရယ်လေ၏။

"သင့်ကို ကျွန်ုပ်က ဘာဖြစ်လို့ ခစားရမှာလဲ၊ သင်က သင့်ရဲ့ သားတော်ရဲ့ လက်နက်တွေ ပြန်တောင်းမလို့ လာတာလား၊ လက်နက်တွေ ပြန်တောင်းချင်တဲ့လူက ဒီလို မာရေကျောရေ မပြောရဘူး"

"သယ် .... သင် တယ်ပြီး မိုက်ရိုင်းနေပါကလား၊ ကျွန်ုပ်ရဲ့ သားတော်ရဲ့ လက်နက်တွေကိုလည်း ပြန်ပေး၊ ထန်စန်းကျွမ်း ဆရာတော်ကိုလည်း ပြန်လွှတ်ပေးစမ်း"

သင့် သားရဲ့ လက်နက်တွေလည်း ပြန်မပေးဘူး၊ ထန်စန်းကျွမ်း ဘုန်းကြီးကိုလည်း ပြန်မလွှတ်ဘူး၊ သင် ဘာလုပ်ချင်သလဲ"

ဘုံခုနစ်ဆင့်ရှင် ဒေါသအမျက် ချောင်းချောင်း ထွက်သွား၏။ သူသည် ဒေါသကြောင့် ချက်ချင်း ဝင်ရောက် တိုက်ခိုက်တော့၏။

ခေါင်းကြမ်း ဘီလူးသည်လည်း အကြောက်အရွံ့ ကင်းစွာ ပြန်လည် တိုက်ခိုက်လေ၏။

❋ ❋ ❋ ❋ ❋ ❋ ❋

အခန်း (၁၄၀)

## လက်နက်များကိုပြန်လည်ခိုးယူခြင်း

ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်၏ သားတော် လိုချားသည်လည်း ခမည်းတော် တိုက်ခိုက်နေသည်ကို တွေ့သောအခါ သူသည် ကြည့်မနေနိုင်တော့ဘဲ ဝင်ရောက် တိုက်ခိုက်လေတော့၏။ လီတင်းဝမ်နှင့် သားတော်လိုချားက တစ်ဖက်၊ ခေါင်းကြမ်းဘီလူးက တစ်ဖက်၊ အပြင်းအထန် တိုက်ခိုက်ကြတော့၏။

ဝှန်းဟိန်ကျဲသည် တိမ်တိုက်ပေါ်သို့ ခုန်တက်ကာ မီးနတ်သားအား အဆင်သင့် ပြင်ဆင်ထားစေသည်။

ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်နှင့် သားတော်လိုချား တို့သည် ဘီလူးနှင့် ယှဉ်ပြိုင်၍ အနိုင်မရမှန်း သိသောအခါ ကောင်းကင်ပေါ်သို့ ခုန်တက်သွားလေ၏။

ထိုအချိန်တွင် မီးနတ်သားသည် မီးဖြင့် ပစ်လွှတ် တိုက်ခိုက်လေတော့၏။ ထိုမီးမှာ သာမန်မီးမျိုး မဟုတ်ချေ။ မီးတောက်မီးလျှံများ ပါသော ဓား၊ လှံ၊ လေးမြား စသည့် လက်နက်တို့ဖြင့် ပစ်လွှတ် တိုက်ခိုက်ခြင်း ဖြစ်သည်။

မီးတောက်မီးလျှံများမှာ ကြောက်မက်ဖွယ် ကောင်းလှ၏။

သို့သော် .... ခေါင်းကြမ်းဘီလူးသည် လုံးဝကြောက်ရွံ့ခြင်းမရှိချေ။ သူသည် သူ၏အဖြူရောင် ကွင်းကလေးအားထုတ်ယူ လွှင့်ပစ်လိုက်ရာ ဟုန်းဟုန်းထနေသော မီးများသည် တစ်မုဟုတ်ချင်း ငြိမ်းသွားလေ၏။

လက်နက် အားလုံးကိုလည်း ထိုကွင်းက စုပ်ယူသွားသည်။ ထိုလက်နက် အားလုံး ခေါင်းကြမ်းဘီလူးက ရရှိသွား၏။

မီးနတ်သားအဖွဲ့မှာ ခေါင်းကြီးသွားလေ၏။ သူတို့၏ မီးလက်နက်များသည် လုံးဝအရာမရောက်ဘဲ ဖြစ်နေသည်။ မီးနတ်သားနှင့်အဖွဲ့သည် အရှုံးပေး လက်မြှောက်ကာ ကောင်းကင်သို့ ပြန်လည် ခုန်တက်သွားကြလေ၏။

"ဟား .... ဟား .... ဟား ... ဘယ်သူတွေ ဘာတတ်နိုင်သေးသလဲ"

ထိုစကားကို ကြားသောအခါ ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်မှာ ဆွေ့ဆွေ့ခုန် ဒေါသထွက်လေ၏။ ဤနေရာသို့ ရောက်နေသည့်နတ်သားများအနက် သူသာ တန်ခိုးအကြီးဆုံး နတ်မင်းဖြစ်နေသည် မဟုတ်ပါလော။

ခေါင်းကြမ်းဘီလူးသည် အောင်ပွဲခံကာ လိုဏ်ဂူထဲသို့ပြန်လည်ဝင်ရောက်သွားတော့သည်။

မီးနတ်သားက ပြောပြ၏။

"တန်ခိုးရှင် .... ကျွန်ုပ် ဘီလူးပေါင်း မြောက်မြားစွာကို တွေ့ခဲ့ဖူးပါတယ်၊ ဒီလောက်စွမ်းတဲ့ ဘီလူးမျိုးကိုတော့ တစ်ကြိမ်မျှ မတွေ့ခဲ့သေးဘူး"

စွန်းဟိန်ကျဲကလည်း ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ဒီခရီးလမ်းကို ကျွန်ုပ်လာခဲ့တာ ဘီလူးတော်တော်များများနဲ့တွေ့ခဲ့ပါတယ်၊ ဘယ်ဘီလူးမှဒီဘီလူးလောက် မစွမ်းပါဘူး .."

လီတင်းဝမ်က –

"ကျွန်ုပ်တို့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ"

စွန်းဟိန်ကျဲက –



"မီးနဲ့ မနိုင်ရင် ရေနဲ့ နိုင်မယ်"

လီတင်းဝမ်က ခေါင်းညိတ်၏။

"ဒီ အကြံ ကောင်းတယ်"

စွန်းဟိန်ကျဲက ပြော၏။

"ကျွန်ုပ် အခုပဲ ပြန်လာခဲ့ပါ့မယ်"

သူသည် တစ်ပတ်ကျွမ်းပစ်ကာ ကောင်းကင်ပေါ်သို့ ခုန်တက်သွားပြန်၏။ သူသည် တောင်ဘက်တံခါးမှဝင်ကာ ရေနတ်သား၏ ဘုံဗိမာန်သို့ သွားလေ၏။

ရေနတ်သားအား အသင့်ပင် တွေ့ရသည်။

စွန်းဟိန်ကျဲက ရေနတ်သားအား အကြောင်းစုံ ပြောပြလေ၏။

"ရပါတယ် တန်ခိုးရှင်၊ ကျွန်ုပ် အခုပဲ လိုက်ခဲ့ပါမယ်"

ရေနတ်သားသည် သူ့အဖွဲ့သားများအား ချက်ချင်း စုရုံး၏။ ထို့နောက် စွန်းဟိန်ကျဲ နောက်သို့ လိုက်ခဲ့တော့သည်။ သူတို့သည် ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်ထံသို့ ရောက်ရှိလာကြသည်။

ရေနတ်သားက လီတင်းဝမ်အား ဂါရဝပြုသည်။

လီတင်းဝမ်၊ စွန်းဟိန်ကျဲနှင့် ရေနတ်သားတို့ ခေါင်းချင်းရိုက်တိုင်ပင်ကြတော့၏။

ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်က –

"ရေလွှတ်တာတော့ ဟုတ်ပါပြီ၊ သင့်ဆရာနဲ့ သင့်ညီတော်နှစ်ယောက် ဂူထဲမှာ ရှိတယ် မဟုတ်လား၊ အဲဒါ ဘယ့်နှယ် လုပ်မလဲ ..."

စွန်းဟိန်ကျဲက –

"ကိစ္စ မရှိပါဘူး၊ သင်တို့သာ လုပ်စရာရှိတာကို ဆက်လုပ်ပါ၊ ကျွန်ုပ်က ကျွန်ုပ်ရဲ့ ဆရာတော်နဲ့ ညီတော်နှစ်ယောက်ကို ကယ်ထုတ်ပါမယ်၊ သူတို့ ဗျာများနေတုန်း ကျွန်ုပ်ကယ်ဖို့ အခွင့်အရေး ရမှာပါ ...."

ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်က –

"ကောင်းပြီလေ .... ဒီလိုဆိုရင် အသင်ပဲ ဒီဘီလူးကို ခေါ်ထုတ်ပေတော့၊ ဘီလူးထွက်လာဖို့က သင့်တာဝန်ပေပဲ ...."

စွန်းဟိန်ကျဲသည် တိမ်တိုက်ပေါ်မှ ခုန်ဆင်းရပြန်လေ၏။

လိုဏ်ဂူတံခါး၌ ဘီလူးများ အထပ်ထပ် ရှိနေကြသည်။

စွန်းဟိန်ကျဲ ရောက်ရှိသွားသောအခါ စွန်းဟိန်ကျဲကပင် စိန်မခေါ်ရတော့ချေ။ ဘီလူးများသည် ပြေးဝင်သွားကာ သွားရောက် သတင်းပို့ကြလေ၏။

"တော်တော် အိပ်ရေးပျက်အောင် လုပ်တဲ့ မျောက်စုတ်ပဲ"

ခေါင်းကြမ်းဘီလူးသည် လုံတံကိုကိုင်ကာ လိုဏ်ဂူရှေ့သို့ ထွက်လေတော့၏။ သူသည် ဂူရှေ့သို့ကြည့်လိုက်သောအခါ စွန်းဟိန်ကျဲ တစ်ယောက်တည်းကိုသာ တွေ့ရသည်။

"မျောက်စုတ် .... သင် ဘယ်က စစ်ကူကို ခေါ်လာပြန်သလဲ"

စွန်းဟိန်ကျဲက -

"ဘယ်က စစ်ကူလဲဆိုတာ သင်မကြာခင် သိရမယ်"

စွန်းဟိန်ကျဲသည် လက်သီးဖြင့် ဝင်ရောက် တိုက်ခိုက်လေ၏။

ခေါင်းကြမ်း ဘီလူးသည် ရယ်လေ၏။

"သင့်မှာ လက်နက်ရှိလျက်သားနဲ့တောင် မနိုင်ဘဲနဲ့ လက်နက်မရှိဘဲနဲ့ ကျွန်ုပ်ကို ဘယ်မှာ နိုင်မှာလဲ"

ခေါင်းကြမ်းဘီလူးသည် စွန်းဟိန်ကျဲအား လုံတံဖြင့် တိုက်ခိုက်လေ၏။ သူ့လုံချက်များသည် ကြောက်စရာကောင်းလှသည်။ သို့သော် စွန်းဟိန်ကျဲမှာ မသေနိုင်သော မျောက်ဖြစ်သည်။ ဤသည်ကို ဘီလူးမသိချေ။ သို့သော် .... စွန်းဟိန်ကျဲသည် သုံးကွက်မျှသာ တိုက်ခိုက်ပြီး နောက်ပြန်ဆုတ်သွားလေ၏။

သူသည် ကောင်းကင်သို့ လှမ်းအော်လေ၏။

"ရေနတ်သား ...."

ရေနတ်သားသည် သူ့အဖွဲ့နှင့်အတူ ရေသွန်းလောင်းတော့သည်။ ခေါင်းကြမ်းဘီလူးသည် လုံးဝကြောက်ရွံ့ခြင်း မရှိချေ။ သူသည် သူ၏ အဖြူရောင်ကွင်းကို လိုဏ်ဂူဝတွင် ထားလေ၏။ တဝေါဝေါ စီးကျလာသော ရေများသည် လိုဏ်ဂူတွင်းသို့ဝင်ရန် ဒလဟော စီးကျလာ၏။ သို့သော် ရေများသည် လိုဏ်ဂူတွင်းသို့ မဝင်နိုင်ဘဲ ဘေးသို့ စီးထွက်သွားလေ၏။



စွန်းဟိန်ကျဲသည် ကောင်းကင်ပေါ်သို့ ခုန်တက်သွားလေ၏။

"ရေနတ်သား .... သင့်ရေကို ရပ်လိုက်ပါတော့"

ရေနတ်သားနှင့် အဖွဲ့သားများသည် သူတို့၏ ရေကို ရပ်ဆိုင်းလိုက်ရတော့၏။

စွန်းဟိန်ကျဲနှင့် လီတင်းဝမ်တို့သည် ခေါင်းချင်းရိုက် တိုင်ပင်ကြပြန်လေ၏။

လီတင်းဝမ်က -

"ဒီဘီလူးဟာ တကယ့်ဘီလူးပဲ ရေလည်းမနိုင် မီးလည်းမနိုင်ဖြစ်နေပြီ၊ ကျွန်ုပ်တို့အားလုံး လက်လျှော့ရမယ့် ကိန်းဆိုက်နေပြီ"

စွန်းဟိန်ကျဲသည် အလွန်ခံပြင်းသည်။

"သူက ဒီလောက် အစွမ်းမထက်ပါဘူး၊ သူ့မှာရှိတဲ့ အဖြူရောင်ကွင်းကလေးကြောင့် သူ့ကို နှိမ်နင်းဖို့ ခက်နေတာပါ၊ ကျွန်ုပ်တို့လက်နက်တွေကိုလည်း အဖြူရောင်ကွင်းကလေးနဲ့ သိမ်းသွားတာပါ၊ မီးကိုလည်း အဖြူရောင်ကွင်းကလေးနဲ့ ကာကွယ်တာပါ၊ ရေကိုလည်း အဖြူရောင်ကွင်းကလေးနဲ့ ကာကွယ်တာ၊ တိုက်ပွဲ တစ်လျှောက်လုံးမှာ ဒီအဖြူရောင်ကွင်းကလေးက အလုပ်လုပ်သွားတာပဲ"

သူသည် ပြောရင်းပြောရင်း ဒေါသထွက်လာလေ၏။

"ကဲ .... ကျွန်ုပ် သူ့ကို သွား တိုက်ခိုက်မယ်"

သူသည် ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်၏ အပြောကိုပင် မစောင့်တော့ပဲ အောက်သို့ ခုန်ဆင်းသွားလေ၏။

ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်က ညီးညူလိုက်၏။

"သူ့ လိုတရ သံတုတ်နဲ့တောင် မနိုင်ဘဲနဲ့ ဒီလိုလက်ချည်းသက်သက် သွားတိုက်ခိုက်ရင် ဘယ်မှာ နိုင်ပါ့မလဲ"

မီးနတ်သားနှင့် ရေနတ်သားတို့မှာလည်း ခေါင်းတယမ်းယမ်းဖြစ်သွားကြလေ၏။

စွန်းဟိန်ကျဲသည် လိုဏ်ဂူထဲသို့ အော်ဟစ်စိန်ခေါ် လေတော့၏။

"ဟေ့ ဘီလူး ထွက်လာစမ်း၊ သင့်ကို ကျွန်ုပ်လက်နဲ့ သတ်မယ်"

ခေါင်းကြမ်းဘီလူးသည် လိုဏ်ဂူထဲမှထွက်လာပြီး ရယ်မောလေတော့၏။

"ဟော့ .... မျောက်စုတ်၊ သင့် အကြံကုန်လို့ ကျွန်ုပ်ကို လက်နဲ့လာ သတ်ဖို့ကြံတာလား ...."

စွန်းဟိန်ကျဲသည် လွန်စွာ ဒေါသထွက်နေရကား စကားမပြောတော့ဘဲ လက်သီးဖြင့် ဝင်ရောက် တိုက်ခိုက်လေ၏။

"သင်က လက်သီးနဲ့တိုက်တော့ ကျွန်ုပ်ကလည်း လက်သီးနဲ့ပဲ တိုက်ခိုက်ပါမယ်"

သူသည် လှံတံကို ပစ်ချကာ လက်သီးဖြင့်ပင် ပြန်လည်ခုခံလေ၏။

ဤသို့ဖြင့် သူတို့သည် ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြလေ၏။ သို့သော် ..... ဟိုက်ကွက် တစ်ရာကျော်သည့်အထိ တိုက်ခိုက်ကြသော်လည်း မည်သူမျှ အနိုင်မရချေ။

စွန်းဟိန်ကျဲသည် သူ၏ အမွေးလက်တစ်ဆုပ်ကို ဆွဲနုတ်လိုက်ပြီး လေထဲသို့လွှင့်ပစ်လိုက်၏။ ထိုအခါမျောက်ကလေးအကောင်သုံးဆယ်ခန့်သည် ခေါင်းကြမ်းဘီလူးအား ခြေထောက် ဆွဲသူဆွဲ၊ လက်အားကိုက်သူကိုက်၊ ပခုံးပေါ်တက်သူတက်ဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြတော့၏။

ခေါင်းကြမ်းဘီလူးမှာ ရှုံးနိမ့်တော့မည်ကဲ့သို့ ဖြစ်လာသည်။ သည်အတိုင်းတော့ သူအရှုံးမခံနိုင်ချေ။ သူသည် အဖြူရောင်ကွင်းကလေးကိုထုတ်ပြီး မျောက်ကလေးများအား လိုက်စွပ်တော့သည်။

ထိုအခါ မျောက်အကောင်သုံးဆယ်ခန့်မှာ အမွေးအမှင်သုံးဆယ်ခန့်အဖြစ်သို့ ပြောင်းလဲသွားပြီး အဖြူရောင်ကွင်းကလေးအတွင်း၌ ပါသွားလေ၏။

စွန်းဟိန်ကျဲ မနိုင်တော့ပါ၊ သူဆုတ်ခွာရတော့သည်။ ဒေါသနှင့်တိုက်ခိုက်သည့်အတွက် သူပို၍ပင် မနိုင်နိုင်ပါ။

ခေါင်းကြမ်းဘီလူးမှာ အောင်ပွဲခံပြီး ဂူထဲသို့ပြန်ဝင်သွားလေ၏။

စွန်းဟိန်ကျဲသည် ကောင်းကင်ပေါ်သို့ ခုန်တက်လိုက်သည်။ ကောင်းကင်၌ လီတင်းဝမ်၊ သားတော်လိုချား၊ မီးနတ်သား၊ ရေနတ်သား



နှင့်နတ်အပေါင်းတို့က တိုက်ပွဲကို စောင့်ကြည့်နေကြသည်။ စွန်းဟိန်ကျဲသည် လက်နက်မရှိသော်လည်း အလွန်ရဲရင့်စွာ တိုက်ခိုက်သဖြင့် နတ်အပေါင်းက အံ့သြ ချီးကျူးကြလေ၏။

သားတော်လိုချားက -

"တန်ခိုးရှင်ဟာ အလွန်ရဲရင့်စွာ တိုက်ခိုက်နိုင်ပါပေတယ် ..."

စွန်းဟိန်ကျဲသည် အနည်းငယ် စဉ်းစားလိုက်ပြီး -

"ဒီနေ့ည .... ကျွန်ုပ် လိုဏ်ဂူထဲဝင်ရင် ကောင်းမယ်"

လီတင်းဝမ်က -

"တန်ခိုးရှင် ဘယ်လို အကြံရှိသတုံး ....."

စွန်းဟိန်ကျဲက ရှင်းပြ၏။

"ကျွန်ုပ် သူ့လိုဏ်ဂူထဲ ဝင်မယ်၊ သူ့ရဲ့ အဖြူရောင်ကွင်းကလေးကို ခိုးယူမယ်၊ ဒီ အဖြူရောင်ကွင်းကလေးဟာ သူ့ရဲ့အသက်ပဲ၊ အဖြူရောင်ကွင်း မရှိရင် သူဘာမှ မလုပ်နိုင်ပါဘူး"

သားတော်လိုချားနှင့် နတ်များက ရယ်မောကြ၏။

လိုချားက -

"ခိုးတဲ့ အလုပ်ဟာ တန်ခိုးရှင် အကျွမ်းကျင်ဆုံး အလုပ်ပါ၊ ကျွန်ုပ်တို့ မတားပါဘူး၊ အောင်မြင်မယ်ထင်ရင် လုပ်ကြည့်ပါ"

လီတင်းဝမ်က -

"ကျွန်ုပ်တို့ ဒီ ကောင်းကင်ထက်မှာပဲ စောင့်ကြည့်နေမယ် တန်ခိုးရှင် ....၊ တန်ခိုးရှင် လုပ်မယ့်အလုပ်ကို ဆက်လုပ်ပါ ...."

စွန်းဟိန်ကျဲသည် တိမ်တိုက်ပေါ်မှ ခုန်ဆင်းလာ၏။ သူသည် လိုဏ်ဂူနှင့် မနီးမဝေး၌ စခန်းချလေ၏။ ညအချိန်ရောက်ရှိသောအခါ ယင်ကောင် တစ်ကောင်အသွင် ဖန်ဆင်းပြီး လိုဏ်ဂူထဲသို့ တိုးဝင်သွားလေ၏။

လိုဏ်ဂူ တံခါးစောင့် ဘီလူးတစ်ကောင်မှတစ်ပါး အားလုံးသော ဘီလူးများသည် အိပ်ပျော်နေကြလေ၏။

ခေါင်းကြမ်းဘီလူးသည်ပင်လျှင် ကျောက်ခုတင် တစ်လုံးပေါ်၌ အိပ်စက်နေလေ၏။

ယင်ကောင်သည် ပျံဝဲရင်း ခေါင်းကြမ်းဘီလူးအား အခြေအနေ ကြည့်လေ၏။ အဖြူရောင် ကွင်းကလေးသည် ဘီလူး၏ လက်ကောက် ဝတ်၌ စွပ်ထားသည်။

စွန်းဟိန်ကျဲသည် ယင်ကောင်အဖြစ်မှ ကြမ်းပိုးတစ်ကောင် အဖြစ်သို့ ပြောင်းလဲ ဖန်ဆင်းလိုက်သည်။ သူသည် လက်ကောက်ဝတ် နေရာသို့ တဖြည်းဖြည်းတွားသွားတက်သွားပြီး အသားကိုကိုက်လိုက်၏။ သူ့ ရည်ရွယ်ချက်မှာ ဘီလူး ယောင်ယမ်းခါသောအခါ အဖြူရောင် ကွင်းကလေး ကျွတ်သွားစေရန် ဖြစ်သည်။

သို့သော် ခေါင်းကြမ်းဘီလူးသည် အကိုက်ခံရသော နေရာကို ကုတ်လိုက်ပြီး အဖြူရောင်ကွင်းကလေးကို အပေါ်သို့ပင့်တင်လိုက်၏။ ထိုအခါ အဖြူရောင်ကွင်းသည် လက်ကောက်ဝတ်၌ ချောင်နေသကဲ့သို့ မဟုတ်တော့ချေ။ အသားကပ်၍ ပို၍ တင်းကျပ်သွားတော့၏။

စွန်းဟိန်ကျဲသည် အကြိမ်ကြိမ်ကြိုးစား၏။ ခေါင်းကြမ်းဘီလူး ကလည်း ပို၍ကျပ်စေရန် အထက်သို့သာ တွန်းတင်သည်။ စွန်းဟိန်ကျဲလက်လျှော့ ရတော့၏။ သူသည် ယင်ကောင်အဖြစ် ပြန်လည် ဖန်ဆင်းကာ လိုဏ်ဂူတစ်ခုလုံး လှည့်ပတ်ပျံသန်းတော့၏။

လိုဏ်ဂူ၏ အနောက်ဘက်တွင် ထန်စန်းကျမ်းဆရာတော်နှင့် ကျူးပတ်ကိုင်၊ ဆားဝူကျိန်းတို့အား ကြိုးများဖြင့် တုပ်နှောင်ဖမ်းဆီးထား ကြောင်း တွေ့ရှိရသည်။ ဆရာတော်အား မကယ်တင်နိုင်မှန်း သိသဖြင့် သူသည် အနောက်ဘက် အခန်းသို့ ဆက်လက်ပျံသန်းကြည့်ရှုသည်။ အခန်း တစ်နေရာတွင် သူ၏ လိုတရသံတုတ်နှင့် သားတော်လိုချား၏ လက်နက် ခြောက်မျိုးကို တွေ့ရှိရသည်။ ထို့ပြင် မီးနတ်သား၏ လက်နက်များကိုလည်း တွေ့ရှိရသည်။

သူအလွန်ဝမ်းသာသွား၏။ သူ၏ရုပ်သွင်ကို နဂိုမူလရုပ်သွင်သို့ ပြောင်းလဲလိုက်၏။ သူသည် လက်နက်များကို သွားရောက်စစ်ဆေး လိုက်သည်။

သူ၏ လိုတရသံတုတ် အစစ်အမှန်ပေတည်း။

ခေါင်းကြမ်း ဘီလူးသည် ဤ သံတုတ်အား လိုတရ သံတုတ်



ဖြစ်မှန်း သိပုံမရချေ။ ထို့ကြောင့် ဤသို့ ပစ်ထားခြင်း ဖြစ်ပေလိမ့်မည်။

စွန်းဟိန်ကျဲသည် အမွေးတစ်ဆုပ်အား ဆွဲနုတ်လျက် လေတွင် မှုတ်ထုတ်လိုက်ရာ သူ့ကိုယ်ပွားမျောက်များ ဖြစ်လာသည်။ သူသည် ထို မျောက်များအား သားတော်လိုချား၏ လက်နက်များနှင့် မီးနတ်သား၏ လက်နက်များကို သယ်ဆောင်စေသည်။

သူကိုယ်တိုင်ကမူ သူ၏ သံမဏိသံတုတ်ကို ကိုင်ဆောင်ပြီး ချွတ်နင်းလျက် တံခါးဝသို့ ထွက်လာ၏။ လိုဏ်ဂူဝသို့ရောက်သောအခါ သူ စိတ်အေးသွားရသည်။ အဘယ့်ကြောင့်ဆိုသော် တံခါးစောင့်ဘီလူး အိပ်ပျော်နေသောကြောင့်တည်း။

စွန်းဟိန်ကျဲ ကိုယ်ပွား မျောက်များသည် လက်နက်များကို သယ်ယူကာ အပြင်သို့ ပြေးထွက် လွတ်မြောက်သွားကြလေ၏။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၁၄၁)

## နွားစိမ်းဘီလူး

သားတော် လိုချားနှင့် မီးနတ်သားတို့သည် စွန်းဟိန်ကျဲ၏ ကိုယ်ပွား မျောက်များက သူတို့၏ လက်နက်များကို သယ်ဆောင်လာကြောင်း ကောင်းကင်ထက်မှ တွေ့ရှိကြရသည်။ ထို့နောက် စွန်းဟိန်ကျဲသည် ကောင်းကင်ပေါ်သို့ ခုန်တက်လာသည်။ သူ၏ ကိုယ်ပွားများလည်း ခုန်တက်လာသည်။

ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်က –

"တန်ခိုးရှင် .... သင် အဖြူရောင် ကွင်းကလေးကို အဓိက သွားယူတာပဲ၊ အဲဒီ ကွင်းကလေးကို ရခဲ့ရဲ့လား ...."

စွန်းဟိန်ကျဲက ခေါင်းယမ်းလိုက်၏။

"အဲဒီ ကွင်းကို သူ့လက်မှာ စွပ်ထားပါတယ်၊ ကျွန်ုပ်လည်း ကျွတ်အောင် အမျိုးမျိုး လုပ်ပါတယ်၊ ဒါပေမယ့် မရခဲ့ပါဘူး၊ ဒါကြောင့် ကျွန်ုပ်လည်း တွေ့သမျှ ပစ္စည်းတွေကို သယ်လာခဲ့ပါတယ်"

သူသည် မျောက်များအား ပစ္စည်းများကို ချစေသည်။ သူ့ကိုယ်ခန္ဓာအား ခါလိုက်သောအခါ မျောက်များသည် သူ့အမွေးအမှင်များ ပြန်ဖြစ်ကုန်တော့သည်။



သားတော်လိုချားသည် သူ့လက်နက်များ ပြန်လည်ရရှိသောအခါ လွန်စွာ စိတ်ဓာတ် တက်ကြွသွား၏။ သူသည် ငယ်ရွယ်နုပျိုသော နတ်သားဖြစ်၍ အလွန် စစ်သွေးစစ်စိတ် တက်ကြွနေသည်။

သူ့ ခမည်းတော် လီတင်းဝမ်အား သူက ဤသို့ လျှောက်ထားလေ၏။

"ခမည်းတော် ..... သားတော် ဒီဘီလူးကို ရှုံးထားပါတယ်၊ အဲဒါကို သားတော် အခဲမကျေပါဘူး၊ ပြန်တိုက်ချင်ပါတယ်၊ တိုက်ခွင့်ပြုပါ ခမည်းတော် ...."

လီတင်းဝမ်က ခွင့်ပြု၏။

"ကောင်းပြီ၊ ဒီဘီလူးဟာ တွေ့သမျှ ဘီလူးတွေထဲမှာ စွမ်းရည် အရှိဆုံး ဘီလူးဖြစ်တယ်၊ သတိဝီရိယထားပြီး တိုက်ခိုက်ပေတော့ ...."

စွန်းဟိန်ကျဲက သံတုတ်ကို ဆွဲပြီး ထသည်။

"ကျွန်ုပ်လည်း သင်နဲ့အတူ လိုက်ခဲ့မယ်"

လီတင်းဝမ်က –

"ကောင်းတယ်၊ တန်ခိုးရှင်က အတွေ့အကြုံများတယ်၊ တန်ခိုးရှင် လိုက်သွားရင် ပိုကောင်းပါတယ်၊ ကဲပါလေ .... ကျွန်ုပ်ပါ လိုက်ပါ့မယ်၊ ဒီဘီလူးကို အားလုံးဝိုင်းတိုက်မှ တော်ရုံကျမှာပါလေ ...."

ထိုအခါ ဘုံခုနစ်ဆင့် ရှင်လီတင်းဝမ်၊ သားတော်လိုချား၊ မီးနတ်သား၊ ရေနတ်သားနှင့် နတ်သားအားလုံးသည် စွန်းဟိန်ကျဲနှင့်အတူ မြေပြင်သို့ ဆင်းသက်ကြလေတော့၏။

စွန်းဟိန်ကျဲသည် လိုဏ်ဂူရှေ့သို့သွားပြီး စိန်ခေါ်လိုက်၏။

"ဟေ့ ဘီလူး သင် ထွက်ခဲ့၊ သင့်ကို မနိုင် နိုင်အောင် တိုက်မယ်လို့ ကျွန်ုပ် ဆုံးဖြတ်ထားတယ်"

ခေါင်းကြမ်းဘီလူးသည် ရယ်မောရင်း ထွက်လာသည်။

"သင်ဟာ သူခိုးအလုပ်လည်း လုပ်တတ်ပေတယ်၊ ဒါတောင် မျက်နှာပြောင်တိုက်ပြီး လာတိုက်နေရသေးသလား၊ သင့် ပစ္စည်းတွေ ခိုးပြီး သင် ပြန်ပြေးဖို့သင့်နေပြီ"

"သင်ဟာနိုင်နေတော့ပြောအားရှိတာပေါ့၊ကဲ....အခု ကြည့်ပါဦး"

စွန်းဟိန်ကျဲသည် ပြောပြောဆိုဆို လိုတရသံတုတ်ဖြင့်တိုက်ခိုက်တော့သည်။

သားတော်လိုချားက ဦးခေါင်းသုံးလုံး လက်ခြောက်ချောင်းပေါက်ကာ လက်နက်ခြောက်မျိုးဖြင့် တိုက်ခိုက်၏။

မီးနတ်သားကလည်း သူ၏ မီးလက်နက်များဖြင့် တိုက်ခိုက်၏။

ရေနတ်သားသာ ဘေးမှရပ်ကြည့်နေရသည်။ သူထံတွင် တိုက်စရာ လက်နက်မရှိပေ။

ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်လည်း တိုက်ပွဲအတွင်းသို့ ခုန်ဝင်ပြီး တိုက်ခိုက်တော့သည်။

သူတို့၏ အင်အားမှာ မသေးလှချေ။ အလွန်အင်အား တောင့်တင်း၏။ သူတို့သည် အလုံးအရင်းဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြလေ၏။

နတ်စစ်သည်တော်များသည် ခေါင်းကြမ်းဘီလူး၏ နောက်လိုက်တပည့်များအား တိုက်ခိုက်ကြသည်။ ဘီလူးများသည် သေသူသေ၊ ကျေသူကျေ၊ ဒဏ်ရာရသူရ ဖြစ်ကုန်ကြ၏။

ခေါင်းကြမ်းဘီလူးသည် အဘက်ဘက်က ဝိုင်းဝန်းတိုက်ခိုက်လာသည်ကို မခံနိုင်တော့ချေ။

တန်ခိုးရှင် မျောက်မင်းသည် ခေသောသူ မဟုတ်ပါ။

ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်သည် နတ်စစ်သူကြီးဖြစ်ပါသည်။

သားတော် လိုချားဆိုသူမှာ အလွန်တက်ကြွသော နတ်စစ်သည်တစ်ဦး ဖြစ်ပါသည်။

ထိုသူများ၏ တိုက်ခိုက်မှုမှာ ပြင်းထန်လှပါသည်။

ခေါင်းကြမ်းဘီလူးသည် အခြေအနေမဟန်မှန်း သိသည်နှင့် သူ၏ အဖြူရောင်ကွင်းကလေးကို ထုတ်၍ ပစ်လိုက်သည်။ သူ၏အဖြူရောင်ကွင်းမှာ အလွန်အစွမ်းရှိသော လက်နက်ဖြစ်ပါသည်။ ထိုကွင်းသည် စွန်းဟိန်ကျဲ၏ သံတုတ်လက်နက်၊ လိုချား၏ လက်နက်ခြောက်မျိုး၊ လီတင်းဝမ်၏ဓား စသည်များကို စုပ်ယူသွားသည်။ ထိုလက်နက်အားလုံး ခေါင်းကြမ်းဘီလူးဆီသို့ ရောက်ရှိသွားသည်။



ထိုအခါ စွန်းဟိန်ကျဲတို့ လူစုမှာ အားလုံးလက်နက်မဲ့ဖြစ်ကုန်တော့၏။ သူတို့သည် အားလုံး နောက်ဆုတ်ကြရလေ၏။ ထိုဘီလူးကို သူတို့ မယှဉ်နိုင်တော့ပေ။

ခေါင်းကြမ်းဘီလူးသည် အသက်ရှင်ကျန်ရစ်သော ဘီလူးများနှင့်အတူ လိုဏ်ဂူထဲသို့ဝင်ပြီး တံခါးပိတ်လိုက်တော့၏။

လီတင်းဝမ်၏ သားတော်လိုချားမှာ သူ၏လက်နက်များ ဒုတိယအကြိမ် ဆုံးရှုံးသဖြင့် လွန်စွာစိတ်ပျက်သွားသည်။

မီးနတ်သားမှာလည်း စိတ်ပျက်နေသည်။

ရေနတ်သားကတော့ ဘာမျှလုပ်နိုင်သူ မဟုတ်ပေ။

သူတို့ထဲတွင် စိတ်အထိခိုက်ဆုံးမှာ ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်ဖြစ်၏။ သူသည် နတ်စစ်သူကြီးတစ်ဦး မဟုတ်ပါလော။ သူသည် ရန်အပေါင်းကို အောင်နိုင်ခဲ့သူဖြစ်၏။ ယခု ဤဘီလူးကျမှ လက်မြှောက်ရမည့်ကိန်း ဆိုက်နေသည်။

"ဟား .... ဟား .... ဟား ...."

စွန်းဟိန်ကျဲက ရယ်မောလိုက်သည်။

လီတင်းဝမ် ခေါင်းထောင်ကြည့်၏။

"တန်ခိုးရှင် ဘာကြောင့် ရယ်ရတာလဲ၊ ကျွန်ုပ်တို့ အားလုံး ရှုံးနေကြတယ် မဟုတ်လား"

"မဟုတ်ပါဘူး၊ ကျွန်ုပ်တို့အားလုံး ဝိုင်းတိုက်ပြီး အားလုံးရှုံးလို့ ရှုံးရချက်နာတာကိုတွေးပြီး ရယ်မိတာပါ၊ ငိုရမယ့်အစားရယ်လိုက်တာပါ"

သားတော်လိုချားက –

"ကျွန်ုပ်ဟာ လိုဏ်ဂူ သုံးဆယ့်ခြောက်ဂူမှာရှိတဲ့ ဘီလူးတွေကို နှိမ်နင်းခဲ့ပါတယ်၊ အားလုံးကို ကျွန်ုပ်နိုင်ခဲ့တာပဲ၊ ဒီဘီလူး တစ်ကောင်ကျတော့ မနိုင်ဘူး ဖြစ်နေတယ်၊ ကျွန်ုပ်တို့ ရှုံးရချက် နာပါတယ် ...."

လီတင်းဝမ်က –

"သားတော်သတိမပြုမိတာက ဒီဘီလူးရဲ့အစွမ်းကိုပဲ ...၊ဒီဘီလူးဟာ သုံးဆယ့်ခြောက်ဂူမှာ တွေ့ခဲ့တဲ့ ဘီလူးတွေထက် အများကြီးစွမ်းနေတယ် သားတော်"

"သားတော်တို့ ဒီဘီလူးကို ဒီအတိုင်း လက်ပိုက်ကြည့်နေရတော့မှာလား"

စွန်းဟိန်ကျဲက -

"ဒီ ဘီလူးက စွမ်းတာ မဟုတ်ပါဘူး၊ သူ့ရဲ့ အဖြူရောင် ကွင်းကလေးက စွမ်းတာပါ"

သားတော်လိုချားက ခေါင်းညိတ်၏။

"ဒါဟုတ်တယ်၊ သူ့ကို ကျွန်ုပ်တို့ ရှုံးတာမဟုတ်ဘူး၊ အဖြူရောင် ကွင်းကလေးကို ရှုံးတာ ...."

မီးနတ်သားက -

"အဲဒီ ဘီလူးဟာ ငါတို့နတ်ဘုံကတော့ မဟုတ်ဘူး၊ ဘယ်က ဘီလူးမှန်းလည်းမသိဘူး၊ အတော် ဦးနှောက်ခြောက်စရာကောင်းတာပဲ .."

စွန်းဟိန်ကျဲက စဉ်းစားနေ၏။

ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်က -

"ဟုတ်ပြီ၊ ဒီဘီလူးအကြောင်း သိချင်ရင်တော့ မြတ်စွာဘုရားသခင်ဆီ သွားမေးမှဖြစ်တော့မယ်၊ မြတ်စွာဘုရားကတော့ အတုမရှိဉာဏ်တော်ရှိလို့ ဒီဘီလူး ဘယ်က လာတယ်ဆိုတာ သိမှာပဲ"

စွန်းဟိန်ကျဲက -

"ဒီလိုဆိုရင် ကျွန်ုပ် မြတ်စွာဘုရားဆီ အရောက်သွားမှပဲ ...."

လီတင်းဝမ်က -

"ဟုတ်တယ်၊ သူဘယ်ကလာတယ်၊ ဘာကောင်ဖြစ်သလဲဆိုတာကို သိရမှ သူ့ကိုနှိမ်လို့ရမှာ ....၊ အဲဒီတော့ သူ့ရဲ့ဇာစ်မြစ်ကို စုံစမ်းဖို့လိုတယ် ...."

စွန်းဟိန်ကျဲသည် ထိုင်ရာမှ ထလိုက်၏။

"ပြောနေကြာတယ်၊ မြတ်စွာဘုရားသခင်ဆီ ကျွန်ုပ် ခုချက်ချင်း သွားလိုက်မယ်"

သူသည်တိမ်တိုက်ကို စီးကာ မြတ်စွာဘုရားသခင်၏ ကျောင်းတိုက်သို့ သွားလေတော့၏။ မကြာမီ လွန်စွာ ကျက်သရေ ရှိလှသော ဘုရားကျောင်း တစ်ဆောင်အား တွေ့မြင်လိုက်ရလေ၏။



သူသည် မြေပြင်သို့ ခုန်ဆင်းလိုက်သည်။ ကျောင်းတော်သို့ ဝင်ရန် ဟန်ပြင်လိုက်စဉ် ကျောင်းတိုက် အတွင်းမှ ရဟန်းတစ်ပါး ထွက်လာလေ၏။

ညီတော် အာနန္ဒာတည်း။

ညီတော် အာနန္ဒာသည် မျောက်မင်းကိုသိရှိလေ၏။

"မျောက်မင်း .... သင်ဟာ ထန်စန်းကျမ်းဆရာတော်ကို စောင့်ရှောက်ရမယ့် တာဝန်ရှိပါတယ်၊ အခုတော့ သင်သွားချင်သမျှ နေရာကို သင် သွားနေပါကလား၊ အခု .... ဒီကျောင်းတော်ကို ဘာကိစ္စနဲ့ ရောက်လာရတာလဲ"

စွန်းဟိန်ကျဲက လက်အုပ်ချီ ရှိခိုးလိုက်၏။

"တပည့်တော်တို့ ဒုက္ခရောက်နေလို့ မြတ်စွာဘုရားဆီ အကူအညီ လာတောင်းတာပါဘုရား ...."

သူသည် အဖြစ်အပျက်များကို အတိုချုံး၍ ပြောပြလိုက်၏။

ညီတော် အာနန္ဒာသည် အဖြစ်အပျက်များကို နားထောင်ပြီး သက်ပြင်းချလေ၏။

"ဟင်း .... တယ်ခက်ပါကလား၊ ကဲ .... လာ ... ကျွန်ုပ်နောက်ကို လိုက်ခဲ့ပေတော့ ...."

သူသည် စကားဆုံးသောအခါ ကျောင်းထဲသို့ ပြန်လှည့်ဝင်သွား၏။

စွန်းဟိန်ကျဲက နောက်မှ လိုက်သွားရသည်။ ကျောင်းတော်ကြီးသည် အလွန်ကျက်သရေရှိပြီး အေးချမ်းလှ၏။

သူတို့သည် တင့်တယ်စွာ စံပယ်နေသော မြတ်စွာဘုရားရှေ့ နှစ်ဦးစလုံး ဒူးထောက် ရှိခိုးကြလေ၏။ ရှင်အာနန္ဒာ ရှိခိုးသကဲ့သို့ စွန်းဟိန်ကျဲလည်း လိုက်၍ရှိခိုးသည်။

ညီတော် အာနန္ဒာက စွန်းဟိန်ကျ လာရောက်ရသည့် အကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။

မြတ်စွာဘုရားက -

"အဲဒီ ဘီလူး ဘယ်က လာတယ်ဆိုတာ ငါဘုရား ပြောပြလို့

မဖြစ်ဘူး၊ ဒါပေမယ့် အဲဒီဘီလူးဟာ သင့်ရဲ့ဆရာတော်နဲ့ လူသားတွေကို စားမယ့်ဘီလူး ဖြစ်လို့ သူ့ကိုနှိမ်နင်းဖို့ ရဟန္တာ ဆယ့်ရှစ်ပါးကို လွှတ်ပေးလိုက်မယ်"

စွန်းဟိန်ကျဲသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ ရဟန္တာ ဆယ့်ရှစ်ပါးနှင့် တွေ့မှတော့ ဒီဘီလူးဘာခံနိုင်မည်နည်းဟုတွေးသည်။

ရှင်အာနန္ဒာနှင့် စွန်းဟိန်ကျဲသည် မြတ်စွာဘုရားကို ရှိခိုးကန်တော့ပြီး ကျောင်းပြင်သို့ ထွက်လာကြ၏။ သူတို့သည် ရဟန္တာ ဆယ့်ရှစ်ပါးကို စောင့်နေကြတော့သည်။

တစ်ခဏမျှ ကြာသောအခါ ရဟန္တာ ဆယ့်ခြောက်ပါး ရောက်ရှိလာလေ၏။

"မြတ်စွာဘုရားက ရဟန္တာ ဆယ့်ရှစ်ပါး လွှတ်ပေးမယ်လို့ မြွက်ကြားထားတယ်၊ အခု ရဟန္တာ ဆယ့်ခြောက်ပါးပဲ ရှိပါသေးကလား၊ နှစ်ပါး လိုသေးတာပေါ့"

ထိုစဉ် ရဟန္တာ နှစ်ပါးသည် နောက်ဆုံးမှ ထွက်လာတော့သည်။ ထိုရဟန္တာ နှစ်ပါးမှာ နဂါးနိုင်ရဟန္တာနှင့် ကျားနိုင်ရဟန္တာတို့ ဖြစ်ကြသည်။

ကျားနိုင် ရဟန္တာက -

"မျောက်မင်း .... သင်ဘာတွေပြောနေတာလဲ"

စွန်းဟိန်ကျဲက လက်အုပ်ချီပြီး -

"အရှင်ဘုရားတို့ နောက်ကျနေတာကို ပြောနေတာပါဘုရား ...."

ကျားနိုင်ရဟန္တာ ရှင်းပြသည်။

"ငါတို့နောက်ကျချင်လို့ နောက်ကျတာ မဟုတ်ပါဘူး၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက မှာကြားစရာများ မှာကြားနေလို့ နောက်ကျနေတာပါ ...."

စွန်းဟိန်ကျဲက -

"တပည့်တော် မသိလို့ပါဘုရား .... ဒါဖြင့်ရင်သွားကြပါစို့ ...."

ဤသို့ဖြင့် စွန်းဟိန်ကျဲနှင့် ရဟန္တာ ဆယ့်ရှစ်ပါးတို့သည် ရွှေနဖား တောင်ထိပ်သို့ ကြွရောက်ကြလေ၏။ မကြာမီ ရဟန္တာ



ဆယ့်ရှစ်ပါးသည် လီတင်းဝမ် စောင့်နေသည့် နေရာသို့ ရောက်ရှိလာသည်။

ရဟန္တာများသည် ကောင်းကင်၌ ရပ်လိုက်ကြ၏။

ကျားနိုင် ရဟန္တာက -

"ကဲ .... မျောက်မင်း .... ဘီလူးကို သွားရောက် စိန်ခေါ်ပါတော့၊ ဘီလူး အပြင်ရောက်တာနဲ့ သင် နောက်ဆုတ်ခဲ့ပါ ..."

စွန်းဟိန်ကျဲသည် လိုဏ်ဂူရှေ့သို့ထွက်ခွာသွားလေ၏။ လိုဏ်ဂူရှေ့သို့ ရောက်သောအခါ ခေါင်းကြမ်းဘီလူးအား စိန်ခေါ်တော့သည်။

"ဟေ့ ဘီလူး .... ဒီတစ်ခါ ကျွန်ုပ်ဘယ်သူတွေကို စစ်ကူခေါ်လာသလဲဆိုတာ ထွက်ကြည့်စမ်းပါဦး ....၊ သင်တော့ ကိုယ့်သေတွင်းကိုယ် တူးထားပေတော့ ...."

စွန်းဟိန်ကျဲသည် သုံးကြိမ်တိုင်တိုင် အော်ပြောသည်။

သို့သော် .... ဘီလူးက ထွက်မလာတော့ပေ။

စွန်းဟိန်ကျဲသည် ဘီလူး ထွက်မလာလျှင် မဖြစ်သဖြင့် မကြားဝံ့မနာသာ စကားများကို အော်ဟစ် ပြောဆိုနေလေတော့၏။

နောက်ဆုံး ဘီလူးသည် စိတ်မထိန်းနိုင်တော့ဘဲ လိုဏ်ဂူထဲမှ ထွက်ခွာလာတော့သည်။ သူ၏ လက်ထဲ၌ သူ၏ လက်စွဲတော် လှံတံ ပါလာ၏။

သူသည် စွန်းဟိန်ကျဲကို မြင်တွေ့လိုက်သည်။

"မျောက်စုတ် .... သင်ဟာ မသေသမျှ ကျွန်ုပ်ကို ဒုက္ခအမျိုးမျိုး ပေးနေမှာပဲ၊ ဒီတော့ သင့်ကို အသေသတ်ရတော့မယ် ...."

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"သင်သေမလား၊ ကျွန်ုပ်သေမလားဆိုတာ စောင့်ကြည့်ရသေးတာပေါ့၊ ကျွန်ုပ်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးရာတုန်းက မြတ်စွာဘုရား တောင်ငါးလုံးနဲ့ဖိတာတောင်မှ မသေတဲ့မျောက်ဆိုတာ သင်သတိရပါဦး"

ခေါင်းကြမ်းဘီလူးက လှံတံဖြင့် တိုက်ခိုက်လေ၏။

စွန်းဟိန်ကျဲက လက်သီးဖြင့် တိုက်ခိုက်သည်။

သူတို့သည် အပြင်းအထန် တိုက်ခိုက်ကြသည်။ စွန်းဟိန်ကျဲ

သည် မသိမသာ နောက်ဆုတ်လာသည်။ ခေါင်းကြမ်းဘီလူးသည် တဖြည်းဖြည်း ရှေ့သို့ ကျွံဝင်လာလေ၏။

ထိုအခါ ကောင်းကင်၌ နေရာယူထားကြသော ရဟန္တာ ဆယ့်ရှစ်ပါးသည် သူတို့လက်ထဲ၌ပါရှိသော ရွှေရောင်သဲတို့အား သွန်ချလေတော့၏။

"ဝေါ .... ဝေါ .... ဝေါ ...."

သဲများသည် တဝေါဝေါနှင့် ကျဆင်းလာသည်။

တစ်ခဏမျှ ကြာသောအခါ ရွှေရောင်သဲတို့သည် သုံးပေခန့် မြင့်တက်လာ၏။

ခေါင်းကြမ်းဘီလူးမှာ ခြေထောက်များ ကျွံဝင်သွားတော့သည်။ သူသည် ဘယ်ဘက် ခြေထောက်အား ဆွဲနုတ်သောအခါ ညာဘက် ခြေထောက် ကျွံဝင်သွားပြီး၊ ညာဘက် ခြေထောက်ကို ဆွဲနုတ်သောအခါ ဘယ်ဘက် ခြေထောက် ကျွံဝင်သွားသည်။

ရဟန္တာ ဆယ့်ရှစ်ပါးတို့သည်သူတို့၏လက်ထဲမှ ရွှေရောင်သဲများအား မရပ်မနား သွန်ချနေကြတော့၏။ သဲများသည် ဘီလူး၏ ဒူးခေါင်းကိုပင် နစ်မြုပ်လာစေသည်။

ထိုအခါ ခေါင်းကြမ်းဘီလူးသည် အဖြူရောင်ကွင်းကလေးကို ထုတ်ကာ ဇွေ့ယမ်းပစ်လိုက်ရာ သဲများကို ကွင်းကလေးက အကုန်အစင် သိမ်းဆည်းသွားသည်။

ခေါင်းကြမ်းဘီလူးသည် အနိုင်ရရှိလိုက်သော်လည်း ဆက်လက် မနေဝံ့တော့ဘဲ လိုဏ်ဂူထဲသို့ ဝင်ပြေးလေတော့၏။ ထိုဘီလူးကြောက်ရွံ့သွားသည်ကို ထိုတစ်ကြိမ်သာ စွန်းဟိန်ကျဲတို့ မြင်တွေ့ကြရသည်။

စွန်းဟိန်ကျဲက –

"မြတ်စွာဘုရားရဲ့ သားတော်တွေတောင် မနိုင်ရင် ဒီလောကမှာ သူ့ကိုနိုင်မယ့်သူ ဘယ်သူမှ ရှိမှာမဟုတ်တော့ပါဘူး၊ အဲဒီတော့ ကျွန်ုပ်ဆရာလည်း သေမှာ သေချာသွားပါပြီ ...."

နဂါးနိုင်ရဟန္တာက –

"သင် မျောက်မင်း စိတ်မပူပါနဲ့၊ မြတ်စွာဘုရား သခင်က



ကျွန်ုပ်တို့ကို နောက်ဆုံးမှာ ခေါ်ပြီး မှာကြားတာဟာ ကျွန်ုပ်တို့ကို အလကား မှာကြားတာ မဟုတ်ပါဘူး၊ သူ့ကို နိုင်တဲ့လူရှိကြောင်း မှာကြားလိုက်တာပါ ...."

ထိုစကားကို ကြားသောအခါ စွန်းဟိန်ကျဲနှင့်တကွ လီတင်းဝမ်တို့မှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်။

စွန်းဟိန်ကျဲက မေးမြန်းလိုက်၏။

"အမိန့်ရှိပါ အရှင်မြတ်ဘုရား ...."

နဂါးနိုင်ရဟန်းက –

"သင် ယခု .... နတ်ပြည်သို့သွားပါ၊ ဘုံသုံးဆယ့်သုံးဘုံ ထိပ်ဆုံးမှာနေတဲ့ ထိုက်စန်းလောက်ကျင်းဆီကို သွားပါ၊ သူ့ဆီမှာ ဘာ ပျောက်ဆုံးနေတယ်ဆိုတာ သင်ကိုယ်တိုင်ကြည့်ခဲ့ပါ"

စွန်းဟိန်ကျဲ ဝမ်းသာသွား၏။

"တပည့်တော် ခုချက်ချင်းပဲ သွားလိုက်ပါမယ်"

သူသည် တစ်ပတ်ကျွမ်းပစ်ကာ နတ်ပြည်သို့ တက်သွားလေ၏။ သူသည် သုံးဆယ့်သုံးဘုံထိပ်သို့ ပြေးလွှားသွားသည်။ ယင်းဘုံမှာ ထိုက်စန်းလောက်ကျင်း စံနေသော ဘုံဖြစ်သည်။ တံခါးရှေ့တွင် နတ်နှစ်ပါး စောင့်ကြပ်နေကြ၏။

စွန်းဟိန်ကျဲသည် စကားတစ်ခွန်းမျှ မပြောဘဲ ဘုံဆောင်ထဲသို့ ပြေးဝင်သွားလေ၏။

ထိုက်စန်းလောက်ကျင်းသည် ဖိုထိုးနေသည်။ စွန်းဟိန်ကျဲ ပြေးဝင်လာသည်ကို တွေ့သောအခါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတော့သည်။

ထိုက်စန်းလောက်ကျင်းက –

"ဟဲ့ .... မျောက်စုတ် .... ငါ့ဆီလာပြီး ဘာခိုးဦးမလို့လဲ"

စွန်းဟိန်ကျဲက –

"ကျွန်ုပ် ခိုးဖို့ အချိန်မရှိပါဘူး"

သူသည် ဘုံဆောင်ထဲ လှည့်ပတ် ကြည့်ရှုနေ၏။

ထိုက်စန်းလောက်ကျင်းသည် ဖိုထိုးရာမှရပ်ဆိုင်းလိုက်ပြီး –

"ဟဲ့ .... မျောက်စုတ် ...သင်ဘာတွေကိုလိုက်ကြည့်နေတာလဲ၊ သင်ဘာလုပ်မလို့ကြံစည်နေတာလဲ"

"မကြည့်ပါဘူး၊ ဘိုးဘိုးဆီမှာ တစ်ခုခုများ ပျောက်နေသလား"

"ကြံကြံဖန်ဖန်ကွာ၊ ငါ့ဆီမှာ ဘာမှ မပျောက်ပါဘူး"

"သေချာရဲ့လား"

"သေချာပါတယ်"

စွန်းဟိန်ကျဲသည် တဖြည်းဖြည်း အနောက်ဘက် ဆောင်သို့ ရောက်သွားသည်။

ထိုက်စန်းလောက်ကျင်းက စွန်းဟိန်ကျဲကို မယုံသဖြင့် နောက်မှ တကောက်ကောက် လိုက်ကြည့်နေသည်။

ထို အနောက်ဘက်ဆောင်၌ နဖားကြိုးတစ်ချောင်း တန်းလန်းကျ နေသည်ကို တွေ့ရသည်။ ထိုက်စန်းလောက်ကျင်းစီးသော နွားစိမ်းကြီး မရှိတော့ချေ။

စွန်းဟိန်ကျဲက လက်ညှိုးထိုးပြရင်း –

"ဘိုးဘိုး .... ဘိုးဘိုးရဲ့ စီးတော်နွားကြီးဘယ်ပျောက်သွားပြီလဲ"

"ရှိပါတယ်"

"ရှိရင်သွားကြည့်ပါဦး"

ထိုက်စန်းလောက်ကျင်းသည် အနောက်ဘက် တင်းကုပ်ရှိ နွားကြီးကို သွားရှာလေ၏။ သူသည် မျက်လုံးပြူးသွားလေပြီ။

"ဟောဗျာ .... ကျုပ်ရဲ့စီးတော်နွား ဘယ်ပျောက်သွားပြီလဲ မသိဘူး၊ ဒုက္ခပဲ"

စွန်းဟိန်ကျဲက –

"ဘယ်ရောက်ရမှာလဲ၊ အခု လူ့ပြည်ရောက်နေပြီ၊ သူဟာ ဘီလူး ဖြစ်နေတယ်၊ ကျွန်ုပ်ရဲ့ ဆရာတော်ကို စားမယ်ဆိုပြီး ဖမ်းထားတယ်၊ ကျွန်ုပ်ရဲ့ ဆရာတော်သာ တစ်စုံတစ်ခုဖြစ်ရင်တော့ ဘိုးဘိုးရဲ့ နန်းဆောင်ကို ကျွန်ုပ်မီးနဲ့ ရှို့ပစ်မယ်"

ထိုက်စန်းလောက်ကျင်းက ဒေါသနှင့် အော်သည်။

"မျောက်စုတ် .... မျောက်ပါးမဝနဲ့၊ ငါအခုပဲ လိုက်ပြီး ငါ့ရဲ့



စီးတော်နွားကို ပြန်ခေါ်မယ် ...."

စွန်းဟိန်ကျဲက –

"ကောင်းတယ်၊ အခုပဲ ပြန်ခေါ်ပါ၊ ဘိုးဘိုးရဲ့ စီးတော်နွား သောင်းကျန်းနေတာ မြတ်စွာဘုရားရဲ့ သားတော်တွေတောင် ငြိမ်ငြိမ်မနေရဘူး"

ထိုက်စန်းလောက်ကျင်းသည် နဖားကြိုးအား ဖြုတ်လိုက်၏။ ငှက်ပျောယပ်တောင်အား ဖြုတ်ယူလိုက်သည်။

"ကဲကောင်းလို့ပေါ့ကွာ၊ ငါ့ငှက်ပျောရွက် ယပ်တောင်ဟာ ဒီကောင်ဖမ်းတဲ့ကိစ္စမှာ အရေးပါတယ်ကွ၊ အဲဒါသာ ပါသွားရင် ငါလည်း သူ့ကို မနိုင်တော့ဘူး၊ သွားကြစို့ ...."

သူတို့သည် တိမ်တိုက်ကိုစီးကာ ထွက်ခွာသွားကြတော့သည်။ မကြာမီ ရဟန္တာဆယ့်ရှစ်ပါးနှင့် လီတင်းဝမ်တို့ ရှိသော ကောင်းကင်ယံသို့ ရောက်လာကြ၏။

ထိုက်စန်းလောက်ကျင်းသည် သူတို့အား ဂါရဝပြု နှုတ်ဆက်သည်။ ထို့နောက် .... စွန်းဟိန်ကျဲဘက်သို့ လှည့်လိုက်၏။

"ကဲ .... မျောက်စုတ် .... သင်ဘီလူးကို ထွက်လာအောင်သွားပြီး စိန်ခေါ်ပေတော့ ...."

စွန်းဟိန်ကျဲသည် လိုဏ်ဂူဝသို့ သွားရပြန်လေ၏။ ထို့နောက် ဘီလူးအား စိန်ခေါ်တော့သည်။

"ဘီလူး ... သင် ဒီတစ်ခါတော့ မလွတ်တော့ဘူး"

"ဘာ မလွတ်ရမှာလဲ၊ သင့်ကို ကျွန်ုပ် အသေသတ်မယ်"

"အသေသတ်ရင် လာခဲ့လေ"

ဘီလူးသည် လှံတံကိုကိုင်ဆွဲ၍ ထွက်လာသည်

စွန်းဟိန်ကျဲက ရယ်မောသည်။

ခေါင်းကြမ်းဘီလူးသည် လှံတံဖြင့် တိုက်ခိုက်သည်။

စွန်းဟိန်ကျဲ လှည့်ပြေးသည်။

ဘီလူးက ထက်ကြပ်မကွာ လိုက်သည်။ သူသည် ဤတစ်ကြိမ်တွင် စွန်းဟိန်ကျဲကို အသေသတ်မည်ဟု ဆုံးဖြတ်ထားသည်။

ထိုအချိန်တွင် ထိုက်စန်းလောက်ကျင်းသည် လမ်းခုလတ်၌ ပေါ် လာတော့၏။

"တိရစ္ဆာန် .... ငါ့ကို မှတ်မိသေးရဲ့လား"

ခေါင်းကြမ်းဘီလူးသည် ထိုက်စန်းလောက်ကျင်းကို တွေ့သောအခါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတော့သည်။ သူသည် အခြေအနေ မဟန်မှန်း သိလိုက်လေပြီ။ ထိုအခါ အဖြူရောင် ကွင်းကလေးကို ထိုက်စန်းလောက်ကျင်းဆီ လှမ်းပစ်လိုက်၏။

ထိုက်စန်းလောက်ကျင်းက အော်ငေါက်လိုက်သည်။

"တိရစ္ဆာန် .... ငါ့ကိုတောင် အာခံတယ်ပေါ့လေ ...."

သူသည် ငှက်ပျောရွက် ယပ်တောင်ဖြင့် ခတ်လိုက်သောအခါ အဖြူရောင် ကွင်းကလေးသည် ထိုက်စန်းလောက်ကျင်းဆီသို့ တန်းတန်းမတ်မတ် ရောက်ရှိသွားတော့၏။ ထိုက်စန်းလောက်ကျင်းသည် နောက်တစ်ကြိမ် ယပ်ခတ်လိုက်ပြန်ရာ ခေါင်းကြမ်းဘီလူးသည် အစိမ်းရောင် နွားတစ်ကောင် အဖြစ်သို့ ပြောင်းလဲသွားလေတော့၏။

သူသည် နွားကြီးအား နဖားကြိုးထိုးလိုက်ပြီး နွားကြီးကိုစီးကာ ကောင်းကင်သို့ တက်သွားသည်။ သူသည် အားလုံးကို နှုတ်ဆက်သွား၏။

စွန်းဟိန်ကျဲသည် လိုဏ်ဂူထဲသို့ အပြေးအလွှား ဝင်ရောက်သွားပြီး ထန်စန်းကျွမ်းဆရာတော်နှင့် ကျူးပတ်ကိုင်၊ ဆားဂူကျိန်းတို့အား ကယ်ထုတ်လိုက်သည်။

သူသည် ကျူးပတ်ကိုင်နှင့် ဆားဂူကျိန်းတို့အား အမိန့်ပေးလိုက်သည်။

"မင်းတို့ အဲဒီ လက်နက်တွေ သိမ်းကျုံးပြီး သယ်ခဲ့စမ်း ...."

ကျူးပတ်ကိုင်နှင့် ဆားဂူကျိန်းတို့သည် ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်၏ ဓား၊ သားတော် လိုချား၏ လက်နက် ခြောက်မျိုးနှင့် မီးနတ်သားတို့၏ လက်နက်များကို သယ်ဆောင်ခဲ့ကြရလေ၏။

ဂူတွင်းမှ ဘီလူးများမှာ သူတို့၏ ဘီလူးမင်း နွားစိမ်းကြီး ဖြစ်သွားပြီး အဖမ်းခံရကြောင်း သိရသောအခါ ဂူထဲမှ ထွက်ပြေးသွားကြတော့သည်။



ထန်စန်းကျွမ်း ဆရာတော်သည် ရဟန္တာ ဆယ့်ရှစ်ပါးအား ဦးခိုက်ရှိခိုးလေ၏။

လီတင်းဝမ်အား ကျေးဇူးတင်စကား ပြောသည်။

ရဟန္တာဆယ့်ရှစ်ပါးနှင့် လီတင်းဝမ်ဦးဆောင်သော နတ်များသည် သူတို့၏ ဌာနေဆီသို့ ပြန်သွားကြသည်။

ဆရာတော်သည် ဟင်းခ နဲ သက်ပြင်းချရင်း –

"ငါ တပည့်ကြီး ဝူခုံးရဲ့စကားကို နားမထောင်မိလို့ ငါတို့ဒုက္ခ ရောက်ကြရတယ်၊ ငါတို့ကို ခွင့်လွှတ်ပေတော့ဝူခုံး ...."

စွန်းဟိန်ကျဲမှာ ဆရာတော်တို့ လွတ်မြောက်လာသည်ကိုပင် ကျေနပ်ဝမ်းမြောက်နေပြီ ဖြစ်ရာ အတိတ်မှအမှားများကို အပြစ်အနာဆာ အဖြစ် မမြင်ရှာတော့ပေ။

ထိုစဉ် တောစောင့်နတ်၊ တောင်စောင့်နတ်များ ရောက်လာပြီး စွန်းဟိန်ကျဲ ပေးအပ်ခဲ့သော ဆွမ်း၊ ဆွမ်းဟင်းများနှင့် ၎င်းတို့ယူဆောင်လာသော ဆွမ်းဟင်းများကို ဆက်ကပ်တော့သည်။ ဆရာတော်သည် သင့်တင့်မျှတစွာ ဆွမ်းဘုဉ်းပေးပြီး ကျန်ဆွမ်းနှင့် ဆွမ်းဟင်းများအား တပည့်သုံးယောက် စားစေလေ၏။

နတ်များလည်း ပျောက်ကွယ်သွားကြသည်။

သူတို့သည်လည်း အနောက်ဘက်စူးစူးသို့ ခရီးဆက်လက်ထွက်ခွာကြတော့သတည်း။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း(၁၄)

## အန္တရာယ်စမ်းရေ

သူတို့လေးဦး ခရီးထွက်ခွာခဲ့ကြရာ ဆောင်းရာသီကုန်ဆုံးပြီး နွေဦးရာသီသို့ တစ်ပတ်လည် ရောက်ရှိခဲ့လေပြီ။ နွေဦးရာသီမှာ ရှုမျှော်ခင်းများ အလွန်လှပပြီး တောတောင်များ စိမ်းလန်းစိုပြည်နေသောကြောင့် ထန်စန်းကျွမ်း ဆရာတော်နှင့် တပည့်သုံးဦးမှာ လန်းလန်းဆန်းဆန်း တက်တက်ကြွကြွ ရှိနေကြ၏။

တစ်နေ့တွင် သူတို့ မြစ်တစ်ခုသို့ ရောက်လာလေ၏။ ထန်စန်းကျွမ်းဆရာတော်က မြစ်ကိုကြည့်ပြီး ပြောသည်။

" မြစ်က သိပ်မကျယ်လှဘူး၊ ဒါပေမယ့် လှေကူးတို့မရှိဘူး၊ ဘယ်လိုလုပ် ကူးကြမလဲ "

စွန်းဟိန်ကျဲ လှမ်းကြည့်လိုက်ရာ တစ်ဖက်ကမ်းတွင် တဲအိမ်ကလေးတစ်လုံး ရှိနေသည်ကို တွေ့ရသည်။

" ဟိုဘက်ကမ်းမှာတော့ တဲအိမ်ကလေး တစ်လုံး တွေ့နေရတယ်၊ အဲဒီဘက်ကမ်းမှာ လှေငယ်တစ်စင်းလည်း ဆိုက်ကပ်ထားတာ တွေ့ရတယ်၊ သူတို့ကို အော်ဟစ် အကူအညီတောင်းရင် ရမယ်လို့ ထင်ပါတယ် "



ထန်စန်းကျွမ်းဆရာတော်သည် ဝမ်းသာသွား၏။

" ဒါဖြင့် လှမ်းခေါ်လိုက်ပါ "

စွန်းဟိန်ကျဲက -

" ကျူးပတ်ကိုင် က အသံကျယ်တယ်၊ သူ့ကို အော်ခေါ်ခိုင်းမှ ဟိုက အသံကြားမယ် "

" ကျူးပတ်ကိုင် ခေါ်လိုက်စမ်းကွယ် "

ကျူးပတ်ကိုင်က လှမ်းအော်သည်။

" ဒီမှာ လှေပိုင်ရှင်တို့ခင်ဗျာ၊ ကျုပ်တို့ကို တစ်ဖက်ကမ်းကို ပို့ပေးပါ "

ကျူးပတ်ကိုင်သည် ကိုးကြိမ်တိတိ အော်ခေါ်ရာ တဲအိမ်အတွင်းမှ လူတစ်ယောက် ထွက်လာသည်။ သူသည် လှေငယ်ပေါ်သို့ တက်၍ စွန်းဟိန်ကျဲတို့ဘက်သို့ လှေကိုလှော်ခတ်လာသည်။ သူတို့နှင့် နီးကပ်လာသောအခါမှ လှော်ခတ်လာသူမှာ အမျိုးသမီးတစ်ယောက် ဖြစ်ကြောင်း သိရလေ၏။

စွန်းဟိန်ကျဲက -

" ယောကျ်ား ဘာကြောင့် မလာတဲ့ ခင်ဗျားကို လွှတ်လိုက်ရတာလဲ "

အမျိုးသမီးသည် ပြုံးနေ၏။ သူသည် ပျဉ်ပြားတစ်ချပ်ကို ကမ်းပေါ်သို့ တင်ပေးလိုက်သည်။

ဆားဝူကျိန်းက မြင်းကိုဆွဲ၍ လှေပေါ်တက်သည်။

ထန်စန်းကျွမ်းဆရာတော်လည်း လှေပေါ်တက်သည်။

ကျူးပတ်ကိုင်က အထုပ်ကိုထမ်း၍ တက်သည်။

စွန်းဟိန်ကျဲက နောက်ဆုံးမှ တက်သည်။ အမျိုးသမီးသည် လှေကို လှော်ခတ်သွားသည်။ မကြာမီ တစ် ဖက်ကမ်းသို့ ရောက်ရှိသွားလေ၏။

ကမ်းသို့ ရောက်ရှိသောအခါ ထန်စန်းကျွမ်းဆရာတော်က ကျူးပတ်ကိုင်အား အခကြေးငွေပေးရန်ပြော၏။

" ကျူးပတ်ကိုင် ဒကာမလေး ငါတို့ကို ပို့ပေးတာကို အချည်းနှီး

မဖြစ်ပါစေနဲ့ "

ကျူးပတ်ကိုင်သည် ငွေတုံးကလေးတစ်တုံးကို ယူပေးလေ၏။

အမျိုးသမီးသည် ငွေကို လက်ခံသော်လည်း အရေးထားပုံတော့ မရပါ၊ သူမသည် တဲအိမ်အတွင်းသို့ လှမ်းအော်ပြောလေ၏။

" ညည်းတို့ မြန်မြန်လာကြည့်ကြဟေ့၊ တော်ကြာ မတွေ့လိုက်ရဘဲ နေမယ် "

တဲအိမ်ထဲမှ အမျိုးသမီး လေးငါးယောက် ထွက်လာကြသည်။ သူတို့သည် ထန်စန်းကျွမ်းဆရာတော်အား ကြည့်ပြီး တခစ်ခစ် ရယ်ကြသည်။

စွန်းဟိန်ကျဲက –

" ဒါ ရယ်စရာလား "

သူသည် ဒေါသနှင့် အော်ငေါက်လိုက်သောအခါမှ မိန်းကလေးများ တဲအိမ်အတွင်း ပြေးဝင်သွားကြသည်။

သူတို့သည် မြစ်ကမ်းနဖူး တဲအိမ်ကလေးမှ ထွက်ခွာလာရာ စမ်းချောင်းကလေးတစ်ခုသို့ ဆိုက်ရောက်လာလေ၏။ စမ်းရေသည် အလွန်ကြည်လင်လှသည်။ တသွင်သွင် စီးဆင်းနေပုံမှာလည်း လွန်စွာ သာယာလှသည်။

စမ်းရေကို မြင်သောအခါ ဆရာတော်သည် ရေသောက်ချင်စိတ် ဖြစ်ပေါ်လာ၏။

" ကျူးပတ်ကိုင် ငါရေသောက်ချင်တယ် "

" ဟာ ဆရာရေသောက်ချင်ရင် စမ်းချောင်းရှိနေတာပဲ၊ စမ်းရေကို သောက်လိုက်ပေါ့ "

" အေးပါ ခပ်ပေးပါ "

" ရပါတယ် ဆရာ "

သူသည် ခွက်တစ်လုံးယူ၍ ဆရာတော်အား ခပ်ပေးလေ၏။

ဆရာတော်သည် ရေကိုတစ်ဝက်မျှ သောက်သည်။ ကျန်ရေကို ကျူးပတ်ကိုင်အားပေးသည်။ ကျူးပတ်ကိုင်သည် ဆရာတော်သောက်ပြီး ကျန်သည့် ရေတစ်ဝက်ကို အကုန်အစင် သောက်သည့်အပြင် စမ်းချောင်း



ထဲမှ နောက်ထပ်တစ်ခွက် ခပ်၍သောက်လေ၏။

သူသည် စွန်းဟိန်ကျဲနှင့် ဆားဝှကျိန်းအား မေးလိုက်သည်။

" အစ်ကိုကြီး သောက်ဦးမလား "

" ဆားဝှကျိန်း သောက်ဦးမလား "

စွန်းဟိန်ကျဲက ခေါင်းခါ၏။

" ငါ မသောက်သေးဘူး "

ဆားဝှကျိန်းကလည်း ခေါင်းခါသည်။

" ငါ ရေမငတ်သေးဘူး "

ကျူးပတ်ကိုင်သည် ခွက်ကိုသိမ်းဆည်းလိုက်၏။

သူတို့သည် ဆက်လက် ထွက်ခွာလာကြ၏။ ခရီးအတော်ပင် ပေါက်ခဲ့ကြသည်။ ထိုစဉ် ဆရာတော်သည် ဗိုက်နာလာလေ၏။

" အား..... ငါဗိုက်နာလာတယ် "

ကျူးပတ်ကိုင်လည်း ဗိုက်ကိုနှိပ်၍ ညည်းညူလေ၏။

" ဗိုက်နာ လိုက်တာဗျာ "

ဆရာတော်နှင့် ကျူးပတ်ကိုင်တို့၏ မျက်နှာသည် မလန်းဆန်းတော့ပေ။ ဗိုက်နာမှုကြောင့် ညည်းညူ နေကြလေ၏။

ဆားဝှကျိန်းက –

"ဆရာတို့ လမ်းက စမ်းချောင်းမှာ ရေသောက်မိလို့ပဲ၊ တပည့်တော်နဲ့ အစ်ကိုကြီးတို့က မသောက်တော့ ဗိုက်မနာဘူး၊ ဆရာနဲ့ ကျူးပတ်ကိုင်က ရေသောက်မိတော့ ဗိုက်နာတယ်၊ ရေက မသန့်ဘူးနဲ့ တူတယ် "

စွန်းဟိန်ကျဲက –

" စမ်းရေပဲကွာ၊ မသန့်ဘဲ ဘယ်ရှိပါ့မလဲ "

သူက ဆက်ပြောသည်။

" ခဏတော့ သည်းခံကြပါဦး၊ ရှေ့မှာ လူနေအိမ်ခြေရှိရင် သမားတော်တစ်ယောက်ယောက်ကိုခေါ်ပြီး ကုခိုင်းပါ့မယ် "

စွန်းဟိန်ကျဲကိုယ်တိုင် မြင်းကိုဆွဲ၍ အမြန်ဆုံး လျှောက်လေ၏။ သူတို့သည် သုံးလီခန့် လျှောက်မိကြသောအခါ အမျိုးသမီးတစ်စု အလုပ်

လုပ်နေကြသည်ကို တွေ့ရှိရလေ၏။

အမျိုးသမီးများသည် ရယ်ပြီး ထွက်ပြေးကြသည်။ ထိုအခါ စွန်းဟိန်ကျဲက အမျိုးသမီးတစ်ယောက်ကို ဖမ်းဆွဲလိုက်သည်။ အမျိုးသမီးမှာ ထိတ်လန့်တုန်လှုပ်နေသည်။

စွန်းဟိန်ကျဲက –

" သင်တို့ ဘာကြောင့်ရယ်ကြတာလဲ "

" ကျွန်မတို့ နိုင်ငံကို စီးလျှံနိုင်ငံလို့ခေါ်ကြပါတယ်၊ တစ်နိုင်ငံလုံးမှာ ယောကျ်ားဆိုလို့ တစ်ယောက်မှ မရှိပါဘူး၊ အခုလို ယောကျ်ားတွေကို တွေ့ရမြင်ရတော့ ဝမ်းသာပြီး ရယ်ကြတာပါ "

" သြော် စီးလျှံနိုင်ငံကိုး၊ မိန်းမသားချည်းရှိတဲ့ နိုင်ငံပေါ့ "

" ဟုတ်ပါတယ် "

" ဒါနဲ့ ဒီအနီးနားမှာ သမားတော် .... ယောကျ်ားသမားတော်ဖြစ်ဖြစ် .... မိန်းမသမားတော်ဖြစ်ဖြစ် မရှိကြဘူးလား "

" ဘာဖြစ်လို့လဲရှင့်၊ ဘယ်သူ နေမကောင်းလို့လဲ "

" နေမကောင်းလို့ မဟုတ်ပါဘူး၊ ကျွန်ုပ်ရဲ့ ဆရာနဲ့ ကျွန်ုပ်ရဲ့ ညီတော် ဗိုက်နာနေလို့ပါ "

" ဟင် ဒါဖြင့် ရှင်တို့ စမ်းချောင်းထဲက စမ်းရေကို သောက်ခဲ့မိပြီ ထင်တယ် "

စွန်းဟိန်ကျဲ လန့်သွား၏။

တစ်ခုခုတော့ ထူးပြီဟု သူထင်လိုက်မိ၏။

စွန်းဟိန်ကျဲက –

" ဟုတ်ပါတယ်၊ သောက်မိကြပါတယ် "

အမျိုးသမီးက ရယ်မောလိုက်၏။

" ခစ် . . . ခစ် . . . ခစ် "

" သင် ဘာရယ်တာလဲ "

" ရယ်ရတာပေါ့၊ ဒီစမ်းရေက ရှင်တို့သောက်လို့ မရဘူးရှင့် "

" ဘာ .... ဘာဖြစ်လို့လဲ "

" ဒီစမ်းရေကို သောက်မိရင် သန္ဓေတည်တတ်တယ်ရှင့် "



စွန်းဟိန်ကျဲ မျက်လုံးပြူးသွားသည်။

" သင် တကယ်ပြောနေတာလား "

" ကျွန်မ မလိမ်ပါဘူးရှင်၊ ဒီနိုင်ငံမှာ မိန်းကလေး အသက်နှစ်ဆယ်ပြည့်တာနဲ့ စမ်းရေကို သောက်ရပါတယ်၊ စမ်းရေသောက်ပြီးရင် ပဋိသန္ဓေ တည်လာတော့တာပဲ "

ထန်စန်းကျမ်းဆရာတော်နှင့် ကျူးပတ်ကိုင်တို့မှာ သူမ၏စကားကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသည်။

ကျူးပတ်ကိုင်က –

" ဒုက္ခပါပဲ၊ ယောကျ်ားပဋိသန္ဓေရှိရင် ဘယ်လိုမွေးရမလဲဗျာ "

စွန်းဟိန်ကျဲသည် စိတ်အေးလက်အေးရှိလေ၏။

သူက မေးလိုက်သည်။

"အခုလို ဖြစ်နေတာကို ကုသဖို့ ဆေးဝါးများကော ရှိသေးသလား"

" ရှိတော့ ရှိပါတယ် "

စွန်းဟိန်ကျဲ ဝမ်းသာသွားသည်။

" ပြောစမ်းပါဦး၊ ဘယ်လို ကုသရမှာလဲ "

အမျိုးသမီးက ရှေ့သို့ ညွှန်ပြလိုက်၏။

" ဒီကနေ အရှေ့ဘက်ကို သွားရင် ရသေ့ကျောင်း တစ်ကျောင်းရှိပါတယ်၊ အဲဒီကျောင်းမှာ ရေတွင်းတစ်တွင်းရှိပါတယ်၊ အဲဒီရေတွင်းဟာ သာမန်ရေတွင်းမဟုတ်ပါဘူး၊ ပဋိသန္ဓေဖျက်ရေတွင်းပါ၊ အဲဒီရေတွင်းက ရေ သောက်လိုက်ရင် ဗိုက်ထဲက သန္ဓေဟာ အလိုလို ပျက်သွားပါလိမ့်မယ် "

စွန်းဟိန်ကျဲက ရှေ့သို့ မျှော်ကြည့်ပြီး

" ဘယ်လောက်ဝေးသလဲ "

" သုံးလီလောက်ပဲ ဝေးပါတယ်၊ သိပ်မဝေးပါဘူး "

" ဒါဖြင့် ကျုပ်အဲဒီရေတွင်းက ရေကို သွားတောင်းလိုက်ဦးမယ်"

အမျိုးသမီးက –

" ဒီအတိုင်း သွားတောင်းလို့ရသေ့က ပေးမှာမဟုတ်ဘူး၊ ဒီရသေ့

က ငွေတုံးသိပ်မက်တာ၊ တချို့ဆိုရင် ငွေတုံးတစ်ရာတိတိတောင် ပေးရပါတယ် "

စွန်းဟိန်ကျဲသည် အမျိုးသမီးအား မဖမ်းတော့ပေ။ လွှတ်ပေးလိုက်သည်။ အမျိုးသမီးသည် ထွက်မပြေးတော့ပေ။

" သင် ထွက်မပြေးတော့ဘူးလား "

" ပထမတော့ အန္တရာယ်ပေးမယ့်လူတွေလားဆိုပြီး ကြောက်တာပါ၊ နောက်တော့ အန္တရာယ်ပေးမယ့်လူ မဟုတ်မှန်းသိတော့ မကြောက်တော့ပါဘူး၊ ပြေးဖို့ မလိုတော့ပါဘူး "

စွန်းဟိန်ကျဲသည် ဆရာတော်ဘက်သို့ လှည့်လိုက်၏။

ဆရာတော်ကို မြင်းပေါ်မှ တွဲဆင်းစေကာ ကျောက်တုံးတစ်တုံးပေါ်၌ ထိုင်စေသည်။

" ဆရာ ဒီမှာနားပါ "

" အင်း နားတာပေါ့၊ ငါဗိုက်နာတာ အင်မတန် ခံရခက်တယ်၊ ဝူခုံး "

" ဒီအတွက် တပည့်တော် ရေသွားတောင်းပါမယ် "

" သွားတောင်းရင်လည်း မြန်မြန်သွားတောင်းပါ "

သူသည် ကျူးပတ်ကိုင်အား ကြည့်လိုက်၏။ ကျူးပတ်ကိုင်ကတော့ မြေကြီးပေါ်တွင် လူးလိမ့်နေသည်။

သူသည် ဆားဝူးကျိန်းကို ကြည့်လိုက်ပြီး -

" ညီလေး ဆရာ့ကို စောင့်ရှောက်ထားပါ၊ ငါရေသောက်ရေတွင်းဆီ ရေသွားတောင်းလိုက်ဦးမယ် "

" စိတ်ချသွားပါ အစ်ကိုကြီး "

ဆားဝူကျိန်းက အာမဝန်ခံလိုက်လေ၏။

စွန်းဟိန်ကျဲသည် တိမ်တိုက်ပေါ် ခုန်တက်လိုက်၏။ တိမ်တိုက်စီးကာ သုံးလီခရီးကို သွားသည်။ အမှန်မှာ တိမ်တိုက်စီးရန် မလိုချေ။ သုံးလီ ခရီးဆိုသည်မှာ ဘာမျှမရှိသော ခရီးဖြစ်သည်။

အမျိုးသမီးသည် စွန်းဟိန်ကျဲတို့သည် သာမန်လူသားများ မဟုတ်ကြောင်း သိရှိသွားလေတော့၏။



ထို့ကြောင့် သူမသည် ထန်စန်းကျမ်းဆရာတော်အား ထိုင်၍ ရှိခိုးတော့သည်။

" ဆရာတော်ဘုရား၊ တပည့်တော်မ အိမ် ဟိုရှေ့နားမှာပဲ ရှိပါတယ်၊ အိမ်မှာ အနားယူကြပါဘုရား၊ တပည့်တော်မ ပင့်ဖိတ်ပါတယ် "

ထန်စန်းကျမ်းဆရာတော်က ခေါင်းညိတ်၏။

" ကျေးဇူးတင်ပါတယ် ဒကာမ "

သူတို့သည် အမျိုးသမီး ခေါ်ဆောင်ရာသို့ လိုက်ပါသွားကြလေ၏။

အမျိုးသမီး၏ အိမ်မှာ တဲအိမ်မျှသာဖြစ်သည်။ သို့သော် အမျိုးသမီးသည် ဆရာတော်အတွက် လိုအပ်သမျှကို ခင်းကျင်းပေးပြီး ကျူးပတ်ကိုင်အတွက်လည်း သက်သောင့်သက်သာ နေနိုင်ရန် တတ်နိုင်သမျှ လုပ်ပေးသည်။

ဆားဝူကျိန်းသည် စိတ်ထားဖြူစင်သော ဒကာမတစ်ဦးကို ရရှိလိုက်သဖြင့် ဝမ်းသာနေသည်။

✻ ✻ ✻ ✻ ✻ ✻ ✻

## အခန်း (၁၄၃)

### စမ်းရေဖြေသောတွင်းရေ

စွန်းဟိန်ကျဲသည် တိမ်တိုက်ကို အကြာကြီး မစီးရချေ။ ခေတ္တခဏမျှသာ စီးရသည်။ အောက်တစ်ချက် ငုံ့ကြည့်လိုက်သည်နှင့် ရသေ့ကျောင်း တစ်ကျောင်းကို သူတွေ့မြင်ရသည်။

သူသည် တိမ်တိုက်ပေါ်မှ ဆင်းပြီး အောက်သို့လျှောက်လေ၏။ ရသေ့ကျောင်းအနီးသို့ ရောက်သောအခါ ခွေးဟောင်သံများ ကြားရသည်။

သူသည် ခြံဝင်းအဝတွင် သစ်ရွက်များကို လှည်းကျင်းနေသည့် ရသေ့ကြီးတစ်ပါးအား တွေ့မြင်လိုက်ရသည်။

စွန်းဟိန်ကျဲက ရသေ့ကြီးအား နှုတ်ဆက်လိုက်သည်။

ရသေ့ကြီးက –

" သင် ဘယ်ကလဲ၊ ဒီကိုဘာကိစ္စနဲ့ လာတာလဲ "

စွန်းဟိန်ကျဲက –

" ကျုပ်တို့ဟာ မဟာထန်နိုင်ငံကပါ၊ မြတ်စွာဘုရားရဲ့ ပိဋကတ်သုံးပုံကို ပင့်ဆောင်ဖို့ သွားကြမယ့်သူတွေပါ၊ ဒီကိုရောက်လာတဲ့အခါ စမ်းရေကို သောက်သုံးမိလို့ ဗိုက်နာတဲ့ ဝေဒနာကို ခံစားနေကြရပါတယ်"

ရသေ့ကြီးက ခေါင်းညိတ်၏။



" အင်း သင်တို့ စမ်းရေသောက် မှားခဲ့ပြီကိုး "

"ဟုတ်ပါတယ်၊ ဒီကလူတွေက ပြောကြတယ်၊ ဒီတွင်းရေသောက်ရင် စမ်းရေသောက်လို့ရတဲ့ ရောဂါဝေဒနာတွေ ပျောက်ကင်းနိုင်ကြောင်း ပြောပြကြလို့ ရေတောင်းဖို့လာခြင်း ဖြစ်ပါတယ် "

ရသေ့ကြီးက ရယ်မောလေ၏။

"ကျွန်ုပ်က ကျောင်းစောင့်ပါ၊ ကျောင်းထိုင် ဆရာတော်ကို ကျွန်ုပ်ပြောပေးပါမယ် "

စွန်းဟိန်ကျဲက –

" ကောင်းပါပြီ၊ ရောဂါဝေဒနာသည်ဆိုတာ ကြည့်ရှုစောင့်မဖို့သင့်တဲ့လူတွေပါ၊ ကျောင်းထိုင်ကို ပြောပေးရင်တော့ အတိုင်းထက်အလွန် ကျေးဇူးတင်တာပါပဲ "

" တွင်းရေ တောင်းတာကတော့ ဟုတ်ပါပြီ၊ တွင်းရေကို အလကား မရနိုင်ပါဘူး၊ ဘာပစ္စည်းများ ပါလာပါသလဲ "

" ကျုပ်တို့က ခရီးသည်တွေပဲ၊ ဘာပစ္စည်းမှ ပါမလာပါဘူး၊ နောက်ပြီး ကျွန်ုပ်သွားရတဲ့ ခရီးကိုလည်း ကြည့်ပါဦး နည်းတဲ့ခရီးမဟုတ်ပါဘူး "

ရသေ့ကြီးက ရယ်မောလိုက်၏။

"ငါတို့ကျောင်းထိုင်ဟာ လက်ဆောင်ပစ္စည်း မပါတဲ့လူဆိုရင် ရေကိုမပေးပါဘူး၊ ဒါကြောင့် ရေလိုချင်ရင် လက်ဆောင်ပစ္စည်းကို ယူခဲ့ရပါတယ်၊ သင်လည်းရေလိုချင်ရင် လက်ဆောင်ပစ္စည်း တစ်ခုခုယူခဲ့ပါ"

စွန်းဟိန်ကျဲ စိတ်ပျက်သွားသည်။ သို့သော် သူသည် စိတ်ပျက်သော်လည်း စိတ်ပျက်မှုကို ဖုံးကွယ်လိုက်၏။

"ကျောင်းထိုင် ရသေ့ကြီးကို သွားပြောပေးပါ၊ ကျုပ်ဟာ ထန်စန်းကျမ်းဆရာတော်ရဲ့တပည့် စွန်းဝူခုံးဖြစ်ပါတယ်လို့၊ ကျုပ်နာမည်ကို ကြားလိုက်တာနဲ့ သူဟာ ကျုပ်အတွက် ရေကို ပေးမှာ ဖြစ်ပါတယ် "

" သေချာရဲ့လား "

" အို စွန်းဝူခုံးလို့သာပြောပါ၊ သေချာပါတယ် "

ရသေ့ကြီးသည် ကျောင်းအနောက်ဘက်သို့ ခြေလှမ်းသုတ်သုတ်

ဖြင့် လျှောက်သွားလေ၏။

စွန်းဟိန်ကျဲက ကျောင်းအဝတွင် စောင့်၍ ကျန်ရစ်ခဲ့သည်။ ရသေ့ကြီးဝင်သွားသောအခါ နောက်ထပ်ရသေ့ကြီးတစ်ပါးသည်အနောက်ဘက်ကျောင်းဆောင်ကို ပြူပြင်လျက်ရှိပြီး ကျောင်းထိုင်ရသေ့ကြီးက ဗျပ်စောင်းကို တီးနေသည်။

ဝင်သွားသော ရသေ့ကြီးသည် ကျောင်းထိုင် ရသေ့ကြီးကို မလျှောက်ဝံ့ချေ။ ဗျပ်စောင်းတီးအပြီးကိုသာ စောင့်နေရ၏။ ဗျပ်စောင်းတီးပြီး သွားသောအခါမှ ရသေ့ကြီးရှေ့သို့ ဂါရဝပြု၍ လျှောက်ထားရသည်။

"ကျောင်းထိုင် ရသေ့ကြီး အပြင်ဘက်မှာ ထန်စန်းကျွမ်းဆရာတော်ရဲ့ တပည့်ကြီး စွန်းဝူခုံး ရောက်နေပါတယ်"

ကျောင်းထိုင်ရသေ့ကြီးသည် ခုန်ထလိုက်၏။

သူသည် ဒေါသဖြင့် အော်လိုက်၏။

" စွန်းဝူခုံးက ဘာလာလုပ်တာလဲ "

" သူ့ဆရာ စမ်းရေသောက်မိပြီး ဗိုက်နာနေလို့ ရေတွင်းရေကို လာတောင်းတာပါ "

ရသေ့ကြီးက မဲ့ပြုံးပြုံးလိုက်၏။

" ကြုံရဆုံရသေးတာပေါ့လေ၊ သေနေ့စေ့လို့ ငါ့ဆီရောက်လာတာပဲ "

ရသေ့ကြီးသည် သစ်ခေါက်ဆိုး သင်္ကန်းကို လှမ်းယူ၍ ဝတ်ရုံလိုက်၏။ သူသည် ဓားကောက်ကြီးတစ်ချောင်းကို ဆွဲကာ ကျောင်းရှေ့သို့ ထွက်လာလေတော့၏။

စွန်းဟိန်ကျဲသည် ကျောင်းထိုင်ရသေ့ကြီး ထွက်လာသည်ကို အဝေးကပင်မြင်သည်။ သူသည် ဂါရဝပြုလိုက်လေ၏။

" ကျောင်းထိုင်ရသေ့ကြီးခင်ဗျာ၊ ကျွန်ုပ်ရဲ့ဆရာ စမ်းရေသောက်မိပြီး ဗိုက်နာနေပါတယ်၊ ဒါကြောင့် တွင်းရေတစ်ခွက်လောက်ပေးဖို့ မေတ္တာရပ်ခံပါတယ် "

ကျောင်းထိုင်ရသေ့ကြီးက –

" မျောက်စုတ် ကျွန်ုပ်ကို မှတ်မိသေးရဲ့လား "



စွန်းဟိန်ကျဲက ခေါင်းယမ်းလိုက်၏။

" ဝမ်းနည်းပါတယ်၊ ကျွန်ုပ်ဟာ အပေါင်းအသင်းတွေနဲ့ ကင်းကွာခဲ့တာ နှစ်ပေါင်း ငါးရာမကတော့ပါဘူး၊ ဒါကြောင့် ဘယ်သူ့ကိုမှ မမှတ်မိတော့ပါဘူး "

ကျောင်းထိုင်ရသေ့က –

" သင်မမှတ်မိဘူးဆိုရင်လည်း ပြောရသေးတာပေါ့၊ ကျွန်ုပ်ဟာ နွားဘီလူးရဲ့အစ်ကို လိုတရ ရသေ့ဖြစ်ပါတယ်၊ သင်ဟာ ကျွန်ုပ်ရဲ့တူ ဟုန်ဟိုင်အော့ကို ဒုက္ခပေးသွားတဲ့အကြောင်း ကျွန်ုပ်သိထားရတယ်၊ အဲဒီသတင်းကြားကတည်းက ကျွန်ုပ်က သင့်ကိုသတ်ချင်နေတာ "

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

" သင်က အထင် လွဲနေပြန်ပါပြီ "

" ဘာ အထင် လွဲရမှာလဲ "

"အထင် လွဲတာပေါ့၊ ကျွန်ုပ်ကြောင့် ဟုန်ဟိုင်အော့ ဟာ ကွမ်ယင်မယ်တော်ဆီမှာ အေးချမ်းနေပါပြီ"

" ဘာ အေးချမ်းတာလဲ "

" မယုံရင် သွားမေးကြည့်ပါ၊ သင့်ဟာသင် ဘီလူးလုပ်မလား၊ ကွမ်ယင်မယ်တော်ဆီ နေမလားလို့၊ သူက အခုဘဝကို ပိုပျော်ပိုက်တယ်လို့ ပြောမှာ အမှန်ပါ "

" မျောက်စုတ် ကျွန်ုပ်ရဲ့တူ သူ့ဘာသာ လွတ်လွတ်လပ်လပ်နေတာကောင်းရဲ့သားနဲ့ သင်သွားလုပ်လို့ သူများရဲ့ ကျေးကျွန် သွားဖြစ်ရတာ၊ သူဘယ်ပျော်နိုင်မှာလဲ "

" ကျေးကျွန်မဟုတ်ပါဘူး၊ ကွမ်ယင်မယ်တော်ရဲ့ တပည့်ပါ၊ ဒီလိုတပည့်ဖြစ်ချင်တဲ့လူတွေ ထောင်နဲ့သောင်းနဲ့ချီ ရှိပါတယ်၊ လူတိုင်း တပည့်မဖြစ်နိုင်ပါဘူး၊ သူ့ကံ ထူးချွန်လို့၊ သူဟာ ကွမ်ယင်မယ်တော်ရဲ့ တပည့်ဖြစ်တာပါ၊ သင် မယ်တော်ကို သွားလျှောက်စမ်းပါ၊ ကျွန်ုပ်ကို တပည့်အဖြစ်လက်ခံပါလို့၊ မယ်တော်က သင့်ကို တပည့်အဖြစ် ဘယ်လိုမှ လက်ခံမှာ မဟုတ်ပါဘူး၊ ကဲ ဒါတွေကအတိတ်ကအဖြစ်အပျက်တွေပါ၊ ထားပါတော့ ခုလောလောဆယ်ဆယ်တော့ ရေတစ်ခွက်လောက် ပေးပါ"

ကျောင်းထိုင်ရသေ့က မဲ့ပြုံးပြုံးလေ၏။

" ရေတော့ မရဘူး၊ ခားပဲရမယ် "

" မလုပ်ပါနဲ့၊ ရေပေးလိုက်ရင် အေးချမ်းပါတယ် "

" ကျုပ်ကတော့ အေးချမ်းတာကို မလိုချင်ဘူး၊ ဆူပူတာကိုပဲ လိုချင်တယ် "

သူသည် ပြောပြောဆိုဆို တိုက်ခိုက်လေတော့၏။ စွန်းဟိန်ကျဲသည် သံတုတ်ကိုထုတ်၍ ခုခံရသည်။ မတတ်သာသဖြင့် ခုခံရခြင်းဖြစ်သည်။ သူသည် မတိုက်ခိုက်ချင်ပေ၊ နောက်တကယ်တိုက်ခိုက်သောအခါ သွေးဆူလာသဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်တော့သည်။

သူတို့သည် အချိန်အတော်ကြာ ထိုးခုတ်တိုက်ခိုက်ကြသည်။ ထိုအချိန်အထိ ကျောင်းထိုင်ရသေ့သည် မနိုင်ပေ၊ သူသည် စွန်းဟိန်ကျဲကို မနိုင်သောအခါ ထွက်ပြေးရတော့သည်။

စွန်းဟိန်ကျဲသည် ကျောင်းထိုင်ရသေ့နောက်သို့ မလိုက်ပါ။ သူသည် ရေကိုသာ လိုအပ်နေသည် မဟုတ်ပါလော၊ သူသည် ကျောင်းအနောက်ဘက်သို့ လျှောက်လာ၏။ အနောက်ဘက်တွင် ရေတွင်းတစ်ခုရှိကြောင်း တွေ့ရှိရသည်။

ရသေ့ကြီးတစ်ပါးသည် ရေတွင်းအနီးတွင် ထိုင်၍ စောင့်နေ၏။ သူသည် ကျောင်းထိုင်ရသေ့နှင့် စွန်းဟိန်ကျဲ တိုက်ခိုက်နေသည်ကို သိ၏။ ထို့ကြောင့် စွန်းဟိန်ကျဲနောက်ဘက်သို့ လာသောအခါ ရေပုံးကို ယူ၍ ပြေးလေတော့၏။

သူသည် စွန်းဟိန်ကျဲလက်မှ မည်သို့လွတ်နိုင်ပါမည်နည်း။ စွန်းဟုန်ကျဲသည် တစ်ချက်ခုန်ထွက်ပြီး ပြေးလမ်းကို ပိတ်လိုက်၏။

စွန်းဟိန်ကျဲက–

"ရေကို လိုချင်လို့လာတာ၊ လူသတ်ချင်လို့ လာတာ မဟုတ်ဘူး၊ ရေပုံးကို ထားခဲ့ပါ.."

ကျောင်းစောင့်ရသေ့သည် ရေပုံးကိုထားခဲ့ပြီး ထွက်ပြေးသွားလေတော့၏။

စွန်းဟိန်ကျဲသည် ရေပုံးကို ကောက်ကိုင်လိုက်၏။



"အင်း...အခုမှပဲ စိတ်အေးလက်အေး ရေခပ်ရတော့မယ်...၊ အလကား ရသေ့တွေ၊ ရေကလေးပေးဖို့တောင် တိုတောင်း နေကြတယ်"

သူသည် ရေပုံးကို ရေတွင်းထဲ ထည့်လိုက်တော့၏။ သူ ရေဆွဲမတင်ရသေးမီ ကျောင်းထိုင်ရသေ့ ရောက်လာပြီး တိုက်ခိုက်သဖြင့် သူသည် ရေပုံးကြိုးကို လက်လွှတ်ကာ ပြန်လည်တိုက်ခိုက်ရတော့၏။

အတန်ကြာ တိုက်ခိုက်ပြီး ကျောင်းထိုင်ရသေ့ နောက်ဆုတ်သွားပြန်သည်။

ထို့ကြောင့် စွန်းဟိန်ကျဲသည် ရေပုံးကြိုးကို ငင်ရန်ကြိုးစားရပြန်တော့၏။

ထိုအခါ ကျောင်းထိုင်ရသေ့က လာရောက် တိုက်ခိုက်ပြန်သည်။

စွန်းဟိန်ကျဲသည် ရေပုံးကြိုးကိုလွှတ်ချကာ ပြန်လည်တိုက်ခိုက်ရပြန်တော့၏။

စွန်းဟိန်ကျဲသည် ပြင်းပြင်းထန်ထန်တိုက်ခိုက်သောအခါ ရသေ့ကြီးသည် ထွက်ပြေးသွားပြန်၏။ နောက်ဆုံး စွန်းဟိန်ကျဲ၏လက်မှကြိုးသည် ရေတွင်းထဲသို့လွတ်ကျသွား၏။

စွန်းဟိန်ကျဲ ဒေါသထွက်သွားလေ၏။

"ဒီရသေ့ လာတိုက်နေလို့ ကြိုးလွတ်ကျသွားရတာ၊ ဒီရသေ့ကို သတ်မယ်..."

သူသည် ထပ်မံတိုက်ခိုက်သော ရသေ့အား ပြင်းထန်စွာ တိုက်ခိုက်တော့၏။ သူတကယ် တိုက်ခိုက်သောအခါ ကျောင်းထိုင်ရသေသည် ထွက်ပြေး သွားပြန်လေ၏။ သို့သော် ... စွန်းဟိန်ကျဲမှာ ရေငင်ကြိုး မရှိသဖြင့် လက်မှိုင်ချရတော့သည်။

မိမိရေတွင်းမှ ရေရရှိရန် ကြိုးစားလျှင် ရသေ့ လာတိုက်ဦးမည်ကို သိရှိ၏။ ထို့ကြောင့် ရသေ့ကို တစ်ဦးက ခုခံနေစဉ် တစ်ဦးက ရေခပ်ရမည်ကို စွန်းဟိန်ကျဲသိသည်။ သူသည် ဆားဂူကျိန်းကို သွားခေါ်ရမည်ကို သိသည်။

သူသည် ကောင်းကင်ရှိ တိမ်တိုက်အပေါ်သို့ ခုန်တက်ပြီး ဆရာတော်ရှိရာသို့ ပြန်လေတော့၏။ သူသည် မိုးပေါ်မှ ခုန်ဆင်းသော

အခါ ဆားဂူကျိန်းကို မတွေ့ရသဖြင့် စိတ်ပူသွားသည်။ ထိုစဉ် ဆားဂူကျိန်း၏ အော်ခေါ်သံ ပေါ်လာ၏။

"အစ်ကိုကြီး..အစ်ကိုကြီး... ဒီကိုလာ..."

စွန်းဟိန်ကျဲသည် သစ်ပင်များ စုစုအုပ်အုပ်ရှိနေသည့် နေရာမှ တဲအိမ်ကလေးရှိရာသို့ လျှောက်သွားလေ၏။

ဆရာတော်သည် ရှုံ့မဲ့နေ၏။

"ဂူခုံး... ရေ ရခဲ့ရဲ့လား"

စွန်းဟိန်ကျဲက–

"ဆရာ....ရေတော့ ပါမလာခဲ့သေးပါဘူး"

သူသည် အကြောင်းစုံ ရှင်းပြလိုက်၏။

"ဒီရသေ့ကို တစ်ယောက်က ခုခံရမယ်၊ တစ်ယောက်က ရေခပ်ရမယ်၊ ဒါကြောင့် ဆားဂူကျိန်းကို တပည့်တော် လာခေါ်တာပါ.."

ကျူးပတ်ကိုင်မှာ တဲကြမ်းပြင်ပေါ်၌ လူးလိမ့်နေသည်။

"အစ်ကိုကြီးရယ်....မြန်မြန်လုပ်ပါ...၊ ကျုပ်ရဲ့ဗိုက် ပေါက်ထွက်တော့မယ်လို့ ထင်နေရပါတယ်"

"အေးပါ ငါလည်း ကြိုးစားနေတာပါပဲ၊ ဒီရသေ့ အတော်ယုတ်တယ်၊ အခုပဲ ငါ သွားလိုက်ပါ့မယ်"

အိမ်ရှင်အမျိုးသမီးသည် ရေပုံးနှင့် ရေငင်သောကြိုးကို ငှားလိုက်၏။

"ငါတို့ သွားကြစို့...၊ ညီလေး မင်း လိုက်ခဲ့ပါ"

စွန်းဟိန်ကျဲသည် ဆားဂူကျိန်းကို ခေါ်ဆောင်၍ ထွက်ခွာသွားတော့၏။ မကြာမီ သူတို့သည် ရသေ့တို့၏ ကျောင်းသခ်ိန်းသို့ ရောက်သွားကြသည်။

စွန်းဟိန်ကျဲက–

"မင်းရေကိုခပ်ပါ..၊ ရေခပ်တာနဲ့ ကျောင်းထိုင်ရသေ့ ရောက်လာတာပဲ၊ သူ့ကို ငါတိုက်မယ်"

စွန်းဟိန်ကျဲသည် ဆားဂူကျိန်းကို ရေခပ်ခိုင်းပြီး သူကစောင့်ရှောက်နေ၏။



ဆားဂူကျိန်း ရေခပ်နေသောအခါ ကျောင်းထိုင်ရသေ့ ရောက်လာလေ၏။ သူသည် စွန်းဟိန်ကျဲအား ပြင်းပြင်းထန်ထန် တိုက်ခိုက်သည်။ သူတိုက်ခိုက်နေစဉ် ဆားဂူကျိန်းသည် ရေခပ်ပြီးလေပြီ။

သူသည် ရေပုံးကိုဆွဲလာပြီး စွန်းဟိန်ကျဲ တိုက်ခိုက်နေသည့် နေရာအနီးသို့ လာသည်။

"အစ်ကိုကြီး...ကျုပ် ရေ သယ်လာခဲ့ပြီဗျ"

စွန်းဟိန်ကျဲသည် တိုက်ပွဲကို ရပ်လိုက်၏။

"ကျုပ်က ရေကိုလိုချင်လို့လာခဲ့တာ၊ သင့်ကိုသတ်ချင်လို့မဟုတ်ဘူး၊ သင်ကသာ ဘာမဟုတ်တဲ့ ရန်ငြိုးကို ဖွဲ့နေတာ...၊ ကျုပ်လိုချင်တဲ့ တွင်းရေကိုလည်း ရပြီးပြီဆိုတော့ သင့်ကိုအသက်လွှတ်လိုက်တော့မယ်"

သူသည် ဆားဂူကျိန်းနှင့်အတူ ရေပုံးကိုဆွဲကာ ပြန်လာတော့သည်။ သူတို့သည် ဆရာတော်နှင့် ကျူးပတ်ကိုင်တို့ရှိရာသို့ ရောက်ရှိလာကြ၏။

ဆရာတော်နှင့် ကျူးပတ်ကိုင်တို့ နှစ်ယောက်စလုံး ဝေဒနာခံစားနေကြရသည်။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း(၁၄၄)

## အောင်သွယ်တော်

ထန်စန်းကျွမ်းဆရာတော်၊ ကျူးပတ်ကိုင်နှင့် အိမ်ရှင်အမျိုးသမီးတို့သည် ဆားဂူကျိန်းရေအပြည့်ဆွဲလာသည်ကို မြင်သောအခါ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြ၏။

အိမ်ရှင် အမျိုးသမီးသည် ရေခွက်တစ်ခွက်ယူကာ ရှေးဦးစွာ ဆရာတော်အား တိုက်ကျွေးလိုက်၏။ ထို့နောက် ကျူးပတ်ကိုင်အား တိုက်ကျွေးသည်။

ကျူးပတ်ကိုင်က–

"နောက်တစ်ခွက်လောက် ပေးပါဦး"

"ဘာဖြစ်လို့လဲ"

"မြန်မြန်ပျောက်ချင်လို့ပါ"

"ဒီတွင်းရေဟာ ရိုးရိုးရေလိုမဟုတ်ပါဘူး၊ အင်မတန်ထူးဆန်းတဲ့ ရေပါ၊ ရှင်..ရေတစ်ပုံးလုံးသောက်ရင် ရှင့်တစ်ကိုယ်လုံး အရည်ပျော်သွားနိုင်ပါတယ်..."

ကျူးပတ်ကိုင် လန့်သွား၏။

"ဒီလိုဆိုရင် တော်ပါပြီဗျာ"



ရေသောက်ပြီး တစ်ခဏအကြာတွင် သူတို့၏ဝမ်းဗိုက်တွင်းမှ တဗွီဗွီမြည်လာလေ၏။ မကြာမီ လူမှန်ပုံမှန်အတိုင်းဖြစ်သွားကြလေ၏။

ဆားဂူကျိန်းက–

"ကဲ...ကျန်တဲ့ တွင်းရေတွေဟာ ကျုပ်တို့အတွက် ဘာမှတန် ဖိုးမရှိပေမယ့် ခင်ဗျားအတွက်တော့ အကျိုးရှိမှာပါ၊ ဒီတော့ ခင်ဗျားပဲယူထားလိုက်ပါတော့...."

အိမ်ရှင်အမျိုးသမီးသည် ဝမ်းမြောက်ဝမ်းသာယူထားလိုက်သည်။

"ရှင်တို့တကယ် 'မ' စတာပါပဲရှင်"

"ရေကလေးပေးတာများ 'မ' စတယ်လို့ မပြောပါနဲ့"

" ဒါက ရိုးရိုးရေမှ မဟုတ်ဘဲရှင်...."

"ဆန်းဆန်းရေရော....ဘာဖြစ်သလဲဗျာ"

"ဒီရေတစ်ပုံးရတဲ့အတွက် ကျွန်မသူဌေးဖြစ်ပြီရှင့်"

"ဒါကတော့ ခင်ဗျားကုသိုလ်ပေါ့ဗျာ"

ဆားဂူကျိန်းသည် ထိုမျှသာပြောပြီး ဆရာတော်တို့ဘက်သို့ လှည့်သွား၏။

ထန်စန်းကျွမ်းဆရာတော်သည် နေကိုမော့ကြည့်လိုက်၏။

"တပည့်တို့ရေ ... အချိန်ရှိတုန်း ခရီးဆက်လိုက်ကြရအောင်"

ကျူးပတ်ကိုင်က–

"ဟာ.... ဆရာတော်ကလည်း၊ နားခိုစရာရနေတုန်း ခဏလောက်တော့ နားပါရစေဦးဆရာ...၊ ဆရာက အလူးအလဲဖြစ်နေရာက သက်သာလည်းသွားရော ချက်ချင်းခရီးဆက်မယ် လုပ်တော့တာပဲ၊ ခဏတော့ နားပါဦး ဆရာရယ်..."

စွန်းဂူခုံးသည် သူတို့ခရီးစဉ်ကို တွေးနေလေ၏။ သူတို့လပေါင်းများစွာ နှစ်ပေါင်းများစွာကြာအောင် ခရီးထွက်ရသည့်အချိန်အတွင်း သူတို့အိမ်နှင့် ယာနှင့် အေးအေးချမ်းချမ်း နားရသည့်ရက်မှာ လွန်စွာနည်းပါးလှသည်။ ကျူးပတ်ကိုင် နားချင်လျှင်လည်း နားချင်ပေမပေါ့ဟု စာနာ၍ တွေးသည်။

"ဟုတ်ပါတယ်ဆရာရယ်.. တပည့်တော်တို့ဒီလိုအိမ်နဲ့ယာနဲ့နား

ရတာဟာ အင်မတန်ရှားရှားပါးပါးနားရတာပါ၊ တပည့်တော်တို့ခရီးထွက်ရမှာကလည်း အဝေးကြီးလိုပါသေးတယ်၊ ဒီတော့ နားလိုက်ပါဆရာ.."

စွန်းဟိန်ကျဲက ကျူးပတ်ကိုင်အား ကူညီ၍လှျောက်တင်လေ၏။

အိမ်ရှင်အမျိုးသမီးကလည်း–

"မသွားပါနဲ့ဦးဆရာတော်..တပည့်တော်မ ဆွမ်းကပ်ပါရစေဦး၊ ဒီမှာနားနားနေနေ နေသွားပါဦးဆရာတော်"

ဆရာတော်သည် ခပ်မဆိတ်နေလိုက်လေ၏။

ဆိတ်ဆိတ်နေဝန်ခံခြင်းပင်မဟုတ်ပါလား၊ ဆရာတော်သည် နားနေရန် သဘောတူလိုက်ချေပြီ။

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့ ဝမ်းသာသွားကြသည်။

အိမ်ရှင် အမျိုးသမီးသည် ဆွမ်းနှင့် ဆွမ်းဟင်းများကို ချက်ပြုတ်ဆက်ကပ်သည်။ ဆရာတော်တို့ ခရီးထွက်မည်ပြင်သောအခါ သစ်သီးဝလံများ ဆက်ကပ်လိုက်သေးသည်။

ဆရာတော်နှင့် တပည့်သုံးယောက်တို့သည် အိမ်ရှင်အမျိုးသမီးကို နှုတ်ဆက်၍ ထွက်ခွာလာကြလေ၏။

ဆရာတော်တို့မှာ အနောက်စူးစူးသို့သာ ဆက်လက်ထွက်ခွာလာကြသည်။သို့မှသာ မဇ္ဈိမဒေသသို့ရောက်ရှိမည် မဟုတ်ပါလား။ လီပေါင်းသုံးဆယ်ခန့် ဆက်လက်လျှောက်လာသောအခါ သူတို့ရှေ့၌ မြို့ရိုးကြီးတစ်ခုကို တွေ့မြင်ကြလေ၏။

ကျူးပတ်ကိုင်က–

"ဟာ... ရှေ့မှာ မြို့ရိုးကြီး"

ဆားဝူကျိန်းက–

"အိမ်ရှင်အမျိုးသမီးပြောတဲ့ နိုင်ငံဖြစ်မှာပေါ့၊ သူတို့က မြို့စွန်တောဖျားမှာ နေကြတာပဲဥစ္စာ....."

စွန်းဟိန်ကျဲက ခေါင်းညိတ်ထောက်ခံသည်။

"ဟုတ်လိမ့်မယ်"

သူတို့သည် မကြာမီ လမ်းမကြီးနံဘေးကျောက်ပြားကြီးတစ်ချပ်ကိုတွေ့မြင်ကြရသည်။



"စီးလျှံနိုင်ငံ"

ထိုစာတန်းကို ရေးထိုးထား၏။

ဆရာတော်က–

"စီးလျှံနိုင်ငံဟာ အိမ်ရှင်ဒကာမကြီးပြောသလို အမျိုးသမီးနိုင်ငံများဖြစ်နေမလား မသိဘူး"

စွန်းဟိန်ကျဲက–

"ဖြစ်နိုင်ပါတယ်၊ ဒီဒေသရဲ့ ရေမြေကလည်း ထူးခြားနေတယ်မဟုတ်လား...."

သူတို့မြို့ရိုးအနီးသို့ရောက်သောအခါ မြို့တံခါးပေါ်၌စီးလျှံနိုင်ငံဟူသော စာလုံးကြီး ရေးသားထားကြောင်းတွေ့ရှိရလေ၏။

သူတို့သည် မြို့တွင်းသို့ဝင်လိုက်ကြသည်။ ကြည့်လေရာရာ၌ အမျိုးသမီးချည်းသာ သွားလာလှုပ်ရှားနေသည်ကို တွေ့မြင်ရသည်။

သူတို့သည် နန်းတော်ထဲဝင်ရန် နန်းတော်မုခ်ဦးဆီသို့သွားရပ်ကြ၏။ အမျိုးသမီးတံခါးမှူးက သူတို့အား ဟန့်တားလိုက်သည်။

"သင်တို့က ဘာကြောင့် နန်းတော်ထဲဝင်မှာလဲ...."

စွန်းဟိန်ကျဲက–

"ကျွန်ုပ်တို့ဟာ မဟာထန်နိုင်ငံကပါ...၊ မြတ်စွာဘုရားရဲ့ ပိဋကတ် သုံးပုံကိုပင့်ဆောင်ဖို့ ခရီးသွားနေကြတာပါ..၊ ဒီအခါမှာ အသင်တို့ရဲ့ ပြည်ရောက်လာတော့ ပြည်ကျော်ခွင့် လက်မှတ်ကို ထုတ်ယူဖို့လိုလာပါတယ်...၊ ဒါကြောင့် နန်းတော်ထဲ ဝင်လာတာပါ..."

"ဒီလိုဆိုရင် ကျွန်ုပ်နောက် လိုက်ခဲ့ပါ၊ အဲဒီမှာ အဆောင်တစ်ခုရှိပါတယ်၊ အဆောင်ထဲမှာ နားနေကြပါ"

အမျိုးသမီးသည် သူတို့အား အဆောင်တစ်ခုရှိရာသို့ ခေါ်ဆောင်သွား၏။ ယင်းအဆောင်၌ ဧည့်ကြိုဂေဟာဟုရေးသားထားသည်။

အမျိုးသမီးတံခါးမှူးသည် ထန်စန်းကျွမ်းဆရာတော်နှင့် တပည့်သုံးယောက်တို့အား ဧည့်ကြိုဂေဟာထဲသို့ ဝင်စေသည်။

အဆောက်အအုံထဲ၌ အသက်သုံးဆယ်ကျော် အမျိုးသမီး တစ်ဦးက ထိုင်နေသည်။

တံခါးမှူးအမျိုးသမီးက အကျိုးအကြောင်းပြောပြ၏။

ထိုအမျိုးသမီးသည် ထန်စန်းကျွမ်းဆရာတော်အား သေချာစွာကြည့်လိုက်၏။ သူမက လက်အုပ်ချီလိုက်သည်။

"ထိုင်တော်မူပါဘုရား"

အမျိုးသမီးက ဆရာတော်အား နေရာပေးသည်။

ဆရာတော်သည် ထိုင်ခုံ၌ ထိုင်လိုက်၏။

"ဆားဝူကျိန်းသည် မြင်းကို အဆောက်အအုံရှေ့၌ ကြိုးချည်လိုက်၏။ ထို့နောက် ဆရာတော်နောက်၌ မတ်တတ်ရပ်နေလေ၏။

ကျူးပတ်ကိုင်ကမူ နံရံဘေး၌ အထုပ်များကိုချလိုက်သည်။

စွန်းဟိန်ကျဲကမူ ဆရာတော်နှင့် မနီးမဝေး၌ ရပ်နေလေ၏။

အမျိုးသမီးအရာရှိက ဆရာတော်အား လျှောက်ထားလေ၏။

"အရှင်ဘုရား... ခဏအနားယူပါ..၊ တပည့်တော် ဘုရင်မဆီ အကျိုးအကြောင်း လျှောက်ထားပေးပါမယ်ဘုရား...."

ထန်စန်းကျွမ်းဆရာတော်က ခေါင်းညိတ်၏။

"ကောင်းပါပြီ"

အမျိုးသမီးအရာရှိသည် ဂေဟာထဲမှ ထွက်သွားသည်။ သူသည် နန်းတော်သို့ မြင်းစီး၍ ထွက်ခွာသွားသည်။ ဧည့်ကြိုဂေဟာနှင့် နန်းတော်သည် အတော်ကွာလှမ်းသေး၏။

အမျိုးသမီးသည် နန်းတော်ရှေ့သို့ ရောက်သောအခါ မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းပြီး နန်းတော်ထဲသို့ ခြေလှမ်းသုတ်သုတ်ဖြင့် ဝင်ရောက်သွားသည်။ သူမက အကျိုးအကြောင်းလျှောက်ထားလေ၏။

"အရှင်မဘုရား... ထန်နိုင်ငံက ဘုန်းတော်ကြီးတစ်ပါးနဲ့ ကပ္ပိယသုံးယောက် ရောက်ရှိနေပါတယ်..၊ သူတို့က မဇ္ဈိမဒေသကို ခရီးဆက်ဖို့အတွက် ပြည်ကျော်ခွင့်လက်မှတ်ကို လာတောင်းတာပါ..."

သူမက စကားဆက်သည်။

"ကျွန်တော်မျိုးမက သူတို့ကို လွှတ်မပေးဝံ့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့အားလုံး ယောကျ်ားသားတွေ ဖြစ်နေလို့ပါ"

ဘုရင်မ၏ မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွား၏။



"ညတုန်းက ကျွန်ုပ်အိပ်မက် မက်တာနဲ့ အကိုက်ဖြစ်သွားပြီပေါ့"

"ဘာများတုန်း အရှင်မ"

"ညတုန်းက အိပ်မက်မက်တယ်၊ ဒေါင်းဖိုတစ်ကောင်ဝင်လာတယ်၊ အခန်းတစ်ခုလုံး ရွှေရောင်ငွေရောင်တွေ လွှမ်းနေတာ အိပ်မက်မက်တယ်၊ ဒါဟာ မင်္ဂလာရှိတဲ့ အိပ်မက်ပဲ၊ အခုကြည့်စမ်း ဘုန်းကြီးတစ်ပါးရောက်လာတာပဲ"

ဘုရင်မသည် သူမအနီးတွင် ခစားနေသော အမျိုးသမီးအမတ်ကြီးတစ်ဦးအား မေးလိုက်၏။

"အမတ်ကြီး.. အဲဒီအိပ်မက်ကို အဓိပ္ပာယ်ကောက်စမ်း၊ ကျွန်ုပ်ကိုတင်ပြစမ်း..."

အမျိုးသမီး အမတ်ကြီးက လက်အုပ်ချီပြီး–

"မှန်လှပါ၊ အရှင်မ မြင်မက်တဲ့အိပ်မက်ဟာ အင်မတန်မင်္ဂလာရှိတဲ့အိပ်မက်ပါ၊ ဒေါင်းဖိုဝင်တယ်ဆိုတော့ အခုလည်း အင်မတန် မင်္ဂလာရှိတဲ့ ဘုန်းတော်ကြီး ဝင်လာခြင်းဖြစ်ပါတယ်၊ အရှင်မ ဖူးစာဆုံမယ့်အတိတ်နိမိတ် ပါပဲဘုရား..."

ဘုရင်မသည် အလွန်ဝမ်းသာသွား၏။

သူမက အမျိုးသမီး အရာရှိအား မေးမြန်းလိုက်၏။

"အခုရောက်လာတဲ့ ဘုန်းတော်ကြီးရဲ့ရုပ်သွင်ဟာ ဘယ်လို ရှိသလဲ"

အမျိုးသမီးအရာရှိက–

"ဘုန်းတော်ကြီးနဲ့အတူ ပါလာတဲ့ ကပ္ပိယသုံးယောက်လောက် အကျည်းတန်ရုပ်ဆိုးတဲ့လူ ရှိတောင်မှ ရှိမယ် မထင်ပါဘူး၊ ဒါပေမယ့် ဦးစီးဦးဆောင်ဖြစ်တဲ့ ဘုန်းတော်ကြီးကတော့ ယောကျ်ားပီသလှပါတယ်၊ အင်မတန်မှ ကျက်သရေရှိလှပါတယ် အရှင်မ...."

ဘုရင်မသည် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေ၏။

"ဒါဆိုရင် ဟန်ပြီ၊ ဘုန်းတော်ကြီးကို မလွှတ်တော့ဘူး၊လက်ထပ်ပြီး သူ့ကို ဘုရင်အရိုက်အရာကို ပေးလိုက်မယ်၊ ဒါဆိုရင် ငါတို့နိုင်ငံမှာ

ယောကျ်ားတွေ ပေါ်ထွန်းလာမှာဖြစ်တယ်၊ မျိုးဆက်သစ် ပွားများလာမှာပေါ့"

အမျိုးသမီးမှူးမတ်များမှာ နန်းတော်အပြည့်ခစားနေရကား ထိုမှူးမတ်များက သင့်မြတ်လှပါကြောင်း လျှောက်ထားကြတော့၏။

"ဘုရင်မရဲ့ အကြံဉာဏ်ဟာ အလွန်ပဲသင့်မြတ်လှပါတယ်"

အမျိုးသမီးအမတ်တစ်ပါးသည် ရှေ့သို့တိုးလာပြီး-

"အရှင်မက ဒီလို သဘောမျိုး ရှိတယ်ဆိုရင် အောင်သွယ်တော်လိုလာပြီပေါ့.....၊ ကျွန်တော်မျိုးမက အောင်သွယ်တော်အဖြစ် ဆောင်ရွက်ဖို့ တာဝန်ယူပါတယ် အရှင်မ ...၊ ဒီကိစ္စမှာ အောင်သွယ်တော် မပါရင် ဘယ်လိုမှ အထမြောက် အောင်မြင်မှာ မဟုတ်ပါဘူး"

ဘုရင်မက ဝမ်းသာသွားသည်။

"မှန်ပေတယ်၊ အောင်သွယ်တော်ပါမှ ဖြစ်ပေမယ်၊ သင်ဟာပညာတတ်မှူးမတ်တစ်ယောက်ဖြစ်တဲ့အတွက် သင့်ကိုအောင်သွယ်တော်အရာရှိအဖြစ် ခန့်အပ်လိုက်တယ်"

အမျိုးသမီးမှူးမတ်က-

"ကျွန်တော်မျိုးမ အခုပဲ လိုက်သွားလိုက်ပါမယ်..."

"ကောင်းပြီ၊ သင်...အောင်သွယ်တော်ပြုရမယ့်ကိစ္စကို အဆင်ပြေစွာ ဆောင်ရွက်စေ..."

အမျိုးသမီးမှူးမတ်သည် အမျိုးသမီးအရာရှိနှင့်အတူနန်းတော်ထဲမှ ထွက်ခွာသွား၏။

ထန်စန်းကျွမ်းဆရာတော်သည် အမျိုးသမီးအရာရှိပြန်အလာကို စောင့်ဆိုင်းနေရသည်။ အတန်ကြာစောင့်ဆိုင်းနေသော်လည်း အမျိုးသမီးအရာရှိသည် ပေါ်မလာချေ။ သူသည် စွန်းဟိန်ကျဲအားလှည့်ကြည့်လေ၏။

"ဂူခုံ... အမျိုးသမီးအရာရှိသွားတာ အတော်ကြာပြီ၊ ခုထိရောက်မလာသေးပါလား"

စွန်းဟိန်ကျဲက ပြုံးလိုက်၏။

"ဆရာ ဇာတာ စန်းလဂ်တက်လာပြီနဲ့ တူတာပဲဆရာ"

ထန်စန်းကျွမ်း ဆရာတော်သည် ထိတ်လန့်သွား၏။



"မင်း ဘာသဘောနဲ့ ပြောလိုက်တာလဲ ဂူခုံ"

"မယုံရင် ကြည့်နေဆရာ....၊ ဒီအရာရှိပြန်လာရင် အောင်သွယ်တော် ပါလာပါလိမ့်မယ်..."

ဆရာတော်သည် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"ဟင်... ဟုတ်လား...၊ ငါ ဘာလုပ်ရမှာလဲ"

စွန်းဟိန်ကျဲက-

"ဘာမှ လုပ်စရာမလိုပါဘူး၊ အောင်သွယ်က လာပြောရင် ဆရာက ခေါင်းညိတ်လိုက်ပေါ့..."

ဆရာတော် ဒေါသဖြစ်သွားသည်။

"ဂူခုံ... မင်းဒီလိုပေါက်ကရတွေပြောမနေပါနဲ့၊ ဒီလောကီကိစ္စတွေ ငါနားမလည်ဘူး"

စွန်းဟိန်ကျဲက ရယ်သည်။

"ဆရာရယ်... ဘုရင်မကို ယူလိုက်ရင် ဘုရင်ဖြစ်တာပဲ၊ ဒါဟာကောင်းတဲ့အလုပ်ပဲ၊ ဆရာ လူထွက်ပြီး ဘုရင်မကို ယူလိုက်ပေါ့.."

ဆရာတော်က ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"ငါ့ကို ထန်ဘုရင်မင်းမြတ်က တာဝန်ပေးအပ်လိုက်တယ်၊ ဒီတာဝန်ကိုလည်း ငါက ကျေကျေနပ်နပ်ထမ်းဆောင်ချင်တယ်၊ ပိဋကတ်တော်တွေ ပင့်ရမယ့်ကိစ္စကိုး၊ ငါပြန်လာမယ့်ရက်ကို ဘုရင်မျှော်နေမှာ အမှန်ပဲ၊ ငါ ပြန်မသွားဘဲ ဒီမှာ ဘယ်လိုမှ ဘုရင်အဖြစ်မစိုးစံနိုင်ဘူး ဂူခုံ....."

"ဒီအတွက်တော့ မပူပါနဲ့ဆရာ.... ဆရာတော်ရဲ့ တပည့်သုံးယောက်ဟာ ဆရာ့ကိုယ်စား မြတ်စွာဘုရားရဲ့ ပိဋကတ်သုံးပုံကို သွားရောက်ပင့်ဆောင်ပြီး ထန်နိုင်ငံကို ပို့လိုက်ပါမယ်"

ဆရာတော်က ခေါင်းယမ်းလိုက်သည်။

"တော်စမ်း ဂူခုံ... ငါဟာ ထန်ဘုရင်မင်းမြတ်ကို ပိဋကတ်တော်တွေ ပင့်ဆောင်လာခဲ့ပါမယ်လို့ ကတိပေးခဲ့ပြီ၊ ငါဟာ ဒီကတိကို မဖျက်နိုင်ဘူး၊ ကတိသစ္စာမတည်ကြည်တဲ့အလုပ်ကို ငါဘယ်တော့မှ မလုပ်ဘူး"

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"အလကား ပြောတာပါ ဆရာရယ်၊ ဆရာကိုလည်း ဘုရင်က

တာဝန်ပေးခဲ့တယ်၊ တပည့်တော်ကိုလည်း မြတ်စွာဘုရားက ဗျာဒိတ်ပေးပြီး၊ ကွမ်းယင်မယ်တော်က တာဝန်ပေးနိုင်းခဲ့တယ်၊ တပည့်တော်တို့ ဒီတာဝန်ကို မဖြစ်ဖြစ်အောင်ထမ်းဆောင်ကြရမှာပါ..၊ ဆရာ့စိတ်ကို စမ်းကြည့်တာပါ...."

ဆရာတော်က–

"အင်း...မင်းပြောသလို အောင်သွယ်တော်ပါလာရင် ငါဘာလုပ်ရမလဲ ဝူခုံး"

"အောင်သွယ်တော်ပြောတာကို လက်ခံလိုက်ပါဆရာ၊ သူတို့ခေါ်ရာကို လိုက်သွားလိုက်ပါ၊ နန်းတော်ရောက်ရင် တပည့်တော်တို့ သုံးယောက်အတွက် ပြည်ကျော်ခွင့်လက်မှတ်ရေးထိုးပြီး တံဆိပ်ရိုက်ပေးပါစေ...၊ အဲဒါတွေ ထုတ်ပေးပြီးရင် တပည့်သုံးယောက်ကို မြို့ပြင်အထိ လိုက်ပို့ပေးပါရစေလို့ တောင်းဆိုပါ၊ သူတို့က ကျေကျေနပ်နပ် ခွင့်ပေးမှာပါ....၊ အဲဒီအခါမှာ နန်းတော်တစ်ခုလုံး အခြေအရံ အကုန်လုံး လိုက်ပို့ကြမှာပါ၊ မြို့ပြင် ရောက်တာနဲ့ တပည့်တော် သူတို့ကို မလှုပ်ရှားနိုင်အောင် ဖန်ဆင်းလိုက်ပါမယ်၊ ဒီလိုဆိုရင် ဆရာ... တပည့်တော်တို့နဲ့ လိုက်လို့ရပြီပေါ့...."

ဆရာတော်သည် ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။

စွန်းဟိန်ကျဲက–

"ဆရာလည်းလွတ် .... တပည့်တော်တို့လည်း လွတ်၊ အားလုံးလွတ်တာပေါ့"

"ဒီအကြံ ကောင်းတယ်"

ဆရာတော်သည် မျက်မှောင်ကုတ်လိုက်ပြီး–

"ဟာ...ရှုပ်ပါတယ်တပည့်ရာ၊ ငါငြင်းလိုက်မယ်၊ တစ်ခါတည်းပြီးရောပေါ့...."

စွန်းဟိန်ကျဲက ခေါင်းယမ်း၏။

"ဆရာ မှားနေပြီ၊ ဆရာက ငြင်းလိုက်တာနဲ့ ဘုရင်မစိတ်ဆိုးတော့မှာပေါ့၊ တစ်တိုင်းပြည်လုံးနဲ့ ဆန့်ကျင်ရတာကောင်းလှတာမဟုတ်ပါဘူးဆရာ၊ နောက်ပြီး ဘုရင်မက ပြည်ကျော်ခွင့်ကိုလည်း လက်မှတ်



ထိုးပေးမှာ မဟုတ်ဘူး၊ တပည့်တော်တို့နဲ့ တစ်ပြည်လုံး စစ်ဖြစ်ရမယ့်ကိန်းဆိုက်သွားမှာဆရာ၊ ဒါကြောင့် ဆရာ မငြင်းပါနဲ့၊ လက်ခံလိုက်ပါဆရာ"

ဆရာတော်သည် တွေဝေစဉ်းစားနေ၏။

"သူတို့ဟာ လူသားတွေပါဆရာ.... တပည့်တော်တို့ကတော့ ထိုက်သင့်သလောက် တန်ခိုးဣဒ္ဓိပါဒ် ရှိနေပါတယ်၊ သူတို့အားလုံးသေကုန်ကြပါလိမ့်မယ်၊ နောက်ပြီး မိန်းမသားတွေချည်းပဲဆရာ..၊ အပြစ်မဲ့တဲ့ သူတွေကို သတ်မိရင် ကုသိုလ်ဖြစ်မလား၊ ငရဲ ရမလားဆိုတာတော့ ဆရာပဲ စဉ်းစားပါတော့...."

ဆရာတော်သည် သဘောပေါက်နားလည်သွားလေ၏။

စွန်းဟိန်ကျဲက ပြုံးလိုက်ပြီး–

"စိတ်ချပါဆရာ.. ဆရာရယ် တပည့်တော်တို့သုံးယောက်ရယ်၊ ပေါင်းလေးယောက် ဆက်လက် ခရီးထွက်ရမှာပါဆရာ၊ သူတို့ကိုမလှုပ်နိုင်အောင် တပည့်တော်လုပ်ခဲ့ပါမယ်"

"ကောင်းပါပြီ၊ ဝူခုံး....မင်းအကြံအတိုင်း ငါလိုက်နာပါမယ်"

ထန်စန်းကျွမ်းဆရာတော်သည် စွန်းဝူခုံး၏ အတွေးအခေါ် မြင့်မားပုံကို ချီးကျူးမိလေ၏။ ကိုယ်တော်တိုင်ကား လောကီကိစ္စများကို မသိသဖြင့် မတွေးတတ်နိုင်ခဲ့ပေ။

✹ ✹ ✹ ✹ ✹ ✹ ✹

## အခန်း (၁၄၅)

## ကြားဖြတ်အန္တရာယ်

ထန်စန်းကျွမ်းဆရာတော်နှင့် စွန်းဟိန်ကျဲတို့ စကားပြောနေစဉ် အမျိုးသမီးအရာရှိနှင့် အောင်သွယ်တော်တို့ ရောက်ရှိလာကြလေ၏။

အမျိုးသမီးအရာရှိသည် အောင်သွယ်တော်အား ဆရာတော်နှင့် မိတ်ဆက်ပေးလေ၏။

အောင်သွယ်တော် အမျိုးသမီးသည် ဆရာတော်၏ တင့်တယ်လှသော ရုပ်ရည်ကိုမြင်သောအခါ အလွန်သဘောကျသွား၏။ ဘုရင်မနှင့် လွန်စွာလိုက်ဖက်တင့်တယ်လှကြောင်းလည်း တွေးမိသည်။

သူမသည် ဆရာတော်ရှေ့တွင် ထိုင်ချလိုက်၏။ ထို့နောက် အောင်သွယ်စကား စတင်ပြောဆိုတော့သည်။

ထန်စန်းကျွမ်းဆရာတော်မှာ ထိုကဲ့သို့ လောကီရေးရာစကားများကို တစ်ကြိမ်တစ်ခါမျှ မကြားဖူးချေ။ ဆရာတော်သည် မျက်နှာနီရဲကာ ခေါင်းငုံ့သွားသည်။

အောင်သွယ်တော်က ဆက်လက်ပြောဆိုနေသည်။

" တပည့်တော်ရဲ့ ဘုရင်မဟာ အလွန်ရုပ်ရည်ချောမောလှပါတယ်၊ ဆရာတော်တွေ့ရင် သဘောကျသွားမှာပါ၊ အရှင်ဘုရား လူဝတ်လဲ



ပြီး ထိမ်းမြားလိုက်မယ်ဆိုရင် နေနဲ့လ၊ ရွှေနဲ့မြလို တင့်တယ်သွားမှာပါ၊ ထိမ်းမြားပြီးရင် အရှင်ဘုရားကို တိုင်းပြည်အာဏာအပ်နှင်းပြီး ဘုရင်အဖြစ်တင်မြှောက်မယ်လို့ အရှင်မက အမိန့်တော်ရှိခဲ့ပါတယ် "

ဆရာတော်သည် ခေါင်းမဖော်ရဲတော့ပေ။ ဤစကားများကို တစ်သက်နှင့်တစ်ကိုယ် သူ မကြားဖူးခဲ့သည် မဟုတ်ပါလော။

စွန်းဟိန်ကျဲက ကြားဖြတ်ပြောလိုက်ရ၏။

" ဘုရင်မက ဒီလောက်စိတ်ဆန္ဒရှိနေရင်လည်း ကျုပ်ရဲ့ ဆရာက လိုက်လျောလက်ခံရမှာပေါ့ "

အောင်သွယ်တော် မှူးမတ်အမျိုးသမီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေ၏။

သူမက ဆရာတော်အား ကြည့်၍ -

" ကာယကံရှင်ကလည်း လက်ခံသဘောတူဖို့ လိုပါတယ်၊ အရှင်ဘုရားကလည်း လက်ခံသဘောတူတယ် မဟုတ်လား "

ဆရာတော်က ခေါင်းညိတ်လိုက်၏။

အမျိုးသမီးက ရယ်မောပြီး -

" ကောင်းပါပြီ၊ တပည့်တော် ဘုရင်မဆီပြန်ပြီး အောင်မြင်ခဲ့ကြောင်း သံတော်ဦးတင်ရပါမယ်၊ သူကိုယ်တိုင် သတို့သားကို ပန်းရထားနဲ့ လာကြိုပါလိမ့်မယ် "

ကျူးပတ်ကိုင်က ဝင်ပြော၏။

" ကျုပ်တို့ ဆရာကို ခေါ်တာတော့ဟုတ်ပါပြီ၊ ကျုပ်တို့ကလည်း တကယ်ပဲ ဝမ်းသာပါတယ်၊ ဒါဟာမင်္ဂလာပွဲပဲ၊ မင်္ဂလာထမင်းတော့ ကျွေးသင့်တယ်လို့ ထင်ပါတယ် "

အောင်သွယ်တော် အမျိုးသမီးက ရယ်မောလိုက်၏။

" စိတ်ချပါ၊ သင်တို့အကောင်းဆုံး ထမင်းဟင်းလျာတွေ စားရပါစေမယ် "

သူမသည် ထွက်ခွာသွားလေ၏။

ဘုရင်မသည် အောင်သွယ်တော် အမျိုးသမီး လာရောက်ပို့မည့် သတင်းကို စောင့်မျှော်နေလေ၏။ ဤသို့ မျှော်နေစဉ် အောင်သွယ်တော်

မှူးမတ်အမျိုးသမီးလည်း ရောက်ရှိလာလေ၏။

ဘုရင်မသည် သတင်းကို အလွန် သိချင်နေသည်။

" ဘယ်လို အခြေအနေရှိသလဲ "

အမျိုးသမီးမှူးမတ်က လက်အုပ်ချီလိုက်၏။

" မှန်လှပါ၊ အရှင်မရဲ့ဘုန်းတော်ကြောင့် ထန်နိုင်ငံကလာတဲ့ ဘုန်းတော်ကြီးဟာ ကျွန်တော်မျိုးမရဲ့ အောင်သွယ်ချက်ကို လက်ခံလိုက်ပါတယ်ဘုရား "

ဘုရင်မသည် အလွန်ဝမ်းသာသွား၏။

" သင်တော်လို့ သူတို့လက်ခံတာပဲဖြစ်မယ်၊ သင့်ကို ဆုတော်လာဘ်တော်တွေချရမယ် "

" ကျေးဇူးတင်လှပါတယ် ဘုရား "

" သင်ဘယ်လိုများ အစီအစဉ်လုပ်ခဲ့သလဲ "

" သူ့ကို ဘုရင်မကိုယ်တိုင် ပန်းရထားနဲ့ ကြိုဆိုဖို့ ပြောဆိုခဲ့ပါတယ်၊ သူရဲ့တပည့်သုံးယောက်ကိုတော့ ပြည်ကျော်ခွင့်လက်မှတ်ရေးထိုးတံဆိပ်တုံးရိုက်နှိပ်ပြီး ပြန်လွှတ်ဖို့ ပြောဆိုစီစဉ်ခဲ့ပါတယ်ဘုရား "

" သင့်ရဲ့အစီအစဉ်တွေ လျော်ကန်သင့်မြတ်လှတယ် "

ဘုရင်မသည် ရာဇပလ္လင်ပေါ်၌ မတ်တတ်ရပ်လိုက်၏။

" တခြား လျှောက်ထားစရာ မရှိရင် ညီလာခံကို ရုပ်သိမ်းမယ်၊ သတို့သားလောင်းကို သွားကြိုဆိုရမယ် "

အောင်သွယ်တော်အမျိုးသမီးမှူးမတ်က လျှောက်တင်လေ၏။

" ကျွန်တော်မျိုးမ သံတော်ဦးတင်စရာ တစ်ခုကျန်ပါသေးတယ် ဘုရား "

" တင်စေ "

" ဘုန်းတော်ကြီးရဲ့ တပည့်တစ်ယောက်က သူ့တို့ကို မင်္ဂလာထမင်းကျွေးပါလို့ တောင်းဆိုနေပါတယ် ဘုရား "

ဘုရင်မက ရယ်မောလိုက်၏။

" ကောင်းပြီ၊ သူတို့ကို ဥယျာဉ်တော်ထဲမှာ မင်္ဂလာညစာ တည်ခင်းကျွေးလိုက်ပါ၊ နန်းတော်ထဲက အရာရှိ အရာခံတွေလည်း ဒီညစာ



စားပွဲကို တက်ပါစေ "

" ကောင်းလှပါပြီ အရှင်မ "

ဘုရင်မသည် တစ်စုံတစ်ခုကို သတိရလာသည်။ အောင်သွယ်တော်အမျိုးသမီးအား ကြည့်ပြီးမေးသည်။

" ဒါနဲ့ သတို့သားလောင်းရဲ့ ရုပ်ရည်ကရော "

အမျိုးသမီးမှူးမတ်က ဦးညွတ်လိုက်၏။

" သူဟာ နိုင်ငံကြီးသားတစ်ယောက် ပီသလွန်းပါတယ် အရှင်မ၊ ရုပ်ရည်ဟာ အလွန်ပဲ ကျက်သရေရှိလှပါတယ် "

ဘုရင်မသည် သဘောကျသွားလေ၏။

သူမသည် ပြုံး၍ ညီလာခံကို ရုပ်သိမ်းလိုက်၏။

ညနေဆည်းဆာအချိန်တွင် နေလုံးကြီးသည် အနောက်မိုးကုပ်စက်ဝိုင်းတွင် မေးတင်နေလေပြီ။

ထိုအချိန်တွင် ဘုရင်မသည် ပန်းရထားဖြင့် ဧည့်ကြိုဂေဟာသို့ ရောက်ရှိလာလေ၏။

ထန်စန်းကျွမ်းဆရာတော်နှင့် ဇွန်းဟိန်ကျဲတို့သည် ဧည့်ကြိုဂေဟာမှထွက်၍ ကြိုဆိုကြရလေ၏။

ဘုရင်မသည် ထန်စန်းကျွမ်းဆရာတော်၏ ရုပ်ရည်ကိုမြင်သောအခါ ရင်သိမ့်သိမ့်ခုန်ပြီး အလွန်ဝမ်းသာ ကြည်နူးသွား၏။ ဆရာတော်၏ ရုပ်ရည်မှာ မည်သူနှင့်မျှမတူအောင် ချောမောလျက် ကျက်သရေရှိလှသည် မဟုတ်ပါလော။

ကျူးပတ်ကိုင်မှာလည်း ဘုရင်မ၏ ချောမောလှသော ရုပ်ရည်ကို ကြည့်ကာ သွားရည်များပင် ကျမိသည်။ ဘုရင်မသည်လည်း အလွန်ချောမောလှပလှပေသည်။ အကယ်၍ ထန်စန်းကျွမ်းဆရာတော်သာ လူထွက်၍ ဘုရင်မနှင့် လက်တွဲမည်ဆိုလျှင် နေနှင့်လ၊ ရွှေနှင့်မြကဲ့သို့ လိုက်ဖက်တင့်တယ်လှပေသည်။

ဇွန်းဟိန်ကျဲနှင့် အမျိုးသမီးအရာရှိတို့က ဆရာတော်ကို ပန်းရထားပေါ်သို့ တင်ပေးလိုက်၏။

ထို့နောက် သူတို့ တပည့်သုံးယောက်၊ အမျိုးသမီး အရာရှိနှင့်

အောင်သွယ်တော် အမျိုးသမီး မှူးမတ်တို့သည် ပန်းရထားနောက်မှ လျှောက်လိုက်သွားကြရသည်။ သူတို့သည် နန်းတော်အထိရောက်အောင် လမ်းလျှောက်ကြရသည်။

ယင်းအချိန်မှာ နေဝင်နေပြီဖြစ်ရာ နန်းတော်တစ်ခုလုံး ဆီမီးများ ထွန်းညှိထားလေပြီ။ ဆီမီးရောင်ဖြင့် ထိန်လင်းနေပေပြီ။

ထိုအချိန်တွင် ဥယျာဉ်တော်ထဲ၌လည်း မင်္ဂလာညစာ တည်ခင်းရန် အဆင်သင့်ဖြစ်နေလေပြီ။ ဥယျာဉ်တော်ထဲ၌ ဝန်မင်း၊ မှူးမတ်အားလုံးရောက်ရှိနေကြသည်။ အားလုံးအမျိုးသမီးချည်းသာ ဖြစ်သည်။

စွန်းဟိန်ကျဲ၊ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့ကိုလည်း အမျိုးသမီးအရာရှိသည် စားပွဲတစ်လုံးတွင် နေရာချထားပေးလေ၏။

ထန်စန်းကျွမ်းဆရာတော်သည် သက်သတ်လွတ်စားသူ ဖြစ်၍ သူသည် သီးသန့်စားပွဲဝိုင်းတွင် နေရာချထားပေးသည်။

ထန်စန်းကျွမ်းဆရာတော်အား ဘုရင်မကိုယ်တိုင် ဆွမ်းဆက်ကပ်သည်။ ဆရာတော်သည် လှူထွက်ရပေဦးမည်။

ညစ်ခံပွဲပြီးဆုံးသွားသောအခါ ဆရာတော်အား သီးသန့်အခန်းနှင့်ထားသည်။ ဘုရင်မက ဆရာတော်အား မေးလျှောက်လေ၏။

" အရှင်ဘုရား၊ ဘယ်အချိန်မှာ လှူဝတ်လဲမှာလဲ ဘုရား "

ထန်စန်းကျွမ်းဆရာတော်က လက်အုပ်ချီလိုက်၏။

" ဘုရင်မ ကျွန်ုပ်ရဲ့ တပည့်တွေကို ပြည်ကျော်ခွင့် လက်မှတ်ထိုးပြီး၊ တံဆိပ်တုံး ရိုက်နှိပ်ပေးလိုက်ပါဦး "

" ရိုက်ပြီးပါပြီ၊ ပေးပြီးပါပြီဘုရား "

" သူတို့ကို မနက်ဖြန် မနက်မှာ ကျွန်ုပ်ကိုယ်တိုင် မြို့ပြင်အထိ ကိုယ်တိုင် လိုက်ပို့ပါရစေ၊ သူတို့ကို ပို့ပြီးမှ လှူဝတ်လဲရင်လည်း နောက်မကျပါဘူး "

" ကောင်းပါပြီ၊ အရှင်ဘုရား အလိုရှိရာ ဖြစ်ပါစေ့မယ် "

ဤသို့ဖြင့် တစ်ညတာကုန်လွန်သွားလေ၏။

ဘုရင်မသည် ညီလာခံ ခန်းမသို့ ရောက်ရှိလာ၏။

ထန်စန်းကျွမ်းဆရာတော်နှင့် တပည့်သုံးယောက်တို့သည်လည်း တစ်ပါတည်း ရောက်ရှိလာသည်။



စွန်းဟိန်ကျဲတို့လည်း ပြည်ကျော်ခွင့်လက်မှတ်များကို စစ်ဆေးကြည့်သည်။ အားလုံးတံဆိပ်ရိုက်နှိပ်ပြီးလေပြီ၊ လက်မှတ်လည်း ထိုးပြီးလေပြီ။

" ကဲ ဆရာတော်ရဲ့တပည့်သုံးယောက်ကို မြို့ပြင်အထိ လိုက်ပို့ကြစို့ "

ဘုရင်မက အမိန့်ပေးလိုက်သောအခါ သူတို့သည် တခမ်းတနား မြို့ပြင်သို့ ထွက်လာကြလေတော့၏။ မြို့ပြင်သို့ရောက်သောအခါ စွန်းဟိန်ကျဲနှင့် တပည့်နှစ်ယောက်တို့က နှုတ်ဆက်ကြ၏။

စွန်းဟိန်ကျဲက ဆရာတော်အား အချက်ပြ၏။

ဆရာတော်သည် ပန်းရထားပေါ်မှ ခုန်ဆင်းလိုက်သည်။

ဘုရင်မသည် လွန်စွာအံ့အားသင့်သွားလေ၏။

" အရှင်ဘုရား ဒါ ဒါ ဘာလုပ်တာလဲ "

ဆရာတော်က လက်အုပ်ချီပြီး ပြောကြားသည်။

" ဒကာမကြီး ကျွန်ုပ်ကို ခွင့်လွှတ်ပေတော့၊ ကျွန်ုပ်ဟာ ပိဋကတ်သုံးပုံပင့်ဆောင်မယ့် ဆရာတော်ပါ၊ ကျွန်ုပ်တို့ ဒီပြည်ကို လွယ်ကူစွာ ဖြတ်ကျော်နိုင်ဖို့ ကျွန်ုပ်ဟာ မုသာဝါဒကို သုံးခဲ့ရပါတယ်၊ ဘုရင်မ ခွင့်လွှတ်ပါတော့ "

ထိုအချိန်တွင် မိန်းကလေးတစ်ယောက်သည် လူအုပ်ကြားမှ ပြေးထွက်လာတော့၏။

"ဟင်း ဟင်း ဟင်း၊ထန်စန်းကျွမ်းဆရာတော်သင်ဘယ်ပြေးမလဲ"

သူမသည် ပြောရင်းဆိုရင်း လေပွေတစ်ခုအဖြစ်သို့ ကူးပြောင်းသွားကာ ဆရာတော်အား ရစ်ပတ်ပြီး လေပွေထဲသို့ ခေါ်ဆောင်သွားလေတော့၏။

စွန်းဟိန်ကျဲသည် ဘုရင်မတို့လူစု လိုက်မလာစေရန် ဟန့်တားမည်အပြုတွင် လေပွေတစ်ခု တိုက်လာကြောင်း တွေ့ရသဖြင့် ဆရာတော်အား ကာကွယ်ရန် ကြည့်လိုက်ကြသည်။ ထိုအခါ ဆရာတော်သည် မရှိတော့ချေ။

သူသည် လက်ဝါးဖြင့် မိုးကာ၍ ကြည့်လိုက်သောအခါ ခရမ်းရောင်မီးခိုးတန်း လေပွေသည် အနောက်ဘက်သို့ ပျံသန်းသွားကြောင်း တွေ့ရှိလိုက်ရ၏။

" ငါ့ညီတို့ ဆရာကို ဘီလူးဖမ်းသွားပြီ၊ မြင်းကိုပါ တစ်ပါတည်း တိမ်တိုက်စီးရအောင်ခေါ်ပါ၊ ငါတို့ အမြန်လိုက်ကြမယ် "

စွန်းဟိန်ကျဲက ပြောသောအခါ ကျူးပတ်ကိုင်က ပြန်လှန်စောဒကတက်လေ၏။

" အစ်ကိုကြီး မြင်းကိုတိမ်တိုက်စီးရအောင် ခေါ်ဖို့ခက်ပါတယ်၊ မြင်းဟာ .... "

စွန်းဟိန်ကျဲက -

" မြင်းဟာ နဂါးကဖန်ဆင်းထားတဲ့မြင်းကွ၊ သူ့ဘာသာသူလည်း တိမ်တိုက်စီးနိုင်တယ်၊ စကားမရှည်နဲ့၊ မြင်းကိုပါ ခေါ်ခဲ့ "

သူတို့သည် တိမ်တိုက်ပေါ်သို့ ခုန်တက်သွားကြလေ၏။ ဘုရင်မတို့ လူစုမှာ ထိုအခါကျမှ စွန်းဟိန်ကျဲတို့သည် တန်ခိုးရှင်များဖြစ်ကြောင်း သိလိုက်ရသည်။ ထို့ကြောင့် သူမတို့အားလုံး ဒူးတုပ်လျက် ရှိခိုးကန်တော့ရင်း ကျန်ရစ်တော့သည်။

✻ ✻ ✻ ✻ ✻ ✻ ✻

## အခန်း (၁၄၆)

## နက္ခတ်တာရာနတ်မင်း

စွန်းဟိန်ကျဲတို့သည် တိမ်တိုက်ကိုစီးကာ မီးခိုးတန်းလေပွေ ပျံသန်းရာသို့ အမီလိုက်သွားကြ၏။ မကြာမီ ထိုလေပွေသည် မြင့်မားသောတောင်တန်းတစ်ခုရှိရာသို့ ထိုးကျသွားကြောင်း တွေ့မြင်လိုက်ကြရသည်။

သူတို့သည် လေပွေနှင့် ရှေ့ဆင့်နောက်ဆင့် ဆင်းလိုက်ကြသော်လည်း လေပွေအား မတွေ့ရတော့ချေ။

ကျူးပတ်ကိုင်က -

" လေပွေပျောက်သွားပြီ အစ်ကိုကြီး "

စွန်းဟိန်ကျဲက -

" ဒီနေရာကို ထိုးကျသွားတာ အသေအချာမြင်လိုက်တာပဲ၊ ဒီနားတစ်ဝိုက်မှာပဲ ရှိရမယ် "

သူတို့သည် ထိုနေရာတစ်ဝိုက်တွင် လိုက်လံရှာဖွေကြလေ၏။ မကြာမီ လိုဏ်ဂူတစ်ခုအား တွေ့မြင်ကြရသည်။ ကျောက်နံရံတွင် စာတန်းတစ်ခုရေးထိုးထား၏။

" ဗျပ်စောင်းလိုဏ်ဂူ "

ထိုလိုဏ်ဂူမှာ အလွန်ပြောင်လက်သော ကျောက်တောင်တစ်ခု၏ နံရံတွင် ရှိနေသည်။

စွန်းဟိန်ကျဲက –

" မဟုတ်မှလွဲရော ဘီလူးဟာ လိုဏ်ဂူထဲမှာပဲ ရှိနေရမယ် "

သူက ဆက်ပြော၏။

" ကျူးပတ်ကိုင် မင်းရယ်၊ ဆားဂူကျိန်းရယ်၊ မြင်းရယ် လိုဏ်ဂူနဲ့ မနီးမဝေးအရပ်မှာနေကြ၊ ငါလိုဏ်ဂူထဲကို သွားစုံစမ်းလိုက်မယ် "

ကျူးပတ်ကိုင်နှင့် ဆားဂူကျိန်းတို့သည် မြင်းကြီးအား ဆွဲခေါ်လျက် သစ်ပင်များအကြား၌ သွားရောက်ပုန်းကွယ်နေလိုက်ကြသည်။

စွန်းဟိန်ကျဲကမူ ပိတုန်းတစ်ကောင်အဖြစ် ဖန်ဆင်းပြီး လိုဏ်ဂူထဲဝင်ရန် အပေါက်ကို လှည့်ပတ်ပျံသန်းရှာဖွေတော့သည်။ လိုဏ်ဂူ၏ ထိပ်ပိုင်းတွင် အပေါက်တစ်ခုရှိနေကြောင်းတွေ့ရသဖြင့် ထိုအပေါက်ထဲမှ တိုးဝင်သွားသည်။

လိုဏ်ဂူအတွင်း၌ ကျယ်ဝန်းသပ်ရပ်လှသည်။ သူသည် ထန်စန်းကျမ်းဆရာတော်ကိုလည်း တွေ့ရသည်။ အဝတ်အစားသစ်လွင်စွာ ဝတ်ဆင်ထားသည့် နန်းတွင်းသူတစ်ဦးကဲ့သို့သော အမျိုးသမီးတစ်ဦးကိုလည်း တွေ့ရသည်။

အမျိုးသမီးသည် ဆရာတော်အား မြှူဆွယ်နေသည်။

" ဘုန်းကြီးလုပ်ရတာ ဘယ်လောက်ပင်ပန်းတယ်ဆိုတာ အစ်ကို အသိဆုံးပါ၊ ကျွန်မတို့ နိုင်ငံဟာ စီးလျှံနိုင်ငံလောက် မချမ်းသာ မကြွယ်ဝပေမယ့် သောကကင်းဝေးပြီး အေးအေးဆေးဆေး နေနိုင်တဲ့ နိုင်ငံပါ၊ အစ်ကို ဘုန်းကြီးဘဝက မထွက်ချင်ဘူးဆိုရင်လည်း ဒီအတိုင်း အေးအေးဆေးဆေးနေလို့ ရပါတယ်ရှင် "

သူမသည် ဆရာတော့်အနီးသို့ ချဉ်းကပ်သွားသည်။

" ကျွန်မနဲ့အတူနေမယ် မဟုတ်လားဟင် "

ဆရာတော်သည် စကားမပြောချေ။ ခေါင်းငုံ့နေ၏။

အမျိုးသမီးသည် ဆရာတော်ထံသို့ တဖြည်းဖြည်း ချဉ်းကပ်သွားလေ၏။



ဆရာတော်သည် အမျိုးသမီး တကယ်ကပ်လာသောအခါ မူလနေရာ၌ ရပ်နေ၍ မရတော့ပေ။ တဖြည်းဖြည်းနောက်ဆုတ်ရလေတော့၏။

စွန်းဟိန်ကျဲသည် ထိုမိန်းမကို လွန်စွာဒေါသဖြစ်လေ၏။

" ဘီလူးမ ယုတ်မာလိုက်တာ၊ ဆရာ့ကိုဖျက်ဆီးနေတယ်၊ သိကြရောပေါ့ "

သူသည် ပိတုန်းတစ်ကောင်အဖြစ်မှ မိမိ၏ နဂိုရုပ်ရည်ကို ဖန်ဆင်းလိုက်တော့၏။ သူသည် နားထဲမှသံတုတ်ကို ဆွဲလိုက်၏။

" အရှက်မရှိတဲ့မိန်းမ သေပေတော့ "

စွန်းဟိန်ကျဲက အော်ဟစ်ခြိမ်းခြောက်လိုက်၏။ သူသည် စကားဆုံးသည်နှင့် တိုက်ခိုက်လေတော့၏။

အမျိုးသမီးက လျင်မြန်လှသည်။ ဘီလူးမဖြစ်ကြောင်း သိသာထင်ရှားလှသည်။ ခက်ရင်းခွလက်နက်ကို ယူ၍ ပြန်လည်ခုခံသည်။

" မျောက်စုတ် ကျွန်ုပ်ရဲ့ဂူထဲကို ကျူးကျူးကျော်ကျော် ဝင်ရောက်ရသလား၊ သင့်ကို ဘယ်သူက ခွင့်ပြုလို့လဲ၊ သင်သေဖို့သာ ပြင်ပေတော့ "

စွန်းဟိန်ကျဲက –

" သင်ဖမ်းလာတာ ဘယ်သူလဲ သိရဲ့လား "

" ဘယ်သူဖြစ်ဖြစ် ကျွန်ုပ် ဂရုမစိုက်ဘူး "

" အဲဒါ ကျွန်ုပ်ရဲ့ ဆရာပဲ၊ ကျွန်ုပ် ဆရာကို ဖမ်းထားတဲ့ အပြစ်အတွက် သင့်ကို ကျွန်ုပ်က သတ်ရပါလိမ့်မယ် "

သူတို့ နှစ်ယောက်သည် သံတုတ်နှင့် ခက်ရင်းခွဖြင့် တိုက်ခိုက်ကြလေ၏။ ပြင်းထန်စွာ တိုက်ခိုက်ကြခြင်း ဖြစ်သည်။ သူတို့သည် တဖြည်းဖြည်းနှင့် လိုဏ်ဂူအပြင်သို့ ရောက်ရှိလာကြ၏။

ကျူးပတ်ကိုင်နှင့် ဆားဂူကျိန်းတို့သည် လိုဏ်ဂူနှင့် မနီးမဝေး သစ်ပင်အကွယ်မှ ကြည့်ရှုနေရာ စွန်းဟိန်ကျဲတို့ တိုက်ခိုက်လာသည်ကို မြင်ကြရလေ၏။

ကျူးပတ်ကိုင်က –

"ဆားဂူကျိန်း သင်မြင်းနဲ့ အထုပ်တွေကို ကြည့်နေပါ၊ ကျွန်ုပ်က

အစ်ကိုကြီးကို သွားကူလိုက်ဦးမယ် "

သူသည် ထွန်ခြစ်ကို ယူ၍ ပြေးထွက် သွားလေ၏။ သူသည် ထွန်ခြစ်ဖြင့် ဝင်ရောက်တိုက်ခိုက်၏။

အမျိုးသမီးက လုံးဝအကြောက်အရွံ့မရှိချေ။ သူမ၏ လက်ထဲ မှ သံခက်ရင်းခွဖြင့် နှစ်ယောက်တစ်ယောက် ရဲဝံ့စွာ တိုက်ခိုက်၏။ သိုင်းကွက်ငါးဆယ်ခန့် တိုက်မိသည့်တိုင် အနိုင်အရှုံးမရှိပါချေ။

အမျိုးသမီးသည် ရုတ်တရက် ကျွမ်းတစ်ပတ်ပစ်လိုက်၏။

စွန်းဟိန်ကျဲမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။ သူ၏ဦးခေါင်းအား အရာဝတ္ထု ထိုးစိုက်လိုက်သကဲ့သို့ နာကျင်မှုပြင်းထန်စွာ ခံစားလိုက်ရသည်။

" အောင်မယ်လေးဗျ "

စွန်းဟိန်ကျဲ နောက်ဆုတ်သွားသည်။

ကျူးပတ်ကိုင်သည် သူတစ်ဦးတည်း အမျိုးသမီးကို မယှဉ်နိုင်မှန်း သိသည်။ ထို့ကြောင့် နောက်ဆုတ်သွားလေ၏။

" ကဲ .... ဘယ်သူ ယှဉ်ရဲသေးသလဲ "

အမျိုးသမီးသည် အော်ဟစ်ကြိမ်းဝါးကာ လိုဏ်ဂူအတွင်းသို့ ပြန်ဝင်သွားလေသည်။

ထိုစဉ် ဆားဝူကျိန်း ပြန်လည်ရောက်ရှိလာလေ၏။

စွန်းဟိန်ကျဲသည် ဦးခေါင်းကို လက်ဖြင့် ကိုင်ကာ ပြောသည်။

" ခေါင်းက နာလိုက်တာကွာ "

ကျူးပတ်ကိုင်က -

" ဆရာ ဂါထာရွတ်နေသလားမှ မသိတာ "

ဆားဝူကျိန်းက -

"အခု ဆရာဒုက္ခရောက်နေတာပဲ၊ ဘာဖြစ်လို့ ဂါထာရွတ်ရမှာလဲ"

" ဒါဖြင့် အစ်ကိုကြီးက ဘာဖြစ်လို့ ခေါင်းကိုက်ရတာလဲ "

" ဘယ်သိမလဲကွ "

စွန်းဟိန်ကျဲက -

" ငါ့ခေါင်းထဲကို တစ်ခုခု ရှူးဝင်သွားသလိုပဲ၊ ဟိုအမျိုးသမီးက



တစ်ခုခုနဲ့ တိုက်ခိုက်လိုက်တယ် ထင်ပါရဲ့ကွာ "

ကျူးပတ်ကိုင်က -

"အစ်ကိုကြီးခေါင်းက အတော်မာတယ်ဆို၊ ဓားနဲ့ခုတ်တာတောင် ဓားမတိုးဘူးလို့ ဆိုတာပဲ၊ အခု အမျိုးသမီး တိုက်ခိုက်တာတော့ မခံနိုင်ဘူးလား "

ထိုစဉ် ကောင်းကင်ယံမှ -

" သင်တို့ ဘာကြောင့် ခရီး ဆက်မထွက်တာလဲ "

သူတို့ သုံးယောက်သည် မော့ကြည့်လိုက်သောအခါ ကွမ်ယင်မယ်တော်ကို တွေ့ကြရလေ၏။

စွန်းဟိန်ကျဲက -

" ကံကောင်းတယ်ဟေ့... ငါတို့ ကွမ်ယင်မယ်တော်ဆီကို မသွားရတော့ဘူး၊ ကန်တော့ကြ ကန်တော့ကြ "

ထိုအခါ သုံးယောက်သား ဒူးထောက်ကန်တော့ကြလေ၏။

စွန်းဟိန်ကျဲက -

" မယ်တော် ကျွန်ုပ်တို့ ခရီးထွက်နေတာပါ၊ ခရီးစဉ်အတွင်းမှာ ဘီလူးမတစ်ကောင် ဆရာတော့်ကို ဖမ်းသွားလို့ ကျွန်ုပ်တို့ လိုက်ရှာကြတာ ဗျပ်စောင်းလိုဏ်ဂူထဲမှာ တွေ့နေရပါပြီ၊ ဒါပေမယ့် ကျွန်ုပ်တို့ ဘီလူးမကို နှိမ်နှင်းလို့မရပါဘူး၊ ဒါကြောင့် မယ်တော်ကူညီပါလို့ မေတ္တာရပ်ခံပါတယ် "

ကွမ်ယင်မယ်တော်က -

" ကျွန်ုပ် သင့်ကို လမ်းညွှန်လိုက်မယ် "

" အမိန့်ရှိပါ မယ်တော် "

"ဝူခုံး သင်နတ်ပြည်အရှေ့ဘက်တံခါးမှဝင်သွားပါ၊ နံနက်အချိန်မှာ တာဝန်ကျနေတဲ့ နက္ခတ်တာရာ နတ်မင်းဆီသွားပြီး အကူအညီတောင်းပါ၊ သူ အကူအညီ ပေးပါလိမ့်မယ် "

ကွမ်ယင်မယ်တော်သည် လမ်းညွှန်ပေးပြီးသည်နှင့် ပျောက်ကွယ်သွားလေ၏။

ကွမ်ယင်မယ်တော် ပျောက်ကွယ်သွားသည်နှင့် စွန်းဟိန်ကျဲလည်း

တစ်ပတ်ကျွမ်းပစ်လိုက်လေ၏။ သူသည် နတ်ပြည်အရှေ့ဘက်မုခ် တံခါးသို့ ရောက်ရှိသွားသည်။ နတ်တစ်ပါးက မုခ်ဝကို စောင့်ရှောက်နေသည်။

သူသည် စွန်းဟိန်ကျဲအား တွေ့သောအခါ နှုတ်ဆက်လိုက်သည်။

" ဟာ တန်ခိုးရှင်ပါလား၊ ဘယ်လိုကနေ ဘယ်လိုရောက်လာတာပါလိမ့်၊ ဒါနဲ့ ထန်စန်းကျွမ်းဆရာတော်နဲ့ ပိဋကတ်သုံးပုံပင့်ဆောင်တဲ့ကိစ္စပြီးသွားပြီလား "

စွန်းဟိန်ကျဲက –

" ဒါတွေထားပါဦး၊ ကျွန်ုပ် နက္ခတ်တာရာနတ်မင်းကို တွေ့ချင်ပါတယ် "

" ပြန်ရောက်ပါတော့မယ်၊ သူတာဝန်ကျလို့ ထွက်သွားတာပါ၊ အခုပဲ ပြန်ရောက်တော့မှာပါ "

ထိုအချိန်မှာပင် နက္ခတ်တာရာ နတ်မင်းပြန်လည်ရောက်ရှိလာလေ၏။ သူသည် စွန်းဟိန်ကျဲကို တွေ့ရသောအခါ အံ့အားသင့်သွား၏။

" တန်ခိုးရှင် ဘယ်တုန်းကရောက်နေသလဲ "

" သင့်ဆီမှာ အကူအညီတစ်ခု တောင်းချင်လို့ပါ "

" တတ်နိုင်တဲ့အကူအညီဆိုရင် ပေးရတာပေါ့၊ ဘာအကူအညီများလဲ "

စွန်းဟိန်ကျဲက အကျိုးအကြောင်းပြောပြလိုက်သည်။

" အခု ကွမ်ယင်မယ်တော်က လမ်းညွှန်လိုက်တဲ့အတွက် သင့်ဆီကို ရောက်လာရတာပါ "

နက္ခတ်တာရာ နတ်မင်းက ခေါင်းညိတ်လိုက်၏။

" ကောင်းပါပြီ၊ ကျွန်ုပ် အခုပဲ လိုက်ခဲ့ပါမယ် "

သူတို့နှစ်ဦးသည် တိမ်တိုက်ကိုစီးကာ ဗျပ်စောင်းလိုဏ်ဂူသို့ ဆင်းသက်ခဲ့ကြ၏။

ထိုအချိန်တွင် ကျူးပတ်ကိုင်သည် ဘီလူးမအား သွားရောက်တိုက်ခိုက်နေသည်။ ကျူးပတ်ကိုင်မှာ နှုတ်ခမ်းတစ်ဝိုက်ရောင်ကိုင်းပြီး နောက်သို့ ဆုတ်ခွာသွားရ၏။ သူ ဆားဂူကျိန်းဆီပြန်ရောက်စဉ် စွန်းဟိန်



ကျဲတို့လည်း မိုးပေါ်မှ ဆင်းသက်လာကြ၏။

" အောင်မလေး နာလိုက်တာဗျာ၊ ကျုပ်နှုတ်ခမ်း ဘာဖြစ်သွားသလဲမသိဘူး "

ကျူးပတ်ကိုင် အော်နေသည်။

စွန်းဟိန်ကျဲက အော်ဟာစ်ရယ်မောသည်။

" ဟား ...ဟား ...ဟား ... ငါခေါင်းနာတာကျတော့ မင်းပြောတတ်တယ်၊ မင်းနှုတ်ခမ်းနာတာတော့ သေမလောက်အော်နေရသလား၊ ငါ ဘယ်လိုခံစားရတယ်ဆိုတာ မင်းသိပြီလား "

ကျူးပတ်ကိုင် စကားပြန်မပြောနိုင်တော့ချေ။ သူ၏ နှုတ်ခမ်းကိုသာ လက်ဖြင့် ပွတ်သတ်နေသည်။

နက္ခတ်တာရာနတ်က သူ၏လက်ဖြင့် ထိကိုင်လိုက်သောအခါမှ နှုတ်ခမ်းရောင်ကိုင်းမှု ပျောက်သွား၏။

နက္ခတ်တာရာနတ်က –

" ကဲ .... တန်ခိုးရှင် သင်က ဘီလူးမကို စိန်ခေါ်ပါ၊ ဘီလူးမ လိုဏ်ဂူထဲက ထွက်လာရင် ကျွန်ုပ်တိုက်ခိုက်ပါမယ် "

သူ၏ စကားဆုံးသောအခါ စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့သည် ဗျပ်စောင်းလိုဏ်ဂူရှေ့သို့သွားကာ အမျိုးမျိုးစိန်ခေါ်ကြတော့၏။ ဘီလူးမသည် လိုဏ်ဂူတံခါးကို ဖွင့်၍ထွက်လာ၏။

" မျောက်စုတ်နဲ့ ဝက်ပုတ် သေချင်ကြပြီနဲ့တူတယ် "

သူသည် ပြောပြီးသည်နှင့် တိုက်ခိုက်တော့၏။

စွန်းဟိန်ကျဲတို့မှာ မသိမသာ နောက်ဆုတ်ပေးကြသည်။ သူတို့သည် မှူး၍ခေါ်ထုတ်သွား၏။ ထိုအခါ နက္ခတ်တာရာနတ်မင်းသည် သူ့ခန္ဓာကိုယ်ကို ကြက်ဖကြီးတစ်ကောင်အဖြစ် ဖန်ဆင်းပြီး ဘီလူးမကို ရင်ဆိုင်သည်။

ဘီလူးမသည် ကြက်ဖကြီးကိုမြင်သောအခါ အံ့သြတုန်လှုပ်သွားသည်။

ကြက်ဖကြီးက ကျယ်လောင်စွာ တွန်မြည်သည်။

" အောက် အီး အီး အွတ် .... "

သူအော်သံဆုံးသွားသည်နှင့် ဘီလူးမမှာ ဝုန်းခနဲ ပစ်လဲကျသွား၏။ သူမသည် ကင်းမီးကောက် တစ်ကောင်အသွင်သို့ ပြောင်းလဲသွား၏။

ကြက်ဖကြီးက နောက်တစ်ကြိမ်အော်လိုက်ပြန်သည်။

ကင်းမြီးကောက်မှာ တွန့်လိမ်ပြီး သေဆုံးသွားတော့၏။

ထိုအခါကျမှ စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့မှာ သူတို့ ခံစားနေရသည့်ဝေဒနာသည် ကင်းမြီးကောက်အဆိပ်ကြောင့်ဖြစ်ကြောင်း သိရှိသွားကြ၏။

စွန်းဟိန်ကျဲသည် ဗျပ်စောင်းလိုဏ်ဂူသို့ ပြေးသွားပြီး သူ့ဆရာအား ခေါ်ထုတ်ကယ်တင်ခဲ့၏။

ဆရာတော်သည် အပြင်သို့ရောက်သောအခါ နက္ခတ်တာရာနတ်မင်းအား လက်အုပ်ချီ၍ ကျေးဇူးတင်စကားပြောသည်။

" ကိစ္စမရှိပါဘူး ဆရာ၊ တပည့်တော်ကူညီခွင့်ကြုံတာပဲ ဝမ်းသာလှပါပြီ၊ တပည့်တော်ကို ပြန်ခွင့်ပြုပါဘုရား "

နက္ခတ်တာရာနတ်မင်းသည် ထန်စန်းကျမ်းဆရာတော်နှင့် စွန်းဟိန်ကျဲတို့အား နှုတ်ဆက်ပြီး နတ်ပြည်သို့ ပြန်သွားလေ၏။

" ကဲ တပည့်တော်တို့လည်း ခရီးဆက်ကြဦးစို့ "

စွန်းဟိန်ကျဲက ဆော်ဩလိုက်သည်။

ဆရာတော်တို့ လူသိုက်သည် ခရီးဆက်ကြရပြန်လေတော့၏။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း (၁၄၇)

### အဖုအထစ်

ဆရာတော်တို့သည် အနောက်ဘက်စူးစူးသို့ ဆက်လက်ခရီးနှင်ကြလေ၏။ ဤသို့ ခရီးနှင်နေရာတွင် မြင်းသည် အလွန်နွေးကွေးစွာ လမ်းလျှောက်နေသည်ကို တွေ့ရ၏။ ကျူးပတ်ကိုင်သည် မြင်းကိုကြည့်ရင်း ဒေါသထွက်လာ၏။

" ဟာ ဒီမြင်းက ဘာဖြစ်လို့ ဒီလောက်နှေးနေရတာလဲ၊ မြန်မြန်သွားစမ်း "

သူမည်မျှပင် အော်ငေါက်စေကာမူ မြင်းသည် နှေးကွေးစွာ သွားနေဆဲပင်ဖြစ်သည်။ မြင်းသည် ကျူးပတ်ကိုင်အား လုံးဝကြောက်ရွံ့ပုံမပြချေ။

စွန်းဟိန်ကျဲက ရယ်မောခ၏။

" ဝက်ပုတ် မင်းကို မြင်းက မကြောက်ဘူး၊ ဒီတော့ ငါမောင်းပြမယ်၊ ဒီမှာကြည့် "

သူသည် မြင်းအား သံတုတ်ထောင်ပြလိုက်၏။ မြင်းသည် သံတုတ်ကိုမြင်သည်နှင့် တစ်ဟုန်ထိုး ထွက်ပြေးလေတော့၏။

မြင်းပေါ်မှ ဆရာတော်သည် ထိတ်လန့်သွား၏။ မြင်းပေါ်မှ လိမ့်

မကျအောင် မြင်းဇက်ကြိုးကို တင်းတင်းဆွဲကိုင်ထားရသည်။ မြင်းသည် လီပေါင်းနှစ်ဆယ်မျှ မရပ်မနားပြေးပြီး ရပ်သွားသည်။ စွန်းဟိန်ကျဲတို့ သုံးယောက်မှာ နောက်၌ ကျန်ရစ်ခဲ့ကြသည်။

ဓားပြသုံးဆယ်ခန့်သည် ဆရာတော်အား ဝိုင်းပတ်ထားကြသည်။ ဆရာတော်မှာ မျက်စိသူငယ် နားသူငယ်ဖြင့် ဓားပြများကို ကြည့်နေသည်။

ဓားပြခေါင်းဆောင်က ဓားဖြင့်ချိန်ရွယ်ပြီး –

“ အသင်ဘုန်းကြီး ပါလာတဲ့ငွေကြေးနဲ့ ပစ္စည်းမှန်သမျှ ကျုပ်တို့ကို ပေးခဲ့ပါတော့ ”

ဆရာတော်က –

“ ဒကာကြီးတို့ မှားနေပါပြီ၊ ကျုပ်တို့မှာ ဘာပစ္စည်းမှ ပါမလာပါဘူး၊ ကျုပ်တို့ဟာ ပိဋကတ်သုံးပုံ ပင့်ဆောင်မယ့် ခရီးသွားအဖွဲ့ပါ၊ ပိဋကတ်သုံးပုံ ပင့်ဆောင်မယ့် အဖွဲ့မှာ ဘာအဖိုးတန်ပစ္စည်း ပါလာပါ့မလဲ ”

ဓားပြခေါင်းဆောင်သည် ဆရာတော်၏စကားကို မယုံချေ။

“ ဘုန်းကြီး သင်လိမ်နေတာပဲ၊ ကျုပ်တို့ တောင်းတာကို မပေးရင် သင့်ကို သတ်ရလိမ့်မယ် ”

ထန်စန်းကျွမ်းဆရာတော်သည် စိုးရိမ်ထိတ်လန့်သွား၏။

“ဒါဆိုရင်လည်း ကျုပ်နောက်မှာ တပည့်တွေ ပါပါတယ်၊ သူတို့ဆီက တောင်းပါ ”

“ ကောင်းပြီ ”

ဓားပြခေါင်းဆောင်က ခေါင်းညိတ်လိုက်၏။

သူသည် သူ့အဖွဲ့သားများအား အမိန့်ပေးလိုက်၏။

“ သူ့ကို ကြိုးနဲ့တုပ်ထားလိုက်စမ်းဟေ့ ”

အမိန့်ပေးသံအဆုံးတွင် ဓားပြများသည် ထန်စန်းကျွမ်းဆရာတော်အား မြင်းပေါ်မှဆွဲချကာ ကြိုးဖြင့် တုပ်နှောင်ကြတော့သည်။

ထိုအချိန်တွင် စွန်းဟိန်ကျဲသည် ရောက်ရှိလာလေ၏။

သူသည် ဆရာဖြစ်သူအား ကြိုးဖြင့်တုပ်နှောင်ထားသည်ကို မြင်



သောအခါ လွန်စွာဒေါသထွက်သွား၏။

ထိုအချိန်တွင် ဓားပြများသည် စွန်းဟိန်ကျဲအား ဝိုင်းရံလိုက်ကြသည်။

ဓားပြခေါင်းဆောင်က –

“ သင့်မှာ ငွေကြေးတွေပါလာတယ် ပြောတယ် ”

စွန်းဟိန်ကျဲ ခေါင်းညိတ်လိုက်၏။

“ ဟုတ်ပါတယ်၊ ပါလာပါတယ် ”

“ ဒါဆိုရင် ပါလာသမျှ ငွေကြေးအားလုံးကိုပေးပါ ”

“ ကောင်းပါပြီ၊ ပေးပါမယ်၊ ဒါပေမယ့် ကျုပ်ရဲ့ဆရာကို လွှတ်ပေးပြီးမှ ပေးမယ် ”

ဓားပြခေါင်းဆောင်က –

“ ကောင်းပြီ ”

စွန်းဟိန်ကျဲသည် ထန်စန်းကျွမ်းဆရာတော်အား ဖမ်းဆီးထားရာ သစ်ပင်ဆီသို့ လျှောက်သွားပြီး ထန်စန်းကျွမ်း ဆရာတော်အား ကြိုးဖြေပေးလိုက်သည်။ ထို့နောက် မြင်းကို တင်ပါးပုတ်ရိုက်လွှတ်လိုက်၏။ မြင်းသည် ဆရာတော်ကို ခေါ်ဆောင်ကာ နောက်ကြောင်းသို့ ပြန်ပြေးသွားတော့သည်။

ဓားပြခေါင်းဆောင်က –

“ ဒါ ဘာလုပ်တာလဲ၊ ကျုပ်တို့တောင်းတဲ့ ငွေကြေးကို ပေးပါတော့ဗျ ”

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။ သူသည် စောစောက ဆရာတော်အား ကြိုးတုပ်ထားသည့် မြင်ကွင်းကို မမေ့နိုင်ချေ။

“ ပေးမှာပေါ့ဗျာ ”

သူသည် စကားဆုံးသောအခါ နားထဲမှအပ်ကလေး ဆွဲထုတ်ပြီး မန်းမှုတ်လိုက်ရာ လူတစ်ယောက်ကိုင် သံတုတ်အဖြစ်သို့ ပြောင်းလဲသွား၏။ သူသည် ဓားပြအားလုံးကို သံတုတ်ဖြင့် တိုက်ခိုက်တော့၏။

ထန်စန်းကျွမ်းဆရာတော်သည် ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့ လာနေသည့် ဘက်သို့ ပြန်ပြေးသွားရာ ၎င်းတို့နှင့် ပြန်လည် တွေ့

ဆိုလေသည်။

ကျူးပတ်ကိုင်က မြင်းဇက်ကြိုးအား လှမ်းဆွဲလိုက်ပြီး –

" ဆရာ ရှေ့ကိုဆက်မသွားဘဲ၊ ဘာကြောင့် နောက်ပြန် လှည့်လာရတာလဲ "

ဆရာတော်က –

" ကျူးပတ်ကိုင် ဒါတွေပြောမနေနဲ့၊ ဟိုမှာ စွန်းဟိန်ကျဲ ဓားပြတွေနဲ့ တိုက်ခိုက်နေပြီ၊ တော်ကြာဓားပြတွေ သေကုန်ဦးမယ်၊ မင်းမြန်မြန်ပြေးစမ်း "

ကျူးပတ်ကိုင်သည် အမြန်ပြေးလေတော့၏။

သို့သော် သူရောက်ရှိသောအခါ ဓားပြနှစ်ယောက်သေနေလေပြီ၊ ကျန်ဓားပြများမှာ ထွက်ပြေးလွတ်မြောက်သွားကြသည်။

မကြာမီ ထန်စန်းကျွမ်းဆရာတော်လည်း ရောက်ရှိလာလေ၏။ ဆရာတော်သည် ဓားပြနှစ်ယောက် သေသွားသည်ကို တွေ့ရသောအခါ လွန်စွာစိတ်ထိခိုက်သွားသည်။

" ကျူးပတ်ကိုင် မင်းကို ငါလွှတ်လိုက်တယ် မဟုတ်လား "

ကျူးပတ်ကိုင်က ကပျာကယာ လျှောက်ထားရသည်။

"တပည့်တော် အမီပြေးလိုက်တာပါပဲ၊ ဒါပေမယ့် ဒီမှာက ဓားပြနှစ်ယောက်သေနေပါပြီ၊ တပည့်တော် ပြောဖို့ မမီတော့ပါဘူး ဘုရား "

ဆရာတော်သည် လူနှစ်ယောက် သေနေသည်ကို မကြည့်မြင်လိုတော့သဖြင့် –

" ဂူခုံး သူတို့ကို မြေမြှုပ်ပေးလိုက်ပါကွယ် "

စွန်းဟိန်ကျဲက ခေါင်းယမ်းလိုက်၏။

"ဟာ ... တပည့်တော် မမြှုပ်ချင်ပါဘူး၊ ကျူးပတ်ကိုင်ကို ခိုင်းလိုက်ပါ "

ကျူးပတ်ကိုင်က ခေါင်းယမ်းလိုက်၏။

" အစ်ကိုကြီး သတ်တဲ့လူကို ကျုပ်ကမြှုပ်ရမှာလား၊ မမြှုပ်သေးဘူး "

စွန်းဟိန်ကျဲက သံတုတ်ကို ထောင်ပြလိုက်၏။



" မင်းမြှုပ်ရင်မြှုပ်၊ မမြှုပ်ရင် တွေ့လားသံတုတ်၊ မင်းပါ သုံးလောင်းဖြစ်သွားမယ် "

စွန်းဟိန်ကျဲ ကြိမ်းမောင်းလိုက်သောအခါ ကျူးပတ်ကိုင်သည် မနေရဲတော့ချေ။ မြေကြီးကို ထွန်ခြစ်ဖြင့် တူးဆွရလေတော့၏။ သူသည် မကျေမနပ်ဖြင့် ဗျစ်တောက်ဗျစ်တောက်ပြောကာ တွင်းတူးလေသည်။ ထို့နောက် ဓားပြနှစ်ယောက်အား မြေမြှုပ်လိုက်၏။

ထန်စန်းကျွမ်း ဆရာတော်သည် ဓားပြနှစ်ယောက်၏ မြေပုံရှေ့၌ ရပ်ကာ ကောင်းရာသုဂတိရောက်စေရန် တရားတော်များ ရွတ်ဖတ်နေလေ၏။ သူသည် ပါးစပ်မှလည်း တီးတိုးပြောသည်။

"သင်တို့ကို ကျုပ်သတ်တာမဟုတ်ပါဘူး၊ စွန်းဟိန်ကျဲ သတ်တာပါ၊ ဒီအတွက် ကျုပ် စိတ်မကောင်းဖြစ်မိပါတယ် "

ဆရာတော့်စကားကို စွန်းဟိန်ကျဲကြားသည်။ ဆရာတော့် စကားသည် သူ့ကိုအလွန်ဝမ်းနည်းစေသည်။ သူသည် ဓားပြများကို အလွန်တရာ မုန်းတီးပြီး သတ်မိခြင်း မဟုတ်ပေ။ ဆရာတော်အား ဓားပြများက သစ်ပင်တွင်ကြိုးဖြင့် ချည်နှောင်ထားသည်ကို မြင်ပြီး ဒေါသထွက်ကာ သတ်မိခြင်းဖြစ်သည်။ ယခုဆရာတော်က သူ့ကို အပြစ်တင်နေလေပြီ။

ထို့ကြောင့် သူသည် နှုတ်မှထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း ထန်စန်းကျွမ်းဆရာတော်၏ စကားကို သူသည် မမေ့နိုင်အောင်ဖြစ်သွားလေ၏။

ထိုအချိန်တွင် ကျူးပတ်ကိုင်သည်လည်း စွန်းဟိန်ကျဲကို မကျေမနပ်ဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် စွန်းဟိန်ကျဲသတ်သည့် လူနှစ်ဦးကို သူက မြေမြှုပ်ပေးနေရသည် မဟုတ်ပါလော။

သူတို့သည် ခရီးဆက်လက်ထွက်ခွာလာကြပြီ ဖြစ်သော်လည်း ကျူးပတ်ကိုင်၏ ရင်ထဲမှ မကျေနပ်သော အစိုင်အခဲသည် ကြီးသထက်ကြီးလာလေ၏။

သူတို့ ရှေ့ဆက်လျှောက်လာသောအခါ ခြံဝင်းတစ်ခုကို တွေ့ရသည်။ ဆရာတော်သည် သူတပည့်များကို စိတ်မချချေ။ ထို့ကြောင့် သူကိုယ်တိုင် သွားရောက် ခွင့်တောင်းမည်၊ ခွင့်တောင်းပြီးမှ သူတို့ကို

ခေါ်မည်ဟု ပြောသည်။

ကျူးပတ်ကိုင်က –

“ ကောင်းပါပြီဆရာ၊ ဆရာ သွားပါ ”

ထန်စန်းကျွမ်းဆရာတော်သည် မြင်းပေါ်မှဆင်းပြီး ထိုခြံဝင်းဆီသို့ သွားလေ၏။

ခြံဝင်းထဲ၌ အဘိုးအိုတစ်ယောက်ရှိ နေသည်။ အဘိုးအိုသည် ဆရာတော့်ကို တွေ့သောအခါ လက်အုပ်ချီ၍ ရှိခိုးကန်တော့သည်။

“ ဆရာတော်ပါလား ”

“ ဟုတ်ပါတယ် ဒကာကြီး ”

“ ဆရာတော် ဘယ်က ကြွလာပါသလဲ ”

“ ထန်နိုင်ငံက ကြွလာတာပါ၊ မဇ္ဈိမဒေသကို ခရီးဆက်မလို့ပါ”

“ ဆရာတော် တစ်ပါးတည်းလား ”

“ တပည့်သုံးယောက် ပါလာပါသေးတယ် ”

“ သူတို့က ဘယ်မှာ ကျန်ခဲ့ပါသလဲ ”

ထန်စန်းကျွမ်းဆရာတော်က –

“သူတို့ စောင့်နေကြပါတယ်၊ ကျေးဇူးပြုပြီး တစ်ညတော့ တည်းခိုခွင့်ပြုပါ ဒကာကြီး ”

အဘိုးအိုက ခေါင်းညိတ်၏။

“ ရပါတယ်၊ ဆရာတော်ရဲ့ တပည့်များကို ခေါ်ခဲ့ပါတော့ဘုရား”

ဆရာတော်သည် အဝေးတွင်ရပ်နေသော တပည့်သုံးယောက်ကို လက်ယပ်ခေါ်လိုက်၏။ တပည့်သုံးယောက်သည် အလျင်အမြန် ရောက်လာကြ၏။

အဘိုးအိုသည် ဆရာတော်၏ တပည့်သုံးယောက်ကို မြင်သောအခါ ထိတ်လန့်သွားလေ၏။

“ ဘီလူးတွေ လာပြီ ”

ဆရာတော်က ပျာပျာသလဲ ရှင်းပြ၏။

“ သူတို့က ရုပ်ဆိုးပေမယ့် ဘယ်သူ့ကိုမှ အန္တရာယ်မပြုပါဘူး”

အဘိုးအိုက –



“တစ်ယောက်က ဂျုန်နဲ့တူတယ်၊ တစ်ယောက်က မြင်းနဲ့တူတယ်၊ တစ်ယောက်က သရဲနဲ့တူတယ်၊ ဆရာတော်ရဲ့တပည့်တွေမျက်နှာက ဆိုးရွားလှပါကလား ”

ဆရာတော်က ရှင်းပြ၏။

“ သူတို့ဟာ ဘယ်သူ့ကိုမှ အကြောင်းမဲ့ ရန်မပြုကြပါဘူး၊ ဒကာကြီး ဆက်ဆံကြည့်ပါ ”

ဆရာတော်က အကျိုးအကြောင်း အမျိုးမျိုးရှင်းပြမှ အဘိုးအို စိတ်သက်သာရာ ရသွားသည်။

“ လာပါ၊ အထဲကိုကြွပါ ”

အဘိုးအိုသည် ဆရာတော်နှင့် တပည့်သုံးယောက်အား နေရာထိုင်ခင်းများပေးသည်။ ဆရာတော်အတွက် သက်သတ်လွတ်ဆွမ်းကပ်ပြီး တပည့်သုံးယောက်အား ကျွေးမွေးလေ၏။

ထိုအချိန်တွင် အထဲမှ အဘွားအိုတစ်ယောက်သည် ငါးနှစ်ခြောက်နှစ်ခန့်ရှိသော ကလေးငယ်တစ်ယောက်အား ရင်ခွင်ပိုက်၍ ခေါ်လာလေ၏။

ဆရာတော်က –

“ ဒကာကြီး အသက်ဘယ်လောက်ရှိပြီလဲ ”

“ ခုနစ်ဆယ့်လေးနှစ်ပါ ”

ဆရာတော်သည် အဘွားအို၏ ရင်ခွင်တွင်းမှ ကလေးငယ်ကို ကြည့်ပြီး –

“ သူက ဘာတော်သလဲ ”

“ သူက တပည့်တော်ရဲ့မြေးပါ ”

“ ဒါဖြင့် ဒကာကြီးမှာ သားရှိတာပေါ့၊ သားဘယ်နှစ်ယောက်ရှိသလဲ ”

“ သားတစ်ယောက်တည်းပဲ ရှိပါတယ် ”

“ မတွေ့ပါလား ”

“ ဒီသားက အတော့်ကိုဆိုးပါတယ်၊ တစ်ခါတလေ ဆယ်ရက်လောက်အိမ်ပြန်မလာတတ်ဘူး၊ တစ်ခါတလေကျတော့ သုံးလလောက်ကို

အိမ်ပြန်မလာပါဘူး ”

“ သူက ဘာအလုပ်လုပ်သလဲ ”

“ ဟုတ်တိပတ်တိ ဘာအလုပ်မှ မလုပ်ပါဘူးဗျာ ”

ထန်စန်းကျွမ်းဆရာတော်သည် စဉ်းစားမိလေ၏။

“ စွန်းဟိန်ကျဲ ရိုက်သတ်လိုက်တဲ့ ဓားပြနှစ်ယောက်သာ သူ့သား ဖြစ်နေရင်တော့ .... ဘုရား ဘုရား ဒီကလေးဟာ ဖခင်မဲ့ပြီ ”

စွန်းဟိန်ကျဲက –

“အဘလည်း ကြီးတောင်ကြီးမားကျမှ ဒီလိုသားမျိုးရတော့တယ်”

“ဟုတ်ပါတယ်ကွယ်၊ သားတစ်ယောက်တည်း ဆိုတော့လည်း မပစ်ရက်ဘူးပေါ့ကွယ် ”

သူသည် ထိုင်ရာမှ ထလိုက်၏။

“ ကဲ ဆရာတော်တို့လည်း ခရီးပန်းလာကြပါတယ်၊ အနားယူကြပါ ”

အဘိုးအိုသည် ဆရာတော်နှင့် တပည့်သုံးဦးအိပ်စက်ရန် အခန်းတစ်ခန်း ပေးထားလေ၏။

အဘိုးအိုကမူ သူ့အခန်းတွင်းသို့ဝင်၍ အိပ်စက်အနားယူလေတော့၏။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း (၁၄၈)

## မယ်တော်က ဖျောင်းဖျခြင်း

ထန်စန်းကျွမ်း ဆရာတော်တို့အား ဓားပြ တိုက်သူများထဲတွင် အဘိုးအို၏သား ယန်းစိန်လည်းပါဝင်သည်။ သူတို့လူစုသည် ခိုးဆိုး တိုက်နေသော လူစုလူဝေးဖြစ်သော်လည်း သူတို့၏ ခိုးဆိုးမှုကို အိမ်သူ အိမ်သားများ မသိရှိအောင် ကြိုးစားကြသည်။

ယန်းစိန်သည် သူ၏လူစုကိုခြံအပြင်တွင်ထားခဲ့ပြီး အိမ်တွင်းသို့ ဝင်ခဲ့၏။

“ဖေဖေ ... မေမေ .... တံခါးဖွင့်ပါဦး”

မိခင်ဖြစ်သူသည် လာရောက် တံခါးဖွင့်ပေးလေ၏။

“မေမေ...ထမင်းချက်ပါဦး၊ ကျုပ်သူငယ်ချင်းတွေကိုလည်း ကျွေးစရာရှိပါတယ်၊ မြန်မြန်ချက်ပါ...”

မိခင်ဖြစ်သူသည် မီးဖိုဆောင်ထဲ ဝင်သွား၏။

ယန်းစိန်သည် မြင်းဖြူကြီးအား တွေ့မြင်သွားသည်။

“မေမေ .... ဘယ်သူ့မြင်းလဲဟင် ....”

မိခင်ဖြစ်သူက–

“ထန်နိုင်ငံကလာတဲ့ ဘုန်းကြီးရဲ့မြင်းပါ၊ သူတပည့် သုံးယောက်

နဲ့ ဒီအိမ်မှာ တစ်ညတည်းခိုနေတယ်....”

ယန်းစိန်သည် ချက်ချင်းပင် တဲအိမ်အပြင်သို့ ထွက်သွားသည်၊ သူ့အဖော်များဆီသို့သွားခြင်းဖြစ်သည်။ သူသည် အဖော်များကိုချက်ချင်း စုစည်းပြီး ပြောဆိုလေ၏။

“ငါတို့ ကံကောင်းတယ်ဟေ့”

အဖော်များက–

“ဘယ်လို ကံကောင်းတာလဲ”

ယန်းစိန်က–

“ငါတို့ကို ဟိုဘုန်းကြီး ဒုက္ခပေးသွားတယ်မဟုတ်လား၊ သူ့ တပည့်လေ...သူ့တပည့် ငါတို့ကို တိုက်ခိုက်သွားတယ် မဟုတ်လား၊ အခု သူတို့က ငါတို့အိမ်မှာ တည်းခိုနေပြီ၊ အခုနေသူတို့အိပ်နေတုန်း ဝင်တိုက်ရင် ဘုမသိ ဘမသိနဲ့ သူတို့သေမှာပဲကွ....”

သူ့အဖော်များက လက်သီးလက်မောင်းတန်း၍ ပြောသည်။

“ကောင်းတယ်၊ သူတို့ကို သတ်မယ်၊ သူတို့ငွေတွေကို ယူမယ်၊ ပစ္စည်းတွေကိုလည်း ယူမယ်”

ယန်းစိန်က–

“သူတို့ဆီမှာ အင်မတန် သန့်စွမ်းတဲ့ မြင်းဖြူကြီး တစ်ကောင်လည်းပါသေးတယ်၊ အဲဒီမြင်းဖြူကြီးကိုရောင်းပြီးဝေစုကိုခွဲဝေယူကြမယ်”

အဘိုးအိုသည် အိပ်ရာထက်မှထ၍ တိတ်တဆိတ်ချောင်းလေ၏။ ထိုအခါ သားဖြစ်သူ တိုင်ပင်နေသည်ကို ကြားသိရတော့သည်။

“မဖြစ်ဘူး ..... မဖြစ်ဘူး ..... ဧည့်သည်ကို အိမ်ရှင်က မသတ်ကောင်းဘူး၊ ဆရာတော်တို့ကို ချက်ချင်းနှိုးပြီး ပြေးခိုင်းရမယ်....”

သူသည် ဆရာတော်အခန်းသို့ ချက်ချင်းဝင်လေ၏။

ဆရာတော်သည် မအိပ်သေးပေ။ စိပ်ပုတီးစိပ်နေ၏။ အဘိုးအို ဝင်လာသောအခါ ထန်စန်းကျွမ်းဆရာတော် အံ့သြသွား၏။

“ဒကာကြီး...အချိန်မတော် ဘာဖြစ်လို့ ဝင်လာရတာလဲ၊ အရေးတကြီး ပြောစရာကိစ္စများရှိလို့လား.....”

အဘိုးအိုက–



“ပြောစရာကိစ္စရှိလို့ဝင်လာတာပါဘုရား....၊ တပည့်တော်ရဲ့သား ယန်းစိန်နဲ့ သူ့အဖွဲ့ ပြန်ရောက်လာပါတယ်၊ ဆရာတော်ကို သူတို့ ရန်မူ မလို့တိုင်ပင်နေတာကို တပည့်တော် ကြားလာရပါတယ်၊ အရှင်ဘုရားတို့ လူစု မြန်မြန်ဒီတဲအိမ်ကထွက်ပါ၊ တပည့်တော်သားကိုတပည့်တော်လည်း မနိုင်ဘူးဘုရား....”

ဆရာတော်သည် စွန်းဟိန်ကျဲကို နှိုးလိုက်သည်။ တပည့်အားလုံး ထသည်။ တဲနောက်ဘက်သို့ ထွက်ကြသည်။ အဘိုးအိုက တဲဘေးမှ မြင်းဖြူကြီးကိုယူပြီး သူတို့ကိုပေးသည်။ ဆရာတော်တို့သည် တဲနောက်ဖေးမှ ထွက်ပြေးကြလေတော့၏။

ယန်းစိန်တို့သည် တုတ်၊ ဓားများကိုဆွဲ၍ တစ်ပြိုင်နက် စီးနင်းကြ၏။ အခန်းထဲ၌ ဆရာတော်နှင့် တပည့်များ မရှိတော့သည်ကို တွေ့ရပါသည်။

ယန်းစိန်က–

“သူတို့ ထွက်ပြေးသွားကြပြီ၊ ငါတို့ လိုက်ကြမယ်”

သူတို့သည် ဟေး ဟေး ဟား ဟားဖြင့် ညာသံပေး၍ ဆရာတော်နောက်သို့ ပြေးလိုက်ကြလေ၏။

ဆရာတော်တို့သည် ကြိုတင်ထွက်ပြေးကြသော်လည်း ဝေးဝေးသို့ မရောက်သေးပါချေ။ သူတို့ကို ယန်းစိန်တို့အုပ်စု မီလာသည်။

ဆရာတော်က ထိတ်လန့်စွာပြောသည်။

“သူတို့လိုက်လာကြပြီ၊ ဘယ့်နှယ်လုပ်ကြမလဲ”

စွန်းဟိန်ကျဲက–

“မပူပါနဲ့ဆရာ...တပည့်တော် သူတို့ကို တစ်ခါရှင်းပြီးပြီပဲ၊ သူတို့အမှတ်မရှိလို့ လိုက်လာကြတာပါ၊ တပည့်တော် ရှင်းလိုက်ပါမယ်....”

ဆရာတော်သည် စိုးရိမ်ပူပန်စွာ မှာကြားရှာသည်။

“သူတို့ကို ဒဏ်ရာရရုံလောက်ပဲ တိုက်ခိုက်ပါဝူခုံးရာ၊ သေကျေအောင်တော့ မလုပ်လိုက်ပါနဲ့...”

“ဆရာသာ ရှေ့ဆက်သွားပါ၊ ဟေ့..ကျူးပတ်ကိုင်...ငါဓားပြတွေကို ရှင်းလိုက်မယ်၊ မင်း...ဆရာ့ကို ရှေ့ဆက်ခေါ်သွား....”

ဓားပြများသည် စွန်းဟိန်ကျဲအား မီလာကြ၏။ သူ့အားဝိုင်းဝန်း တိုက်ခိုက်တော့သည်။ စွန်းဟိန်ကျဲကလည်းပြင်းထန်စွာ တိုက်ခိုက်သည်။

ထိုအခါ ဓားပြများသည် သေသူသေ၊ ဒဏ်ရာရသူရ၊ ထွက်ပြေးလွတ်မြောက်သူ ထွက်ပြေး သွားကြတော့၏။ သူသည် သေသူများ၏ ဦးခေါင်းကို ဖြတ်လိုက်၏။ ထိုစဉ် ထန်စန်းကျွမ်းဆရာတော်သည် သူ့အနီးသို့ မြင်းနှင့် ပြန်ရောက်လာ၏။

ဆရာတော်က–

"မင်းဘာဖြစ်လို့ ရက်ရက်စက်စက် ခေါင်းဖြတ်နေရတာလဲ"

"ဒဏ်ရာရတဲ့ ဓားပြတွေ ကြောက်လန့်သွားအောင်ပါ...."

"ဒီအထဲမှာ ငါတို့တည်းခိုတဲ့အိမ်ရှင်ရဲ့သားပါတယ်လို့ပြောတယ် သူ သေများသွားပြီလား မသိဘူး"

ဒဏ်ရာရသူတစ်ယောက်က ခေါင်းပြတ်တစ်လုံးကို လက်ညှိုးထိုးပြ၏။

"အဲ....အဲဒါ အိမ်ရှင်ရဲ့သား ယန်းစိန်ပဲ"

ဆရာတော်သည် လက်အုပ်ချီလိုက်၏။

"ဘုရား ကယ်တော်မူပါ..."

ဆရာတော်သည် လွန်စွာဒေါသထွက်သွားလေ၏။ သူတို့သည် အိမ်ရှင်၏ သားအား မည်သို့မျှ မသတ်သင့်ဟုယူဆသည်။ စွန်းဟိန်ကျဲကလည်း အိမ်ရှင်၏သားမှန်း၊ ဘာမှန်းမသိပေ။ သူ့အားဝိုင်းတိုက်သူအကုန်လုံးကို ခုခံတိုက်ခိုက်သည်။ သူသည် အိမ်ရှင်၏သားဖြစ်သူကို မသိဘဲ သတ်မိလေ၏။

ဆရာတော်သည် စွန်းဟိန်ကျဲခေါင်းကိုက်စေရန် စိတ်ဆိုးဆိုးဖြင့် ဂါထာကို ရွတ်တော့၏။

စွန်းဟိန်ကျဲ၏ဦးခေါင်းတွင်ရှိသော ကွင်းသရဖူသည် တဖြည်းဖြည်းကျုံ့သွား၏။ စွန်းဟိန်ကျဲသည် မြေပေါ်တွင် လူးလိမ့်နေရတော့သည်။

"မရွတ်ပါနဲ့၊ ဂါထာကို မရွတ်ပါနဲ့"

စွန်းဟိန်ကျဲက အော်ဟစ်တောင်းပန်၏။



သူ့တစ်ကိုယ်လုံး ချွေးများ စိုရွှဲနေတော့သည်။

စွန်းဟိန်ကျဲ အကြိမ်ကြိမ် အော်ဟစ်တောင်းပန်မှ ဆရာတော် ဂါထာရွတ် ရပ်လေတော့၏။

"တပည့်တော်ကို မကျေနပ်တာရှိရင် ပြောပါဆရာ၊ ဂါထာတော့ မရွတ်ပါနဲ့....."

ဆရာတော်က–

"မင်းကို ဘာမှမပြောတော့ဘူး၊ မင်းကို အလိုမရှိတော့ဘူး သွားပေတော့...."

"ဆရာ....တပည့်တော်ကို ဘာဖြစ်လို့မောင်းထုတ်ရတာလဲ...."

"ဂူခုံး ..... မင်းဟာ တကယ်ရက်စက်တယ်၊ မနေ့တုန်းကလည်း လူသတ်တယ်၊ ဒီနေ့ကျတော့လည်း ငါတို့ကိုထမင်းကျွေးလိုက်တဲ့အိမ်ရှင်ရဲ့သားကို အသေသတ်ပြန်တယ်၊ မင်းလောက်ရက်စက်တဲ့လူ ဒီကမ္ဘာပေါ်မှာ ရှိပါတော့မလား၊ မင်းမသွားရင် ငါဆက်ပြီး ရွတ်ဖတ်မယ်..."

စွန်းဟိန်ကျဲက ကပျာကယာတား၏။

"မရွတ်ပါနဲ့၊ တပည့်တော် သွားပါမယ် "

သူသည် ကောင်းကင်ပေါ် ခုန်တက်သွားလေ၏။

သူသည် ကောင်းကင်ပေါ်၌ ဘယ်သွားရမှန်းမသိဘဲ ဖြစ်နေသည်။

"ဟွာကိုးစန်း တောင်ကိုလည်း ပြန်လို့မဖြစ်ဘူး၊ နဂါးမင်းဆီသွားနေလို့လဲမဖြစ်ဘူး၊ အို...ဘာပဲဖြစ်ဖြစ် ဆရာ့ကို သွားတောင်းပန်မယ်၊ သူပြန်လက်ခံမှာပါ...."

သူသည် တိမ်တိုက်ပေါ်မှ ပြန်ဆင်းလာပြီး ထန်စန်းကျွမ်းဆရာတော်အား တောင်းပန်လေ၏။

"ဆရာရယ်.... တပည့်တော် နောက်ဆိုရင် စိတ်နောက်ကိုယ်ပါ မလုပ်တော့ပါဘူး၊ အမှားကိုသိပါပြီ၊ တပည့်တော်ကို ပြန်လက်ခံပါ"

ဆရာတော်သည် စွန်းဟိန်ကျဲအား ဘာမျှမပြောတော့ဘဲ ဂါထာကိုသာ အဆက်မပြတ်ရွတ်ဖတ်တော့၏။

စွန်းဟိန်ကျဲမှာ အလူးအလဲ ခံစားရလေတော့၏။ ကွင်းသရဖူသည် တဖြည်းဖြည်း ကျုံ့ဝင်သွားသည်။ အတော်ကြီး ဝင်သွားမှ ဆရာ

တော်သည် ရပ်လိုက်၏။

စွန်းဟိန်ကျဲမှာ လက်တကာကာဖြင့် ပြောလေ၏။

"မရွတ်ပါနဲ့ ဆရာ....မရွတ်ပါနဲ့၊ တပည့်တော် သွားပါမယ်"

သူသည် ကောင်းကင်ပေါ်သို့ ခုန်တက်သွားလေ၏။ ဆရာတော်သည် သူ့အားလက်ခံတော့မည် မဟုတ်ဟုသိမိသည်။ သူသည် ရုတ်တရက် ကွမ်ယင်မယ်တော်အား သတိရမိလေ၏။

"ဟုတ်ပြီ၊ ဆရာတော်အပေါ် ငါဒီလို စိတ်ကောင်း စေတနာကောင်းထားရက်နဲ့ ဘာဖြစ်လို့ ဆရာတော်က ငါ့အပေါ် စိတ်ကောင်း စေတနာကောင်း ပြန်မထားနိုင်တာလဲလို့ ကွမ်ယင်မယ်တော်ကို မေးမယ်"

စွန်းဟိန်ကျဲသည် တောင်ပင်လယ်ရှိ ကွမ်ယင်မယ်တော် စံမြန်းသည့် ကျွန်းစုသို့ ထွက်ခွာသွားလေတော့၏။ မကြာမီ စွန်းဟိန်ကျဲသည် ဖူတိုစန်းကျွန်းသို့ ဆိုက်ရောက်လာလေ၏။

သူတော်မုချားနှင့် ချိုင့်ချိုင်း သူငယ်တော်တို့က ကြိုဆိုသည်။

"ဘာကိစ္စများရှိလို့လဲ တန်ခိုးရှင်..."

စွန်းဟိန်ကျဲက–

"မယ်တော်ကို တိုင်တည်စရာရှိလို့ပါ...."

သူတော်မုချားက–

"မယ်တော်ကို တွေ့မှ ပြောပြပါမယ်"

"ဟား .... ဟား ....ဟား .... မျောက်မင်းလည်း ဒုက္ခ သုက္ခတွေ ရောက်နေပြီ ထင်တယ်"

ချိုင့်ချိုင်းသူငယ်တော်က ရယ်ရင်းပြောသည်။

"သင်က ပြောနိုင်တာပေါ့၊ သင်က ဒီမှာ အေးချမ်းနေပြီကိုး"

စွန်းဟိန်ကျဲက ဒေါသနှင့် ပြန်ပြောလိုက်သည်။

ချိုင့်ချိုင်းသူငယ်တော်က ကပျာကယာ ရှင်းပြ၏။

"စိတ်မဆိုးပါနဲ့ တန်ခိုးရှင်... ကျွန်ုပ်က ရယ်စရာ မောစရာ ပြောတာပါ..."

ထိုအချိန်တွင် ကြက်တူရွေး တစ်ကောင်သည် သူတို့ခေါင်းပေါ်တွင် ပျံဝဲလာသည်။



"ဟော....မယ်တော် ခေါ်နေပြီ"

သူတော်မုချားကကြက်တူရွေးကိုလက်ညှိုးထိုးပြပြီး ပြောလေ၏။

သူတော်မုချားနှင့် ချိုင့်ချိုင်းသူငယ်တော်တို့သည် စွန်းဟိန်ကျဲအား ကွမ်ယင်မယ်တော်ဆီသို့ ခေါ်သွားကြလေ၏။ ကွမ်ယင်မယ်တော်သည် ခရမ်းရောင်ဝါးရုံတောထဲရှိ ကြာပလ္လင်ပေါ်၌ ထိုင်နေသည်။

စွန်းဟိန်ကျဲတို့ သုံးယောက်သည် ကွမ်ယင်မယ်တော်ကို ဒူးတုပ်ရှိခိုးကြသည်။

စွန်းဟိန်ကျဲသည် မယ်တော်အား ဦးချရင်း မျက်ရည်များ စီးကျလာ၏။

သူတော်မုချားနှင့် ချိုင့်ချိုင်းသူငယ်တော်တို့သည် မျောက်မင်းကို ကြည့်ကာ စိတ်မချမ်းမသာ ဖြစ်သွားကြ၏။

ကွမ်ယင်မယ်တော်က–

"သင် စွန်းဝူခုံ .... ကျွန်ုပ်ရှေ့မှာ မျက်ရည်ကျတာကို ကျွန်ုပ် မကြည့်ရက်ပါဘူး....၊ သင် ဘာဖြစ်လာသလဲဆိုတာ ပြောပြပါ...."

ကရုဏာရှင် မယ်တော်သည် စွန်းဟိန်ကျဲအား ကြင်နာစွာ ပြောလေ၏။

စွန်းဟိန်ကျဲသည် မျက်ရည်များကို သုတ်လိုက်၏။

ကွမ်ယင်မယ်တော်က–

"စွန်းဝူခုံ ..... သင်ဘယ်လို ဒုက္ခ ရောက်လာတယ်ဆိုတာကို ပြောပြမှ ကျွန်ုပ်က ကူညီနိုင်မှာပေါ့၊ သင့်ဒုက္ခ ကင်းဝေးအောင် ကျွန်ုပ် အမြဲတမ်း ကူညီခဲ့တာပဲ၊ ကဲ...သင့်ဒုက္ခတွေကို ပြောပြပါတော့..."

စွန်းဟိန်ကျဲက–

"တပည့်တော်ဟာ ကိုယ့်ကိုယ်ကိုယ် ဦးဆောင်ပြီး လွတ်လွတ်လပ်လပ် နေထိုင်ခဲ့တဲ့သူပါ၊ ဘယ်သူ့ကိုမှလည်း အောက်မကျို့ခဲ့ပါဘူး၊ မယ်တော်နဲ့တွေ့မှ တပည့်တော်ရဲ့ ဝဋ်ကြွေးများ ကင်းလွတ်ပြီး၊ နတ်ဘုံနတ်နန်း ရောက်မယ့်နည်းလမ်းကို ညွှန်ပြခဲ့လို့ တပည့်တော် လိုက်လံလုပ်ဆောင်တာပါ၊ မယ်တော်က သင် ထန်စန်းကျွမ်းဆရာတော် ပိဋကတ်သုံးပုံ ပင့်ဆောင်တဲ့ ကိစ္စမှာ ကူညီပါဆိုလို့ တပည့်တော် လိုက်လံ

ဆောင်ရွက်ခဲ့ပါတယ်....၊ အဲဒီလို ကူညီတဲ့အခါမှာ တပည့်တော် ဘယ်လောက် ဒုက္ခရောက်ခဲ့ရသလဲဆိုတာ မယ်တော်အသိပါ၊ မယ်တော်ကိုယ်တိုင် အကြိမ်ကြိမ်ကူညီခဲ့ရတာလည်း မယ်တော်ကိုယ်တွေ့ပါ၊ တပည့်တော်ရဲ့တာဝန်ဟာ ကျားပါးစပ်ထဲက သွားများနုတ်ရသလို၊ မြွေရဲ့ကျောက အရေခွံကို ခွာရသလို အန္တရာယ် အလွန်များလှပါတယ်၊ အခုတော့ ဆရာတော်ဟာ အမှားအမှန်ကို မဝေဖန်ဘဲနဲ့ တစ်ဆိတ်ရှိ ခေါင်းကိုက်စေတဲ့ ဂါထာကိုပဲ ရွတ်ဖတ်ပါတယ်..၊ တပည့်တော် အလူးအလဲ ခံရပါတယ်၊ အခုလည်း ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ တပည့်တော်ကို နှင်လွှတ်လိုက်ပါတယ်၊ တပည့်တော် ပြေးစရာမြေမရှိဆိုတာလို ဖြစ်နေတဲ့အတွက် မယ်တော့်ဆီကို လာခဲ့ရတာပါပဲ..."

ကွမ်ယင်မယ်တော်က–

"သင့် ဆရာက သင့်ကို ဘာကြောင့် နှင်ထုတ်တယ် ဆိုတဲ့ အကြောင်းအရာ မပါသေးပါဘူး"

"ဓားပြတစ်စုက တပည့်တော်တို့အုပ်စုကို လာရောက်တိုက်ခိုက်လို့ တပည့်တော်က ဓားပြအချို့ကို သတ်ပစ်လိုက်ပါတယ်၊ အဲဒါဆရာက မကျေမနပ်ဖြစ်ပြီး တပည့်တော်ကို နှင်ထုတ်လိုက်တာပါ..."

သူသည် အဖြစ်အပျက်ကို ပြောပြလိုက်၏။

ကွမ်ယင်မယ်တော်က–

"ဒါကတော့ အသင်မှားတယ်လို့ ကျွန်ုပ်ပြောမယ်၊ ဓားပြတွေဟာ လူသားတွေဖြစ်တယ်၊ တန်ခိုးဣဒ္ဓိပါဒ်ရှိတဲ့ ဘီလူးသရဲတွေမဟုတ်ဘူး၊ သင်က တန်ခိုးရှင်ဖြစ်တယ်၊ သင်ဘီလူးသရဲတွေကို သတ်တာဟာ အပြစ်မရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ စွမ်းရည်တူနေတဲ့ သူတွေကို သင်ယှဉ်ပြိုင်ရတာကိုး၊ လူသားကျတော့ သင့်ကို ဘယ်လိုမှမယှဉ်နိုင်ဘူး၊ သင်သတ်တိုင်း လူသားတွေ သေကျေရမယ်၊ ဒါကြောင့် သင် လူသားကို သတ်တာဟာ အပြစ်ရှိတယ်၊ အခု ကျွန်ုပ်ပြောတာတွေကို သင့်ဆရာ ဘာမှမသိပါဘူး၊ သူဟာ သေတဲ့လူတွေအပေါ် သနားကြင်နာတာပဲ ရှိပါတယ်၊ သနားကြင်နာစိတ်ဖိစီးပြီး သင့်ကို နှင်ထုတ်တာပဲဖြစ်ပါတယ်၊ ဒီကိစ္စမှာ ဘယ်လိုပဲကြည့်ကြည့် သင်မှားတာကတော့ ထင်ရှားနေပါတယ်...."



စွန်းဟိန်ကျဲက–

"တပည့်တော် မှားတယ်ပဲထားပါ၊ တပည့်တော်ဟာ သူ့အတွက် ဘယ်လို စောင့်ရှောက်ခဲ့သလဲ၊ အန္တရာယ်တွေကို ဘယ်လို ကူညီပြီး ကျော်လွှားခဲ့သလဲ၊ ဒါတွေကိုတော့ ထောက်ထားသင့်ပါတယ်၊ အခု မယ်တော်ကို တောင်းပန်ချင်တာက တပည့်တော်ရဲ့ခေါင်းမှာ စွပ်ထားတဲ့ ကွင်းသရဖူကို ကျွတ်သွားစေမယ့် ဂါထာကိုရွတ်ပြီး ချွတ်ပေးဖို့ပါပဲ..."

မယ်တော်က ခေါင်းခါသည်။

"ဒီကွင်းတွေဟာ မယ်တော့်ရဲ့ကွင်းတွေ မဟုတ်ပါဘူး၊ မြတ်စွာဘုရားက မယ်တော်ကို ပေးခဲ့တဲ့ ကွင်းတွေပါ၊ မြတ်စွာဘုရားက ဒီကွင်းတွေစွပ်စေတဲ့ဂါထာ၊ ကျုံ့ဝင်စေတဲ့ဂါထာတွေကိုသာ ပေးခဲ့ပါတယ်၊ ကွင်းကျွတ်သွားစေမယ့် ဂါထာကို ပေးတော်မမူခဲ့ပါဘူး "

"ဒါဖြင့်ရင်... တပည့်တော် မြတ်စွာဘုရားဆီ သွားပါမယ်"

"ခဏနေပါဦး၊ အကောင်းအဆိုး ဘယ်လိုဖြစ်မယ်ဆိုတာကို ကျွန်ုပ် ကြည့်လိုက်ပါဦးမယ်.."

"တပည့်တော်ကို မကြည့်ပါနဲ့၊ တပည့်တော်ဟာ ကွင်းကျွတ်ဖို့ပဲ လိုလားပါတယ်..."

မယ်တော်က–

"သင့်ကိုကြည့်မှာ မဟုတ်ဘူး၊ သင့်ဆရာကို ကြည့်မှာပါ...."

မယ်တော်သည် ထန်စန်းကျွမ်းဆရာတော်အား အာရုံပြုလိုက်လေ၏။ ခဏမျှကြာသောအခါ ကွမ်ယင်မယ်တော်၏ မျက်လုံးများပွင့်လာ၏။

"ဂုခုံ... မကြာမီ သင့်ရဲ့ဆရာတော်မှာ အန္တရာယ်ကျရောက်တော့မယ်၊ သင့်ကို မခေါ်လို့မရပါဘူး၊ သင့်ကို ကျိန်းသေလာခေါ်ရမှာပါ...၊ ဒီအခါမှာ သင့်ဆရာကို ကျွန်ုပ် ဖျောင်းဖျပြောဆိုပေးပါမယ်၊ သင် ဘယ်မှ မသွားပါနဲ့၊ ဒီမှာပဲ စောင့်နေပါ.."

စွန်းဟိန်ကျဲမှာ ကွမ်ယင်မယ်တော်၏ စကားကို မငြင်းပယ်သာသဖြင့် ဖူတိုစန်းကျွန်းတွင် နေရစ်ခဲ့ရလေ၏။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၁၄၉)

## ဟွာကိုးစန်းတောင်သို့

ထန်စန်းကျွမ်းဆရာတော်သည် စွန်းဟိန်ကျဲ မရှိတော့သဖြင့် ကျူးပတ်ကိုင်ကို မြင်းထိန်းလုပ်ခိုင်းသည်။ ဆားဝူကျိန်းကတော့ အထုပ်များကို ထမ်းရသည်။

လီပေါင်း ငါးဆယ်ခန့် ရောက်သောအခါ ထန်စန်းကျွမ်းဆရာတော်သည် ဗိုက်တကြုတ်ကြုတ်ဖြစ်လာ၏။

" ကျူးပတ်ကိုင် ဆွမ်းလေးဘာလေးခံဖို့ စီစဉ်ပါဦးကွာ "

" ဟုတ်ကဲ့ပါဆရာ "

သူသည် မြင်းကို လမ်းဘေးသို့ ဆင်းစေပြီး၊ ဆရာတော်အား မြင်းပေါ်မှတွဲ၍ ဆင်းစေလိုက်၏။

ကျူးပတ်ကိုင်သည် ဆားဝူကျိန်းကို မှာကြားစရာရှိသမျှ မှာကြားပြီး ကောင်းကင်ပေါ်သို့ ခုန်တက်သွားလေ၏။ သူသည် တိမ်တိုက်စီး၍ သွားပြီး အောက်ခြေမြေပြင်သို့ ငုံ့ကြည့်သွားလေ၏။ မြေပြင်တွင် အိမ်ခြေလုံးဝမရှိဘဲနေသည်ကို တွေ့ရသည်။ သူသည် အနီးအနားပတ်ပတ်လည်လျှောက်ကြည့်သည်။ လုံးဝအိမ်ခြေရာခြေ မတွေ့ရပေ။

သူသည် စိတ်ပျက်လက်ပျက်ဖြင့် ထန်စန်းကျွမ်းဆရာတော်ထံသို့



ပြန်လာလေ၏။

" ဆရာရယ် တပည့်တော် ကောင်းကင်က အနှံ့လိုက်ကြည့်ပါတယ်၊ ဘယ်နေရာမှ အိမ်ခြေရာခြေမတွေ့ပါဘူး၊ ဒါကြောင့် ဆွမ်းခံမရဘဲ ပြန်လာခဲ့ရတာပါ "

ထန်စန်းကျွမ်းဆရာတော်သည် ဆွမ်းခံမရသည့်အဖြစ်ကို သည်းခံလေ၏။

"ကဲ... ဒါဖြင့်လည်း ရေလေးတော့ ရှာဖွေပေးပါကွာ၊ ရေတော့ ရနိုင်မယ် ထင်ပါတယ် "

ကျူးပတ်ကိုင်သည် ရေရှာရန် ထွက်ခွာသွားလေတော့၏။

ထန်စန်းကျွမ်းဆရာတော်သည် ကျူးပတ်ကိုင်အား စောင့်မျှော်နေရာ အချိန်သာကုန်ဆုံးသွားသည်၊ ကျူးပတ်ကိုင် ပြန်မလာတော့ချေ။

ထန်စန်းကျွမ်းဆရာတော်သည် မနေနိုင်တော့ချေ။

"ဝူကျိန်း ... ကျူးပတ်ကိုင် ရေရှာထွက်သွားတာ အတော်ကြာနေပြီ၊ ခုထိပြန်မလာသေးဘူး၊ ဘာများဖြစ်နေသလဲမသိဘူး၊ အချိန်တန်ရက်နဲ့ ပြန်မလာတာထောက်ရင် တစ်စုံတစ်ခုဖြစ်နေပြီနဲ့တူတယ် "

ဆားဝူကျိန်းက -

" မှန်ပါတယ်ဆရာ သူသွားတာ အတော်ကြာသွားပါပြီ၊ တပည့်တော်လိုက်သွားပါမယ် ဘုရား၊ အခြေအနေမှန်ကိုတော့ လိုက်သွားရင် သိရမှာပါ "

" အေး လိုက်သွားလိုက်စမ်းပါကွယ် "

ဆားဝူကျိန်းသည် အထမ်းကို ဆရာတော်အနီးသို့ ထားပြီး ကောင်းကင်ပေါ်သို့ တက်သွားလေ၏။

ဆရာတော်ကမူ ပုတီးစိပ်နေလေ၏။ ဆရာတော်သည် ဆာလောင်ခြင်းကို ပုတီးစိပ်၍ ဖြေဖျောက်နေခြင်းဖြစ်သည်။ သူသည် ရုတ်တရက် အသံကြားလိုက်ရသလိုရှိသဖြင့် လှည့်ကြည့်လိုက်မိသည်။ ထိုအခါ စွန်းဟိန်ကျဲရောက်နေသည်ကို တွေ့ရလေ၏။

စွန်းဟိန်ကျဲသည် ဖလားတစ်လုံးဖြင့် ရေများခပ်ယူလာ၏။

" ဆရာ ရေသောက်ပါဦး "

ထန်စန်းကျွမ်းဆရာတော်၏ မျက်နှာသည် ချက်ချင်းပင် ဒေါသရောင် လွှမ်းသွား၏။

" မင်းခပ်လာတဲ့ရေကို ငါမသောက်ဘူး"

စွန်းဟိန်ကျဲက –

" ဆရာရယ် တပည့်တော်မပါရင် ဆရာဟာ မြတ်စွာဘုရားထံ ဘယ်နည်းနဲ့မှ ရောက်နိုင်မှာ မဟုတ်ပါဘူး "

ဆရာတော်က သုန်မှုန်စွာပြောသည်။

" ဒါက ငါ့ကိစ္စ မင်း ပူစရာမလိုဘူး၊ မင်းသာ ဒီနေရာက အမြန်ဆုံး ထွက်သွားပါ၊ ငါ့ကိစ္စ ငါရှင်းနိုင်တယ်၊ နောက်ဆုံး ပိဋကတ်သုံးပုံကို မပင့်ဆောင်နိုင်ရင် ငါအသေခံသွားမယ် "

" ဆရာရယ် စဉ်းစဉ်းစားစားလုပ်ပါ "

" မင်းသွားဆို မသွားဘူးလား၊ မင်းကို ငါဘာလုပ်နိုင်တယ်ဆိုတာ သိတယ်မဟုတ်လား၊ မသွားရင် ငါ ဂါထာရွတ်လိုက်မယ် "

" သွားပါမယ်ဆရာ စိတ်ချပါ "

သူသည် ထွက်ခွာသွားမည့်ဟန် ပြင်လိုက်သဖြင့် ဆရာတော်သည် သူ့ကိုကျောပေးလိုက်၏။ ထိုအခါ သူသည် ဆရာတော်၏ ကျောပြင်အား ရိုက်ချလိုက်၏။

" ဝုန်း "

ဆရာတော်သည် ထိုင်နေရာမှ တလိမ့်ခေါက်ကွေး ကျသွားပြီး သတိမေ့သွားလေ၏။

စွန်းဟိန်ကျဲသည် အထမ်းထဲမှ အထုပ်တစ်ထုပ်ကို ဆွဲယူ၍ ထွက်ခွာသွားလေ၏။

✸ ✸ ✸ ✸ ✸ ✸ ✸

ကျူးပတ်ကိုင်သည် ရေခပ်ရန် ထွက်ခွာလာခဲ့၏။ သူသည် အတော်ကြာ လျှောက်လာခဲ့သည့်တိုင် စမ်းချောင်းနှင့် စမ်းရေတို့ကို မတွေ့ပေ။



" ငှူး တော်တော်လည်း မောစရာ ကောင်းပါလား၊ ဆွမ်းရှာတယ် အိမ်မတွေ့၊ ရေရှာတယ် စမ်းချောင်းမတွေ့၊ ငါတော့ ခက်ပြီ "

ကျူးပတ်ကိုင်သည် ထိုင်၍ နားလိုက်သေးသည်။ ပြီးမှ ခရီးဆက်လက်ထွက်သည်။ သူသည် တောင်ကုန်းတစ်ခုကို တွေ့ပြီး ကွေ့လိုက်သည်။ ထိုအခါ အိမ်ကလေးတစ်လုံးကို တွေ့မြင်လိုက်ရလေ၏။

" ဟောဗျာ ဒီမှာလူနေတဲ့အိမ်တစ်လုံးရှိနေပါကလား၊ ငါတိမ်တိုက်ပေါ်က ကြည့်တော့မမြင်ပါလား၊ သြော် သိပြီ၊ သိပြီ။ ဒီမှာ သစ်ပင်တွေဖုံးအုပ်ထားလို့ မတွေ့မိတာ နေမှာပဲ၊ ငါ အဲဒီအိမ်မှာ ဆွမ်းခံလိုက်ဦးမယ် "

သူသည် တဲအိမ်ကလေးရှိရာသို့ သွားရန် ခြေလှမ်းပြင်လိုက်၏။ သို့သော် သူသည် တစ်စုံတစ်ခုကို သတိရသွား၏။

" ဟာ ငါဒီရုပ်နဲ့ ဆွမ်းခံလို့ရမှာ မဟုတ်ဘူး "

သူသည် ခန္ဓာကိုယ်အား ခုနစ်ကြိမ်တိတိ လှုပ်ခါလိုက်သောအခါမှ ပုပုဝဝဘုန်းတော်ကြီးအဖြစ်သို့ ပြောင်းလဲသွားလေ၏။

သူသည် သူ့ရုပ်သွင်ကို စမ်းသပ်ကြည့်ပြီး ကျေနပ်သွား၏။

" အင်း ဒီပုံနဲ့မှ ဆွမ်းခံလို့ဖြစ်မှာ၊ ဟိုပုံနဲ့ဆိုရင် အိမ်တွေက ရိုက်ထုတ်လိမ့်မယ် "

ထို့နောက်သူသည် တဲအိမ်ကလေးသို့ လျှောက်သွားပြီး အိမ်ရှေ့၌ရပ်လိုက်၏။ အိမ်ကလေးထဲ၌ ယောကျ်ားသားဟူ၍ လုံးဝမရှိပါ။ မိန်းမသား နှစ်ယောက်သာ ရှိပါသည်။

ကျူးပတ်ကိုင်က –

" ဒကာမလေးတို့ ကျုပ်ဟာ ထန်နိုင်ငံကနေ မဇ္ဈိမဒေသကို ခရီးထွက်လာတဲ့ ဘုန်းကြီးပါ၊ လမ်းကြုံ ခရီးကြုံ ဆွမ်းရပ်ပါတယ် "

မိန်းကလေးနှစ်ယောက်သည် ဤသို့ဆွမ်းရပ်သော ဘုန်းကြီးရှားပါး၍လားမသိ၊ ဆွမ်းများကို သပိတ်နှင့်အပြည့် လောင်းလှူလိုက်၏။

ကျူးပတ်ကိုင်မှာ လွန်စွာဝမ်းသာသွားသည်။ ဆရာတော်အတွက် သပိတ်အပြည့်ဆွမ်းများရလာပြီ မဟုတ်ပါလော။ သူသည် ဆရာတော်ထံ မြန်မြန် ရောက်ချင်သဖြင့် ကောင်းကင်သို့ ခုန်တက်ကာ တိမ်တိုက်ကို

စီး၍ ပြန်သည်။ တိမ်တိုက်ပေါ်၌ သူ့နဂို ရုပ်သွင်ကို ပြန်ပြောင်းလိုက်သည်။ ထိုအခါ ကောင်းကင်၌ ဆားဝှကျိန်းနှင့် တွေ့ဆုံရလေ၏။

ဆားဝှကျိန်းက -

" ပတ်ကိုင် ရေခပ်သွားတာကြာလှချေလား၊ ဆရာက စိတ်ပူပြီး ငါ့ကို ရှာခိုင်းလို့ လိုက်ရှာရတာ "

ကျူးပတ်ကိုင်က ရယ်မောလိုက်၏။

" ဟား ဟား ဟား ငါထွက်လာတုန်းက ရေခပ်ဖို့ ထွက်လာတာပါ၊ မမျှော်လင့်ဘဲ အိမ်တစ်အိမ်တွေ့လို့ ဆွမ်းတွေအပြည့်ရလာတယ်ကွ "

သူက ဝမ်းသာအားရ ပြောလိုက်၏။

ဆားဝှကျိန်းလည်း ဝမ်းသာသွားသည်။

" ဒါဖြင့် မြန်မြန်ပြန်ကြမယ်၊ ဆရာလည်း ဆာလှပါပြီ၊ မျှော်လည်း မျှော်နေရှာမယ် "

သူတို့သည် ဝမ်းသာအားရ ထန်စန်းကျွမ်းဆရာတော် စောင့်နေသည့် နေရာသို့ ပြန်လာကြလေ၏။

သူတို့ ပြန်လည်ရောက်ရှိလာသောအခါ ထန်စန်းကျွမ်းဆရာတော်သည် မြေပေါ်၌ မှောက်ရက် လဲကျနေသည်ကို အံ့ဩစွာ တွေ့ရှိရတော့သည်။

ကျူးပတ်ကိုင်က -

"ဟော ... ငါတို့ ဆရာတော့ ပျံလွန်တော်မူပြီ"

ဆားဝှကျိန်းသည် ကမန်းကတန်း ဖေးကူလိုက်လေ၏။

"ပတ်ကိုင် .... ဆရာကို ကြည့်စမ်းပါ၊ ဆရာ ဘာဖြစ်မှန်း မသိဘူး ...."

ကျူးပတ်ကိုင်က မျက်နှာလွှဲ ခဲပစ် ပြောသည်။

"ကြည့်မနေပါနဲ့ကွာ၊ ဆရာ ပျံလွန်သွားပါပြီ၊ ငါတို့ လမ်းခွဲပြီး အိမ်ပြန်ကြစို့"

"ကျူးပတ်ကိုင်"

ဆားဝှကျိန်းက ကျယ်လောင်စွာ အော်ခေါ်လိုက်၏။

ကျူးပတ်ကိုင် လန့်သွားသည်။



"ဆရာ့ ရင်ဘတ် ပူပူနွေးနွေး ရှိနေသေးတယ်၊ ဘယ်မှာ ပျံလွန်မလဲ ...."

"ဟာ ... မပျံလွန်သေးဘူးလား"

သူတို့ ပြောနေကြစဉ် ဆရာတော်သည် သတိရလာ၏။

"ကျွတ် .... ကျွတ် .... ကျွတ် ...."

ကျူးပတ်ကိုင်သည် ထိုအခါမှ ဆရာတော်အနီး ဒူးထောက်ထိုင်ပြီး မေးသည်။

"ဆရာ ... ဆရာ ... အသက် ရှိသေးတယ်နော် ...."

ဆားဝှးကျိန်းက ကျူးပတ်ကိုင်ကို ဟန့်လိုက်၏။

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ ဆရာ သတိရလာပြီကွ"

ကျူးပတ်ကိုင်က-

"ဆရာရယ် ဗိုက်ဆာလွန်းလို့ သတိမေ့သွားတာလား"

ဆရာတော်သည် သက်ပြင်းတစ်ချက် ချလိုက်၏။

"မဟုတ်ဘူးကွ၊ မင်းတို့သွားတုန်း ဝူခုံး ပြန်ရောက်လာတယ်"

ဆားဝှးကျိန်းက-

"ဟုတ်လား၊ အစ်ကိုကြီး ခု ဘယ်မှာလဲ"

ထန်စန်းကျွမ်းဆရာတော်က ပြောပြ၏။

"သူက ငါ့ကို လက်ခံဖို့ ပြောတယ်၊ ငါက လက်မခံဘူးလို့ ပြောပြီး နှင်ထုတ်တယ်၊ သူ ငါ့ နောက်ကျောကို ရိုက်သွားတာပဲ....၊ ဘာများ ယူသွားသေးသလဲ၊ မင်းတို့ ကြည့်စမ်း"

ကျူးပတ်ကိုင်နှင့် ဆားဝှ ကျိန်းတို့သည် သူတို့ ထမ်းလာသည့် အထုပ်များကို ကြည့်ရာ အထုပ်တစ်ထုပ် ပျောက်နေသည်ကို တွေ့ရှိရလေ၏။

"ဆရာ အထုပ်တစ်ထုပ် ပျောက်နေတယ်ဆရာ"

ကျူးပတ်ကိုင်က ပြောလေ၏။

ဆရာတော်က -

"ဘယ် အထုပ်လဲ၊ ကြည့်ကြစမ်းပါဦး"

ကျူးပတ်ကိုင်သည် လှန်လှောရှာဖွေပြီး -

"ဆရာ ... ပြည်ဝင်ခွင့် လက်မှတ်တွေ၊ စာရွက်တွေ ထည့်ထားတဲ့အထုပ် ပျောက်နေတာပါ ဆရာ ...."

ဆရာတော်က ညည်းညူလိုက်၏။

"ဒီစာရွက် စာတမ်းတွေဟာ ထန်ဘုရင်မင်းမြတ်က သေသေချာချာ လုပ်ပေးလိုက်တာ၊ ငါတို့ ကျော်ဖြတ်တဲ့တိုင်းပြည်အသီးသီးကလည်း တံဆိပ်တွေ ရိုက်ပေးလိုက်တာ၊ ဒီစာရွက် စာတမ်းတွေ မရှိရင် တွေ့တဲ့တိုင်းပြည်ကို ဘယ်ဝင်လို့ ရတော့မလဲ၊ ကွေ့ရှောင်ပြီး သွားရတော့မယ့်ပုံပဲ ....၊ ဒုက္ခပါပဲ ...."

ကျူးပတ်ကိုင်က –

"သူ ဘယ်မှ သွားစရာမရှိဘူး၊ သူ့ရဲ့ ဟွာကိုးစန်းတောင်ကိုပဲ ပြန်မှာ ...၊ တပည့်တော် လိုက်တောင်းမယ် ဘုရား ...."

ထန်စန်းကျွမ်းဆရာတော်သည် စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင် မတည့်သည်ကို သိရှိသည်။ စွန်းဟိန်ကျဲ တစ်ခုခု လုပ်တိုင်း ကျူးပတ်ကိုင် သည် အမြဲတမ်း အပြစ်ပြောသည် မဟုတ်ပါလော။

"မင်းက စွန်းဟိန်ကျဲနဲ့ မတည့်ဘူး ...၊ ဆားဂူကျိန်းပဲ သွားပါ၊ ဆားဂူကျိန်းက စကားသိပ်မပြောတော့၊ စွန်းဂူခုံးနဲ့ ကတောက်ကဆ ဖြစ်တာ နည်းတယ်၊ ဒီတော့ ... ဆားဂူကျိန်းပဲ သွားသင့်တယ် ...."

ဆားဂူကျိန်းက ခေါင်းညိတ်၏။

"တပည့်တော် သွားပါမယ်"

ဆားဂူကျိန်းသည် ကျူးပတ်ကိုင်ကို စိတ်မချချေ။ သူသည် အသေအချာ မှာကြားခဲ့သည်။

"ပတ်ကိုင် .... ဆရာ့ကို ဆွမ်းကပ်လိုက်ပါ၊ ဘယ်ကိုမှလဲ ထွက်မသွားနဲ့ဦးနော် ....၊ ဆရာ့ကို သေသေချာချာ စောင့်ရှောက်ပါကွာ ...."

ကျူးပတ်ကိုင်က ခေါင်းညိတ်၏။

"စိတ်ချသာ သွားပါ၊ ငါ စောင့်ရှောက်ထားပါမယ်"

"တကယ် စိတ်ချပါရစေနော်"

"အံမယ်၊ မင်းလဲ တပည့် ... ငါလဲ တပည့်ပါပဲ၊ ဆရာ့အတွက်ပူတာ အတူတူချင်းပါပဲ ....၊ သွားမှာ သွားစမ်းပါကွာ"



ဆားဂူကျိန်းသည် သူ၏ လခြမ်းတောင်ဝှေးကိုယူ၍ တိမ်တိုက်ပေါ် ခုန်တက်သွား၏။ တိမ်တိုက်၏ ဦးတည်ရာမှာ ဟွာကိုးစန်းတောင်သာ ဖြစ်ပေတော့သည်။

ဆားဂူကျိန်းသည် အလုပ်တစ်ခု လုပ်မည်ဆိုလျှင် ထိုအလုပ်ကိုသာ စူးစူးစိုက်စိုက် လုပ်တတ်၏။ သူသည် အခြား ဘာကိုမျှ မစဉ်းစား ဟွာကိုးစန်းတောင်ကို ရောက်ရန်သာ စဉ်းစားသည်။ သူသည် တောင်ပင်လယ်ကို ဖြတ်သန်းကာ မကြာမီ ဟွာကိုးစန်းတောင်သို့ ရောက်ရှိလာလေ၏။

သူသည် တိမ်တိုက်ပေါ်မှ ခုန်ဆင်းကာ ဟွာကိုးစန်းတောင် လိုဏ်ဂူရှိရာသို့ လျှောက်လာလေတော့၏။

✹ ✹ ✹ ✹ ✹ ✹ ✹

## အခန်း (၁၅၀)

## အတုနှင့်အစစ်

ဟွာကိုးစန်းတောင်လိုဏ်ဂူရှေ့သို့ ဆားဝူကျိန်းရောက်သောအခါ ဂူရှေ့၌ မျောက်ကလေးများ ပျော်ရွှင်မြူးထူးဆော့ကစားနေသည်ကို တွေ့ရလေ၏။

ဆားဝူကျိန်းက -

"ဟေ့ .... မင်းတို့မျောက်မင်းကို သွားပြောစမ်း .... ဆားဝူကျိန်းက တွေ့ချင်တယ်လို့ ...."

မျောက်ကလေးများသည် လိုဏ်ဂူထဲသို့ပြေးဝင်သွားကြလေ၏။ သူတို့သည် စွန်းဟိန်ကျဲကိုပြေး၍ သတင်းပေးသည်။ သတင်းကိုကြားသိရသော စွန်းဟိန်ကျဲသည် လိုဏ်ဂူပြင်ပသို့ထွက်လာလေ၏။

သူသည် ဆားဝူကျိန်းအား မေးလိုက်၏။

"သင် ဘယ်သူလဲ ...၊ ကျွန်ုပ်ကိုဘာကိစ္စနဲ့တွေ့ချင်ရတာလဲ ..."

ဆားဝူကျိန်းသည် သူ့အား စိမ်းစိမ်းကားကား ဆက်ဆံသည်ကို တွေ့ရသောအခါ ဝမ်းနည်းသွားသည်။

"အစ်ကိုကြီးရာ....ညီလေးကို ဒီလို စိမ်းစိမ်းကားကား မဆက်ဆံပါနဲ့."



စွန်းဟိန်ကျဲသည် သူမှားသွားပြီကို သိလိုက်၏။

"ဟဲ .... ဟဲ .... ဟဲ .... ငါ့ညီကို အစ်ကိုကြီးက နောက်ပြောင်တာပါ၊ ကဲ .... လိုဏ်ဂူထဲ ဝင်ပါဦး၊ အေးအေးဆေးဆေးပေါ့ ...."

ဆားဝူကျိန်းသည် လိုဏ်ဂူထဲလိုက်၍ ဝင်သွားလေ၏။

"ကဲ .... ထိုင်ဦး ညီလေး"

စွန်းဟိန်ကျဲသည် ဆားဝူကျိန်းအား ထိုင်စေသည်။

မျောက်ကလေးများအား အုန်းအရက်နှင့် သစ်သီးဝလံများ ချ၍ ကျွေးစေသည်။ မျောက်ကလေးများကလည်းလိုလေသေးမရှိ ဧည့်ခံကြ၏။

စွန်းဟိန်ကျဲက -

"မင်းလိုက်လာတဲ့ ကိစ္စကို ပြောစမ်း၊ ဘာကိစ္စလဲ"

ဆားဝူကျိန်းက -

"ကျုပ်တို့ခရီးစဉ်မှာ အစ်ကိုကြီး မလိုက်ချင်လည်း နေခဲ့လို့ ရပါတယ်၊ ဒါပေမယ့် အစ်ကိုကြီး အခုလုပ်သွားတာကတော့ မကောင်းပါဘူး"

"ငါ ဘာလုပ်လို့လဲ"

"ဆရာ့ရဲ့ ပြည်ကျော်ခွင့်လက်မှတ်တွေနဲ့ ခရီးသွားစာရွက်စာတမ်းတွေကို အစ်ကိုကြီး ဘာဖြစ်လို့ ယူလာရတာလဲ"

စွန်းဟိန်ကျဲက -

"ဟ .... အကြောင်း ရှိတာပေါ့"

"ဘာ အကြောင်းလဲ"

"ငါကိုယ်တိုင် မြတ်စွာဘုရားရဲ့ ပိဋကတ်သုံးပုံကို သွား ပင့်ဆောင်မလို့ပေါ့၊ ဒါကြောင့် ခရီးသွားလက်မှတ်နဲ့ စာရွက်စာတမ်းတွေကို ယူဆောင်လာတာပေါ့ ...."

ဆာဝူကျိန်းက -

"ဆရာမှ မပါပဲ၊ အစ်ကိုကြီး ဘယ်သွားလို့ရမှာလဲ၊ ဆရာက အဓိကပဲ"

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"ဟား...ဟား...ဟား... မင်းက ဆရာပါမှလို့ ထင်နေသလား"

"ဟုတ်တယ်၊ ဆရာဟာ အဓိကပဲ၊ ဆရာ မပါလို့ မရဘူး ...."

"ဆရာမပါလည်း တခြားဘုန်းကြီးတစ်ပါးပါရင် ပြီးတာပဲကွာ"

သူသည် လက်ခုပ်တစ်ချက် တီးလိုက်၏။

"ဟော့ ... ငါ့ဆရာကို ပင့်ခဲ့စမ်း"

ခဏမျှကြာသောအခါ မျောက်ကလေးများသည် ဘုန်းတော်ကြီးတစ်ပါးအား တွဲ၍ခေါ်လာသည်။

"ဟာ ...."

ဆားဝူကျိန်း အကြီးအကျယ်အံ့သြသွားလေ၏။ အဘယ်ကြောင့်ဆိုသော် ဘုန်းတော်ကြီးသည် ထန်စန်းကျွမ်းဆရာတော်နှင့် ခွဲမရအောင် တူညီနေ၏။

ဆားဝူကျိန်းက -

"အစ်ကိုကြီး .... အကြံ ပက်စက်လှချည်လား"

စွန်းဟိန်ကျဲက ရယ်မောသည်။

"နေဦးလေ .... မင်းကို ပြစရာရှိပါသေးတယ်၊ အစအဆုံး ကြည့်သွားပါဦး"

သူက ထပ်မံ အမိန့်ပေးလိုက်၏။

"ဟော့ .... ကျန်တဲ့လူတွေကို ခေါ်ထုတ်ခဲ့စမ်း ...."

ခဏမျှသာကြာသည်။ မျောက်ကလေးများသည်လူနှစ်ယောက်ကို ခေါ်ထုတ်လာပေသည်။ ဆားဝူကျိန်းမှာ ကြက်သေ သေသွား၏။

တစ်ယောက်မှာ ကျူးပတ်ကိုင်ဖြစ်၍ ကျန်တစ်ယောက်မှာ ဆားဝူကျိန်းပင်တည်း။

ဆားဝူကျိန်းမှာ အသားများတဆတ်ဆတ်တုန်အောင် ဒေါသထွက်လေတော့၏။

"ဒီမှာ စွန်းဝူခုံး .... သင့်အကြံ ပက်စက်လှချည့်လား၊ အခုမှသင် ဒီလောက်ယုတ်မာမှန်း သိရတော့တယ် ...."

သူသည် စိတ်မထိန်းနိုင်တော့ဘဲ လခြမ်းတောင်ဝှေးဖြင့် တိုက်ခိုက်တော့သည်။

စွန်းဟိန်ကျဲက ရယ်မောလေ၏။



"မင်းက ငါ့ကို ဘယ်တုန်းက နိုင်ဖူးလို့လဲ ...."

သူသည် သံတုတ်ဖြင့် တိုက်ခိုက်လေတော့ရာ ဆားဝူကျိန်း လိုဏ်ဂူအပြင်သို့ ထွက်ပြေးရလေ၏။ စွန်းဟိန်ကျဲသည် ထွက်လိုက်မလာပေ။ လိုဏ်ဂူထဲ၌ ရယ်မောရင်း ကျန်နေရစ်ခဲ့၏။

ဆားဝူကျိန်းသည် ကျောက်တုံးတစ်တုံးပေါ်၌ထိုင်ကာ အနားယူအပန်းဖြေနေရ၏။ သူသည် စွန်းဟိန်ကျဲသစ္စာဖေါက်သည်ကို မည်သို့ရင်ဆိုင်ရမည်ကို စဉ်းစားနေ၏။ သူသည် အတန်ကြာစဉ်းစားလိုက်သောအခါ အကြံတစ်ခု ရရှိလေ၏။

"ဟာ .... ငါအကြံရပြီ၊ သူဟာကွမ်ယင်မယ်တော်ကိုကြောက်ရတာပဲ၊ ကွမ်ယင်မယ်တော်ကိုသွားတိုင်ရင် ဒီကိစ္စကိုမယ်တော်ကအရေးယူမှာပဲ ....၊ ကောင်းတယ် ကွမ်ယင်မယ်တော်ကို သွားတိုင်ရမယ် ...."

သူသည် တိမ်တိုက်ပေါ်သို့ ခုန်တက်လိုက်၏။ ထို့နောက် ကွမ်ယင်မယ်တော်ရှိရာ ဖူတိုကျွန်းစခန်းသို့ ထွက်ခွာသွားလေတော့၏။ မကြာမီ သူသည် ဖူတိုကျွန်းစခန်းသို့ ရောက်သည်။ ကျွန်းပေါ်သို့ ဆင်းသက်သောအခါ သူတော်မှုများက ကြိုဆိုလေ၏။

"ဆားဝူကျိန်းပါလား၊ ဘယ်ကို သွားမလို့လဲ"

ဆားဝူကျိန်းက -

"ကိစ္စရှိလို့ လာတာပါ၊ မယ်တော်နဲ့ တွေ့ပါရစေ"

သူတော်မှုများသည် ဆားဝူကျိန်းကို ခရမ်းရောင်ဝါးရုံတောသို့ ခေါ်ဆောင်သွား၏။ ကွမ်ယင်မယ်တော်၏ ကြာပလ္လင်ဘေးတွင် စွန်းဟိန်ကျဲ ထိုင်နေကြောင်း တွေ့ရှိလိုက်ရသည်။ သူသည် အမျက်ဒေါသချောင်းချောင်းထွက်ပြီး စွန်းဟိန်ကျဲအား ရန်တွေ့လေ၏။

"သင်က တစ်ပတ်ကျွမ်းတစ်ခါပစ်ရင် လီပေါင်းတစ်သောင်းရှစ်ထောင်ရောက်နိုင်တော့ မယ်တော့်ဆီကို အရင်ရောက်နိုင်တာပေါ့၊ သင်က ဦးအောင်လိမ်ညာပြီး တိုင်မလို့ပေါ့လေ"

ကွမ်ယင်မယ်တော်က လက်ကာပြီးပြောသည်။

"ဝူကျိန်း ....ဒေါသအလျောက် စကားကို မပြောပါနဲ့၊ ကျွန်ုပ်ဆီရောက်ခိုက် သင့်စိတ်ကို အေးချမ်းစေချင်ပါတယ်၊ သင် အထင်မှားနေတာ

ကို ကျွန်ုပ်ပြောပြမယ်၊ စွန်းဟိန်ကျဲ ကျွန်ုပ်ဆီ ရောက်နေတာ လေးရက်ရှိသွားပြီ”

ဆားဂူကျိန်းက လက်မခံချေ။

“မဖြစ်နိုင်ပါဘူး၊ သူ့ကို ခုနတုန်းကပဲ ဟွာကိုးစန်းတောင်မှာ တွေ့ခဲ့ပါသေးတယ်”

မယ်တော်က –

“သင်က ဟွာကိုးစန်းတောင်ကို ဘာဖြစ်လို့ သွားတာလဲ”

ဆားဂူကျိန်းက ရှင်းပြသည်။

“သူက ဓားပြတွေကိုသတ်တော့ ဆရာက သူ့ကို မောင်းထုတ်လိုက်ပါတယ်၊ အဲဒါကို သူက မကျေနပ်ဘူး၊ ဆရာ့ကျောကို လာရိုက်သွားပါတယ်၊ နောက်ပြီး ခရီးသွားလက်မှတ်နဲ့ စာရွက်စာတမ်းတွေကို လုယူသွားတယ်၊ အဲဒီ စာရွက်စာတမ်းတွေ သွားတောင်းဖို့အတွက် တပည့်တော်ကို ဟွာကိုးစန်းတောင်ကို လွှတ်လိုက်တာပါ၊ တပည့်တော်က သူလုသွားတဲ့ စာရွက်စာတမ်းတွေကို ပြန်တောင်းတဲ့အခါမှာ သူက ဆရာတော်နဲ့တူတဲ့ ဘုန်းကြီးတစ်ပါး၊ ကျူးပတ်ကိုင်နဲ့တူတဲ့ လူတစ်ယောက်၊ တပည့်တော်နဲ့တူတဲ့ လူတစ်ယောက်ကို ဖန်ဆင်းထားပြီး တပည့်တော်ကို ပြသပါတယ်၊ အဲဒီလူတွေနဲ့ ပိဋကတ်သုံးပုံ သွားရောက် ပင့်ဆောင်မယ်လို့ ပြောပါတယ် ....၊ အဲဒီလောက်သူဟာ အကြံပက်စက်တဲ့လူပါ ....”

ကွမ်ယင်မယ်တော်က –

“သင် ဟွာကိုးစန်းတောင်ကို ရောက်ခဲ့စဉ်က စွန်းဟိန်ကျဲကို သင် သေသေချာချာ တွေ့ခဲ့ရဲ့လား”

“တပည့်တော် ကိုယ်တိုင် တွေ့ခဲ့ပါတယ် မယ်တော်”

“ကောင်းပြီ၊ သင်စွန်းဟိန်ကျဲကိုခေါ်ပြီး ဟွာကိုးစန်းတောင်ကို သွားပါ ....၊ ဟိုရောက်ရင် စွန်းဟိန်ကျဲအတုလား၊ စွန်းဟိန်ကျဲအစစ်လား ဆိုတာ ကွဲကွဲပြားပြား သိလာပါလိမ့်မယ်”

ဆားဂူကျိန်းက ရှိခိုးကန်တော့လိုက်၏။

“အဲဒါ အကောင်းဆုံးပါ. မယ်တော် ....”

သူသည် စွန်းဟိန်ကျဲနှင့်အတူ ဝါးရုံတောမှထွက်လာပြီး ဟွာကိုး



စန်းတောင်ရှိရာသို့ ဦးတည် ထွက်ခွာသွားကြလေတော့၏။

သူတို့သည် မကြာမီ ဟွာကိုးစန်းတောင်သို့ ရောက်ရှိလာကြ၏။ ဟွာကိုးစန်းတောင်၏ ဂူရှေ့တွင် စွန်းဟိန်ကျဲ ထွက်နေသည်ကို သူတို့ တွေ့ရှိရ၏။

စွန်းဟိန်ကျဲအတုကို မြင်သောအခါ စွန်းဟိန်ကျဲအစစ်သည် ဒေါသဖြစ်သွားလေ၏။ သူသည် စွန်းဟိန်ကျဲ အတုထံ ပြေးလွှားသွား၏။ သူသည် လက်ညှိုး တငေါက်ငေါက်ထိုးပြီး –

“သင်က ဘယ်ကဘီလူးလဲ၊ ကျွန်ုပ် ပုံသဏ္ဌာန် ဟန်ဆောင်ပြီး ကျွန်ုပ်လိုဏ်ဂူကို အပိုင်စီးတယ်၊ ကျွန်ုပ်ရဲ့ မျိုးနွယ် နာမည်ကိုလည်း သင် အပိုင်စီး ထားသေးတယ်”

စွန်းဟိန်ကျဲအတုက စကားတစ်ခွန်းမျှ မပြောချေ။ သူသည် သံတုတ်ကိုထုတ်၍ တိုက်ခိုက်တော့၏။ သူတို့နှစ်ယောက် သဲသဲမဲမဲ တိုက်ခိုက်ပြီး တိမ်တိုက်ပေါ်သို့ ရောက်ရှိသွားလေ၏။

တိမ်တိုက်ပေါ်၌ သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေကြသည်။

ဆားဂူကျိန်းသည် လခြမ်းတောင်ဝှေးကိုကိုင်လျက် မည်သူ့ကို တိုက်ခိုက်ရမည်မှန်း မသိဘဲဖြစ်နေသည်။ စွန်းဟိန်ကျဲ နှစ်ယောက်သည် အလွန်တူညီနေကြလေရာ အတုနှင့်အစစ်ကို သူမခွဲခြားနိုင်ချေ။

ထိုစဉ် သူသည် သတိရလာပြီး ပြည်ကျော်ခွင့် လက်မှတ်နှင့် စာရွက်စာတမ်းများကို သတိရလာသည်။ သူသည် တိမ်တိုက်အောက်သို့ ပြန်ဆင်းပြီး ဂူထဲသို့ ပြေးဝင်လေ၏။ လိုဏ်ဂူထဲမှ မျောက်များသည် ဆားဂူကျိန်းကို မည်သို့မျှ မယှဉ်နိုင်မှန်းသိ၍ ထွက်ပြေးကြသည်။

ဆားဂူကျိန်းသည် လိုဏ်ဂူအနှံ့ ရှာဖွေတော့၏။ သို့သော် .... မည်သည့် စာရွက်စာတမ်းမျှ မတွေ့ပါချေ။ သူသည် စိတ်ပျက်လက်ပျက်ဖြင့် အပြင်သို့ ပြန်ထွက်လာ၏။

သူသည် တိမ်တိုက်ပေါ်တက်ပြီး တိုက်ပွဲကို ကြည့်လေတော့၏။ အကြိတ်အနယ် တိုက်ခိုက်နေဆဲပင်။ ဆားဂူကျိန်းမှာ မည်သူ့ကို ကူညီရမှန်း မသိသဖြင့် နေမထိ ထိုင်မသာ ဖြစ်နေလေ၏။

စွန်းဟိန်ကျဲ တစ်ယောက်က လှမ်းပြောသည်။

"ညီလေး .... ဆရာ့ဆီပြန်ပြီး ဒီဖြစ်ပျက်နေတဲ့ အကျိုးအကြောင်း ပြောပြလိုက်စမ်း ...."

အခြား စွန်းဟိန်ကျဲ တစ်ယောက်ကလည်း –

"ငါ့ညီ ပြန်သွားပါ၊ ဆရာ့ကို အကျိုးအကြောင်း ပြောပြလိုက်ပါ"

ဆားဂူကျိန်းသည် စွန်းဟိန်ကျဲအစစ်ကို မကူညီနိုင်မည့်အတူတူ ဆရာကို အကျိုးအကြောင်း ပြန်ပြောပါက သင့်လျော်မည်ဟု တွေးမိလေ၏။ သူသည် ဆရာတော်ရှိရာသို့ ပြန်လာခဲ့သည်။

သူ တိမ်တိုက်ပေါ်မှ ဆင်းလာသောအခါ ကျူးပတ်ကိုင်က အိမ်ရှေ့မှ လက်ယပ်ခေါ်နေသည်ကို တွေ့မြင်ရသည်။ သူသည် အိမ်ရှေ့သို့ လျှောက်သွား၏။

"ဆရာကော ...."

"အိမ်ထဲမှာ ရှိတယ်၊ သူတို့လိုက်လာပြီး ဖိတ်လို့ ဒီအိမ်မှာ ဆွမ်းလာစားတာ ...."

ဆားဂူကျိန်းသည် အိမ်ထဲသို့ ဝင်သွားလေ၏။ အိမ်ထဲတွင် ဆရာတော်သည် ဆွမ်းစားပြီး ထိုင်နေသည်။ သူသည် ဆားဂူကျိန်း ဝင်လာသည်ကို မြင်သည်နှင့် မေးမြန်းတော့၏။

"ဂူကျိန်း .... ခရီးသွားလက်မှတ်နဲ့ စာရွက်စာတမ်းတွေ ရခဲ့ရဲ့လား ...."

ဆားဂူကျိန်း ခေါင်းယမ်းလိုက်၏။

"မရခဲ့သေးဘူး ဆရာ ...."

"သူနဲ့ မတွေ့ခဲ့လို့လား"

ဆားဂူကျိန်းက လက်နှစ်ချောင်း ထောင်ပြသည်။

"တွေ့ခဲ့ပါတယ်ဆရာ၊ တစ်ယောက်တောင် မဟုတ်ဘူး၊ နှစ်ယောက်တောင် တွေ့ခဲ့တာပါ ...."

ထန်စန်းကျွမ်းဆရာတော် သည်နားကြားလွဲသည်ဟု ထင်မှတ်ကာ ထပ်မံမေးလေ၏။

"ဘယ်လို .... ပြန်ပြောစမ်းပါ"



"တပည့်တော် ဟွာကိုးစန်းတောင်ကို သွားပါတယ်ဆရာ .... အဲဒီတောင်မှာ စွန်းဟိန်ကျဲ နှစ်ယောက်ကို တွေ့ခဲ့ရတာပါ ဆရာ"

ဆားဂူကျိန်းသည်အဖြစ်အပျက်များကိုအသေးစိတ်ရှင်းပြလေ၏။

ထန်စန်းကျွမ်းဆရာတော်က –

"ဒါဖြင့် ငါ့ကိုရိုက်သွားတာ စွန်းဂူခုံ အစစ်မဟုတ်ဘူးပေါ့၊ ဟုတ်လား ...."

ဆားဂူကျိန်းက ခေါင်းညိတ်လေ၏။

"ဟုတ်ပါတယ်၊ ဒါကြောင့် အစ်ကိုကြီးက တပည့်တော်ကို ဆရာသိအောင် ကြိုတင် အကြောင်းကြားခိုင်းလိုက်တာပါ ...."

"ဒီလိုဆိုရင် ငါ စွန်းဟိန်ကျဲကို အထင်လွဲခဲ့တာပေါ့လေ ...."

ဆားဂူကျိန်းက –

"သေချာတာပေါ့ ဆရာရယ်"

ထို့သို့ ဆားဂူကျိန်းက ဆရာတော့်အား လျှောက်ထားနေစဉ် စွန်းဟိန်ကျဲ နှစ်ယောက်မှာ အသေအလဲ တိုက်ခိုက်လျက် ရှိလေ၏။

စွန်းဟိန်ကျဲတစ်ယောက်က –

"သင်သတ္တိရှိရင် ဘယ်သူက စွန်းဟိန်ကျဲ အစစ်လဲ၊ ဘယ်သူက အတုလဲဆိုတာ ကွမ်ယင်မယ်တော်ဆီသွားပြီး မေးကြည့်ရအောင်၊ သင် မေးရဲသလား ...."

စွန်းဟိန်ကျဲ တစ်ယောက်က သဘောတူလိုက်၏။

"စိန်လိုက်လေ ...."

သူတို့နှစ်ယောက်သည် လုံးထွေးသတ်ပုတ်ရင်း ဖူတိုကျွန်းသို့ ရောက်ရှိသွားကြလေ၏။ သူတို့သည် ခရမ်းရောင် ဝါးရုံတောအတွင်းသို့ သတ်ပုတ်ရင်း ဝင်ရောက်သွားကြသည်။

သူတို့အား သူတော်မုချားနှင့် ချိုင့်ချိုင်းသူငယ်တော်တို့က အော်ဟစ်ဟန့်တားသည်။ သို့သော် သူတို့သည် ဟန့်တားမှုကို ဂရုမစိုက်ချေ။ သတ်ပုတ်မြဲ သတ်ပုတ်နေကြသည်။

ကြာပလ္လင်ပေါ်၌ ထိုင်နေသော ကွမ်ယင်မယ်တော်က တားမြစ်လိုက်သည်။

"သင်တို့နှစ်ယောက်စလုံး ရပ်ကြပေတော့"

သတ်ပုတ်နေသော စွန်းဟိန်ကျဲနှစ်ယောက်သည် ရပ်တန့်သွားကြလေ၏။ ကွမ်ယင်မယ်တော်က သူတို့နှစ်ယောက်အား ကြည့်လိုက်၏။

"မင်းတို့ ဘယ်သူက စွန်းဟိန်ကျဲအစစ်လဲ"

စွန်းဟိန်ကျဲတစ်ယောက်က –

"တပည့်တော် စွန်းဟိန်ကျဲ အစစ်ပါ"

"တပည့်တော်လည်း စွန်းဟိန်ကျဲ အစစ်ပါ"

အခြား စွန်းဟိန်ကျဲတစ်ယောက်ကလည်း ဝင်ဖြေပါသည်။

"မဟုတ်ပါဘူး၊ တပည့်တော်က အစစ်ပါ၊ သူကအတုပါ ...."

"မဟုတ်ဘူး၊ သူက ဘီလူးပါ၊ တပည့်တော်က အစစ်ပါ ...."

သူတို့၏ စကားများကို မည်သို့ ယုံရမှန်း မသိတော့ပေ။

ကွမ်ယင်မယ်တော်သည် သူတော်မုရျားနှင့် ချိုင့်ချိုင်း သူငယ်တော်တို့အား မိန့်ကြားသည်။

"သူတို့နှစ်ယောက်ကို လူခွဲထားလိုက်စမ်း"

သူတော်မုရျားသည် စွန်းဟိန်ကျဲတစ်ယောက်ကို တစ်ဖက်သို့ ဆွဲသွား၏။

ချိုင့်ချိုင်းသူငယ်တော်က စွန်းဟိန်ကျဲတစ်ယောက်ကို တစ်ဖက်သို့ဆွဲသွားသည်။

ကွမ်ယင်မယ်တော်သည် မြတ်စွာဘုရား သင်ကြားပေးထားသည့် ဂါထာကို ရွတ်ဖတ်လေတော့၏။

စွန်းဟိန်ကျဲ နှစ်ယောက်စလုံး လူးလှိမ့် အော်ဟစ်ကြလေ၏။

"ဂါထာကို မရွတ်ပါနဲ့ မယ်တော်၊ တပည့်တော် ခေါင်းကိုက်လွန်းလို့ပါ ...."

သူတို့ နှစ်ယောက်စလုံးမှာ လူးလှိမ့် အော်ဟစ် နေကြသဖြင့် ကွမ်ယင်မယ်တော်မှာ ခွဲခြားနိုင်စွမ်းမရှိတော့ပေ။ ကွမ်ယင်မယ်တော်၏ ခွဲခြားနည်းမှာ ရှင်းသည်။ သူသည် စွန်းဟိန်ကျဲအစစ်ကိုသာ ကွင်းသရဖူ စွပ်ထားပေးခြင်းဖြစ်ရာ သူ ဂါထာရွတ်သောအခါ စွန်းဟိန်ကျဲ အစစ်ကသာ လူးလှိမ့်အော်ဟစ်ရမည်ဖြစ်သည်။ ယခု .... နှစ်ယောက်စလုံးက လူးလှိမ့်အော်ဟစ်နေသောအခါတွင်မူ ကွမ်ယင်မယ်တော် အစစ် အတု မခွဲးတတ်တော့ချေ။



"ကဲ .... သင်တို့ နှစ်ယောက်ကို အစစ်နှင့် အတု ငါ မခွဲးပေးနိုင်တော့ဘူး၊ သင်တို့နှစ်ယောက် နတ်မင်းကြီးဆီသွားပေတော့၊ နတ်မင်းကြီးကတော့ သင်တို့နှစ်ယောက်ကို ခွဲပေးနိုင်ကောင်းခွဲပေးလိမ့်မယ်...."

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် ထသတ်ပြန်လေတော့၏။ သူတို့ နှစ်ယောက်သည် သတ်ပုတ်ရင်းဖြင့် နတ်ပြည်သို့တက်သွားကြသည်။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၁၅၁)

## အတုကိုဖေါ်ထုတ်ခြင်း

သူတို့သည် တောင်ဘက်မုခ်တံခါးသို့ ရောက်ရှိသွားကြ၏။ တံခါးမှူးနှင့် နတ်သားများ အံ့ဩတကြီး ဝိုင်းဝန်းကြည့်ရှုကြတော့သည်။ သူတို့သည် စွန်းဟိန်ကျဲနှစ်ယောက်ဖြစ်နေသည်ကိုသာ အံ့ဩနေကြ၏။

သူတို့သည် နတ်မင်းကြီးရှေ့ရောက်သည်အထိ သတ်ပုတ်သွားကြသည်။ ထိုအခါ နတ်မင်းကြီးက ငေါက်ငမ်းလိုက်၏။

"သင်တို့ သတ်ပုတ်တာ ရပ်လိုက်စမ်း"

ထိုအခါ ရန်ပွဲ ရပ်ဆိုင်းသွား၏။

စွန်းဟိန်ကျဲတစ်ယောက်က –

"နတ်မင်းကြီး .... ကျွန်ုပ်တို့နှစ်ယောက်ကို ဘယ်သူအတု ... ဘယ်သူအစစ် ဖြစ်တယ်ဆိုတာ ခွဲခြားပေးတော်မူပါ ...."

အခြား စွန်းဟိန်ကျဲ တစ်ယောက်ကလည်း ထိုအတိုင်းပြောပါသည်။

နတ်မင်းကြီးက သူတို့အား သေချာစွာအကဲခတ်ကြည့်၏။လုံးဝ ရုပ်တူ ရုပ်ရည်ချင်းကလည်း ခွဲမရအောင် တူနေသဖြင့် မည်သူအတု၊ မည်သူအစစ် ဖြစ်သည်ကို သူလည်း အဆုံးအဖြတ် မပေးနိုင်ချေ။



"သွားကြစမ်း .... ကျွန်ုပ်ကို သက်သက် အလုပ်ရှုပ်အောင် လာလုပ်တာပဲ ...."

နတ်မင်းကြီးသည် သူတို့အား မောင်းထုတ်လိုက်၏။

သူတို့သည် သတ်ပုတ်လုံးထွေးရင်း ပင်လယ်ထဲသို့ ထိုးကျသွားလေ၏။

နဂါးမင်းသည် ကင်းလှည့်နေသောရေနေသတ္တဝါများ၏သတင်းပေးချက်အရ စွန်းဟိန်ကျဲနှစ်ယောက် သတ်ပုတ်နေကြကြောင်း သိရှိလိုက်ရသည်။ သူသည် အလွန်အံ့ဩသဖြင့် မှူးမတ်များနှင့်အတူ ရေအောက်နန်းတော်ထဲမှ ထွက်လာသည်။

စွန်းဟိန်ကျဲနှစ်ယောက်ရှေ့သို့ နဂါးမင်း ရောက်ရှိလာသောအခါ သူတို့၏ တိုက်ပွဲသည် ရပ်ဆိုင်းသွားလေ၏။ စွန်းဟိန်ကျဲတစ်ယောက်က နဂါးမင်းကို နှုတ်ဆက်လိုက်၏။

"နဂါးမင်း .... ကျွန်ုပ်ကို သိတယ်မဟုတ်လား"

နဂါးမင်းက ခေါင်းညိတ်လိုက်၏။

"သိပါတယ်"

အခြား စွန်းဟိန်ကျဲ တစ်ယောက်ကလည်း ဤမေးခွန်းကိုပင်မေး၏။

"နဂါးမင်း .... ကျွန်ုပ်ကို သိတယ်မဟုတ်လား"

နဂါးမင်းက ခေါင်းညိတ်ရပြန်သည်။

"သိပါတယ် ...."

ပထမ စွန်းဟိန်ကျဲက –

"ကျွန်ုပ်ဟာ စွန်းဟိန်ကျဲအစစ်ဆိုတာ သင်သိတယ်မဟုတ်လား"

ဒုတိယ စွန်းဟိန်ကျဲကလည်း –

"ကျွန်ုပ် စွန်းဟိန်ကျဲအစစ်ဆိုတာ သင်သိတယ် မဟုတ်လား"

နဂါးမင်းသည် သူတို့နှစ်ယောက်အား တစ်လှည့်စီ ကြည့်သည်။ အလွန်တူညီလှသဖြင့် သူသည် မည်သူအစစ်၊ မည်သူအတုဖြစ်သည်ကို မသိတော့ချေ။

"ဝမ်းနည်းပါတယ်၊ ကျွန်ုပ် မခွဲခြားနိုင်ပါဘူး"

စွန်းဟိန်ကျဲ နှစ်ယောက်သည် သတ်ပုတ်ရင်းပင်လယ်ထဲမှထွက်ခဲ့ကြ၏။ သူတို့သည် တိမ်တိုက်ပေါ် ပြန်လည် ရောက်ရှိလာကြသည်။

သူတို့ တိမ်တိုက်ပေါ် ရောက်ရှိသောအခါ ပထမစွန်းဟိန်ကျဲက ပြောသည်။

"ငါတို့ဆရာဆီကိုသွားမယ်၊ ဆရာကငါတို့ကို အတုအစစ်ခွဲပေးနိုင်မှာပါ ...."

ဒုတိယ စွန်းဟိန်ကျဲကလည်း ထိုသို့ပင် ပြောသည်။

ဤသို့ဖြင့် သူတို့သည် အပြန်အလှန် သတ်ပုတ်ရင်း ထန်စန်းကျွမ်းဆရာတော်ရှိသည့်နေရာသို့ ရောက်လာသည်။

ဆားဝူကျိန်းသည် စွန်းဟိန်ကျဲ နှစ်ယောက် သတ်ပုတ်ရင်း ရောက်ရှိလာကြောင်း တွေ့လိုက်ရသဖြင့် အိမ်ထဲသို့ ကမန်းကတန်း ပြေးဝင်ပြီး ဆရာတော်အား လျှောက်ထားလေ၏။

"ဆရာ ...ဆရာ...အိမ်ပြင်ကို ထွက်ကြည့်ပါတော့၊ စွန်းဟိန်ကျဲ နှစ်ယောက် သတ်ပုတ်ရင်း ရောက်ရှိလာပါပြီ"

ထန်စန်းကျွမ်း ဆရာတော်သည် အိမ်ပြင်သို့ သုတ်ခြေတင်၍ ထွက်ကြည့်လေ၏။ အိမ်ရှေ့ရှိမြေကွက်လပ်ကလေးပေါ်တွင် စွန်းဟိန်ကျဲ နှစ်ယောက် သဲသဲမဲမဲ တိုက်ခိုက်နေကြကြောင်း သူတွေ့မြင်လိုက်ရသည်။

ထန်စန်းကျွမ်း ဆရာတော်သည် လုံးထွေး တိုက်ခိုက်နေသော စွန်းဟိန်ကျဲ နှစ်ယောက်စလုံးကို အသေအချာကြည့်၏။ မည်သူအတု၊ မည်သူ အစစ် ဖြစ်သည်ကို သူသည် ခွဲခြားမသိချေ။

"ဝူခုံး ...."

သူသည် ရုတ်တရက်ခေါ်လိုက်ရာ စွန်းဟိန်ကျဲနှစ်ယောက်သည် တိုက်ခိုက်နေရာမှ အံ့သြဖွယ်ရာ ရပ်ဆိုင်းသွားသည်။

ထန်စန်းကျွမ်းဆရာတော်က -

"သင်တို့နှစ်ယောက် ခွဲနေကြပါ"

စွန်းဟိန်ကျဲနှစ်ယောက်သည် ခွဲ၍ ရပ်နေကြ၏။

ထိုအခါ ထန်စန်းကျွမ်းဆရာတော်သည် ဂါထာကိုတီးတိုးရွတ်ဆိုလေတော့၏။



စွန်းဟိန်ကျဲနှစ်ယောက်တို့သည် ဦးခေါင်းကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ လူးလိမ့်နေကြတော့၏။

"ဂါထာ မရွတ်ပါနဲ့တော့"

"ဂါထာကို မရွတ်ပါနဲ့တော့ ဆရာ ...."

သူတို့ နှစ်ယောက်စလုံးက တောင်းပန်ကြ၏။

ဆရာတော်သည် ဂါထာရွတ်ခြင်းကို ရပ်တန့်လိုက်သည်။

စွန်းဟိန်ကျဲနှစ်ယောက်စလုံးက ပြိုင်တူမေးလိုက်ကြ၏။

"ဆရာ .... တပည့်တော်က အစစ်မဟုတ်လား"

ထန်စန်းကျွမ်းဆရာတော်သည် အတု အစစ် မခွဲခြားနိုင်သဖြင့် စိတ်ဓာတ်ကျသွားလေ၏။

"သင်တို့ နှစ်ယောက်ဟာ တူလွန်းတယ်၊ ဘယ်သူက အစစ်၊ ဘယ်သူက အတုဆိုတာ မဝေခွဲနိုင်တော့ပါဘူး"

ထိုစကားကို ကြားသောအခါ စွန်းဟိန်ကျဲ နှစ်ယောက်သည် ပြန်လည် သတ်ပုတ်ကြလေတော့၏။

စွန်းဟိန်ကျဲတစ်ယောက်က -

"သင် သတ္တိရှိရင် ငရဲပြည်လိုက်ခဲ့ပါလား၊ ဟိုမှာ ခွဲခြားပေးမယ့်လူရှိတယ် ...."

"ခွဲခြားပေးမယ့်လူရှိရင် ကျွန်ုပ်လိုက်တာပေါ့၊ အခုပဲ ငရဲပြည်ကိုသွားမယ် ...."

သူတို့သည် သတ်ပုတ်ရင်း ငရဲပြည်သို့ ဆင်းသွားကြလေ၏။ သူတို့၏ သတ်ပုတ်မှုမှာ ပြင်းထန်လှသဖြင့် ယမမင်းများပင် တုန်လှုပ်ချောက်ချားသွားကြသည်။ ယမမင်းများသည် စုရုံးရောက်ရှိလာပြီး သူတို့၏ရန်ပွဲကို ကြည့်ကြသည်။ ထိုအခါကျမှ ရန်ပွဲ ရပ်ဆိုင်းသွား၏။

ပထမ စွန်းဟိန်ကျဲက -

"မိတ်ဆွေကြီး .... ဘီလူးက ကျုပ်ရဲ့ရုပ်သွင်ကို ဖန်ဆင်းထားတယ်၊ သင်တို့က ခွဲခြားပေးပါ ...."

ဒုတိယ စွန်းဟိန်ကျဲကလည်း -

"မိတ်ဆွေကြီး .... ဘီလူးတစ်ကောင်က ကျုပ်ရဲ့ ရုပ်သွင်ကို

ဖန်ဆင်းထားပါတယ်၊ အသင်တို့ ခွဲခြားပေးပါ ....”

“သူက ဘီလူး .... ကျွန်ုပ်က အစစ်ပါ ....”

“ကျွန်ုပ်က အစစ် .... သူက ဘီလူးပါ ....”

ယမမင်းများက လက်ကာ၍ ဟန့်တားလိုက်၏။

“သင်တို့ ငြိမ်ငြိမ်နေကြပါ .... ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ပြီး ဘယ်သူအစစ် ဘယ်သူအတု ဆိုတာကို ရှာဖွေပေးပါ့မယ်”

သူတို့ဆီ၌ရှိသော စာရင်းစာအုပ်များကို ယမမင်းများသည် ပြန်လှန်စစ်ဆေးကြတော့၏။ သူတို့သည် မျောက်အမျိုးအနွယ်များစာရင်းကို ကြည့်သည်။ သို့သော် .... မျောက် အမျိုးအနွယ်များစာရင်းသည် မပြည့်မစုံ ဖြစ်နေလေ၏။

ယင်းသို့ ဖြစ်ရသည်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ငါးရာကျော်က စွန်းဟိန်ကျဲ ငရဲပြည်သို့ ရောက်လာပြီး မျောက် အမျိုးအနွယ်များ၏ စာရင်းကို မင်ဖြင့် ဖျက်ပစ်ခဲ့သောကြောင့် ဖြစ်သည်။

သူတို့သည် စာရင်းထဲ၌ ဘာမျှဖတ်မရတော့သဖြင့် စွန်းဟိန်ကျဲတို့၏ အသေးစိတ် အချက်အလက်များကိုလည်း မသိတော့ပေ။ သူတို့ လက်လျှော့ကြရတော့သည်။

သူတို့သည် ပြိုင်တူပင် ခေါင်းယမ်းကြလေ၏။

“သင် .... မျောက်မင်းတို့ကို ဘယ်သူကအစစ်၊ ဘယ်သူကအတု ဆိုတာ ကျွန်ုပ်တို့လည်း ဝေခွဲပိုင်းခြား ပေးနိုင်စွမ်း မရှိတော့ပါဘူး ....”

စွန်းဟိန်ကျဲတစ်ယောက်က ယမမင်းများအနီးတွင် ရပ်နေသည့် မြေလွှာပြင်နတ်မင်းအားမေး လိုက်၏။

“မြေလွှာပြင်နတ်မင်းကရော .... စုံစမ်းပေးလို့ မရဘူးလား ....”

မြေလွှာပြင် နတ်မင်းသည် သူစီးသော ခြူးသတ္တဝါအား ညွှန်ပြလိုက်၏။

“ကျွန်ုပ်စီးတဲ့ ခြူးသတ္တဝါဟာ မြေလွှာပြင်အောက် ရောက်လာတဲ့ အသံမျိုးစုံကို ကွဲကွဲပြားပြား ခွဲခြားနားထောင်နိုင်စွမ်း ရှိပါတယ်၊ သူ့ကို ကျွန်ုပ် မေးပေးပါမယ်”

သူသည် ခြူးသတ္တဝါ၏ဦးခေါင်းအား ပုတ်၍ –



“ကဲ .... စီးတော်ခြူး .... သင့်ရဲ့ စွမ်းရည်ကို အသုံးပြုပြီး စွန်းဟိန်ကျဲ အတု အစစ်ကို ခွဲခြားပေးပါ ....”

ခြူးသတ္တဝါသည် မြေပြင်၌ဝပ်ကာ နားထောင်လေ၏။ ထို့နောက် စွန်းဟိန်ကျဲနှစ်ယောက်အား ကြည့်သည်။

မြေလွှာနတ်မင်းက မေးသည်။

“ကဲ .... သင်သိသမျှ ပြောပြပေတော့”

စီးတော်ခြူးက –

“စွန်းဟိန်ကျဲအတုဟာ ဘယ်သတ္တဝါ ဖန်ဆင်းထားတယ်ဆိုတာ ကျွန်တော်မျိုး သိလိုက်ပါပြီ”

“ပြောစမ်း၊ ဘယ်သတ္တဝါလဲ”

စီးတော်ခြူးက ခေါင်းခါလေ၏။

“ပြောလို့မဖြစ်ဘူး”

“ဘာဖြစ်လို့လဲ”

“စွန်းဟိန်ကျဲအတုဟာ စွန်းဟုန်ကျဲအစစ်နဲ့ တန်ခိုးအရာမှာ မတိမ်းမယိမ်း ရှိနေပါတယ်၊ ကျွန်တော်မျိုးပြောလိုက်ရင် အတုဟာဒေါသထွက်ပြီး သောင်းကျန်းလာမှာ သေချာပါတယ်၊ သူသောင်းကျန်းရင် ဘယ်သူမှသူ့ကို တားနိုင်မှာ မဟုတ်ပါဘူး ....၊ ဒါကြောင့် ဖွင့်မပြောတာ အကောင်းဆုံးပါပဲ”

စွန်းဟိန်ကျဲသည် ခေါင်းကုတ်ရလေတော့၏။

“ဒါဖြင့် ကျွန်ုပ်တို့ ဘယ်သူ့ဆီ သွားပြီး မေးရမှာလဲ”

ဒုတိယ စွန်းဟိန်ကျဲကလည်း –

“ကဲ .... ဒါဖြင့် ကျွန်ုပ်တို့ ဘယ်သူ့ဆီသွားပြီး မေးရမှာလဲ ....”

စီးတော်ခြူးက –

“အကောင်းဆုံးကတော့ မြတ်စွာဘုရားဆီကို သွားမေးတာ အကောင်းဆုံးပါ၊ ဘုရားကိုယ်တော်မြတ်ကြီးကိုတော့ ဘယ်သူမှ မဖုံးကွယ်နိုင်ပါဘူး ....”

ပထမ စွန်းဟိန်ကျဲက –

“ကောင်းပါပြီ၊ ကျွန်ုပ်တို့ မြတ်စွာဘုရားဆီပဲ သွားကြမယ် ....”

**ဒုတိယ စွန်းဟိန်ကျဲကလည်း၊ –**

"ကောင်း၊ပြီ၊ ကျွန်ုပ်တို့ မြတ်စွာဘုရားဆီ သွားမယ်"

သူတို့သည် အပြန်အလှန် သတ်ပုတ်ပြီး ငရဲပြည်မှထွက်ခွာသွားကြလေတော့၏။ သူတို့သည် တိမ်တိုက်ပေါ်၌လည်းသတ်သည်။ မြေပြင်ပေါ် ဆင်းလာတော့လည်း သတ်သည်။ မြတ်စွာဘုရား သီတင်းသုံးရာ စံကျောင်းတော်ရှေ့သို့ ရောက်နေလျက်ပင် သတ်ပုတ်နေကြလေ၏။

ထိုအချိန်၌ မြတ်စွာဘုရားရှေ့တော်၌ ရဟန္တာငါးရာနှင့် လူပရိသတ် နတ်ပရိသတ်တို့ တရားနာနေကြသည်။ မြတ်စွာဘုရားသခင်သည် ပရိသတ်အား စိတ်နှင့်ပတ်သက်၍ ဒေသနာတော်ကို ဟောကြားတော်မူလေ၏။

မြတ်စွာဘုရားသည် ပြုံးတော်မူ၍ ပရိသတ်အား မိန့်ကြားလေ၏။

"ငါဘုရား ဟောကြားနေတဲ့တရား ဒေသနာတော်ကို ခေတ္တ ရပ်ဆိုင်းရပေဦးမယ်"

တရားနာနေကြသော လူပရိသတ် နတ်ပရိသတ်တို့သည်မြတ်စွာဘုရားဟောကြားနေသော တရားတော်ကိုအဘယ်ကြောင့် ရပ်ဆိုင်း ရကြောင်း နားမလည်ဘဲရှိကြလေ၏။

**ထိုစဉ် ကျောင်းတော်ရှေ့မှ** ဆူဆူညံညံ အသံများကို ကြားလိုက်ရသည်။ **စွန်းဟိန်ကျဲတို့ နှစ်ယောက်** သတ်ပုတ်ပြီး ကျောင်းတော်ရှေ့သို့ ရောက်ရှိလာကြောင်း သိလိုက်ရသည်။

စံကျောင်းတော်အား စောင့်ရှောက်နေသော နတ်သားလေးပါးသည် ပေါ်လာပြီး စွန်းဟိန်ကျဲတို့နှစ်ယောက်အား တားမြစ်လိုက်လေ၏။

"အသင်တို့ ရပ်ကြပါ"

စွန်းဟိန်ကျဲတို့မှာ နတ်သားများ၏ စကားကို နားမထောင်ဘဲ သတ်ပုတ်ရင်း ကျောင်းတော်ထဲသို့ ဝင်လာကြ၏။ လူပရိသတ်၊ နတ်ပရိသတ်လည်း ဖဲခွာပေးကြရလေ၏။

နတ်သားလေးပါးမှာ မည်သို့မျှ မတတ်နိုင်ဘဲ လက်မှိုင်ချကြရတော့သည်။

သူတို့သည် မြတ်စွာဘုရား၏ ရှေ့တော်သို့ ရောက်သောအခါ



တွင်မူ ရန်ပွဲ အလိုလို ရပ်ဆိုင်းသွားကြလေ၏။ ထို့နောက် မြတ်စွာဘုရားကို ပြိုင်တူ ရှိခိုးကန်တော့ကြသည်။

ပထမစွန်းဟိန်ကျဲက –

"ရှင်မြတ်ဘုရား .... ဘုရားတပည့်တော်ကို တုပပြီး ထန်စန်းကျမ်းဆရာတော်ကို ဒုက္ခပေးနေတဲ့ ဟောဒီမျောက်သတ္တဝါကို ဆုံးမပေးတော်မူပါ ဘုရား ...."

ဒုတိယ စွန်းဟိန်ကျဲကလည်း –

"ရှင်မြတ်ဘုရား .... သူက စွန်းဟိန်ကျဲအတု ဖြစ်ပါတယ်၊ ဒါကြောင့် သူဟာ ဘယ်လိုသတ္တဝါက အယောင်ဆောင်တာလဲ ဆိုတာ အရှင်ဘုရားရဲ့ တန်ခိုးတော်နဲ့ ခွဲခြားပေးတော်မူပါ ဘုရား ...."

ထိုအခါ ရဟန္တာအပါးငါးရာ၊ လူပရိသတ်၊ နတ်ပရိသတ်တို့မှာ ခွဲခြား၍မရအောင် ရုပ်ချင်းဆင်တူနေသော မျောက်သတ္တဝါနှစ်ကောင်ကို ကြည့်၍ အံ့သြနေကြလေ၏။ သို့သော် .... မည်သူအတု မည်သူအစစ်ဖြစ်သည်ကို မည်သူမျှ ခွဲခြားဝေဖန်နိုင်စွမ်း မရှိကြချေ။ မြတ်စွာဘုရားသည် လက်ဝါးထောင်ပြလေ၏။

"ခဏနေကြဦး .... ငါဘုရားရဲ့ ပရိသတ်တစ်ယောက် လာပါလိမ့်ဦးမယ် ...."

မြတ်စွာဘုရားသည် သူ့ထံသို့ တစ်စုံတစ်ယောက်လာဦးမည်ကို သိရှိလေ၏။

ထိုစဉ် ကြက်တူရွေးတစ်ကောင်သည် စံကျောင်းတော်သို့ ဝဲပျံရောက်ရှိလာလေ၏။ ထိုကြက်တူရွေးကား ကွမ်ယင်မယ်တော်၏အမှတ်အသားတည်း။ အားလုံးသည် ကွမ်ယင်မယ်တော် ရောက်လာမည်ကို သိရှိလိုက်ကြသည်။

ခဏမျှကြာသောအခါ ကွမ်ယင်မယ်တော်နှင့် သူတော်မှချားတို့သည် ကျောင်းတော်အတွင်း လှမ်းဝင်လာကြသည်။

ကွမ်ယင်မယ်တော်သည် စွန်းဟိန်ကျဲနှစ်ယောက် ရောက်ရှိနေသည်ကို သတိပြုမိလေ၏။

မယ်တော်နှင့် သူတော်မှချားတို့သည် မြတ်စွာဘုရားအား ရှိခိုး

ကန်တော့ကြလေ၏။

မြတ်စွာဘုရားက -

"**သင် မယ်တော် ရောက်လာတဲ့ ကိစ္စဟာ မျောက်နှစ်ကောင်နဲ့ သက်ဆိုင်နေတယ် မဟုတ်လား**"

ကွမ်ယင်မယ်တော်သည် လက်အုပ်ချီ၍ လျှောက်ထားလေ၏။

"မှန်ပါတယ်ဘုရား ....၊ ထန်စန်းကျွမ်းဘုန်းတော်ကြီးရဲ့ ခရီးစဉ် မကြန့်ကြာရအောင် စွန်းဟိန်ကျဲ အတုနဲ့ အစစ်ကို ခွဲခြားပေးပါလို့ တောင်းပန်ပါတယ်ဘုရား ...."

မြတ်စွာဘုရားက -

"သင် မယ်တော်ဟာ စကြဝဠာကြီးတစ်ခုလုံးရဲ့ အဖြစ်အပျက်ကို သိထားပါလျက်က စွန်းဟိန်ကျဲဖန်ဆင်းထားတဲ့ သတ္တဝါဟာ ဘာသတ္တဝါလဲဆိုတာ မယ်တော် သိမထားတာတော့ တော်တော်အံ့သြစရာ ကောင်းပေတယ် ...."

**မယ်တော်သည် ဦးခိုက်လျှောက်ထား၏။**

"တပည့်တော်မ .... မသိကြောင်းပါဘုရား"

"အမှန်တော့ စကြဝဠာတစ်ခုလုံးရဲ့ သတ္တဝါတွေရဲ့ ဇာစ်မြစ်ကိုလည်း သိထားဖို့ သင့်ပါတယ် ...."

"မှန်လှပါဘုရား"

မြတ်စွာဘုရားသည် ကွမ်ယင်မယ်တော်ထံမှ အကြည့်ကို လွှဲဖယ်တော်မူသည်။ စွန်းဟိန်ကျဲတို့ နှစ်ယောက်အား ကြည့်လိုက်သည်။ မြတ်စွာဘုရားသည် ပြုံးတော်မူ၏။

"စွန်းဟိန်ကျဲကိုတုပြီး ခွဲမရအောင် ဖန်ဆင်းထားတဲ့သတ္တဝါဟာ ဘီလူးမဟုတ်ပါဘူး၊ သူဟာ စွန်းဟိန်ကျဲဖျက်ဆီးပစ်လိုက်တဲ့ ယမမင်းရဲ့ မျောက်မျိုးနွယ်စာရင်းထဲက ပျောက်သွားတဲ့ မျောက်တစ်မျိုးပါ၊ ဒီလောကမှာ မျောက်မျိုးမျောက်နွယ် လေးမျိုး ရှိတယ်"

စံကျောင်းတော်ထဲရှိ ပရိသတ်အားလုံးသည် မြတ်စွာဘုရား၏ အသံတော်ကို စိတ်ဝင်တစား နားထောင်နေကြလေ၏။

မြတ်စွာဘုရားက -



"အဲဒီမျောက်လေးမျိုးဟာ အလွန်ဉာဏ်ထက်မြက်တဲ့၊ အလွန်တန်ခိုးရှိတဲ့ ကျောက်တုံးကဖြစ်တဲ့ မျောက်မျိုး၊ အဲဒီမျောက်ဟာ ဖန်ဆင်းတဲ့ အတတ်ပညာကို တတ်တယ်၊ ရာသီဥတုနဲ့ ပထဝီမြေအနေအထားကို ကျွမ်းကျင်တယ်၊ နက္ခတ်တာရာတွေကိုလည်း ပြောင်းလဲစေနိုင်စွမ်း ရှိတယ်၊ အဲဒါက ပထမ မျောက်မျိုး ........."

"ဒုတိယမျောက်မျိုးက အညိုရောင် မြင်းမျက်နှာနဲ့မျောက်မျိုးပဲ၊ သူတို့ဟာ လူမှုရေးရာကျွမ်းကျင်တယ်၊ သေမဲ့အေးကို ရှောင်တိမ်းနိုင်တယ်၊ အကြားအမြင် ရတယ် ........"

"တတိယ **မျောက်မျိုးကိုတော့** လက်တံရှည် မျောက်မျိုးလို့ ခေါ်တယ်၊ **သူတို့ဟာတောတောင်အထပ်ထပ်ကိုကျွမ်းတယ်၊ အဆိုးအကောင်း**ကို ခွဲခြားနိုင်တယ်......."

"စတုတ္ထ အမျိုးကတော့ ပထမအမျိုးလို ထူးခြားမှုရှိတဲ့ မျောက်မျိုးပါ၊ အဲဒီမျောက်မျိုးဟာ နားရွက်ခြောက်ခုရှိတဲ့မျောက်မျိုးပါ၊ သူလည်း စွမ်းရည်ရှိတာပဲ၊ အသံကို ခွဲခြားနိုင်တယ်၊ အနာဂတ်နဲ့ အတိတ်ကိုလည်း ကြားတယ်၊ မြင်တယ်၊ အကျိုးအကြောင်းလည်းဆင်ခြင်သုံးသပ်တတ်တယ်၊ အဲဒီမျောက်လေးမျိုးဟာ မျောက် အမျိုးအနွယ်တွေ စာရင်းထဲမှာလည်း မပါဘူး၊ သူတို့ဟာ တစ်သီးတခြားစီရှိတဲ့ သတ္တဝါတွေပဲဖြစ်တယ်၊ ဒါကြောင့် စွန်းဂူခုံးရဲ့ အသွင်သဏ္ဍာန်ကိုယူပြီး ဖန်ဆင်းထားတဲ့ မျောက်ဟာ နားရွက်ခြောက်ခုရှိတဲ့ မျောက်ဖြစ်ပါတယ်၊ ဒီမျောက်ဟာ တစ်နေရာမှာရပ်နေရင် လီပေါင်း တစ်ထောင်ဝေးတဲ့နေရာက ပြောဆိုတဲ့ စကားကို ကြားနိုင်ပါတယ်၊ နောက်ပြီး အရာခပ်သိမ်းကိုလည်း တူညီနေအောင် ဖန်တီးနိုင်စွမ်းရှိပါတယ်"

မြတ်စွာဘုရားသည် ဒုတိယစွန်းဟိန်ကျဲကို လက်ညှိုးဖြင့် ညွှန်ပြတော်မူ၏။

ဒုတိယ စွန်းဟိန်ကျဲသည် မြတ်စွာဘုရားက သူတို့၏ ဇာတိဇာစ်မြစ်အားပြောဆိုရုံတင်မက သူ့အားအတုဟုညွှန်ပြလိုက်သဖြင့် ထိတ်လန့်တုန်လှုပ်သွားလေ၏။ သူသည်အခြေအနေမဟန်မှန်းသိလိုက်လေပြီ။ သူသည် ထွက်ပြေးရန် စံကျောင်းတော် အပေါက်ဝကို ကြည့်လေ၏။

"သူ့ကို မသွားစေနဲ့"

မြတ်စွာဘုရားက အမိန့်ပေးလိုက်လေ၏။ ထိုအခါ နတ်မင်းကြီးနှင့်နတ်အပေါင်းတို့သည် နားရွက်ခြောက်ခုမျောက်အား ဝိုင်းပတ် ကာဆီးထားလိုက်တော့၏။

စွန်းဟိန်ကျဲအတုသည် သူဖန်တီးလိုသည့် အခြေအနေအရပ်ရပ်ပျက်စီးသွားပြီကို သိသဖြင့် သူသည် ပိတုန်းယောင်ဆောင်ပြီး နတ်ပရိသတ်ကို ဖြတ်ကျော်ပြေးရန် ကြိုးစားလေ၏။

မြတ်စွာဘုရားသည် အနီးတွင်ရှိသော သပိတ်တစ်လုံးဖြင့် လှမ်းပစ်လိုက်သည်။ ထိုအခါ သပိတ်သည် ပိတုန်းကို အုပ်မိသွားသည်။

လူပရိသတ် နတ်ပရိသတ်သည် စွန်းဟိန်ကျဲအတု ထွက်ပြေးသွားပြီဟု မှတ်ထင်နေခိုက် မြတ်စွာဘုရားက မိန့်ကြားတော်မူလေ၏။

"သူဘယ်ကိုပြေးနိုင်မှာလဲ၊ ငါဘုရားရဲ့သပိတ်နဲ့အုပ်မိထားပါပြီ"

နတ်သားတို့သည် သပိတ်ကို လှန်လိုက်သောအခါ နားရွက်ခြောက်ခုရှိသော မျောက်တစ်ကောင်အား တွေ့လိုက်ရလေ၏။ သူသည် ထွက်လည်းမပြေးနိုင်၊ အများကလည်း ဝိုင်းကြည့်နေသဖြင့် ကျီးကြည့်ကြောင်ကြည့် ဖြစ်နေသည်။

"ကဲ .... ဟာ ...."

စွန်းဟိန်ကျဲသည် သူ့အား အမျိုးမျိုး ဒုက္ခပေးခဲ့သည့် နားရွက်ခြောက်ခုရှိသောမျောက်ကို အခဲမကြေနိုင်သဖြင့် သံတုတ်ဖြင့်ရိုက်ချလိုက်ရာ နားရွက်ခြောက်ခုရှိသော မျောက်မှာ မရှောင်နိုင်ဘဲ သေဆုံးသွားလေတော့၏။ ထိုအချိန်မှစ၍ လောက၌ နားရွက်ခြောက်ခုရှိသော မျောက်မျိုးပျက်သုဉ်းသွားတော့သည်။

စွန်းဟိန်ကျဲသည် သူဒေါသထွက်မှားမိပြီကိုသိလေ၏။ သူသည် မြတ်စွာဘုရားအား ဦးခိုက်၍ တောင်းပန်လေတော့သည်။

"အရှင်မြတ်ဘုရား .... ဒီမျောက်ဟာ တပည့်တော်ရဲ့ ဆရာရဲ့ ကျောကုန်းကိုလည်းရိုက်ပြီး စော်ကားခဲ့ပါတယ်၊ တပည့်တော်ကိုလည်း အတော်ပဲ ဒုက္ခပေးခဲ့ပါတယ်၊ ဒါကြောင့် တပည့်တော် စိတ်မထိန်းနိုင်ဘဲ ရိုက်သတ်မိတာပါဘုရား၊ တပည့်တော်ကို ခွင့်လွှတ်တော်မူပါ ...."



မြတ်စွာဘုရားက –

"ကဲ ...သင် အမြန်ဆုံး ပြန်ပေတော့၊ သင့်ဆရာ ခရီးဆက်လက်ထွက်နိုင်အောင် ဆက်လက်ဆောင်ရွက်ပေတော့ ...."

စွန်းဟိန်ကျဲ ဝမ်းသာသွားသည်။ မြတ်စွာဘုရားသည် သူ့အပြစ်ကို ခွင့်လွှတ်လိုက်သည်မဟုတ်ပါလော။ သူသည် မြတ်စွာဘုရားအား လက်အုပ်ချီ ရှိခိုးလိုက်၏။

"တပည့်တော်ကို ဆရာကမလိုချင်လို့ မောင်းထုတ်လိုက်ပါပြီဘုရား၊ ဒါကြောင့် တပည့်တော်ခေါင်းမှာစွပ်ထားတဲ့ ကွင်းသရဖူကိုသာ တပည့်တော်အား ညှာတာသနားတဲ့အနေနဲ့ ချွတ်ပေးတော်မူပါဘုရား"

မြတ်စွာဘုရားက မိန့်ကြားသည်။

"သင်ဝဋ်ကျွတ်ချိန်ကျတဲ့အခါ ဒီကွင်းဟာ အလိုလိုကျွတ်သွားမှာပါ၊ အခု .... သင်ထမ်းဆောင်ရမယ့်တာဝန်ကိုတော့ တစ်ပိုင်းတစ်စနဲ့ပစ်မထားသင့်ဘူး၊ ဒါကြောင့် သင့်ဆရာကို ဆက်ပြီးကူညီစောင့်ရှောက်သင့်ပါတယ်၊ သင့်ဆရာက လက်ခံလာအောင် ကွမ်ယင်မယ်တော်ကူညီပြောဆိုပေးရင် အားလုံး အဆင်ပြေသွားမှာပါ ...."

စွန်းဟိန်ကျဲသည် ဆက်မပြောရဲတော့ချေ။ သူသည်မြတ်စွာဘုရားအား ရှိခိုးဦးခိုက်လိုက်၏။

"တပည့်တော်ကို ခွင့်ပြုတော်မူပါဘုရား"

"အိမ်း .... ကောင်းပေပြီ၊ သင့်အား ကွမ်ယင်မယ်တော် လိုက်ပို့ဆောင်ပေးလိမ့်မယ် ...."

ကွမ်ယင်မယ်တော်နှင့် သူတော်မှများတို့သည် မြတ်စွာဘုရားအား ရှိခိုးဦးခိုက်လေ၏။

စံကျောင်းအပြင်ဘက်သို့ ကွမ်ယင်မယ်တော် ထွက်လာသောအခါ သူတော်မှများနှင့် စွန်းဟိန်ကျဲတို့လည်း ထွက်လိုက်လာလေ၏။

သူတို့သည် ဆရာတော်ရှိရာ တဲအိမ်ကလေးသို့ မကြာမီပင် ဆိုက်ရောက်လာကြသည်။

ဆားဝူကျိန်းသည် ကွမ်ယင်မယ်တော်နှင့် သူ့ အစ်ကိုကြီးတို့ ဆိုက်ရောက်လာသဖြင့် လွန်စွာ ဝမ်းသာသွားသည်။ စွန်းဟိန်ကျဲ အတု

အစစ် ပြဿနာသည် ပြေလည်သွားပြီဖြစ်ကြောင်း သူသိလိုက်သည်။

"ဆရာ .... ဆရာ ....ကွမ်ယင်မယ်တော်နဲ့ အစ်ကိုကြီးတို့လာနေကြပြီဆရာ ...."

ထန်စန်းကျွမ်းဆရာတော်သည် မယ်တော်အား လက်အုပ်ချီ၍ ကြိုဆိုလေ၏။

အိမ်ရှင်မိသားစုမှာလည်း ကြုံတောင့်ကြုံခဲ ကွမ်ယင်မယ်တော်ကို ဖူးတွေ့ကြရသဖြင့် လွန်စွာ ဝမ်းသာသွားကြသည်။ သူတို့သည် တစ်အိမ်လုံးထွက်၍ မယ်တော်ကို ဖူးမြော်ကန်တော့ကြလေ၏။

ကွမ်ယင်မယ်တော်က ဆရာတော်အား ပြောသည်။

"ဆရာတော် .... မြတ်စွာဘုရားကလည်း မှာကြားလိုက်ပါတယ်၊ ဆရာတော် သွားနေတဲ့ ခရီးဟာ အတော်ကျန်ရှိနေပါသေးသတဲ့၊ စွန်းဝူခုံးမှ မပါရင် ဒီခရီးကို ဆရာတော်ရောက်ဖို့ မလွယ်ပါဘူး၊ ဒါကြောင့် ဝူခုံးကို ပြန်လက်ခံဖို့ မေတ္တာရပ်ခံပါတယ် ...."

ဆရာတော်လည်း သူ နှင်ထုတ်မိသည်ကို နောင်တရလေ၏။ သည်ခရီးကြမ်းကို ဝူခုံးကဲ့သို့ တန်ခိုးဣဒ္ဓိပါဒ်ရှိသူမပါဘဲနှင့် မည်သည့်နည်းနှင့်မျှ မရောက်နိုင်သည်ကို သူ ဆင်ခြင်မိလေ၏။ ထို့ကြောင့် ခပ်မဆိတ်ပင် နေလိုက်သည်။

မယ်တော်က စွန်းဝူခုံးအား ဆုံးမ၏။

"စွန်းဝူခုံး .... သင်ကလည်း ဆရာတော် မနှစ်သက်တဲ့ အလုပ်တွေကို ရှောင်ကြဉ်ပါ၊ သင်တို့လေးဦး ညီညီညွတ်ညွတ် သွားကြရင် ဒီခရီးဟာ မရောက်ဘဲ မရှိနိုင်ပါဘူး။ ညီညီညွတ်ညွတ်သာသွားကြပါ ...."

ကွမ်ယင်မယ်တော်သည် ဆုံးမစကား ပြောပြီးသည်နှင့် ကောင်းကင်သို့ တက်ရောက်သွားသည်။ သူသည် သူတော်မုများနှင့်အတူ တောင်ပင်လယ် ဖူတိုစန်းကျွန်းစုသို့ ပြန်လည်ကြွမြန်းသွားတော့၏။

စွန်းဝူခုံးသည် ဆရာတော်အား ရှိခိုးကန်တော့လေ၏။

ဆရာတော်ကလည်း စွန်းဝူခုံး၏ ဦးခေါင်းအား သပ်ပေးပြီး -

"ဝူခုံး .... ငါ့ကို ခွင့်လွှတ်ပေတော့"



"ဆရာတော်မှာ အပြစ်မရှိပါဘူး၊ တပည့်တော်မှာသာ အပြစ်ရှိတာပါ..."

ဆရာတပည့် နှစ်ယောက်သည် ကိုယ့်အပြစ်ကိုသာ ထုတ်ဖော်ပြောဆိုကြလေ၏။

ဆရာတပည့်လေးယောက်သည် ဒုက္ခမျိုးစုံကို ရင်ဆိုင်ကြုံတွေ့ရပြီးနောက် မကြုံစဖူး အထူးသွေးစည်း ညီညွတ်သွားကြ၏။ တစ်ယောက်နှင့် တစ်ယောက် ပိုမိုခင်မင်ရင်းနှီးသွားပြီး စိတ်တူကိုယ်တူဖြင့် မစ္ဈိမအရပ်ဒေသသို့ဦးတည်ပြီး အနောက်စူးစူးသို့ထွက်ခွာသွားကြတော့သည်။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၁၅၂)

### သံယပ်တောင်မင်းသမီး

သူတို့သည် ဤတစ်ကြိမ် ခရီးထွက်ကြရသည်မှာ များစွာ သက်သောင့်သက်သာ ရှိလေ၏။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် တောင်တက်တောင်ဆင်းလမ်းများကို မသွားရဘဲ ညီညွတ်သောမြေပြင်၊ သစ်တောတို့၌သာ ခရီးသွားရသောကြောင့်တည်း။ ထို့ပြင် ခရီးတစ်လျှောက်လုံး လူနေအိမ်ခြေ မပြတ်လှသဖြင့် နားခိုရန်နှင့် ဆွမ်းစားရန်မှာ အဆင်ပြေလှသည်။ ထို့ပြင် ထိုခရီးလမ်း၌ရှိသူ ပြည်သူပြည်သားအားလုံး ဗုဒ္ဓဘာသာဝင်များဖြစ်သည်ကလည်း သူတို့အတွက် အဆင်ပြေလှသည်။

သူတို့သည် ခရီးလမ်း အဆင်ပြေလှသဖြင့် အားလုံး စိတ်ချမ်းချမ်းသာသာ စကားတပြောပြောဖြင့် ခရီးဆက်လာကြသည်။ သို့သော် ထိုခရီးလမ်းမှာ နောက်၌ တဖြည်းဖြည်း ကျန်ရစ်ခဲ့လေပြီ၊ သူတို့ လျှောက်လာသည့် ခရီးလမ်းသည် တဖြည်းဖြည်း ပူလောင်လာသည်။ သူတို့၏ အပေါ်ဝတ်ရုံများကို ချွတ်ကြရသည်။

ထန်စန်းကျွမ်းဆရာတော်မှာတော့ သူ၏သင်္ကန်းများကို မချွတ်နိုင်ပါ၊ ဝတ်ရုံထားရပါသည်။ ထို့ကြောင့်ဆရာတော်သည်ညည်းညူလိုက်ပါသည်။



"ဒီရာသီဟာ ဆောင်းအကုန် နွေအကူး နွေဦးရာသီပါ၊ ဒီလောက်မပူရသေးပါဘူး ....၊ အခု .... ပူလွန်းလှတယ်၊ ငါ့သင်္ကန်းတွေကလည်း ထူလည်းထူတော့ အင်း .... ငါ့မှာ အပူဒဏ်အတော်ခံစားရတယ် ...."

ကျူးပတ်ကိုင်က –

"ဟုတ်တာပေါ့ဆရာ .... ဆရာ့မှာ တပည့်တော်တို့လို အဝတ်အစားလည်း မချွတ်နိုင်တော့ အတော်ဒုက္ခရောက်ရတာပေါ့၊ တပည့်တော်စိတ်ထင်၊ တပည့်တော်တို့ မတ်စူးနိုင်ငံကို ရောက်နေပြီနဲ့တူပါတယ် ..."

ဆရာတော်က –

"မတ်စူးနိုင်ငံက အတော်ပူလို့လား"

ကျူးပတ်ကိုင်က ရှင်းပြသည်။

"ပူတာပေါ့ ဘုရား ....၊ သူက ကမ္ဘာ့အစွန်ဆုံးမှာ ရှိနေတယ်၊ တစ်ချိန်လုံး နေလုံးကို မြင်နေရတယ်လို့ ပြောကြတာပဲဘုရား ...."

စွန်းဟိန်ကျဲက ရယ်မောလေ၏။

"မင်း ပြောတဲ့ နိုင်ငံကို မရောက်သေးပါဘူး၊ ဆရာတော်ဟာ ကြီးရာက ငယ်၊ ငယ်ရာက ကြီး အဲဒီလို သုံးကြိမ်ဖြစ်တာတောင် မင်း ပြောတဲ့ နိုင်ငံကို မရောက်နိုင်သေးပါဘူးကွယ်"

ကျူးပတ်ကိုင်က –

"ကျုပ်လည်းသူများပြောတာကို ကြားဖူးပြီးပြန်ပြောရတာပါ ...."

ဆရာတော်က –

"မင်းတို့ ပြောတဲ့ မတ်စူးနိုင်ငံကိုလည်း မရောက်သေးဘူး၊ ပူကလည်း ပူလှတယ်၊ ဒီတော့ ဒီအနီးအနားတစ်ဝိုက်က အိမ်ခြေရာခြေလေးများ စုံစမ်းပြီး မေးမြန်းကြည့်ကြပါလား"

သူတို့သည် ပြောရင်း လျှောက်လာကြရာ မကြာမီ အိမ်တစ်လုံးအား မြင်လိုက်ကြရ၏။

ထိုအိမ်မှာ အုတ်ကြွပ်များဖြင့် မိုးထားပြီး အုတ်ဖြင့် တည်ဆောက်ထားသည့် အိမ်ဖြစ်သည်။ တံခါးမကြီးများကို ဆေးနီများ သုတ်ထားသည်။ ထိုအိမ်ကြီး၏ဟိုမှာဘက်တွင် တဲအိမ်များရှိနေလေ၏။သူတို့သည် ရွာတစ်ရွာသို့ ဆိုက်ရောက်လာခဲ့လေပြီ။

စွန်းဟိန်ကျဲသည် ရှေးဦးစွာ လျှောက်သွားလေ၏။ သူသည် အိမ် တံခါးဝတွင်ရပ်ပြီး တံခါးကို ခေါက်လိုက်၏။

"ဒေါက် .... ဒေါက် .... ဒေါက် ...."

"ကျွီ ...."

တံခါး ပွင့်လာသည်။

အဘိုးအို တစ်ယောက်က တံခါးကို ဖွင့်လိုက်ခြင်း ဖြစ်သည်။ အဘိုးအိုသည် စွန်းဟိန်ကျဲကိုမြင်သောအခါ ထိတ်လန့်သွားပြီး တံခါး ပိတ်ရန် ဟန်ပြင်သည်။

စွန်းဟိန်ကျဲကခြေလှမ်းထိုးတားသဖြင့် တံခါးပိတ်၍မရတော့ချေ။

စွန်းဟိန်ကျဲက ချိုသာစွာ ပြုံးပြသည်။

"အဘ မကြောက်ပါနဲ့၊ ကျွန်ုပ်တို့ဟာ ခရီးသွားတွေပါ၊ ကျွန်ုပ် မေးစရာရှိလို့ အဘကို လာမေးတာပါ ...."

စွန်းဟိန်ကျဲ၏ပြုံးချိုသောမျက်နှာနှင့်ချိုသာသော စကားကြောင့် အဘိုးအို အကြောက်ပြေသွား၏။

"ဘာမေးမလို့လဲ၊ မေးပါကွယ်"

"ကျွန်ုပ်တို့လာခဲ့တဲ့ ခရီးလမ်းတစ်ခုလုံး အေးအေးချမ်းချမ်းပါ၊ အဘတို့ ရွာနဲ့ နီးလာတာနဲ့ တဖြည်းဖြည်း ပူလာပါတယ်၊ ဘာကြောင့် ဒီလို ထူးထူးကဲကဲ ပူနေရတာလဲ .... ဆိုတာ ကျေးဇူးပြုပြီး ပြောပြပါ ..."

"သင်တို့က ခရီးသွားတွေဆိုတော့ ဘယ်သိမှာလဲ"

"ဟုတ်ပါတယ်အဘရယ်၊ ကျွန်ုပ်တို့က မြတ်စွာဘုရားရဲ့ ပိဋကတ် သုံးပုံကို သွားရောက်ပင့်ဆောင်မယ့် ခရီးသွားတွေပါ၊ ထန်နိုင်ငံသားတွေ ဖြစ်ပါတယ် ...."

ထိုအဘိုးအိုမှာ ထန်နိုင်ငံဆိုသည်ကို မသိပေ။

"ဒါဖြင့် သင့်မှာ အဖော်တွေ ပါဦးမှာပေါ့ ...."

"ဟုတ်ကဲ့၊ ကျွန်ုပ်ရဲ့ ဆရာနဲ့ ကျွန်ုပ်ရဲ့ ညီနှစ်ယောက် ပါပါ သေးတယ်"

အဘိုးအိုက တံခါးကို အကုန်ဖွင့်လိုက်၏။

"ဒါဖြင့် သင့်ဆရာနဲ့ သင့်ညီတွေကို ခေါ်လိုက်ပါ၊ အေးအေး



ဆေးဆေး စကားပြောကြတာပေါ့ ...."

စွန်းဟိန်ကျဲသည် ဝမ်းသာအားရ သူ့ဆရာအားသွားခေါ်လေ၏။

"ဆရာ .... ကြွပါဆရာ၊ အိမ်ရှင်အဘိုးအိုက တပည့်တော်တို့ အဖွဲ့ကို ဖိတ်ခေါ်လိုက်ပါတယ်"

ဆားဝူကျိန်းက မြင်းဖြူကြီးကို ဆွဲလာ၏။ ကျူးပတ်ကိုင်က အထမ်းကို ထမ်းလာသည်။

အဘိုးအိုသည် ဆရာတော်၏ကျက်သရေရှိလှသော ရုပ်သွင်အား မြင်တွေ့လိုက်ရသောအခါ ပိုမို၍ ကြည်ညိုလေးစားသွားလေ၏။ သူသည် ထန်စန်းကျွမ်းဆရာတော်အား ရိုသေလေးစားစွာ ပင့်ဖိတ်သည်။ သူသည် ဆရာတော်အား နေရာထိုင်ခင်းပေး၍ ရေနွေးကြမ်းဖြင့်ဧည့်ခံလေ၏။

စွန်းဟိန်ကျဲက –

"ဒါနဲ့အဘ .... ဒီဒေသ ဘာကြောင့် ဒီလောက် ပူရသလဲဆိုတာ ပြောပြပါလား"

အဘိုးအိုသည် စိတ်ရှည်လက်ရှည် ရှင်းပြလေ၏။

"ဒီလိုကွယ့်၊ ဒီကနေ အနောက်ဘက်စူးစူးကိုသွားရင် လီပေါင်း ခြောက်ဆယ်အကွာမှာ မီးတောင်တစ်လုံးရှိနေပါတယ်။ အဲဒီမီးတောင်ဟာ တစ်နှစ်ပတ်လုံး မီးတောက်မီးလျှံတွေ ရှိနေပါတယ်၊ ထွက်နေပါတယ်၊ အဲဒီ မီးလျှံတောင်ရဲ့ လီပေါင်းသုံးဆယ်အကွာမှာ ဘာအပင်မှ မပေါက်ပါ ဘူး"

ထန်စန်းကျွမ်းဆရာတော်က စိုးရိမ်ပူပင်စွာ မေးလေ၏။

"ကျွန်ုပ်တို့ကလည်းအနောက်ဘက်ကိုသွားကြရမှာပါ၊ ဒကာကြီး ပြောတဲ့အတိုင်းဆိုရင် မီးတောင်ဟာ အနောက်ဘက်စူးစူးမှာ ရှိနေတယ် ဆိုတော့ ...."

အဘိုးအိုက ခေါင်းညိတ်လေ၏။

"ဟုတ်တယ်၊ အရှင်ဘုရားတို့ အနောက်စူးစူးကိုသွားရင်တော့ အဲဒီမီးတောင်ဆီ ရောက်မှာပဲ၊ အဲဒီမီးတောင်ကို ဖြတ်ကျော်ရမှာပဲ ...."

ထန်စန်းကျွမ်း ဆရာတော်သည် စိတ်ဓာတ် ကျသွားလေ၏။ ထိုအချိန်တွင် အပြင်မှ ဈေးသည်တစ်ယောက်၏ အော်သံကို ကြားလိုက်

ကြရလေ၏။

"ဆန်မုန့် .... ဆန်မုန့်ဗျို့"

စွန်းဟိန်ကျဲသည် အမွေးတစ်ပင်နုတ်ပြီး မန်းမှုတ်လိုက်ရာ ထိုဒေသသုံး ဒင်္ဂါးတစ်ပြား ဖြစ်သွားလေ၏။ သူသည် ထိုဒင်္ဂါးကိုကိုင်၍ အပြင်သို့ ထွက်ကြည့်သည်။

လူငယ်တစ်ယောက်သည် အထမ်းနှစ်ခုကိုထမ်းကာ မုန့်ရောင်းနေသည်ကိုတွေ့ရလေ၏။ စွန်းဟိန်ကျဲသည် ထိုလူငယ်ထံသို့ လျှောက်သွားသည်။

"ငါ့ကို မုန့်တစ်ခုလောက် ရောင်းပါ ...."

ဈေးသည်သည် သူ့အား ဆန်မုန့်တစ်ချပ်ကို ပေးလေ၏။ စွန်းဟိန်ကျဲသည် ဒင်္ဂါးပြားကိုပေးပြီး မုန့်ကိုယူလိုက်ရာ အလွန်ပူလောင်လှသဖြင့် လက်ဖြင့် ဘယ်ညာလဲလှယ်ကိုင်ရလေ၏။

စွန်းဟိန်ကျဲက ဈေးသည်အား မေးလိုက်သည်။

သူက ဈေးသည်အား မေး၏။

"ဒီဒေသမှာ ဒီလောက်ပူပြင်းလှတာ မီးတောင်ရဲ့ လီသုံးဆယ်အတွင်းမှာလည်း ဘာပင်မှ မပေါက်ဘူးလို့ ပြောတယ်၊ ညီလေး .... အခုဒီမုန့်လုပ်တာ ဘယ်အပင်ကရတာလဲ"

ဈေးသည်က ပြုံးပြလေ၏။

"ဟုတ်ပါတယ်၊ ဒီက လီခြောက်ဆယ်လောက် ဝေးတဲ့ နေရာမှာ မီးလျှံတောင်တစ်လုံး ရှိပါတယ်၊ အဲဒီမီးလျှံတောင်ဟာ တစ်နှစ်ပတ်လုံး မီးလျှံမီးခိုးတွေ ထွက်နေတဲ့အတွက် ဒီဒေသဟာ ပူပြင်းနေပါတယ်၊ ဒါပေမယ့် ကျုပ်တို့ရွာသားတွေဟာ သံယပ်တောင် မင်းသမီးဆီသွားပြီး ယပ်တောင် ငှားရပါတယ်၊ အဲဒီသံယပ်တောင်နဲ့ တစ်ချက်ခတ်လိုက်ရင် မီးတွေငြိမ်းသွားပါတယ်၊ နောက်တစ်ချက်ခတ်လိုက်ရင် လေတိုက်လာပါတယ်၊ တတိယအချက် ခတ်လိုက်ရင် မိုးရွာလာပါတယ်၊ အဲဒီတော့ ကျုပ်တို့ ရွာသူရွာသားတွေဟာ အချိန်မီ ထွန်ယက် စိုက်ပျိုးနိုင်တာပေါ့"

"ဩော် .... မင်း ဒီလိုရှင်းပြတာ ကျေးဇူးတင်ပါတယ်၊ သွားရောင်းစရာရှိတာ သွားရောင်းပါတော့"



မုန့်သည်သည် သူ၏ဆန်မုန့်များအား အော်ဟစ်ရောင်းချသွားသည်။ စွန်းဟိန်ကျဲသည် ဆန်မုန့်အားယူကာ အထဲသို့ဝင်သွား၏။ သူသည် ဆန်မုန့်အား ဆရာတော်အားဆက်ကပ်လိုက်၏။

"ဆရာ ... ဆန်မှုန့်ကို အဆာပြေ ဘုန်းပေးထားပါဆရာ ...၊ တပည့်တော် သွားစရာ ရှိလို့ပါ ...."

ဆရာတော်က –

"မင်း .... ဘယ်ကို သွားမှာလဲ"

စွန်းဟိန်ကျဲသည် ဆရာတော်၏အမေးကိုမဖြေချေ။ အဘိုးအိုကိုသာ လှည့်မေးလိုက်သည်။

"အဘ .... သံယပ်တောင်မင်းသမီး ဘယ်မှာနေပါသလဲခင်ဗျာ"

အဘိုးအို အံ့ဩသွား၏။ သူသည် သံယပ်တောင်မင်းသမီးအကြောင်း မပြောခဲ့သေးပေ။

စွန်းဟိန်ကျဲရှင်းပြ၏။

"ခုနတုန်းက ဆန်မုန့်ရောင်းတဲ့ လူငယ်က ပြောသွားပါတယ်၊ သံယပ်တောင်မင်းသမီးဆီမှာ သံယပ်တောင်တစ်လက် ရှိပါတယ်တဲ့ အဲဒီသံယပ်တောင်ဟာ တစ်ချက်ခတ်လိုက်ရင် မီးလျှံတွေကိုငြိမ်းစေသတဲ့၊ နောက်တစ်ချက်ခတ်လိုက်ရင် လေတိုက်စေသတဲ့၊ နောက်တစ်ချက်ခတ်လိုက်ရင် မိုးရွာစေသတဲ့၊ ဒါကြောင့် သူ့ဆီသွားပြီး သံယပ်တောင်သွားငှားမလို့ပါ"

အဘိုးအိုက –

"သင် .... သံယပ်တောင် ငှားရင် ဒီလိုငှားလို့ မရဘူး၊ လက်ဆောင် ပစ္စည်းပေးမှ ငှားလို့ရတယ်၊ သင့်မှာ ဘာလက်ဆောင်ပါသလဲ"

"သူ့ကို လက်ဆောင်ပစ္စည်း ပေးရတယ်၊ ဟုတ်လား"

"ပေးရတယ်၊ မပေးလို့မရဘူး"

"ဘာ လက်ဆောင်ပစ္စည်းတွေ ပေးရသလဲ"

"သိုးလေးကောင်၊ ဝက်လေးကောင်နဲ့ တခြားစားသောက်ဖွယ်ရာ ပစ္စည်းတွေပေါ့ကွယ် ...."

စွန်းဟိန်ကျဲက မေးလိုက်၏။

"အဲဒီ သံယပ်တောင်မင်းသမီး ဘယ်မှာနေထိုင်ပါသလဲ အဘ"

"သူနေတဲ့နေရာကတော့ ဟောဒီက အနောက်ဘက်ကိုသွားရပါတယ်၊ အဲဒီနေရာမှာ ချွေရင်းစန်းတောင် ဆိုတာ ရှိပါတယ်၊ ချွေရင်းစန်းတောင်မှာ လိုဏ်ဂူတစ်ခုရှိတယ်၊ အဲဒီလိုဏ်ဂူထဲမှာ သံယပ်တောင်မင်းသမီး နေထိုင်ပါတယ်"

"ဒီကသွားရင် ဘယ်လောက်ဝေးသလဲ"

"ဒီကရွာသားတွေဟာ လက်ဆောင်တွေ သွားပို့ကြတော့ အသွားအလာများပါတယ်၊ ဒါပေမယ့် ခရီးကတော့ကြာတယ်၊ တစ်လလောက်ခရီးသွားရပါတယ်၊ ခရီးအကွာအဝေးကလီပေါင်း တစ်ထောင့်လေးရာငါးဆယ့်ခြောက်လီ ရှိပါတယ်"

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"ဒီလောက်ခရီးကို ကျုပ်မမှုပါဘူး၊ အခုပဲ သွားမယ်"

သူသည် ပြောပြောဆိုဆို အိမ်ထဲမှ ထွက်လာသည်။ ကောင်းကင်သို့ ခုန်တက်သွားလေ၏။ သူသည် တိမ်တိုက်စီးပြီး ခရီးနှင်သည်။

အိမ်ရှင်အဘိုးအိုသည် ထိတ်လန့်သွား၏။

"အိုး .... ဆရာတော်ရဲ့ကပ္ပိယကြီးဟာ မြေလျှိုးမိုးပျံတဲ့ အတတ်ကို တတ်နေပါကလား"

ဆရာတော်သည် ဘာမျှမပြောပေ။

စွန်းဟိန်ကျဲကမူ တိမ်တိုက်ကိုစီး၍ အနောက်တောင်ဘက်သို့ ခရီးသွားနေလေ၏။

ထိုစဉ် တောင်တစ်လုံးအား တွေ့လိုက်ရလေသည်။ ထိုတောင်မှာ ချွေရင်းစန်းတောင်ပင်ဖြစ်သည်။

သူတိမ်တိုက်ပေါ်မှဆင်းလိုက်၏။လိုဏ်ဂူအားလိုက်လံရှာဖွေလေတော့သည်။ သူရှာနေစဉ် လူတစ်ယောက် သီချင်းဆိုနေသည့် အသံကိုကြားရလေ၏။ စွန်းဟိန်ကျဲသည် သီချင်းသံထွက်ပေါ်လာရာသို့ လျှောက်သွားလေ၏။

ထင်းခွေသမား တစ်ယောက်သည် ထင်းခွေရင်း သီချင်းဆိုနေသည်ကိုတွေ့မြင်ရလေ၏။



စွန်းဟိန်ကျဲသည် အနီးသို့ လျှောက်သွားလေ၏။

"အစ်ကိုကြီး .... ကျုပ် တစ်ခု မေးပါရစေ ...."

ထင်းခွေသမားက –

"ဟုတ်ကဲ့ .... မေးပါ"

"ဒီတောင်ကို ချွေရင်းစန်းတောင်လို့ ခေါ်ပါသလား"

"ဟုတ်ပါတယ်၊ ချွေရင်းစန်းတောင်လို့ ခေါ်ပါတယ် ...."

စွန်းဟိန်ကျဲက –

"အဲဒီ ချွေရင်းစန်းတောင်မှာနေတဲ့ သံယပ်တောင်မင်းသမီးဆီမှာ မီးလျှံတွေကို ငြိမ်းစေနိုင်တဲ့ သံယပ်တောင် ရှိတယ်လို့ ပြောကြတယ်၊ ဟုတ်ပါသလား"

"သံယပ်တောင်လို့သာ အများက ခေါ်နေတာပါ ....၊ အမှန်တော့ ငှက်ပျောယပ်တောင်လို့ ခေါ်ပါတယ်၊ မီးကိုငြိမ်းသတ်နိုင်တဲ့ အစွမ်းတော့ရှိပါတယ် ...."

စွန်းဟိန်ကျဲက –

"ကျုပ် အဲဒီယပ်တောင်ကို သွားငှားမလို့ပါ ...."

"သင် .... သွားငှားမလို့လား"

"ဟုတ်ပါတယ် ...."

ထင်းခွေသမားက –

"ဒါဖြင့်ရင် သွားငှားပါခင်ဗျာ၊ ရချင်လည်း ရမှာပေါ့ ...."

"ဟုတ်ပါတယ်ဗျာ၊ ရလိုရငြား သွားငှားရမှာပေါ့"

ထင်းခွေသမားက –

"ကောင်းပါပြီ၊ ငှက်ပျောလိုဏ်ဂူဆိုတာ ဟိုရှေ့ကွေ့မှာရှိပါတယ်၊ သွားပေတော့ ...."

စွန်းဟိန်ကျဲသည် ထင်းခွေသမားအား နှုတ်ဆက်ပြီး ရှေ့သို့ ဆက်လျှောက်သွား၏။ မကြာမီ သူသည် လိုဏ်ဂူတစ်ဂူကို တွေ့လိုက်ရသည်။

"ငှက်ပျောလိုဏ်ဂူ"

လိုဏ်ဂူနဖူးစီး၌ ထိုစာတန်းကို ရေးသားထား၏။

လိုဏ်ဂူရှေ့တွင် အမျိုးသမီးနှစ်ယောက် ထိုင်ကာ စကားပြောနေကြ၏။

သူတို့သည် စွန်းဟိန်ကျဲကို တွေ့မြင်လိုက်ရ သောအခါ ထိတ်လန့်သွားကြသည်။

စွန်းဟိန်ကျဲက –

"မကြောက်ကြပါနဲ့၊ သင်တို့ရဲ့ သခင်မကို သွားပြောပြပါ၊ စွန်းဝူခုံးက တွေ့ချင်တယ်လို့ ...."

အမျိုးသမီးနှစ်ယောက်သည် ကြောက်ကြောက်ရွံ့ရွံ့နှင့် လိုဏ်ဂူထဲသို့ ပြေးဝင်ကြလေ၏။ စွန်းဟိန်ကျဲက မကြောက်ပါနှင့်ဟု ပြောသော်လည်း သူတို့သည် စွန်းဟိန်ကျဲကို ကြောက်ရွံ့ကြသည်သာ ဖြစ်ပါ၏။

လိုဏ်ဂူထဲ၌ သံယပ်တောင်မင်းသမီး ထိုင်နေ၏။ သူမသည် ပြေးဝင်လာသော အမျိုးသမီးနှစ်ယောက်ကို တွေ့မြင်သောအခါ အထိတ်တလန့် ဖြစ်သွားလေ၏။

"ဟော့ .... သင်တို့ ဘယ်လိုဖြစ်လာကြတာလဲ"

မိန်းကလေးတစ်ယောက်က –

"သခင်မ .... လိုဏ်ဂူရှေ့မှာ စွန်းဝူခုံးဆိုတဲ့ လူတစ်ယောက်က သခင်မကို တွေ့ချင်တယ်လို့ ပြောနေပါတယ် ...."

သံယပ်တောင်မင်းသမီးသည် စွန်းဝူခုံးဟူသော နာမည်ကိုကြားသောအခါ ဒေါသမီး တောက်လောင်လာတော့၏။

"မျောက်စုတ် .... မျောက်နာ .... ငါ့သားကို ဒုက္ခပေးတာ အားမရသေးလို့ ငါ့ကို ဒုက္ခပေးဖို့လာတာပဲ၊ ငါကလည်း သူ့ကို လိုက်ရှာမလို့ပါ၊ ခုတော့ .... သူသေချင်လို့ ရောက်လာတာနဲ့အတော်ပဲ"

သူသည် ငှက်ပျောယပ်တောင်အား ခါးတွင်ထိုးလိုက်၏၊ ဓားနှစ်လက်ကို ဆွဲကာ သူမထွက်သွားတော့သည်။ သူမသည် နွားဘီလူး၏ ဇနီး ဖြစ်ကြောင်း ထင်းခွေသမားက ပြောပြသဖြင့် စွန်းဟိန်ကျဲ သိရှိသွားသည်။



စွန်းဟိန်ကျဲသည် သံယပ်တောင်မင်းသမီးအား တွေ့သောအခါ အရိုအသေ ပြုလိုက်သည်။

"အစ်မကြီး နေကောင်းတယ်နော် ...."

စွန်းဟိန်ကျဲက မျက်နှာချိုသွေးနှုတ်ဆက်သော်လည်း သူမသည် စွန်းဟိန်ကျဲကို အရေးမလုပ်ပါ။ သူသည် လက်ညှိုးငေါက်ငေါက်ထိုးပြီး ရန်တွေ့လေ၏။

"မျောက်စုတ် .... မျောက်နာ ငါ့သားကို ဒုက္ခပေးတဲ့အကောင်၊ သေပေတော့ ...."

သူမက ဓားကိုဝှေ့ယမ်းပြီး စွန်းဟိန်ကျဲအား တိုက်ခိုက်တော့သည်။

စွန်းဟိန်ကျဲက ရှင်းပြသည်။

"အစ်မကြီး ကျွန်ုပ်ကို အထင်မလွဲပါနဲ့၊ နွားဘီလူးဟာ ကျွန်ုပ်နဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးရာက သွေးသောက်ညီအစ်ကို တော်ခဲ့သူ ဖြစ်ပါတယ်၊ သင့်ရဲ့သား ဟုန်ဟိုင်အော့ဆိုတာကလည်း ကွမ်ယင်မယ်တော်ရဲ့ ကြာပလ္လင်ကို စောင့်ရှောက်တဲ့ ချိုင့်ချိုင်းသူငယ်တော် ဖြစ်နေပါပြီ၊ အဲဒီ အေးချမ်းတဲ့ဘဝကိုလည်း သူနှစ်သက်နေပါတယ် ....၊ အခု ....ကျွန်ုပ်လာတာ က မီးလျှံတောင်ကို ငြိမ်းသတ်ဖို့ ယပ်တောင် လာငှားတာပါ"

သံယပ်တောင်မင်းသမီးက မဲ့ပြုံးပြုံးသည်။

"သင့်ရဲ့ဦးခေါင်းကို သုံးချက်တိတိအပိုင်းခံနိုင်ရင် ယပ်တောင်ကို ငှားလိုက်ပါ့မယ်"

စွန်းဟိန်ကျဲက –

"အစ်မကြီးသာ ကတိတည်ပါစေ"

သူသည် လက်နှစ်ဖက်ကိုပိုက်ကာ ရပ်နေလေ၏။ သံယပ်တောင်မင်းသမီးသည် ဓားဖြင့် လေး ငါး ခြောက်ချက်ခုတ်ချလိုက်တော့၏။

* * * * * * *

## အခန်း (၁၅၃)

## သံယပ်တောင်ကိုအရယူခြင်း

စွန်းဟိန်ကျဲသည် မည်သို့မျှမဖြစ်ဘဲပြုံးစိစိဖြင့် ရပ်နေသည်။

"ကဲ .... ယပ်တောင် ငှားပေတော့"

"ဘာဖြစ်လို့ ငှားရမှာလဲ"

"အစ်မကြီး ခုတ်ပြီးပြီလေ၊ ကတိအတိုင်း ငှားရတော့မှာပေါ့"

"ယပ်တောင်တော့ မရဘူး၊ ဓားပဲရမယ်"

သံယပ်တောင်မင်းသမီးသည် ဓားဖြင့်စွန်းဟိန်ကျဲအား ပြင်းပြင်းထန်ထန် တိုက်ခိုက်တော့၏။ စွန်းဟိန်ကျဲမှာ ကတိမတည်သော သံယပ်တောင်မင်းသမီးအား ဒေါသထွက်သွားလေ၏။

"ကတိမတည်တဲ့ မင်းသမီးသေဖို့သာ ပြင်ပေတော့"

သူသည် သံတုတ်အားဆွဲထုတ်၍ ပြန်လည်တိုက်ခိုက်လိုက်၏။ သံယပ်တောင် မင်းသမီးသည် စွန်းဟိန်ကျဲအား မည်သို့မျှ မခုခံနိုင်ချေ၊ နောက်ဆုတ်ပေးရလေ၏။

စွန်းဟိန်ကျဲလည်း ဆက်လက် တိုက်ခိုက်ခြင်းမပြုချေ။ သူသည် သံယပ်တောင်မင်းသမီးရှေ့တွင် လက်ဝါးဖြန့်လိုက်သည်။

"ကဲ .... ဘာမှ မပြောပါနဲ့တော့၊ ယပ်တောင်သာပေးပါတော့"



"အော .... ရမယ် ...."

သံယပ်တောင်မင်းသမီးသည် ယပ်တောင်ကို ခါးကြားထဲမှ ဆွဲထုတ်လိုက်၏။ ထို့နောက် ယပ်တောင်ကို တစ်ချက်မျှ ခတ်လိုက်ရာ စွန်းဟိန်ကျဲမှာ အစအနပင် မတွေ့ရတော့ဘဲ ပျောက်ကွယ် သွားလေတော့သည်။

"ဟား .... ဟား .... ဟား ....၊ ရာရာစစ မျောက်စုတ်က ငါ့ကို လာစမ်းတယ်၊ အခု ဘာတတ်နိုင်သေးသလဲ ...."

သူမသည် အောင်ပွဲခံကာ လိုဏ်ဂူထဲသို့ ပြန်လည် ဝင်ရောက်သွားလေ၏။

စွန်းဟိန်ကျဲသည် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

စွန်းဟိန်ကျဲမှာ ယပ်ခတ်လိုက်သည့် အရှိန်ထဲ၌ လွင့်မျောပါသွားကာ တွယ်ရာမဲ့ ဖြစ်သွားတော့သည်။ သူသည် ရပ်တန့်ရန် အမျိုးမျိုး ကြိုးစားသော်လည်း ရပ်တန့်၍မရတော့ချေ။ ယင်းကဲ့သို့ တစ်ညလုံး လွင့်မျောနေရာ ရှည်မျောမျော တောင်တစ်တောင်အား တွေ့လိုက်ရသည့် ခဏ၌ သူသည် ထိုတောင်ကို လှမ်းဖက်ထားလိုက်သဖြင့် လေရှိန်၌ ရပ်တန့်သွားရလေ၏။

သူသည် တောင်ထိပ်၌ထိုင်ကာ လက်မှိုင်ချရတော့သည်။

"ငါ ဘယ်များ ရောက်နေပါလိမ့်"

သူသည် သူရောက်ရှိသည့်နေရာကိုစူးစမ်းရန် တောင်ပေါ်မှ ဆင်းသက်လာလေ၏။ သူသည် တောင်ခြေအထိ ဆင်းလာသည်။ တောင်ခြေ၌ စေတီတစ်ဆူအားတွေ့ရသည်။ ထိုအခါ မိမိမှာ လွန်စွာ ဝေးလံသောနေရာသို့ ရောက်ရှိနေကြောင်း သူသိရှိလိုက်ရသည်။

ခေါင်းလောင်းထိုးသံ ကြားသဖြင့် ထိုအသံကြားရာသို့ သူလျှောက်သွားသည်။ ထိုအခါ ဘုန်းတော်ကြီးတစ်ပါးသည် ထွက်လာလေ၏။

ဘုန်းတော်ကြီးသည် လွန်စွာအံ့အားသင့်သွားသည်။

"ဟော .... တန်ခိုးရှင် ဒီနေရာကိုတမင်လာတာလား၊ အကြောင်းကိစ္စရှိလို့လား"

ထိုဘုန်းတော်ကြီးသည် စွန်းဟိန်ကျဲကို ကောင်းစွာသိရှိသူ ဖြစ်သည်။ မြတ်စွာဘုရားက တောင်ငါးလုံးဖြင့် ဖိထားသည့် ဓာတ်လမ်းကိုပင် သိရှိထားသူဖြစ်သည်။ ဘုန်းတော်ကြီး၏အမည်မှာ လိန်ကျက်ကိုယ်တော် ဖြစ်သည်။

စွန်းဟိန်ကျဲက သက်ပြင်းချလိုက်၏။

"ပြောရရင်တော့ အရှည်ကြီးပါလေ ...."

"ကဲ .... လာပါ၊ ရောက်တုန်းရောက်ခိုက် စေတီတော်ကိုဖူးသွားပါဦး ...."

စွန်းဟိန်ကျဲသည် စေတီတော်အား ဦးချရှိခိုးလေ၏။ ဘုန်းတော်ကြီးသည် စွန်းဟိန်ကျဲအား နေရာထိုင်ခင်း ပေးသည်။

ထိုအခါ စွန်းဟိန်ကျဲက အဖြစ်အပျက်ကို ပြောပြလိုက်သည်။

လိန်ကျက်ဘုန်းတော်ကြီးမှာ အတော်ပင် အံ့သြသွားသည်။

"အဲဒီသံယပ်တောင်မင်းသမီးအကြောင်း ဘုန်းတော်ကြီးလည်းကြားပါတယ်၊ သူရဲ့ယပ်တောင်ဟာ အတော်ကြောက်စရာကောင်းတယ်၊ သူတစ်ခါခတ်လိုက်ရင် လီပေါင်း ရှစ်သောင်းလေးထောင်အထိ လွင့်မျောသွားတတ်ပါတယ်၊ သင် ရှစ်သောင်းလေးထောင်အထိ လွင့်မျောမသွားတာ ကံကောင်းတာပေါ့ ...."

"ကျွန်ုပ် ဒီတောင်ကို ဖမ်းဆွဲထားလို့ လွင့်မသွားတာပါ၊ ဒီကနေ မီးလျှံတောင်အထိ ဘယ်လောက်ဝေးသလဲ"

"ဒီကနေ မီးလျှံတောင်အထိ လီပေါင်းငါးသောင်းပဲ ဝေးသေးတယ်၊ တော်သေးတာပေါ့ ...."

"သူ့ယပ်တောင်က ကြောက်စရာ ကောင်းလှချည့်လား"

"ကြောက်စရာကောင်းတာပေါ့၊ ဒီလောကမှာရှိတဲ့သတ္တဝါတွေကို အထင်မသေးနဲ့၊ တစ်ခုကောင်းစီ ရှိကြတာပဲ ...."

"ကျွန်ုပ် ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပါဘူး ...."

"ကိစ္စမရှိပါဘူး၊ သင့်ကို တစ်ခု ကူညီလိုက်ပါမယ်၊ ကျွန်ုပ်ကို မြတ်စွာဘုရားကပတ္တမြားတစ်လုံး ချီးမြှင့်ထားပါတယ်၊ အဲဒါ သင့်ကို ကျွန်ုပ် ငှားလိုက်ပါမယ်၊ အဲဒါကို သင်ဆောင်ထားရင် မင်းသမီးက



သင့်ကို ဘာမှ လုပ်လို့မရပါဘူး"

သူသည် ယင်းသို့ပြောပြီး ပတ္တမြားအား စွန်းဟိန်ကျဲအား ပေးလေ၏။

စွန်းဟိန်ကျဲသည် ပတ္တမြားကိုယူကာ အင်္ကျီလည်ကုပ်၌ ချုပ်ထားလိုက်သည်။ စွန်းဟိန်ကျဲသည် လိန်ကျက်ဆရာတော်ကို ဂါရဝပြုလေ၏။

"ကျေးဇူးတင်ပါတယ်။ ကျွန်ုပ် ဆရာကို စိတ်မချလို့ ပြန်သွားလိုက်ပါဦးမယ် ...."

"ကောင်းပြီ၊ ဒီကမြောက်ဘက်ကို ဦးတည်ပြီးသွားပါ ....၊ မီးလျှံတောင်ကို ရောက်ရှိသွားပါလိမ့်မယ်"

စွန်းဟိန်ကျဲသည် လိန်ကျက်ဘုန်းတော်ကြီးအား နှုတ်ဆက်ပြီး မြောက်ဘက်သို့ ကျွမ်းပစ်ကာ ထွက်ခွာသွားလေ၏။ မကြာမီ သူသည် ချွေးရင်းစန်းတောင်သို့ ရောက်ရှိသွားလေသည်။

သူသည် ငှက်ပျောလိုဏ်ဂူသို့ လျှောက်သွားလေ၏။ ဂူရှေ့၌ရပ်ကာ အသံကျယ်လောင်စွာဖြင့် အော်လိုက်သည်။

"ဒီမှာ အစ်မကြီး .... ကျွန်ုပ်က ယပ်တောင်ငှားဖို့ လာတာပါ၊ သင်က မငှားဘူး၊ ကျွန်ုပ်ကတော့ သင့်ယပ်တောင်ကို မရမက ငှားရမှာပဲ"

သံယပ်တောင်မင်းသမီးသည် စွန်းဟိန်ကျဲအသံကို ကြားလိုက်ရသောအခါ အလွန်အံ့သြသွားလေ၏။ သူ့ယပ်တောင်ဖြင့် တစ်ခါခတ်လိုက်လျှင် လီပေါင်း ရှစ်သောင်းလေးထောင်အထိ လွင့်မျောသွားနိုင်သည် မဟုတ်ပါလော။

"ဒီမျောက် ဘယ်လိုပြန်ရောက်လာတာလည်းမသိဘူး ....၊ အံ့သြစရာ သိပ်ကောင်းတာပဲ ...."

သူမသည် ယပ်တောင်ကိုခါးကြားထိုးကာ ဓားနှစ်လက်ကိုဆွဲပြီး လိုဏ်ဂူအပြင်သို့ ထွက်လာလေ၏။

"အင်း .... ဒီမျောက်ဟာ ယပ်တောင်နဲ့တစ်ကြိမ်တည်းခတ်လို့တော့မရဘူး၊ ဒီမျောက် လွင့်သထက် လွင့်သွားအောင် ယပ်တောင်နဲ့ အကြိမ်ကြိမ်ခတ်ရမယ် ...."

သူသည် ဤသို့ကြိမ်းဝါးရင်း လိုဏ်ဂူအပြင်သို့ ထွက်လာလေ၏။

စွန်းဟိန်ကျဲသည် သံယပ်တောင်မင်းသမီးကို မြင်သောအခါ ပြုံးစိစိဖြင့် ကြည့်လေ၏။

"အစ်မကြီး .... ယပ်တောင်ကို ကတိအတိုင်းငှားပါ၊ ကျုပ်ကိစ္စပြီးတာနဲ့ ပြန်ပေးမှာပါ ...."

သံယပ်တောင်မင်းသမီးသည် စကားမပြောတော့ဘဲ ဓားနှစ်လက်ဖြင့် တိုက်ခိုက်လေ၏။

စွန်းဟိန်ကျဲကလည်း သံတုတ်ဖြင့် ပြန်လှန်ခုခံသည်။ သိုင်းကွက် နှစ်ဆယ်ခန့် ယှဉ်ပြိုင်မိသောအခါ သံယပ်တောင် မင်းသမီးသည် ရှုံးနိမ့်သွားတော့သည်။

"သူ့ကို ရိုးရိုးယှဉ်ပြိုင်ရင် မနိုင်ဘူး၊ ဒီတော့ သူ့ကိုယပ်တောင်နဲ့ ခတ်ရတော့မှာပဲ"

မင်းသမီးသည် စွန်းဟိန်ကျဲအား ယပ်တောင်ဖြင့် ခတ်လေတော့၏။

ထိုအခါ စွန်းဟိန်ကျဲသည် မြေကြီး၌ အမြစ်တွယ်နေသကဲ့သို့ ခိုင်မြဲစွာ ရပ်နေတော့သည်။ တုတ်တုတ်မျှမလှုပ်ချေ။ အနည်းငယ်မျှ မယိမ်းယိုင်ချေ။

"သံယပ်တောင်မင်းသမီးမှာ အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသားဖြစ်နေတော့သည်။ သူမသည် ယပ်တောင်ကို အဆက်မပြတ်ထပ်ခတ်သည်။ စွန်းဟိန်ကျဲမှာ ရပ်မြဲ ရပ်နေသည်။

သံယပ်တောင်မင်းသမီးအံ့သြထိတ်လန့်သွားလေပြီ။ သူမသည် စွန်းဟိန်ကျဲကို မတိုက်ခိုက်ဝံ့တော့ချေ။ လိုဏ်ဂူထဲသို့ ပြေးဝင်သွားကာ တံခါးပိတ်လိုက်တော့၏။

စွန်းဟိန်ကျဲသည် ယင်ကောင်တစ်ကောင်အဖြစ် ဖန်ဆင်းပြီး တံခါးကြားမှ တိုးဝင်သွားတော့၏။

သံယပ်တောင်မင်းသမီးသည် စွန်းဟိန်ကျဲနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ရသဖြင့် မောပန်းနေသည်။ သူမသည် မောမောပန်းပန်းနှင့် ထိုင်ချ



လိုက်လေ၏။

"ရေငတ်လိုက်တာ .... ငါ့ကို ရေနွေးကြမ်းကလေး ပေးစမ်းပါ"

သူမ၏အခြွေအရံများသည် သုတ်သီးသုတ်ပျာထ၍ မင်းသမီးအား ရေနွေးကြမ်းငှဲ့ပေးလေ၏။ ရေနွေးကြမ်းပေါ်၌ အမြှုပ်များထနေရာ စွန်းဟိန်ကျဲသည် ထိုအမြှုပ်များကြား၌ တိုးဝင်လိုက်လေ၏။

သံယပ်တောင်မင်းသမီးသည် ရေနွေးကြမ်းပန်းကန်ကို ယူ၍ ကောက်မော့ချလိုက်ရာ စွန်းဟိန်ကျဲသည် သူမ၏ ဝမ်းဗိုက်အတွင်းသို့ ရောက်ရှိသွားလေ၏။

စွန်းဟိန်ကျဲသည် သံယပ်တောင်မင်းသမီး၏ ဝမ်းဗိုက်အတွင်းမှ အော်ဟစ် ပြောဆိုတော့သည်။

"အစ်မကြီး ... ယပ်တောင်ကို ခဏငှားပါ"

သံယပ်တောင်မင်းသမီးသည် စွန်းဟိန်ကျဲ၏ အသံကိုသူ့ဗိုက်ထဲမှ လာမှန်းမသိချေ။ သူမသည် သူမ၏အခြွေအရံများကို အံ့သြထိတ်လန့်စွာ မေးမြန်းလိုက်သည်။

"သင်တို့ လိုဏ်ဂူတံခါးကို အသေအချာ ပိတ်ထားရဲ့လား"

"ပိတ်ထားပါတယ် သခင်မ"

"ဒါနဲ့ စွန်းဟိန်ကျဲအသံကို ကြားလိုက်ရတယ်၊ သင်တို့ဘယ်က ကြားရတာလဲ"

အခြွေအရံများက –

"သခင်မရဲ့ ဝမ်းဗိုက်ထဲကများလား မသိဘူး ...."

ထိုအချိန်မှာပင် စွန်းဟိန်ကျဲ၏အော်သံထွက်ပေါ်လာပြန်သည်။

"ဟုတ်ပါတယ်၊ ကျွန်ုပ်ဟာ အစ်မကြီးရဲ့ ဝမ်းဗိုက်ထဲကို ရောက်နေပါတယ်"

သံယပ်တောင်မင်းသမီးသည် အံ့သြထိတ်လန့်သွား၏။ သူသည် ထိတ်လန့်သော်လည်း ဟန်မပျက်မေးလိုက်သည်။

"သင်က ဘာတွေများ မျက်လှည့်ပြနေတာလဲ"

စွန်းဟိန်ကျဲက –

"ကျွန်ုပ် မျက်လှည့်ပြနေတာ မဟုတ်ဘူး၊ အစ်မကြီး မယုံဘူး

မဟုတ်လား၊ ကျွန်ုပ် လက်တွေ့ပြပါမယ် ...."

သူသည် ဝမ်းဗိုက်ထဲမှ ခြေထောက်ဖြင့် တစ်ချက်ကန်လိုက်ရာ သံယပ်တောင်မင်းသမီးမှာ ပြင်းထန်သော ဝေဒနာကို ခံစားလိုက်ရ၏။ သို့သော် .... သူမသည် မယုံဝံ့ဝံ့၊ ယုံဝံ့ဝံ့ ဖြစ်နေသေးသည်။

စွန်းဟိန်ကျဲက –

"မယုံသေးဘူးလား"

သူသည် ဤတစ်ကြိမ်တွင် ခြေထောက်ဖြင့် ပြင်းထန်စွာ ကန်လိုက်သည်။ မင်းသမီးမှာ နာကျင်လွန်းသဖြင့် မြေပေါ်တွင် လူးလှိမ့်သွားရသည်။

သူမသည် ငိုကြွေး၍ တောင်းပန်လေ၏။

"စွန်းဝူခုံး .... ကျွန်ုပ်ကို ခွင့်လွှတ်ပါ"

စွန်းဟိန်ကျဲက –

"ကျွန်ုပ်ကို ယပ်တောင်ငှားမလား"

"ငှားပါ့မယ်၊ ငှားပါ့မယ် ...."

"ငှားမယ်ဆိုရင် ယပ်တောင်ကို သင့်ရဲ့ပါးစပ်ရှေ့မှာထောင်ပြထားပါ ...."

သံယပ်တောင် မင်းသမီးသည် ပါးစပ်ဟကာ ယပ်တောင်အား ထောင်ပြထားရလေ၏။

စွန်းဟိန်ကျဲ ကျေနပ်သွားသည်။

"ကောင်းပြီ၊ သင့်ပါးစပ် ဟထားပါ၊ ကျွန်ုပ် ထွက်လာပါတော့မယ် ...."

သံယပ်တောင်မင်းသမီးသည် ပါးစပ်ဟထားရလေ၏။ သူသည် သူမ၏ ဝမ်းဗိုက်အတွင်း ရောက်ရှိနေပြီဖြစ်၍ သူပြုသမျှနုရချေတော့မည်။

စွန်းဟိန်ကျဲသည် ပိုးကောင်တစ်ကောင်အဖြစ် ကူးပြောင်းရောက်ရှိကာ မင်းသမီး၏ ဝမ်းဗိုက်အတွင်းမှ ထွက်လာလေတော့၏။ သို့သော် သံယပ်တောင်မင်းသမီးသည် စွန်းဟိန်ကျဲထွက်သွားသည်ကို မသိချေ။

"စွန်းဝူခုံး .... သင် ထွက်သွားပြီလား ...."

စွန်းဝူခုံးသည် ပိုးကောင်အဖြစ်မှ စွန်းဟိန်ကျဲအဖြစ် ပြန်လည်



ရုပ်ပြောင်းလိုက်သည်။ သူသည် ဖျတ်ခနဲ ယပ်တောင်ကို ဆွဲယူလိုက်သည်။ သံယပ်တောင်သည် စွန်းဟိန်ကျဲ၏ လက်တွင်းသို့ ရောက်ရှိသွားလေပြီ။

စွန်းဟိန်ကျဲသည် ရယ်မောရင်း–

"ကျွန်ုပ် ထွက်လာခဲ့ပါပြီ"

စွန်းဟိန်ကျဲသည် လိုဏ်ဂူတံခါးကိုဖွင့်၍ ထွက်သွားလေတော့၏။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၁၅၄)

## ကြွေမျက်နှာမင်းသမီး

စွန်းဟိန်ကျဲသည် သူတို့နားခိုနေသည့် အိမ်ဆီသို့ ပြန်လာခဲ့၏။ ကျူးပတ်ကိုင်သည် ဝမ်းသာအားရ အော်လိုက်သည်။

"အစ်ကိုကြီး .... လာပြီဟေ့ ...."

ထန်စန်းကျမ်းဆရာတော်နှင့် ဆားဝူကျိန်းတို့သည် အပြင်ဘက်သို့ ထွက်လာပြီး ကြိုဆိုကြသည်။

သူတို့သည် စွန်းဟိန်ကျဲအားကြည့်လိုက်သောအခါ စွန်းဟိန်ကျဲ လက်ထဲ၌ ယပ်တောင်တစ်ချောင်း ကိုင်ထားကြောင်းတွေ့ရှိရလေ၏။ သူတို့သည် စွန်းဟိန်ကျဲ သံယပ်တောင်ရရှိလာပြီဟုသိရှိသွားကြပြီး အလွန်ဝမ်းသာသွားကြသည်။

စွန်းဟိန်ကျဲကသံယပ်တောင်ကို အဘိုးအိုအားပြသလိုက်လေ၏။

"အဘ .... ကြည့်စမ်းပါဦး၊ ဒီယပ်တောင် ဟုတ်ရဲ့လားလို့"

အဘိုးအိုက ခေါင်းညိတ်လေ၏။

"ဟုတ်တယ်၊ ဒီယပ်တောင်ပါပဲ"

ထန်စန်းကျမ်းဆရာတော်က –

"ငါ့တပည့် .... ဒီယပ်တောင် ဘယ်လိုလုပ် ယူလာတာလဲ"



စွန်းဟိန်ကျဲ သည် အကျိုး အကြောင်း ပြောပြရ လေ၏။ ထန်စန်းကျမ်း ဆရာတော်သည် သနားကြင်နာတတ်သည်။ မတရားမှုကို မလိုလားချေ။

"ငါတို့ မီးလျှံတောင်ကို ဖြတ်ကျော်ပြီးတာနဲ့ သူ့ယပ်တောင်ကို ပြန်ပေးလိုက်ပါကွယ်"

"စိတ်ချပါဆရာ ...တပည့်တော်တို့ ပိုင်တာမှမဟုတ်ဘဲ၊ ပြန်ပေးလိုက်မှာပါ ...."

သူတို့သည် ခည့်ဝတ်ကျေပွန်သော အဘိုးအိုကို နှုတ်ဆက်လိုက်သည်။

အဘိုးအိုကလည်း သူတို့အား လိုက်လိုက်လှဲလှဲ နှုတ်ဆက်သည်။ သူယခု တွေ့ဆုံရသောလူများမှာ သာမန်လူသားများ မဟုတ်သည်ကို အဘိုးအို သိရှိသည်။

မကြာမီ သူတို့အုပ်စုသည် မီးလျှံတောင်ကို ရှေးရှု၍လျှောက်လာကြတော့၏။ သို့သော် သူတို့သည် ရှေ့ဆက်၍ မသွားနိုင်ကြတော့ချေ။ အဘယ်ကြောင့်ဆိုသော် မီးလျှံတောင်နှင့် နီးလာ၍ထင့်၊ မြေပြင်သည် လွန်စွာပူလောင်လာသောကြောင့်ပေတည်း။

စွန်းဟိန်ကျဲသည် ဆရာတော်ကို တားလိုက်၏။

"ဆရာ .... ဒီမှာ ခဏစောင့်ပါ၊ တပည့်တော် ယပ်တောင်နဲ့ မီးကို ငြိမ်းသတ်လိုက်ပါဦးမယ်၊ ဒီမီးငြိမ်းမှ ခရီးဆက်ကြတာပေါ့ ...."

ဆရာတော်သည် ချေးသုတ်လိုက်၏။

"ကောင်းပါလေရဲ့ကွယ်၊ မင်း .... မီးငြိမ်းအောင် လုပ်ပါ၊ ပြီးမှ ဆက်ပြီး ခရီးသွားကြတာပေါ့"

စွန်းဟိန်ကျဲသည် ယပ်တောင်ကိုကိုင်၍ ထွက်ခွာသွားတော့သည်။ သူသည် တန်ခိုးရှင်ဖြစ်၍ မီးပူကို ခံနိုင်ရည်ရှိသည်။ သူသည် မီးတောင်အနီးသို့ တိုးကပ်သွားပြီးနောက် ယပ်တောင်ဖြင့် တစ်ချက် ခတ်လိုက်သည်။ မီးများမှာ ငြိမ်းသေသွားခြင်းမရှိဘဲ၊ မီးတောက်မီးလျှံများ ပို၍ ကြီးမားလာသည်ကို တွေ့ရှိရသည်။

စွန်းဟိန်ကျဲသည် ယပ်တောင်ကို ထပ်မံ ခတ်လိုက်သည်။

ဤတစ်ကြိမ်၌လည်း မီးတောက်မီးလျှံများ ပို၍ အရှိန်ပြင်းလာသည်ကို တွေ့ရှိရသည်။ စွန်းဟိန်ကျဲသည် အခြေအနေ မဟန်မှန်း သိရှိလိုက်လေပြီ။ သူသည် လှည့်ပြေးရတော့သည်။ သူ၏ ခြေသလုံးနှစ်ဖက်မှ အမွေးများပင် မီးလောင်သွားသည်။ သူသည် ဆရာတော်တို့ကို လှမ်းမြင်သောအခါ အသံကျယ်လောင်စွာ အော်ဟစ်ပြောဆိုလေ၏။

"ကျူးပတ်ကိုင် .... ဆားဝူကျိန်း .... ဆရာ့ကိုခေါ်ပြီး နောက်ကို မြန်မြန်ပြန်ပြေးကြ ...."

ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့မှာ ဆရာတော်၏ မြင်းကို ဆွဲကာပြန်ပြေးကြတော့၏။ သူတို့သည် လီပေါင်းနှစ်ဆယ်ခန့် ရောက်သောအခါမှ အပြေး ရပ်သွားကြသည်။

ထန်စန်းကျွမ်းဆရာတော်က စွန်းဟိန်ကျဲအား မေးလိုက်သည်။

"ဘယ်လိုဖြစ်ရတာလဲ တပည့်ရယ်"

စွန်းဟိန်ကျဲက –

"အာဂမင်းသမီးပဲ .... တပည့်တော်ကို ယပ်တောင်အတုကြီး ပေးလိုက်တာပဲ ...."

သူက ဆက်ပြောသည်။

"တပည့်တော် ယပ်တောင်နဲ့ခတ်လေ၊ မီးက ပိုတောက်လာလေပဲ၊ တပည့်တော်ရဲ့ ခြေသလုံးမွေးတွေတောင် လောင်ကျွမ်းခံလိုက်ရပါတယ်"

ကျူးပတ်ကိုင်က –

"အစ်ကိုကြီး မီးငြိမ်းတယ် မဟုတ်လား၊ ဘာကြောင့် အမွေးအမှင်တွေ လောင်ကျွမ်းရတာလဲ"

စွန်းဟိန်ကျဲက –

"မသိပါဘူးကွာ၊ ဘယ်လို လောင်ကျွမ်းသွားမှန်းတောင် ငါ မသိလိုက်ပါဘူး"

သူတို့သည် လမ်းဘေး၌ ထိုင်ကာ လက်မှိုင်ချနေရတော့သည်။

ထိုအချိန်တွင် အဘိုးအို တစ်ယောက်သည် သူတို့ရှိရာသို့ ရှေး၌ လျှောက်လာ၏။ ယင်းအဘိုးအိုမှာ မျက်ခုံးမွေးနှင့် မုတ်ဆိတ်မွေးများ



ဖြူဖွေးနေသည်။ သူသည် လက်တစ်ဖက်က တောင်ဝှေးတစ်ချောင်းကို ထောက်ပြီး လက်တစ်ဖက်က ဆွဲခြင်းတစ်လုံးကို ကိုင်ဆောင်ထားသည်။

သူသည် စွန်းဟိန်ကျဲအား ဂါရဝပြုလိုက်လေ၏။

"တန်ခိုးရှင် .... စိတ်မညစ်ပါနဲ့"

စွန်းဟိန်ကျဲက သူ့ကို ကြည့်လိုက်သည်။

"သင်က ဘယ်သူလဲ"

အဘိုးအိုက –

"ကျွန်ုပ်က မီးလျှံ တောင်စောင့်နတ် ဖြစ်ပါတယ်"

သူ့တွင် ပါလာသော ဆွဲခြင်းကို ပြသည်။

"တန်ခိုးရှင်တို့ ရောက်လာတယ်ဆိုတာသိလို့ ကျွန်ုပ် ဆွမ်းကပ်ဖို့ ရောက်လာတာပါ"

ခြင်းတောင်းထဲတွင် သစ်သီးဝလံမျိုးစုံ ပါရှိသည်။

စွန်းဟိန်ကျဲက –

"သင် မီးလျှံတောင်စောင့်နတ်ဆိုရင် မီးလျှံတောင်ကို ဖြတ်ကျော်နိုင်ဖို့ လမ်းဘယ်နှစ်သွယ် ရှိသေးသလဲ"

တောင်စောင့်နတ်က ခေါင်းကို ခါယမ်းလိုက်၏။

"တခြားဘယ်လမ်းမှမရှိပါဘူး၊ ဒီမီးလျှံတောင်ကိုငြိမ်းသတ်ချင်တယ်ဆိုရင်တော့ သံယပ်တောင်မင်းသမီးဆီက ယပ်တောင်ကိုငှားရပါမယ် ...."

စွန်းဟိန်ကျဲက ယပ်တောင်အား မြှောက်ပြလိုက်၏။

"ကျွန်ုပ် ငှားခဲ့ပါပြီ၊ ဒါပေမယ့် မီးမငြိမ်းတဲ့ အပြင် ခတ်လေ မီးတောက်လေ ဖြစ်ခဲ့ပါတယ်"

တောင်စောင့်နတ်က ရယ်မောလိုက်၏။

"ဟား .... ဟား .... ဟား .... တန်ခိုးရှင်ဟာ ယပ်တောင် အတုကြီးကို ရလာတာကိုး ...."

စွန်းဟိန်ကျဲက ခေါင်းကုတ်လိုက်၏။

"ဟုတ်တယ်၊ ကျွန်ုပ် အလိမ်ခံလိုက်ရပါတယ်၊ အာဂ သံယပ်တောင်မင်းသမီးပဲ"

တောင်စောင့်နတ်က -

"ယပ်တောင်အစစ်ကို လိုချင်တယ်ဆိုရင်တော့ နွားဘီလူးဆီကို သွားရပါလိမ့်မယ်"

စွန်းဟိန်ကျဲ မျက်မှောင်ကုတ်သွားသည်။

"နွားဘီလူးက ဘယ်မှာရှိသလဲ"

တောင်စောင့်နတ်က -

"အမှန်တော့ ဒီမီးလျှံတောင်ဆိုတာ နွားဘီလူးပိုင်တာပါ၊ သူဟာ သံယပ်တောင်မင်းသမီးကို ယူထားပါတယ်၊ ဒါပေမယ့် သူဟာ ကြွေ မျက်နှာ မင်းသမီးဆိုတဲ့ မင်းသမီးတစ်ယောက်ကို ထပ်ယူလိုက်တော့ မိုး ကြိုးတောင် မိုးထိလိုဏ်ဂူမှာ ပြောင်းပြီးနေထိုင်ပါတယ် ...."

စွန်းဟိန်ကျဲက -

"နွားဘီလူးဟာ သံယပ်တောင်မင်းသမီးကို ပစ်ထားခဲ့တယ်ဆို ပါတော့ ...."

တောင်စောင့်နတ်က ခေါင်းညိတ်၏။

"ဟုတ်ပါတယ်"

စွန်းဟိန်ကျဲက မေးသည်။

"ဒီ မီးလျှံတောင်မှာ အမြဲတမ်း မီးတောက် မီးလျှံ ရှိတယ်ပေါ့ ဟုတ်လား"

"အရင်တုန်းက မရှိပါဘူး၊ နောက်မှ မီးတောက်မီးလျှံတွေ ဖြစ် သွားတာပါ"

"ဘယ်လို ဖြစ်သွားတာလဲ၊ ရှင်းပြပါဦး"

တောင်စောင့်နတ်က -

"တန်ခိုးရှင် ခွင့်လွှတ်မယ်ဆိုရင် ကျွန်ုပ် ပြောပြပါမယ် ...."

စွန်းဟိန်ကျဲက -

"သင့်ကို ခွင့်လွှတ်ပါတယ်၊ ပြောမှာသာ ပြောပါ ...."

ထိုအခါ တောင်စောင့်နတ်က ရှင်းပြတော့သည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်းငါးရာတုန်းက တန်ခိုးရှင်ဟာ ထိုက်စန်း လောက်ကျင်းရဲ့ဖိုကို တွန်းလှဲဖောက်ခွဲပစ်လိုက်တယ်မဟုတ်လား၊ အဲဒီက



မီးခဲတွေ ကျလာပြီး အခုလို မီးလျှံတောင် ဖြစ်သွားတာပါပဲ၊ ကျွန်ုပ်က ဖိုစောင့်တဲ့ ရသေ့နှစ်ပါးအနက်က တစ်ပါးပါ၊ ကျွန်ုပ်ကို အပြစ်ရှိတယ် ဆိုပြီး ရာထူးချလိုက်လို့ တောင်စောင့်နတ်မင်း လာဖြစ်နေရတာပါ"

ကျူးပတ်ကိုင်က ရယ်မောလိုက်၏။

"သင်က လက်စသတ်တော့ .... ရသေ့က စုတေပြီး တောင်စောင့် နတ်မင်း လာဖြစ်နေရတာကိုး ...."

တောင်စောင့်နတ်က -

"တန်ခိုးရှင်ဟာ နွားဘီလူးဆီသွားပြီး ယပ်တောင်ကို ငှားခဲ့မယ် ဆိုရင် ဆရာတော်တို့ အေးအေးချမ်းချမ်းနဲ့ ဒီတောင်ကို ဖြတ်ကျော်နိုင်မှာ ပါ၊ ကျွန်ုပ်လည်း တောင်စောင့်နတ်အဖြစ်ကနေ ဘဝပြောင်းသွားမှာပါ၊ နောက်ဆုံး ဒီနယ်မြေမှာ နေထိုင်ကြတဲ့ လူတွေအားလုံး အပူဒဏ်က ကင်း လွတ်ပြီး ဆန်ရေစပါး ပေါများတဲ့ ကျေးဇူးကို ခံစားကြရမှာပါ ...."

စွန်းဟိန်ကျဲက -

"မိုးကြိုးတောင် အထိဆိုရင် ခရီးဘယ်လောက် ဝေးသေးသလဲ၊ ကျွန်ုပ် သိချင်ပါတယ်"

"လီပေါင်း သုံးထောင်လောက် ဝေးပါတယ်"

စွန်းဟိန်ကျဲသည် ကျူးပတ်ကိုင်နှင့် ဆားဂူကျိန်းတို့အား မှာ ကြားသည်။ သူ အထူးဂရုစိုက်၍ မှာကြားသည်မှာ ဆရာတော်အား အထူး စောင့်ရှောက်ကြရန် ဖြစ်သည်။

"စိတ်ချပါ၊ အစ်ကိုကြီး မမှာရင်လည်း ကျုပ်တို့က စောင့်ရှောက် မှာပါပဲ"

ကျူးပတ်ကိုင်နှင့် ဆားဂူကျိန်းတို့က ပြောကြလေ၏။

စွန်းဟိန်ကျဲသည် ကောင်းကင်ရှိ တိမ်တိုက်တစ်ခုပေါ်သို့ ခုန် တက်သွားသည်။

ရေနွေးအိုး တစ်လုံးကျက်ခန့်လောက်ရှိသော အချိန်တွင် စွန်း ဟိန်ကျဲသည် မိုးကြိုးတောင်သို့ ရောက်ရှိသွားလေ၏။ သူသည် မိုးထိ လိုဏ်ဂူအား လိုက်ရှာသောအခါ မတွေ့ရဘဲဖြစ်နေသည်။

သူသည် မိုးထိလိုဏ်ဂူအား လှည့်ပတ်ရှာဖွေနေတော့၏။ ထိုစဉ်

မိန်းကလေး တစ်ယောက်သည် သစ်ကိုင်းတစ်ကိုင်းကိုကိုင်ကာ အေးအေးဆေးဆေး လမ်းလျှောက်လာသည်ကို တွေ့ရ၏။ စွန်းဟိန်ကျဲသည် လမ်းဘေးချုံထဲသို့ ခုန်ဝင်ပြီး မိန်းကလေးကို ချောင်းကြည့်သည်။

အလွန် ချောမောလှပသော မိန်းကလေးပင်တည်း။ မိန်းကလေး အနီးသို့ ရောက်သောအခါ သူသည် ပုန်းအောင်းနေရာမှ ခုန်ထွက်လာသည်။

"ဘယ်သွားမလို့လဲ မိန်းကလေး"

မိန်းကလေးသည် လန့်သွားလေ၏။ စွန်းဟိန်ကျဲကို မြင်သောအခါ ပို၍ ထိတ်လန့်သွားသည်။

"သင် ဘယ်သူလဲ၊ သင် ဘာကိစ္စနဲ့ ဒီကိုလာတာလဲ"

စွန်းဟိန်ကျဲသည် ပထမ၌ အမှန်အတိုင်း ပြောပြရန် ပါးစပ် ပြင်လိုက်၏။ သို့သော် .... အမှန်အတိုင်း ပြောပြ၍ အဆင်မပြေခဲ့သော် မိမိလာရသည့် ခရီးမှာ အချည်းနှီး ဖြစ်ပေလိမ့်မည်။

**မိန်းကလေးက** –

"**ကျွန်မ မေးနေတာ** မကြားဘူးလား"

**စွန်းဟိန်ကျဲသည်** ရုတ်တရက် အကြံရသွားသည်။

"ကျွန်ုပ် **ရွှေရင်းစန်းတောင်က** လာခဲ့တာပါ၊ မိုးကြိုးတောင် မိုးထိလိုဏ်ဂူကို **လာတာပါ**"

"မိုးထိလိုဏ်ဂူကို **သင် ဘာလုပ်မလို့ လာတာလဲ**"

"နွားဘီလူးကို တွေ့ချင်လို့ပါ"

"ဘာကိစ္စနဲ့ တွေ့ချင်ရတာလဲ"

စွန်းဟိန်ကျဲက –

"ငှက်ပျော လိုဏ်ဂူက သံယပ်တောင် မင်းသမီးက အမှာစကား ပါးခိုင်းလိုက်လို့ပါ ...."

ထိုမိန်းကလေးသည် သံယပ်တောင်မင်းသမီးဟု ကြားသောအခါ မျက်နှာပျက်သွားသည်။ မကြာမီ သူ့မျက်နှာ၌ ဒေါသရောင် သမ်းလာတော့သည်။

"သူက ဘယ်လို ဖြစ်နေတာလဲ၊ ဘာခိုင်းဦးမလို့လဲ၊ ဒီက လစဉ်



လစဉ် ပေးပို့နေရတဲ့ ရွှေ ငွေ ကျောက်သံပတ္တမြားတွေဟာ နည်းတာမှ မဟုတ်တာပဲ၊ သူက ဘာတွေထပ်ပြီး လိုချင်နေရတာလဲ ...."

စွန်းဟိန်ကျဲ သိလိုက်လေပြီ။ ဤမိန်းကလေးမှာ နွားဘီလူး၏ နောက်ဇနီးဖြစ်သော ကြွေမျက်နှာမင်းသမီးကလေးပင်တည်း။

သူသည် သံတုတ်ကို ဆွဲထုတ်လိုက်၏။

"သင် .... ဘာတွေ ပြောနေတာလဲ၊ ကျွန်ုပ်က သင့်ကို ရိုက်သတ်နိုင်တယ်"

ကြွေမျက်နှာ မင်းသမီးသည် ထိတ်လန့်ပြီး တောင်နံရံသို့ ပြေးဝင်သွား၏။ ထိုအခါကျမှ ထိုတောင်နံရံ၌ လိုဏ်ဂူရှိမှန်း သိတော့သည်။

စွန်းဟိန်ကျဲသည် လိုဏ်ဂူဝတွင် ပိတ်၍ ရပ်စောင့်နေလေ၏။

ကြွေမျက်နှာ မင်းသမီးသည် လိုဏ်ဂူထဲသို့ ပြေးဝင်သွားစဉ် နွားဘီလူးသည် ဖို ထိုးနေသည်။ ကြွေမျက်နှာမင်းသမီးသည် သူ့ရင်ခွင်ထဲ တိုးဝင်ပြီး ငိုကြွေးသည်။

နွားဘီလူး ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"မိန်းမရယ် .... ဘာဖြစ်လာတာလဲ ပြောစမ်းပါဦး၊ အကျိုးအကြောင်း သိရမှ စီစဉ်နိုင်မှာပေါ့"

မင်းသမီးသည် မျက်ရည်သုတ်ရင်း –

"လိုဏ်ဂူရှေ့မှာ မျောက်နဲ့တူတဲ့ လူတစ်ယောက် ရောက်နေတယ်၊ ငှက်ပျောလိုဏ်ဂူက လွှတ်လိုက်တာလို့ ပြောပါတယ်၊ ကျွန်မက ပြောလွှတ်မလို့ လုပ်နေတုန်း ကျွန်မကို သံတုတ်နဲ့ ရိုက်မယ်လို့ ဟန်ပြင်ပါတယ်၊ ကျွန်မလည်းကြောက်ပြီး လိုဏ်ဂူထဲ ပြေးဝင်ခဲ့တာပါ ...."

နွားဘီလူးသည် သူမအား ချော့မော့နှစ်သိမ့်ပြီး –

"ငှက်ပျောလိုဏ်ဂူမှာ ယောကျ်ားဆိုလို့ တစ်ယောက်မှ မရှိပါဘူး၊ ဘယ်က ယောကျ်ား ရောက်လာရပြန်တာလဲ၊ ကိစ္စမရှိဘူး၊ အစ်ကိုကြီး ထွက်တွေ့လိုက်မယ်"

သူသည် တုတ်တစ်ချောင်းကို ကိုင်ဆွဲ၍ ဂူပြင်သို့ ထွက်ခွာလေတော့၏။

စွန်းဟိန်ကျဲသည် နွားဘီလူးကို တွေ့လိုက်ရသည်။ နွားဘီလူး

သည် လွှန်ခဲ့သော နှစ်ပေါင်း ငါးရာထက်ပင် တောင့်တင်းထွားကျိုင်းနေသည်ကို တွေ့ရလေ၏။

နွားဘီလူးက ဂူပြင်၌ အော်ဟစ်ကြိမ်းမောင်းလိုက်သည်။

"ဘယ်သူလဲကွ .... ငါ့မိန်းမကို စော်ကားတာ"

စွန်းဟိန်ကျဲသည် ရှေ့သို့ ထွက်လာ၏။

"အစ်ကိုကြီး .... ကျုပ်ပါ"

နွားဘီလူးသည် စွန်းဟိန်ကျဲကို မှတ်မိလိုက်၏။

"ဩော်.... သင်ကိုး၊ သင် မသေသေးပါလား"

"ဟုတ်ပါတယ်၊ မသေသေးပါဘူး"

"သင့်ကို ကျုပ်သားကိစ္စနဲ့ ပတ်သက်ပြီး ဆုံးမမလို့ ရှာဖွေနေတာ၊ အခု သင်လာတာနဲ့ အတော်ပဲ၊ သင့်ကို ဆုံးမရဦးမယ် ...."

စွန်းဟိန်ကျဲက လက်ကာပြ၏။

"ဒါကတော့ အစ်ကိုကြီးရဲ့သား ဟုန်ဟိုင်အော့ရဲ့ အမှားပါ၊ သူက ကျုပ်ဆရာကိုဖမ်းပြီး စားမလို့ လုပ်တော့ ကွမ်ယင်မယ်တော်နဲ့ ကျုပ်ပေါင်းပြီး နှိမ်လိုက်ရတာပါ၊ မယ်တော်က သူ့ကို တရားဟောတော့ သူ အကျွတ်တရား ရသွားပါတယ်၊ အခု ... သူဟာ အစ်ကိုကြီးထက် အဆင့်မြင့်နေပါပြီ"

နွားဘီလူးသည် စိတ်ပျက်စွာ ပြောလေ၏။

"မျောက်ရယ် သင်က စကားတတ်တိုင်း လျှောက်ပြောနေတော့ ကျုပ်လည်းယုံရတော့တာပဲ ....၊ ကဲ .... ကျုပ်သားကိစ္စနဲ့ ပတ်သက်ပြီး သင့်ကို ခွင့်လွှတ်လိုက်မယ်၊ ဒါနဲ့ နေစမ်းပါဦး၊ သင်က ကျုပ်ဇနီးကို ဘာကြောင့် စော်ကားရတာလဲ"

စွန်းဟိန်ကျဲက –

"သူက အစ်ကိုကြီးရဲ့ ဇနီးလား၊ အတော်ချောပေတာပဲ၊ အစ်ကိုကြီးရဲ့ ဇနီးမှန်းလည်း ကျုပ်မသိပါဘူးဗျာ၊ ဘယ်မိန်းကလေးကို ကျုပ်က ရိုက်သတ်ရမှာလဲ၊ ကျုပ်က ခြောက်လွှတ်လိုက်တာပါ ...."

"သင်က စကားတတ်တယ်၊ ကျုပ်ခွင့်လွှတ်လိုက်မယ်၊ ကဲ ... သင် သွားပေတော့ ...."



စွန်းဟိန်ကျဲက လက်ကာပြီး တားလိုက်၏။

"နေပါဦး အစ်ကိုကြီး .... ပြောစရာ ရှိပါသေးတယ်"

နွားဘီလူးသည် သွားရန်ဟန်ပြင်ပြီးမှ ရပ်လိုက်သည်။

"ဘာပြောဦးမလို့လဲ"

စွန်းဟိန်ကျဲက –

"ကျုပ်တို့ဆရာတပည့် အနောက်ခရီးစဉ်ကိုသွားရင်း မီးလျှံတောင်ကို ရောက်ခဲ့ပါတယ်၊ အဲဒါအစ်ကိုကြီးရဲ့ ဇနီးဆီက ယပ်တောင်ခဏငှားပေးပါလို့ မေတ္တာရပ်ခံပါတယ် ...."

နွားဘီလူး အံ့သြသွားသည်။

"သင် ငှက်ပျောလိုဏ်ဂူကို ရောက်ခဲ့သေးသလား"

"ရောက်ခဲ့ပါတယ် အစ်ကိုကြီး"

"ဒါဖြင့် သင် ကျုပ်ဇနီးဆီက ယပ်တောင်ကို တောင်းခဲ့မှာပေါ့"

"ဟား .... ဟား .... ဟား ... တောင်းခဲ့ပါတယ်၊ သူ့ဆီက အတုပဲ ရခဲ့ပါတယ်၊ ဒါကြောင့် အစစ်ရဖို့အတွက် အစ်ကိုကြီးဆီ အကူအညီလာတောင်းတာပါ ...."

နွားဘီလူးသည် ဒေါသအမျက် ချောင်းချောင်းထွက်သွားသည်။

"မျောက်စုတ် .... သင်ဟာ လှည့်ပတ်လည်သလောက် လူလည်းလည်တယ်၊ ကျုပ်ရဲ့ မယားကြီးဆီ သွားပြီး သင် ဒုက္ခသွားပေးပြီးပြီပေါ့၊ သင့်ကို ကျုပ်သတ်မယ် ...."

သူသည် စကားဆုံးသည်နှင့် စွန်းဟိန်ကျဲအား တိုက်ခိုက်လေတော့၏။

စွန်းဟိန်ကျဲက ပြုံးလိုက်ပြီး –

"ဒီလိုလား၊ အစ်ကိုကြီးက တိုက်ချင်ခိုက်ချင်တဲ့စိတ်ရှိရင် ကျုပ်ကလည်း တိုက်ခိုက်ပါတယ် ..."

သူကလည်း သံတုတ်ဖြင့် ပြန်လည်ခုခံလေ၏။

ဤသို့ဖြင့် သူတို့သည် အပြန်အလှန်တိုက်ခိုက်ကြလေတော့၏။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း (၁၅၅)

### နွားဘီလူး၏ဒေါသ

စွန်းဟိန်ကျဲ နှင့်နွားဘီလူးတို့၏ တိုက်ခိုက်မှုမှာ မတိမ်းမယိမ်း ဖြစ်နေ၏။ ထို့ကြောင့် သူတို့သည် သိုင်းကွက်တစ်ရာကျော်သည့်အထိ ယှဉ်ပြိုင်သော်လည်း သူမနိုင်ကိုယ်မနိုင်ဘဲ ရှိနေလေသည်။

ထိုအချိန်တွင် နွားဘီလူး၏ အခြွေအရံတစ်ယောက်သည် ပြေးထွက်လာရင်း နွားဘီလူးကြားလောက်အောင်အစီရင်ခံသည်။

"သခင်ကြီး .... သခင်ကြီး ဖိတ်ထားတဲ့ မိတ်ဆွေကို ကြိုဆိုဖို့ အချိန်ရောက်နေပါပြီ"

နွားဘီလူးသည် စွန်းဟိန်ကျဲ၏ သံတုတ်ကို သူ့ တုတ်ဖြင့် ခံပေးရင်း–

"နေဦး ....ကျုပ် မိတ်ဆွေတစ်ယောက်ကို ဖိတ်ထားတာ ရှိနေတယ်၊ ကျုပ် သွားရဦးမယ်"

သူသည် စွန်းဟိန်ကျဲနှင့် လူချင်းခွဲလိုက်၏။ သူသည် ရွှေမျက်လုံးရှိသော သတ္တဝါ တစ်ကောင်ပေါ်သို့ တက်ကာ ထွက်ခွာသွားတော့သည်။ စွန်းဟိန်ကျဲလည်း လေအသွင် ဖန်ဆင်းပြီး သူ့နောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားလေတော့၏။



နွားဘီလူးသည် စွန်းဟိန်ကျဲ ကပ်ပါလာသည်ကိုမသိလိုက်ပါ။ သူသည် ရွှေမျက်လုံးရှိသော သတ္တဝါကို စီးနင်းလာရာ ရေကန်တစ်ခုသို့ ရောက်သောအခါ ထိုသတ္တဝါအား ရေကန်ထဲသို့ ထိုးညွှန်ပြလိုက်၏။ ထို အခါရွှေရောင်မျက်လုံးရှိသော သတ္တဝါသည် ရေထဲသို့ ထိုးဆင်းသွားလေ တော့၏။

စွန်းဟိန်ကျဲသည် ရေကန်အပြင်တွင် ကျန်ရစ်ခဲ့၏။ သူ ကြည့် လိုက်သောအခါ နွားဘီလူးအား မတွေ့ရတော့ပါ။ သူသည် သူ၏နဂိုမူလ ရုပ်သွင်ကို ပြန်လည်ဖန်ဆင်းလိုက်၏။ သူသည် မျက်လုံးဖြင့် စူးစိုက် ကြည့်ရာ ရေကန်၏ကမ်းစပ်တွင် ဆိုင်းဘုတ်တစ်ခုကို တွေ့မြင်ရ၏။

"ပြာလဲ့လဲ့ လှိုင်းရေကန်"

သူသည် ဤသို့ဆုံးဖြတ်လိုက်၏။

"အင်း .... ဒီရေကန်ထဲကို နွားဘီလူး တိုးဝင်သွားတာပဲ ဖြစ် ရမယ်"

သူသည်သူ့ ခန္ဓာကိုယ်ကို တစ်ချက်လှုပ်လိုက်သောအခါ ကြီးမားသော ကဏန်းကောင်ကြီးအဖြစ်သို့ ပြောင်းလဲသွားတော့၏။ သူသည် ရေကန်ထဲသို့ ဆင်းလေတော့သည်။ ရေအောက် ရောက်သွားသောအခါ သူသည် အခြေအနေကို စူးစမ်းသည်။

ရေအောက်တွင် ရေအောက်နန်းဗိမာန်တစ်ခုကို တွေ့ရသည်။ မီးများ ထိန်လင်းစွာလင်းနေသည်ကိုတွေ့ရသည်။ ရေသတ္တဝါများလည်း စုံစုံညီညီ ရောက်ရှိနေသည်ကို တွေ့ရသည်။ နွားဘီလူး၏ ရွှေရောင် မျက်လုံးရှိသော သတ္တဝါကို ထိုရေနန်းဗိမာန်ရှေ့တွင် ကြိုးချည်ထား ကြောင်း တွေ့ရလေ၏။ နွားဘီလူးသည် ရေနန်းဗိမာန်ထဲတွင် ရှိနေ သည်မှာ ထင်ရှားနေပေပြီ။ ထို့ကြောင့် သူသည် ရေနန်းထဲသို့ ဝင်သွား လေ၏။

ရေနန်းဗိမာန်ထဲတွင် ပရိသတ်များ စုံလင်လှ၏။ နွားဘီလူး သည် သူ၏ ဘီလူးအပေါင်းအသင်းများနှင့် စကားဖောင်ဖွဲ့နေသည်ကို တွေ့ရသည်။

ထိုစဉ် အိမ်ရှင်ဖြစ်ဟန်တူသူ နဂါးက ရေနန်းဗိမာန်အတွင်း ဝင်

လာသော ကဏန်းကို ကြိမ်းမောင်းပြောဆိုလေ၏။

"ဟော့ ... ဘယ်က ကဏန်းလဲ ... ရာရာစစ ... ရေနန်းဗိမာန်ထဲ ဝင်လာရသလား ...."

ကဏန်းအဖြစ် ဖန်ဆင်းထားသော စွန်းဟိန်ကျဲက အိမ်ရှင်နဂါးအား တောင်းပန်လိုက်သည်။

"ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော် မသိလို့ ဝင်လာမိတာပါ ...."

ညှိုပရိသတ် များကလည်း ဝိုင်းဝန်း တောင်းပန် ကြသဖြင့် အိမ်ရှင်နဂါးသည် ကဏန်းအား ခွင့်လွှတ်လိုက်သည်။

"ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ မင်း အခု ထွက်သွားစမ်း"

စွန်းဟိန်ကျဲသည် ရေနန်းဗိမာန်ထဲမှ ထွက်လာရလေ၏။ သူသည် အပြင်သို့ ရောက်သောအခါ အကြံတစ်ခု ရလာသည်။ သူသည် ကြိုးဖြင့် ချည်နှောင်ထားသော ရွှေရောင်မျက်လုံးရှိသော သတ္တဝါအားကြိုးကိုဖြေ၍ ကုန်းပေါ်သို့ ဆွဲတင်လေတော့၏။

သူ့အကြံ ဟန်လှသည်ကို သူတွေးမိသည်။ ထို့နောက် သူသည် နွားဘီလူးရုပ်သွင် ဖန်ဆင်းပြီး ရွှေရောင်မျက်လုံးရှိသော သတ္တဝါကို စီးကာ ၄ က်ပျောလိုဏ်ဂူသို့ မောင်းနှင်သွားလေတော့၏။

၄ က်ပျောလိုဏ်ဂူရှေ့တွင် သံယပ်တောင်မင်းသမီးသည် အခြွေအရံများဖြင့် ထိုင်နေလေ၏။

အခြွေအရံများသည် နွားဘီလူးလာသည်ကို တွေ့မြင်သောအခါ အချို့က ပြေးထွက်၍ ကြိုဆိုကြသည်။ အချို့က မင်းသမီးကို သတင်းပေးပို့ကြသည်။

သံယပ်တောင်မင်းသမီးမှာ မမျှော်လင့်ဘဲ နွားဘီလူးရောက်လာသည်ဟု သိလိုက်ရသောအခါ လွန်စွာ ဝမ်းသာလှသဖြင့် ကိုယ်တိုင်ကြိုဆိုလေ၏။

"အစ်ကိုကြီး .... ဘယ်ကနေ ဘယ်လို ရောက်လာတာပါလဲ"

"နှမတော်ကို သတိရလို့ လာခဲ့တာပဲ"

သံယပ်တောင်မင်းသမီးမှာ လွန်စွာဝမ်းသာသွားသည်။

"ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ် ...."



သူမသည် နွားဘီလူးဟန်ဆောင်ထားသည့် စွန်းဟိန်ကျဲ၏ ခါးကိုဖက်၍ လိုဏ်ဂူတွင်းသို့ ခေါ်ဆောင်သွားသည်။ သူမ၏ အခြွေအရံများသည် ချက်ဆိုနားခွက်ကမီးတောက်သည့် အခြွေအရံများဖြစ်သည်။ သူတို့သည် စားသောက်ဖွယ်ရာမျိုးစုံ၊ ယမကာမျိုးစုံကို ပြင်ဆင်ထားလေ၏။

သူမသည် နွားဘီလူးအား ပူးကပ်ထိုင်ကာ -

"အစ်ကိုကြီး နှမတော်နဲ့တူတူ မစားသောက်ခဲ့တာ ကြာပြီနော်၊ အခု ပျော်ပျော်ပါးပါးစားသောက်ကြရအောင် ...."

သူမသည် အရက်ခွက်ကို လှမ်းပေးလိုက်သည်။ နွားဘီလူးသည် တစ်ခွက်ပြီး တစ်ခွက် အောက်သို့သွန်ပစ်၏။ သံယပ်တောင်မင်းသမီးသည် နွားဘီလူး ထိုသို့ပြုမူနေသည်ကို မသိပါ။ သူမလည်း ဝမ်းသာအားရဖြစ်ကာ တစ်ခွက်ပြီး တစ်ခွက် သောက်နေရာမှ မူးယစ်ရီဝေလာတော့သည်။

သူမ၏ကိုယ်ခန္ဓာသည် နွားဘီလူး၏ ရင်ခွင်ထဲသို့တဖြည်းဖြည်းတိုးဝင်သွားလေ၏။

နွားဘီလူးက -

"နှမတော်ကို သတိပေးရဦးမယ်"

"ဘာများလဲ အစ်ကိုကြီးရယ် ...."

"ထန်စန်းကျွမ်းဆရာတော်တို့လူစုဟာ မီးလျှံတောင်အနီးရောက်နေတယ်လို့ သတင်းကြားတယ်၊ ဆရာတော်ရဲ့တပည့်ကြီး စွန်းဟိန်ကျဲဆိုတာ အင်မတန်ဉာဏ်များတဲ့မျောက်ဖြစ်တယ်၊ သူဟာ နှမတော်ဆီလာပြီး ၄ က်ပျောရွက်ယပ်တောင်ကို လာခိုးယူမှာ စိုးရိမ်ရတယ် ...."

သံယပ်တောင်မင်းသမီးက -

"အစ်ကိုကြီး သတိပေးတာတောင် နောက်ကျနေပါပြီ၊ စွန်းဟိန်ကျဲဟာ နှမတော်ဆီ ရောက်ပြီးပါပြီ"

နွားဘီလူးသည် အလွန်ထိတ်လန့်သွားလေ၏။

"သယ် .... ဒီမျောက်ဟာ ဒီလောက်တောင် လွန်လွန်ကျူးကျူးလုပ်ရဲသလား ....၊ အစ်ကိုကြီးနဲ့ တွေ့တော့မယ် ...."

သံယပ်တောင်မင်းသမီးက ရယ်မောလိုက်၏။

"အစ်ကိုကြီး လန့်သွားသလား၊ သူလာပေမယ့် သံယပ်တောင် အစစ်ရမသွားပါဘူး၊ နှမတော်က သူ့ကို ယပ်တောင်အတုပဲ ပေးလိုက်ပါတယ်"

သူမက ဆက်ပြီးပြောသည်။

"အလွန်ဉာဏ်များတဲ့ စွန်းဟိန်ကျဲ .... ဒီတစ်ခါတော့ ခံသွားရပါတယ်"

သူမသည် အဖြစ်အပျက်ကို အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ပြောပြလေ၏။

နွားဘီလူးက -

"ဒါဆိုရင် ဒီမျောက်ကို သတိထားရတော့မယ်၊ နှမတော်ရဲ့ ယပ်တောင်အစစ် ဘယ်မှာသိမ်းထားသလဲ"

သံယပ်တောင်မင်းသမီးက ရယ်မောလိုက်၏။

"အစ်ကိုကြီးသိရက်သားနဲ့ ဘာဖြစ်လို့ မေးရတာလဲ"

သူမသည် မူးယစ်ရီဝေနေပြီဖြစ်၍ သံသယလုံးဝမဝင်ပါချေ။

နွားဘီလူးက -

"သိတာပေါ့ နှမတော်ရယ်၊ ဒါပေမယ့် စိတ်မချဘူးလေ....၊ ဒီမျောက်ဟာ အတော်ဉာဏ်များတာ၊ နတ်မင်းကြီးတောင် မနိုင်လို့ မြတ်စွာဘုရားဆီ အကူအညီတောင်းပြီး နှိမ်နင်းထားရတဲ့ မျောက် နှမတော်ရဲ့ ...."

သံယပ်တောင်မင်းသမီးသည် ပါးစပ်ဟပြီး သေးငယ်သော ယပ်တောင်လေးကို ထွေးထုတ်လိုက်၏။

"ဒီမှာလေ .... တွေ့တယ်မဟုတ်လား၊ စိတ်ချပါ အစ်ကိုကြီးရယ်၊ နှမတော်ဟာ ဘယ်တော့မှ ပေါ့ပေါ့ဆဆ မနေပါဘူး"

နွားဘီလူးကရယ်မောရင်း -

"ဟဲ ..... ဟဲ ..... ဟဲ ..... ယပ်တောင်ကလေးက သေးသေးကလေးပါလား ...."

သူသည် ယပ်တောင်ကို ဟိုလှန်ဒီလှန် ကြည့်နေလေ၏။

သံယပ်တောင်မင်းသမီးသည် တခစ်ခစ် ရယ်မောပြီး -



"ကြည့်စမ်း .... နှမတော်နဲ့ ခွဲပြီးသွားတာ မကြာသေးဘူး၊ အခုဘာမှ မမှတ်မိတော့ပါလား"

နွားဘီလူးက -

"အင်း .... အစ်ကိုကြီးလဲ သတိ မကောင်းတော့ဘူး"

သံယပ်တောင်မင်းသမီးက ရယ်ပြီးပြောသည်။

"အစ်ကိုကြီးရယ် .... မေ့တတ်လိုက်တာလွန်ပါရော၊ အဲဒီယပ်တောင်လေးကို လက်နဲ့နှိပ်ထားပြီး ပါးစပ်က ဂါထာရွတ်လိုက်ရင် ယပ်တောင် ဟာ နဂိုအရွယ်ဖြစ်လာတာပေါ့ ...."

နွားဘီလူးသည် သူ့ခေါင်းကိုထုရင်း ပြောသည်။

"အင်း .... နှမတော်ပြောမှ သတိရလာတယ် ဒါပေမယ့် အစ်ကိုကြီး ဂါထာကို မေ့တေ့တော့ ဖြစ်နေပါပြီ"

"ဒါဖြင့်ရင် နှမတော်ရွတ်ပြပါ့မယ်၊ အစ်ကိုကြီး မှတ်ဉာဏ်ကို ပြန် နှိုးဆွလိုက်ပေါ့ ...."

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ နှမတော်ရွတ်စမ်း ...."

သံယပ်တောင် မင်းသမီးသည် ဂါထာကို ရွတ်ပြလေ၏။ စွန်းဟိန်ကျဲက မင်းသမီးရွတ်ဆိုသည့်အတိုင်း လိုက်၍ ရွတ်ဆိုသည်။ ထိုအခါ သူ့လက်ထဲမှ ယပ်တောင်သည် ဆယ်ဆခန့် ကြီးထွားလာလေတော့၏။ သံယပ်တောင်မင်းသမီးသည် ရယ်မောလေ၏။

"ကဲ .... အစ်ကိုကြီး မှတ်မိပြီ မဟုတ်လား"

သူမသည် အာဝဇ္ဇန်းရွှင်နေသော်လည်း တဖြည်းဖြည်းနွတ်လေးလာသည်။ သူမ၏ဦးခေါင်းတစ်ခုလုံး မူးယစ်ရီဝေနေပါသည်။

နွားဘီလူးအဖြစ် ဖန်ဆင်းထားသော စွန်းဟိန်ကျဲသည် သူမကို ကျောက်ခုတင်ပေါ်သို့ အသာအယာချပြီး မတ်တတ်ထလိုက်၏။ သူ၏မျက်နှာမှစ၍ တစ်ကိုယ်လုံးကို ပွတ်သပ်လိုက်ရာ စွန်းဟိန်ကျဲ၏ နဂိုမူလရုပ်သွင် ဖြစ်သွားလေ၏။

သူက ရယ်မောပြီး-

"မင်းသမီးက ယပ်တောင်ကိုမူလအရွယ်အထိ ပြန်ဖြစ်အောင် လုပ်ပေးတာ ကျေးဇူးတင်ပါတယ်"

သံယပ်တောင်မင်းသမီးသည် စွန်းဟိန်ကျဲ၏ ရုပ်သွင်ကို တွေ့မြင်သောအခါ ချက်ချင်း အမူးပြေသွားတော့၏။

စွန်းဟိန်ကျဲကနောက်ဆုတ်လိုက်၏။

"အစ်မကြီး .... ကျွန်ုပ် နွားဘီလူးသဏ္ဍာန် ဟန်မဆောင်ချင်ပါဘူး၊ ဒါပေမယ့် အခြေအနေက ဒီလို ဟန်ဆောင်မှ ဖြစ်မှာမို့ ကျွန်ုပ် ဟန်ဆောင်လိုက်ရတာပါ၊ ကျွန်ုပ်ကို ခွင့်လွှတ်ပါ ...."

အရက်မူးပြေသွားသော မင်းသမီးသည် လွန်စွာ ဒေါသထွက်သွား၏။ သူ့အား လိမ်ညာ၍ သူ့ထံမှ ယပ်တောင်ကို ယူသွားပြီ မဟုတ်ပါလော။

"မျောက်စုတ် .... မျောက်နာ .... သေပေတော့ ...."

သူမသည် စွန်းဟိန်ကျဲအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

စွန်းဟိန်ကျဲသည် တိုက်ခိုက်ရန်မလိုတော့ပါ။ သူလိုချင်သည့် ယပ်တောင်ကို သူရရှိသွားပြီ မဟုတ်ပါလော။ ထို့ကြောင့် စွန်းဟိန်ကျဲသည် ငှက်ပျောယပ်တောင်ကိုကိုင်၍ လေ၏လျင်မြန်ခြင်းဖြင့် ထွက်ပြေးပျောက်ကွယ်သွားတော့သည်။

နွားဘီလူးသည် ရေနန်းဗိမာန်၌ မိတ်ဆွေများနှင့်တွေ့ဆုံပြီး ပြန်ထွက်လာ၏။ ရေနန်းဗိမာန်ရှေ့၌ ချည်နှောင် ထားခဲ့သော ရွှေရောင်မျက်လုံးဖြင့် သတ္တဝါအား ရှာဖွေမတွေ့တော့ချေ။

"ဒီက ရွှေရောင်မျက်လုံးနဲ့သတ္တဝါတစ်ကောင် ဘယ်ရောက်သွားသလဲ"

နွားဘီလူးက ရေနန်းဗိမာန်ရှေ့၌ရှိသော အစောင့်နဂါးတစ်ကောင်အား မေးလိုက်၏။

"အရှင်ဘီလူးမင်းရဲ့သတ္တဝါဟာ သူ့အလိုလို ကြိုးပြေသွားတယ်ထင်ပါတယ် ...."

ထိုစဉ်ကင်းလှည့်နေသော ပုစွန်စစ်သည် တစ်ယောက်သည် ရောက်ရှိလာလေ၏။

"သင်ကော မမြင်လိုက်ဘူးလား၊ ကျွန်ုပ်ရဲ့သတ္တဝါ လွတ်သွားတယ်ဆိုတာ ...."



ထိုအခါ ပုစွန်စစ်သည်က -

"ဟာ ... မဟုတ်တာဘဲ၊ အရှင်ဘီလူးမင်း ကိုယ်တိုင်စီးသွားတာပဲ၊ အရှင်ဘီလူးမင်း ဒီလိုမပြောသင့်ပါဘူး ...."

နွားဘီလူးသည် ချက်ချင်းပင်သိလိုက်လေ၏။ စွန်းဟိန်ကျဲ၏ လက်ချက်ဖြစ်သည်ကို သူ သိလိုက်သည်။

"ဟုတ်ပြီ၊ ဘယ်သူ့လက်ချက်လဲဆိုတာ ကျွန်ုပ်သိလိုက်ပြီ၊ ကျွန်ုပ် လိုက်သွားဦးမယ် ...."

နွားဘီလူးသည် ချက်ချင်းပင် ရေပေါ်သို့ တက်လာလေ၏။

သူသည် စွန်းဟိန်ကျဲ၏ အကြံကိုသိလိုက်သဖြင့် သံယပ်တောင်မင်းသမီးဆီသို့ ချက်ချင်းသွားသည်။

တိမ်တိုက်ကို စီးကာ ငှက်ပျောလိုဏ်ဂူသို့ သွားလေ၏။

သူ သံယပ်တောင်မင်းသမီးဆီသို့ ရောက်သောအခါ သံယပ်တောင်မင်းသမီး၏ အခြွေအရံများက ကြိုဆိုကြ၏။ နွားဘီလူးသည် သံယပ်တောင်မင်းသမီး ဝမ်းနည်းပက်လက် ငိုကြွေးနေသည်ကို တွေ့ရသောအခါ သံယပ်တောင်သည် စွန်းဟိန်ကျဲလက်ထဲ ပါသွားပြီဟု ခန့်မှန်းမိလေ၏။

" နှမတော် ..... ဂူခုံး လာသွားတယ်မဟုတ်လား "

သံယပ်တောင်မင်းသမီးက ခေါင်းညိတ်လေ၏။

နွားဘီလူးက -

" နှမတော်ရဲ့ ယပ်တောင်ကို ဒီမျောက် လိမ်ယူသွားတယ်မဟုတ်လား "

သံယပ်တောင်မင်းသမီးသည် ခေါင်းညိတ်ပြရင်း ငိုကြွေးပြန်လေ၏။

" သူက အစ်ကိုကြီးအယောင်ဆောင်ပြီးလာတာ၊ နှမတော်က သူလို့ ဘယ်ထင်မှာလဲ "

နွားဘီလူးသည် သံယပ်တောင်မင်းသမီးအား နှစ်သိမ့်စကား ပြောရသည်။

" ဒီမျောက်သွားတာအတော်ကြာပြီလား "

သံယပ်တောင် မင်းသမီးက–

"မကြာသေးပါဘူး"

နွားဘီလူးကပြောသည်။

" ဒီလိုဆိုရင် ..... အစ်ကိုကြီး အချိန်မီ လိုက်မယ် "

"အစ်ကိုကြီး သတိထားပါ ..... သူဟာ ဘယ်အရာကိုမဆို တူအောင် ဖန်ဆင်းနိုင်ပါတယ် "

" ကိစ္စမရှိဘူး၊ အစ်ကိုကြီးလည်း ဖန်ဆင်းနိုင်ပါတယ် "

သူသည် ဂူထဲမှထွက်ပြီး ကောင်းကင်သို့ ခုန်တက်သွားသည်။ သူသည် တိမ်တိုက်စီးရင်း အကြံတစ်ခု ရလာလေ၏။ သူသည် ကျူးပတ်ကိုင်ကို မြင်ဖူးသည်။ ကျူးပတ်ကိုင်အသွင် ဖန်ဆင်းပြီး စွန်းဟိန်ကျဲထံမှ ယပ်တောင်ကို ပြန်လည်လိမ်ယူရန် ဆုံးဖြတ်လိုက်သည်။

သူသည် သူ့ခန္ဓာကိုယ်ကို ကျူးပတ်ကိုင်အသွင်သို့ ပြောင်းလဲလိုက်၏။ သူသည် တိမ်တိုက်ကို အလျင်အမြန်စီးပြီး သွားလေရာ သူ့ရှေ့၌စွန်းဟိန်ကျဲကို တွေ့လိုက်ရသည်။ စွန်းဟိန်ကျဲသည် တိမ်တိုက်ကိုစီး၍ အေးဆေးစွာ သွားနေသည်ကို တွေ့မြင်လိုက်ရသည်။

" ဟင်း ..... မျောက်စုတ်ကို တော့တွေ့ပြီ။ ငါ သူ့နောက်က လိုက်လို့မဖြစ်ဘူး၊ သူ့ကို ရှေ့ကကြိုစောင့်မှဖြစ်မယ် ..... "

သူသည် ကွေ့ဝိုက်ကာ စွန်းဟိန်ကျဲ၏ ရှေ့သို့ ကြိုရောက်ရန် သွားသည်။ ထို့နောက် တိမ်တိုက်ကို စီးလာရင်း စွန်းဟိန်ကျဲအလာကို စောင့်နေလေတော့၏။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၁၅၆)

## မီးငြိမ်းတောင်ဖြစ်စေခြင်း

စွန်းဟိန်ကျဲသည် သံယပ်တောင်မင်းသမီးထံမှ ယပ်တောင်ရရှိလာသဖြင့် အလွန်ပီတိဖြစ်နေသည်။ ထိုစဉ် သူ့ရှေ့ရှိ တိမ်တိုက်တစ်ခုကို မြင်လိုက်ရလေ၏။ သူ၏ညီဖြစ်သော ကျူးပတ်ကိုင် စီးလာသော တိမ်တိုက်ပင်တည်း။

သူသည် အလွန်ပီတိဖြစ်နေသဖြင့် နွားဘီလူးက ကျူးပတ်ကိုင် အဖြစ် ဖန်ဆင်းထားသည်ကို သတိမမူမိချေ။

ကျူးပတ်ကိုင်က –

"အစ်ကိုကြီး .... ယပ်တောင် ရခဲ့ရဲ့လား"

သူ၏ တိမ်တိုက်သည် စွန်းဟိန်ကျဲရှိရာသို့ ရောက်လာလေ၏။ စွန်းဟိန်ကျဲသည် ခါး၌ထိုးထားသော ယပ်တောင်ကို ဆွဲထုတ်၍ပြသည်။

"ဒီမှာ မတွေ့ဖူးလား"

ကျူးပတ်ကိုင်က ဝမ်းသာသော လေသံဖြင့် ပြောသည်။

"ဟုတ်လား၊ ဒါယပ်တောင်လား၊ ညီလေးကို ပြစမ်းပါဦး"

စွန်းဟိန်ကျဲသည် လက်ထဲမှယပ်တောင်ကို ပေးလိုက်လေ၏။ သူသည် ကျူးပတ်ကိုင်ကို ယုံသည်မဟုတ်ပါလော။ သို့သော် သူပေး

သည်က ကျူးပတ်ကိုင် အစစ်မဟုတ်ချေ။ နွားဘီလူး ဖန်ဆင်းထားသည့် ကျူးပတ်ကိုင်ဖြစ်နေ၏။

စွန်းဟိန်ကျဲသည် သံယပ်တောင်မင်းသမီးထံမှ ယပ်တောင်ကြီးစေသည့် ဂါထာကိုသာ ရခဲ့သည်။ ယပ်တောင်သေးစေသည့် ဂါထာကို မရခဲ့ပါ။

နွားဘီလူးမှာ ကာယကံရှင်ဖြစ်၍ ယပ်တောင်ကြီးစေသည့် ဂါထာရော သေးစေသည့်ဂါထာပါ ရထားသည်။

ကျူးပတ်ကိုင် ဟန်ဆောင်ထားသော နွားဘီလူးသည် ယပ်တောင်ငယ်စေသည့် ဂါထာကို ရွတ်လိုက်သောအခါ ယပ်တောင်သည် ငယ်သွား၏။ တစ်ချိန်တည်းလိုလိုမှာပင် သူ့ရုပ်သွင်သည် နဂိုရုပ်သွင်သို့ ပြောင်းလဲသွားပြီး ယပ်တောင်ကလေးကို ပါးစပ်ထဲသို့ထည့်လိုက်၏။

ထိုအဖြစ်အပျက်မှာ မြန်ဆန်လှသဖြင့် စွန်းဟိန်ကျဲလည်း ဘာမှ မတတ်နိုင်ချေ။ သူ အလိမ်ခံရမှန်းသိသောခဏ၌ ယပ်တောင်သည် နွားဘီလူး၏ ပါးစပ်ထဲသို့ ပြန်လည်ရောက်ရှိသွားပေပြီ။

သူသည် ဒေါသလည်းဖြစ် ခံပြင်းစိတ်လည်းအလွန်ဖြစ်သဖြင့် သံတုတ်ကို ဆွဲထုတ်ကာ နွားဘီလူးကို တိုက်ခိုက်လေတော့၏။

နွားဘီလူးကလည်း ပြင်းပြင်းထန်ထန် ခုခံလေ၏။

ထန်စန်းကျွမ်းဆရာတော်သည် မုန့်သည်တွေ့ရသောအိမ်သို့ ပြန်ရောက်နေကြသည်။ သူသည် စွန်းဟိန်ကျဲ ပြန်မရောက်လာသည်ကို စိတ်ပူနေသည်။

ဆရာတော်က တောင်စောင့်နတ်အား မေးလေ၏။

"ဒါနဲ့ အဲဒီ နွားဘီလူးက တော်တော်ပဲ တန်ခိုးကြီးသလား ...."

တောင်စောင့်နတ်က -

"အဲဒီနွားဘီလူးဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ငါးရာတုန်းက စွန်းဟိန်ကျဲလို့ခေါ်တဲ့ စွန်းဝူခုံးနဲ့ မဟာမိတ်ဖွဲ့ခဲ့တဲ့ နွားဘီလူးပဲ၊ စွန်းဝူခုံးလို့ခေါ်တဲ့ တန်ခိုးရှင်နဲ့ တန်းတူ တန်ခိုးကြီးမားပါတယ် ....."

ထိုအခါ ထန်စန်းကျွမ်းဆရာတော်သည် ပိုမိုစိတ်ပူသွားတော့သည်။



"ဒီလိုဆိုရင် ဝူခုံးကို တစ်ယောက်ယောက် သွားကူမှပေါ့"

သူသည် ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့အားကြည့်လိုက်၏။

"မင်းတို့နှစ်ယောက်ထဲက တစ်ယောက် ဝူခုံးကို သွားကူညီရမယ် ....၊ ဘယ်သူကူညီမလဲ"

ကျူးပတ်ကိုင်က -

"တပည့်တော် သွားကူညီပါ့မယ်"

"အေး ... သွားကူရင်လည်း ခုပဲ မြန်မြန်လိုက်၊ တော်ကြာ ဝူခုံး တစ်ယောက်တည်း ဒုက္ခ ရောက်နေဦးမယ် ...."

ကျူးပတ်ကိုင်သည် အဝတ်အစား ပြင်ဝတ်ပြီးနောက် ကောင်းကင်သို့ ခုန်တက်သွားလေ၏။ ထို့နောက် အရှေ့ဘက်သို့ တိမ်တိုက်စီး၍ ထွက်ခွာသွားလေတော့၏။ သူ၏လက်စွဲတော် ထွန်ခြစ်လက်နက်လည်း ကိုယ်နှင့်မကွာ ပါသွားလေ၏။

မကြာမီ သူသည် တိုက်သံခိုက်သံများကို ကြားရလေ၏။ ကျူးပတ်ကိုင်သည် တိုက်သံခိုက်သံကြားရာသို့ အလျင်အမြန်သွားသည်။ ထိုအခါ စွန်းဟိန်ကျဲနှင့် နွားဘီလူးတို့ သဲသဲမဲမဲ တိုက်ခိုက်နေသည်ကို တွေ့ရလေတော့၏။

သူသည် ထွန်ခြစ်ကိုဆွဲ၍ နွားဘီလူးအား ဝင်ရောက်တိုက်ခိုက်လေ၏။

နွားဘီလူးသည် စွန်းဟိန်ကျဲနှင့် လက်ရည်တူနေသဖြင့် အနည်းငယ် မောဟိုက်နေပြီဖြစ်သည်။ ထိုစဉ် ကျူးပတ်ကိုင်က စွန်းဟိန်ကျဲဘက်မှ ဝင်ကူတိုက်သောအခါ သူ၏ အခြေအနေသည် မဟန်တော့ချေ။ သူသည် ဆက်လက်မတိုက်ခိုက်ဝံ့တော့သဖြင့် မြေပေါ်သို့ ဆင်းပြေးရလေသည်။

စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့ ထက်ကြပ်မကွာ လိုက်သွားကြသည်။

သူတို့လိုက်ရင်း ကျူးပတ်ကိုင်က မေးသည်။

"အစ်ကိုကြီး .... ယပ်တောင်ရခဲ့ရဲ့လား"

စွန်းဟိန်ကျဲက -

"မင်းကြောင့် ရပြီးသား ယပ်တောင် လက်လွတ်လိုက်ရတယ်" ကျူးပတ်ကိုင် အံ့အားသင့်သွား၏။

"ကျုပ် ... ကျုပ် ဘာများ လုပ်မိလို့လဲ အစ်ကိုကြီး"

စွန်းဟိန်ကျဲသည် သူစကားပြော လောသွားသည်ကို သိလိုက်သည်။

"ငါပြောတာ မှားသွားတယ်၊ မင်းကြောင့်ဆိုတာ မှားသွားပါတယ်၊ အဖြစ်က ဒီလိုကွ ...."

သူသည် အဖြစ်အပျက်ကို ရှင်းပြလိုက်သည်။ သူတို့သည် စကားတပြောပြောနှင့် လိုက်လာကြရာ ချွေရင်းစန်းတောင်ဆီသို့ ဆိုက်ရောက်လာကြတော့၏။

ထိုအချိန်တွင် သူ့ဆရာထံ၌ ကျန်ရစ်ခဲ့သော တောင်စောင့်နတ်သည်လည်း ယမမင်းထံမှ စစ်ကူများတောင်း၍ ချွေရင်စန်းတောင်သို့ ဆိုက်ရောက်လာ၏။ သူတို့သည် နွားဘီလူးအား ဝန်းရံထားလိုက်ကြ၏။

မိုးထိ လိုဏ်ဂူမှ ကြွေမျက်နှာမင်းသမီးသည် နွားဘီလူး၏ သတင်းကို ကြားသိသဖြင့် ဘီလူးစစ်သည် သုံးရာခန့်ကို ချွေရင်စန်းတောင်သို့ စစ်ကူ စေလွှတ်လိုက်၏။

သူတို့သည် တောင်စောင့်နတ်၊ ယမမင်း၏စစ်သည်တော်များနှင့် တွေ့ဆုံ တိုက်ပွဲ ဖြစ်ပွားသည်။

နွားဘီလူးသည် သူ့စစ်ကူများရောက်လာသည်ကို တွေ့သောအခါ လွန်စွာ ဝမ်းသာသွားသည်။ သူသည် ကျူးပတ်ကိုင်အား ပြင်းထန်စွာ တိုက်ခိုက်သဖြင့် ကျူးပတ်ကိုင် နောက်ဆုတ်သွားရသည်။ ကျူးပတ်ကိုင် နောက်ဆုတ်သွားခိုက် နွားဘီလူးသည် ဂူထဲပြေးဝင်ပြီး လိုဏ်ဂူတံခါးကို ဆွဲပိတ်လိုက်၏။

ကျူးပတ်ကိုင်မှာ တံခါးပိတ်သွားသဖြင့် ဘာမျှ မလုပ်နိုင်တော့ပေ။ သူသည် လက်မှိုင်ချနေရသည်။ သူသည် စွန်းဟိန်ကျဲကို တိုင်ပင်ရလေ၏။

"အစ်ကိုကြီး .... ဘယ်လိုလုပ်မလဲ"

"ငါလည်း အတော်မောသွားပြီ"



ထိုအခါ တောင်စောင့်နတ်သားသည် စွန်းဟိန်ကျဲအနီးသို့ ရောက်လာပြီး နှစ်သိမ့်လေ၏။

"စိတ်မပျက်ပါနဲ့ တန်ခိုးရှင် ... သူဟာ သင်နဲ့တန်ခိုး တန်းတူရည်တူလောက်ရှိပေမယ့် သင့်ရဲ့ညီတော် ရောက်ရှိလာတဲ့အတွက် သူ မခုခံနိုင်ပါဘူး၊ သူ့စွမ်းရည်ဟာ နိမ့်ကျသွားပါပြီ၊ သင်တို့နှစ်ယောက် အားနဲ့မာန်နဲ့ တိုက်ခိုက်ရင် သူ့ကိုအနိုင်ရမှာပေါ ...."

ကျူးပတ်ကိုင်က –

"အဲဒါ ဟုတ်တယ်"

သူသည် အားတက်သွားပြီး ထွန်ခြစ်ကိုယူကာ တံခါးကို သွားပေါက် ဖျက်ဆီးတော့သည်။ ကျောက်တံခါးသည် တဖြည်းဖြည်း ပြိုကျပျက်စီးလေတော့၏။

အခြွေအရံများသည် လန့်သွားလေ၏။ သူတို့၏ ခိုင်ခံ့သော ကျောက်တံခါးပင် ပြိုကျပျက်စီးသွားပြီ မဟုတ်ပါလား။

"သခင်ကြီး .... သခင်ကြီး .... ဝက်ကြီးတံခါးကို ရိုက်ချိုးဖျက်ဆီးနေပါပြီ ....."

နွားဘီလူးသည် ဒေါသကြီးသူဖြစ်သည်။ ထိုစကားကိုကြားရသောအခါ ချက်ချင်းဒေါသထွက်လာသည်။ သူသည် ကျောက်တံခါးကို ဖွင့်စေပြီး ကျူးပတ်ကိုင်အား တိုက်ခိုက်လေတော့၏။

ပထမတွင် စွန်းဟိန်ကျဲမပါပဲ ကျူးပတ်ကိုင်တစ်ယောက်ထဲသာ တိုက်ခိုက်သဖြင့် သူအနိုင်ရသလိုလိုရှိနေသည်။ သို့သော် ... မကြာမီ စွန်းဟိန်ကျဲ ဝင်ရောက်တိုက်ခိုက်သောအခါ သူအနိုင်မရတော့ပေ။ သူသည် လိုဏ်ဂူထဲဝင်ပြေးရန် ကြံတော့သည်။ သို့သော် ... တောင်စောင့်နတ်နှင့် ယမမင်း၏စစ်သည်များမှာ ဂူပေါက်ဝကိုထုနှင့်ထည်နှင့် ပိတ်ဆို့ရပ်နေသဖြင့် သူသည် ဂူထဲပြန်မဝင်နိုင်တော့ပေ။

သူသည် ငှက်တစ်ကောင်အဖြစ် ဖန်ဆင်းပြီး ကောင်းကင်သို့ ပျံသန်း ထွက်ပြေးလေ၏။

ကျူးပတ်ကိုင်နှင့် တောင်စောင့်နတ်တို့သည် နွားဘီလူး ရုတ်တရက် ပျောက်သွားသောအခါ မည်သည့်နေရာ၌ ရှာရမှန်းမသိဘဲဖြစ်နေ၏။

စွန်းဟိန်ကျဲသည် ကောင်းကင်သို့ ပျံတက်သွားသော ငှန်းကို လက်ညှိုးထိုးပြပြီး –

"ဟိုမှာ နွားဘီလူး ... ဒီဘီလူးဟာ ငှန်းလို ဖန်ဆင်းပြီး ထွက်ပြေးသွားပြီ၊ ငါလိုက်သွားမယ် ...."

သူသည် ခန္ဓာကိုယ်တစ်ချက်လှုပ်လိုက်ရာ အလွန်ကြီးမားသော သိမ်းငှက်ကြီးတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွား၏။ သူသည် မိုးပေါ်သို့ ပျံတက်ပြီး ပျံသန်းပြေးသွားသည့် ငှန်းနောက်သို့ လိုက်လေတော့သည်။

ငှန်းအဖြစ် ဖန်ဆင်းထားသော နွားဘီလူးသည် စွန်းဟိန်ကျဲ သိမ်းငှက်အဖြစ် လိုက်လာသည်ကို တွေ့သောအခါ မြေပြင်သို့ဆင်းပြေးလေ၏။ သူသည် သမင်တစ်ကောင်အဖြစ်သို့ ဖန်ဆင်းလိုက်လေ၏။

စွန်းဟိန်ကျဲသည် သိမ်းငှက်အဖြစ်မှ ကျားတစ်ကောင်အဖြစ်သို့ ဖန်ဆင်းပြီး သမင်အား ခုန်အုပ်လိုက်၏။

ထိုအခါ နွားဘီလူးသည် ခြင်္သေ့တစ်ကောင်အဖြစ်သို့ ဖန်ဆင်းပြီး ကျားအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ စွန်းဟိန်ကျဲက ဆင်တစ်ကောင်အဖြစ်သို့ ဖန်ဆင်းပြီး ခြင်္သေ့အား လိုက်လံတိုက်ခိုက်လေ၏။

နွားဘီလူးက ရယ်မောပြီး –

"ဒီလိုလား"

သူသည် နွားကြီးတစ်ကောင်အဖြစ်သို့ ဖန်ဆင်းသည်။ နွားကြီးမှာ တောင်ပူစာတစ်လုံးမျှ ကြီးမားလေရာ စွန်းဟိန်ကျဲ၏ ဆင်မှာ သေးသေးလေး ဖြစ်သွားတော့သည်။ သူ၏ ဦးချိုနှစ်ဖက်မှာ ချွန်ထက်ပြောင်လက်နေသည်။

စွန်းဟိန်ကျဲကလည်း ရယ်မောပြီးပြောသည်။

"ဘယ်ရမလဲ ...."

သူသည် ခန္ဓာကိုယ်တစ်ချက်လှုပ်လိုက်ရာ သူ၏ ခန္ဓာကိုယ်သည် မိုးထိလုမတတ် ကြီးမားလာတော့၏။ နွားထက် ဆယ်ဆမျှမက ကြီးထွား လာသည်။

သူသည် နွားကြီးအား သံတုတ်ဖြင့် ရိုက်ချလိုက်၏။



ထိုအခါ နွားကြီးမှာ သူ့နဂိုရုပ်သွင်သို့ ပြန်လည်ရောက်ရှိသွားသည်။ ထို့ကြောင့် သူတို့သည် သဲသဲမဲမဲ တိုက်ခိုက်ကြတော့သည်။ ထိုအချိန်တွင် နတ်မင်းကြီး၏ စစ်သည်တော်များမှာလည်း ကောင်းကင်အပြည့် လာကြည့်နေကြသည်။ သူတို့သည် နတ်မင်းကြီး၏ အမိန့်အရ စွန်းဟိန်ကျဲအား လာကူညီကြခြင်းဖြစ်သည်။ သူတို့သည် မြေပြင်သို့ ဆင်းသက်လာလေ၏။

နွားဘီလူးသည် အခြေအနေမဟန်တော့မှန်း သိလိုက်ပြီး သူ့လိုဏ်ဂူဆီသို့ ထွက်ပြေးလေ၏။ တောင်စောင့်နတ်နှင့် ယမမင်း၏ စစ်သည်များမှာ နွားဘီလူးအား တစ်နေရာတည်း၌ ထိန်းချုပ်ထားရန် အကြံဖြင့် ပိတ်ထားသော ဂူတံခါးကို ဖွင့်ပေးလိုက်ကြသည်။

နွားဘီလူးသည် လိုဏ်ဂူထဲသို့ ပြေးဝင်တော့၏။ ထိုအခါ တောင်စောင့်နတ်၊ ယမမင်း၏စစ်သည်တော်များနှင့် နတ်မင်းကြီး၏ နတ်စစ်သည်တော်များသည် ထိုလိုဏ်ဂူအား ပတ်ပတ်လည် ဝိုင်းရံလိုက်ကြတော့သည်။ သူတို့သည် နွားဘီလူးအား လိုဏ်ဂူထဲမှ အပြင်သို့ ထွက်မပြေးနိုင်အောင် ထိန်းချုပ်မိကြပြီ။

စွန်းဟိန်ကျဲက –

"ဒီငှက်ပျောလိုဏ်ဂူရဲ့ အခြေအနေကတော့ ငါတိုက်ခိုက်နေရလို့ သိနေတယ်၊ မိုးထိလိုဏ်ဂူရဲ့ အခြေအနေကကော ဘယ်လိုလဲ ....."

ကျူးပတ်ကိုင်က ရှင်းပြသည်။

"မိုးထိလှိုဏ်ဂူလဲ ပျက်စီးသွားပြီ၊ ကြွေမျက်နှာမင်းသမီးလဲသေပြီ၊ အဲဒီက အခြွေအရံတွေအားလုံးလည်း ရိုက်သတ်လို့သေပြီ"

စွန်းဟိန်ကျဲသည် ကျူးပတ်ကိုင် ပခုံးကိုပုတ်၍ ချီးကျူးလိုက်၏။

"ဒီတစ်ခါ ငါ့ညီက ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်ခဲ့တာပဲ"

"ဒီဘက်က အခြေအနေကရော ...."

"လိုဏ်ဂူထဲကို နွားဘီလူး ဝင်ပြေးသွားတယ် ....၊ အဲ့ဒါကို ဝိုင်းဖမ်းဖို့ စောင့်နေကြတယ် ...."

ကျူးပတ်ကိုင်က –

"ဒါဆိုရင် သူ့ကို နားခွင့်မပေးနဲ့. ဆက်တိုက်ရမယ်၊ သူနားခွင့် မရတော့ မောပန်းမယ်၊ သူ့ကို လက်ရဖမ်းနိုင်မယ်"

စွန်းဟိန်ကျဲက –

"ဟုတ်တယ်၊ ဆက်တိုက်ရမယ်၊ ကဲ ... မင်း ထွန်ခြစ်နဲ့ ကျောက်တံခါးကို ပေါက်စမ်း၊ ဒီကျောက်တံခါးက ပျက်တော့မှာပါ ...."

ကျူးပတ်ကိုင်သည် သူ၏ထွန်ခြစ်ဖြင့် ကျောက်တံခါးအား ဖွင့်လေ၏။

အထဲတွင် နွားဘီလူးသည် သူရှုံးနိမ့်နေသည့် အကြောင်းများကို ပြန်လည်ဖွင့်ပြောပြီး သံယပ်တောင်မင်းသမီးအား သူငှံထားသည့် ယပ်တောင်အား ပြန်လည် ထွေးထုတ်ပေးသည်။

သံယပ်တောင်မင်းသမီးသည် မျက်ရည်ကျလာ၏။

"အစ်ကိုကြီးရယ် အခု အားလုံးနဲ့ ဆန့်ကျင်နေကြရပြီ၊ သူတို့ လိုချင်တဲ့ ဒီယပ်တောင်ကို ပေးလိုက်ပါတော့ ....."

ထိုအခါ တံခါးသည် ပွင့်သွားလေပြီ။

ကျူးပတ်ကိုင်နှင့် စွန်းဟိန်ကျဲတို့သည် နွားဘီလူးအား စိန်ခေါ် လိုက်ကြသည်။

"ကဲ ... နွားဘီလူး .... သင့်ကို ကျွန်ုပ်တို့က ကြက်ကလေး ငှက်ကလေးလို ဝင်ဖမ်းရမှာလား၊ သင်က ကျွန်ုပ်တို့နဲ့. သူရဲကောင်းပီပီ တိုက်ခိုက်မှာလား ......"

နွားဘီလူးအား သံယပ်တောင်မင်းသမီးက ဆွဲထားသည်။

"အစ်ကိုကြီးရယ် သူတို့လိုချင်တဲ့ ယပ်တောင်ကို ပေးလိုက်ပါ တော့၊ ယူမထားပါနဲ့တော့ ....."

"မပေးဘူး၊ ဒီကောင်တွေနဲ့. သူသေကိုယ်သေယှဉ်မယ်"

နွားဘီလူးသည် ဓားကိုဆွဲပြီး ထွက်သွား၏။ သူသည် ဂူပြင်သို့ ထွက်လာလေ၏။

"မျောက်စုတ် ..... လွန်ခဲ့တဲ့နှစ်ပေါင်းငါးရာက သင်နဲ့. ငါနဲ့. မဟာမိတ် ပြုထားတာကို မေ့သွားပြီလား ....."

စွန်းဟိန်ကျဲက ရယ်မော၏။



"သင်ပဲ အဲဒီမဟာမိတ်ဖွဲ့ထားမှုကို အသိအမှတ်မပြုဘူးမဟုတ် လား၊ သင်ပဲ စတိုက်တာမဟုတ်လား၊ အခုမှ မဟာမိတ်စကားကို မပြော နဲ့."

"သင့်ကို နတ်တွေက ဘာကြောင့် ကူညီရသလဲဆိုတာ ကျွန်ုပ် သိချင်တယ်"

"သိရပါတယ်၊ ကျွန်ုပ်ဟာ မကောင်းမှုလုပ်နေတာမဟုတ်ဘူး၊ ကောင်းမှုလုပ်နေတာ၊ ပိဋကတ်သုံးပုံ ပင့်ဆောင်မယ့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ် မြတ် တစ်ယောက်ကို ကျွန်ုပ် လိုက်လံစောင့်ရှောက်နေတာ နတ်တွေ သိတယ်၊ ဒါကြောင့် ကျွန်ုပ်ကိုသူတို့ ကူညီကြတာ၊ သင် လက်လျှော့ လိုက်ပါတော့၊ ယပ်တောင်ကို ပေးပါ ......"

နွားဘီလူးသည် ဒေါသထွက်ပြီး အော်လိုက်၏။

"မပေးဘူး၊ သင်နဲ့.အသေအကျေတိုက်ပြီးမှ သင် ယပ်တောင်ကို ရမယ် ....."

သူသည် စကားဆုံးသည်နှင့် စွန်းဟိန်ကျဲကို တိုက်ခိုက်တော့ သည်။

ကျူးပတ်ကိုင်သည် သူ့အစ်ကိုကြီးကို နွားဘီလူးက တိုက်ခိုက် သည်ကို မြင်သောအခါ သူလည်း ဝင်ရောက်တိုက်ခိုက်တော့၏။ နှစ် ယောက် တစ်ယောက် တိုက်ခိုက်ရသဖြင့် နွားဘီလူး မနိုင်တော့ချေ။ လိုဏ်ဂူထဲဝင်ပြေးရန် ကြံလိုက်သည်။ ထိုအခါ တောင်စောင့်နတ်မင်းနှင့် ယမမင်း၏ စစ်သည်တော်များက ဂူဝကို ပိတ်ဆို့ထားသည်ကို တွေ့လိုက် ရသည်။

သူသည် အရှေ့ဘက်သို့ ထွက်ပြေးလေ၏။ အရှေ့ဘက်တွင် နတ်မင်းကြီး၏ နတ်စစ်သည်တော်များက စောင့်ကြပ်နေကြ၏။

"နွားဘီလူး .... ငါတို့ဟာ နတ်မင်းကြီးရဲ့အမိန့်နဲ့. သင့်ကို လာနှိမ်နင်းတာပဲ၊ အညံ့ခံပေတော့"

နွားဘီလူးသည် ကြံရာမရဘဲ အနောက်ဘက်သို့ ပြန်လည် ပြေးသွားပြန်တော့၏။

အနောက်ဘက်တွင် ရဟန္တာများ စောင့်ကြပ်နေကြသည်။ မြတ်

စွာဘုရား၏ အမိန့်အရ ဤသို့ လာရောက် စောင့်ကြပ်နေကြခြင်းဖြစ်သည်။

ရဟန္တာတစ်ပါးက –

"အသင် နွားဘီလူး .... ကျွန်ုပ်တို့ဟာ မြတ်စွာဘုရားရဲ့ မိန့်ကြားချက်ကို ရင်ဝယ်ပိုက်ပြီး ဒီကို လာစောင့်ရတာပါ ...၊ သင် စွန်းဟိန်ကျဲကို အညှဲခံလိုက်ပါတော့ ....."

"မခံဘူး၊ အညှဲမခံဘူး ...."

သူသည် အော်ဟစ်ပြီး မြောက်ဘက်သို့ ပြေးပြန်လေ၏။ မြောက်ဘက်တွင်လည်း နတ်စစ်သည်များ ရှိနေပြန်၏။ လေးဘက်လေးတန်မှ အစောင့်အကြပ်များ စောင့်ကြပ် နေသဖြင့် မည်သည့်ဘက်ပြေးပြေး သူ မလွတ်တော့ပြီကို သိရှိလိုက်မိသည်။

သို့သော် .... သူသည် စိတ်မလျှော့ချေ။ ကောင်းကင်သို့ တက်ပြေးလေ၏။

ကောင်းကင်ယံထက်တွင် သူသည် ကြီးမားသော အန္တရာယ်နှင့် ဆုံတွေ့ရ၏။ ကောင်းကင်ယံကို စောင့်ကြပ်နေသူကား နတ်စစ်သူကြီး ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်ပေတည်း။ ကောင်းကင်ယံထက်တွင် လီထင်းဝမ်၊ သူ၏သားတော်များနှင့် နတ်သားများ စောင့်ကြပ်နေကြသဖြင့် နွားဘီလူးသည် မြေပြင်သို့ ပြန်လည်ဆင်းပြေးရသည်။

နွားဘီလူးသည် မြေပေါ်သို့ ရောက်ရှိသောအခါ နွားအဖြစ် ပြန်လည်ဖန်ဆင်းပြီး ဝပ်နေသည်။

ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်က –

"တစ်ယောက်ယောက်ဆင်းပြီး ဒီနွားကို ဖမ်းကြစမ်း ....."

သားတော် လိုချားက –

"သားတော် သွားဖမ်းပါမယ် ...."

"သွားဖမ်းစေ"

သားတော်လိုချားသည် မြေပြင်သို့ ဆင်းသက်သည်။ ထို့နောက် ဘီလူးနိုင်ဓားဖြင့် နွားဘီလူး၏ ဦးခေါင်းကို ခုတ်ဖြတ်သည်။ သွေးမထွက်ဘဲ အမည်းရောင် မီးခိုးများသာ ထွက်လာသည်။ နွားဘီလူးသည်



ဦးခေါင်းတစ်လုံး ပြတ်သွားသော်လည်း နောက်ဦးခေါင်းတစ်လုံး ထွက်လာသည်။ သားတော်လိုချားက ဆယ်ကြိမ်ဖြတ်လေရာ ဦးခေါင်းဆယ်လုံးထွက်လာ၏။

သားတော်လိုချားသည် ဘီလူးနိုင် ကြိုးကိုယူ၍ နွားဘီလူးအား ချည်နှောင်တော့သည်။

ထိုအခါ ယပ်တောင်မင်းသမီးသည် နွားဘီလူး၏ကိုယ်လုံးပေါ် ပစ်မှောက်လျက် တောင်းပန်လေတော့၏။

"ဘုံခုနစ်ဆင့်ရှင် သူ့ကိုခွင့်လွှတ်တော်မူပါ၊ ကျွန်မ ယပ်တောင် ပေးပါမယ်ရှင် ....."

နွားဘီလူးကလည်း –

"ကျွန်တော်မျိုး မှားပါတယ်၊ ခွင့်လွှတ်ပါ ဘုံခုနစ်ဆင့်ရှင် ...."

ဘုံခုနစ်ဆင့်ရှင်သည် နွားဘီလူး၏အဖြစ်ကို ပြန်လည်သုံးသပ်၏။ ယခုအဖြစ်အပျက်တွင် သူ၏ယပ်တောင်ကို မပေးလိုသဖြင့် ဤသို့ ပြဿနာ တက်ရခြင်းကို သူသိရှိသည်။ နွားဘီလူးသည် အခြားမည်သည့် ပြစ်မှုကိုမျှ မကျူးလွန်ပေ။ ထို့ကြောင့် ဘုံခုနစ်ဆင့်ရှင်သည် သူ့အား ခွင့်လွှတ်လိုက်၏။

သံယပ်တောင်မင်းသမီးကလည်း သံယပ်တောင်ကို စွန်းဟိန်ကျဲအား ပေး၏။

စွန်းဟိန်ကျဲသည် အလွန်ဝမ်းသာသွား၏။

"ကျွန်ုပ်က သင့်သံယပ်တောင်ကို အပိုင်မယူပါ၊ ကျွန်ုပ်အသုံးပြုပြီးရင် သင့်ကိုပြန်ပေးပါမယ် ....."

"ကိစ္စမရှိပါဘူး၊ သုံးသာ သုံးပါ"

စွန်းဟိန်ကျဲသည် သူ့အား ကူညီကြသော ရဟန္တာများ၊ နတ်များ၊ ယမမင်း၏ စစ်သည်များနှင့် ဘုံခုနစ်ဆင့်ရှင် သားအဖအား ကျေးဇူးတင်စကား ပြောကြားလေ၏။

ဘုံခုနစ်ဆင့်ရှင် လီထင်းဝမ်နှင့်သားများ၊ နတ်များသည် နတ်ပြည်သို့ ပြန်ကြသည်။

ရဟန္တာများသည် မြတ်စွာဘုရား ကျောင်းတော်သို့ ပြန်ကြ

သည်။ ယမမင်း၏စစ်သည်များလည်း ငရဲပြည်သို့ ပြန်ကြလေတော့၏။

ကျူးပတ်ကိုင်နှင့် စွန်းဟိန်ကျဲတို့လည်း ထန်စန်းကျွမ်းဆရာတော်ထံသို့ ပြန်သွားကြလေ၏။

ထန်စန်းကျွမ်းဆရာတော်နှင့် အိမ်ရှင်အဘိုးအိုတို့သည် စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင် ပြောပြသည့် အကြောင်းများကို စိတ်ဝင်စားစွာ နားထောင်နေကြလေ၏။ အထူးသဖြင့် အိမ်ရှင်မိသားစုနှင့် ရွာသူရွာသားများ အထူးပင် ဝမ်းသာနေကြသည်။

အဘယ်ကြောင့်ဆိုသော် .... မီးလျှံတောင်၌ မီးများငြိမ်းသေသွားတော့မည် မဟုတ်ပါလော။ မီးငြိမ်းသေသွားလျှင် ဤဒေသတစ်ဝိုက်၌ အပူဓာတ်ရှိတော့မည် မဟုတ်ချေ။ အပူဓာတ်မရှိလျှင် မြေဆီဩဇာပေါများသော ဤအရပ်၌ ဆန်ရေစပါးနှင့် သီးနှံများ ပေါကြွယ်ဝလာမည် ဖြစ်သည်။

ထို့ကြောင့် အိမ်ရှင်အဘိုးအိုနှင့် ရွာသူရွာသားများသည် စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့ကို ကျေးဇူးတင်၍ မဆုံးအောင်ရှိကြလေ၏။ ဆရာတော်၏ တပည့်သားမြေးများဖြစ်၍ ဆရာတော်ကိုလည်း ကျေးဇူးတင်ကြသည်။

စွန်းဟိန်ကျဲသည် ယပ်တောင်ကိုင်၍ မီးလျှံတောင်ဆီသို့ ချဉ်းကပ်သွားလေ၏။

သူသည် ယပ်တောင်တစ်ချက် ခတ်လိုက်သောအခါ မီးတောက်မီးလျှံများ ငြိမ်းသွားသည်။

ဒုတိယတစ်ချက် ခတ်လိုက်သောအခါ လေများ တဟူးဟူးဖြင့် တိုက်ခတ်လာတော့၏။ ချက်ချင်းပင် ပတ်ဝန်းကျင်တစ်ခုလုံး၌ အေးမြသွားသည်။

တတိယတစ်ချက် ခတ်လိုက်သောအခါ မိုးများ တဖြောက်ဖြောက် ကျလာ၏။ မကြာမီ မိုးကြီး ရွာသွန်းတော့သည်။

မီးလျှံတောင် ပတ်လည်တွင် နေထိုင်ကြသော ရွာသူရွာသားများသည် ဝမ်းသာလွန်း၍ မိုးရေထဲ ပြေးလွှားဆော့ကစားကြလေ၏။ သူတို့ ရွာများ၌ ဤသို့ မိုးမရွာသွန်းသည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့် လှပြီ



မဟုတ်ပါလော။ အချို့ရွာသားများသည် မည်ကဲ့သို့သောအကြောင်းကြောင့် မိုးရွာသည်ကို သိရှိကြသော်လည်း အချို့ရွာသားတို့မှာ မသိရှိကြပေ။

ရွာများမှ လူကြီးသူမများက မိုးရွာခြင်း၏ ကျေးဇူးကို သိရှိကြသည်။ မိုးရွာခြင်းကြောင့် သူတို့ရွာနီးချုပ်စပ် အရပ်ဒေသများ သစ်ပင်ပေါက်ရောက်လာမည်ကို သိရှိကြသည်။ သီးနှံစပါးစိုက်ပျိုး၍ ရမည်ကို သိရှိကြသည်။ ထို့ကြောင့် စွန်းဟိန်ကျဲကို ကျေးဇူးတင်ရှိကြသည်။

စွန်းဟိန်ကျဲသည် မီးလျှံတောင်မှ မီးများကို ငြိမ်းသတ်ပြီးနောက် ရွှေရင်စန်းတောင် ငှက်ပျောလိုဏ်ဂူသို့ ပြန်လည် သွားရောက်လေ၏။ သူသည် သံယပ်တောင်မင်းသမီး၏ သံယပ်တောင်ကို ပြန်လည်ပေးအပ်လိုက်သည်။

"မင်းသမီး .... သင့်ရဲ့သံယပ်တောင်ကို ကျွန်ုပ် ပြန်လည်ပေးအပ်ပါတယ်၊ကျွန်ုပ်တို့သွားမယ့် ခရီးလမ်းမှာအနှောင့်အယှက် ဖြစ်နေတဲ့ မီးလျှံတောင်ဟာ မီးငြိမ်းသွားပါပြီ၊ ကျွန်ုပ်တို့ ခရီးဆက်လက် ထွက်နိုင်တော့မှာ ဖြစ်ပါတယ်"

သံယပ်တောင်မင်းသမီးသည် ဝမ်းသာလွန်းသဖြင့် ကျေးဇူးတင်စကား အထပ်ထပ် ပြောသည်။

"ကဲ .... ကျွန်ုပ်သွားပါဦးမယ်"

စွန်းဟိန်ကျဲသည် နှုတ်ဆက်ထွက်ခွာလာလေ၏။ သူသည် ထန်စန်းကျွမ်းဆရာတော်ထံ ပြန်လည်ရောက်ရှိလာသည်။

"ဆရာ .... မီးငြိမ်းသွားပါပြီ၊ ပတ်ဝန်းကျင်ဒေသတစ်ခုလုံးလည်း ထူးထူးခြားခြား အေးငြိမ်းသွားပါပြီ၊ ဒီကရွာသူရွာသားတွေ မနေတတ် မထိုင်တတ် ဖြစ်နေမှာကိုတောင် တပည့်တော် မြင်ယောင်မိပါသေးတယ်"

ဆရာတော်က -

"စိမ်းစိုသာယာခြင်းဟာ အေးချမ်းခြင်းရဲ့ လက္ခဏာပေါ့ တပည့်ရယ် ....."

ဆရာတပည့်တစ်စုသည် အဘိုးအိုနှင့်ရွာသားများကို နှုတ်ဆက်

ပြီး ခရီးထွက်လာကြ၏။ သူတို့သည် မီးငြိမ်းသွားပြီဖြစ်သည့် မီးလျှံတောင်အား ကျော်ဖြတ်ပြီး ခရီးဆက်နိုင်ကြလေပြီ။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၁၅၇)

## စိန်ဖူးတော် ပျောက်ဆုံးခြင်း

ထန်စန်းကျမ်းဆရာတော်နှင့် တပည့်သုံးယောက်တို့သည် ခရီးဆက်လက် ထွက်ခွာလာရာ လမ်းခရီးတစ်လျှောက်လုံး ချောမောပြီး အန္တရာယ်ကင်းဝေးစွာ ခရီးထွက်နိုင်ခဲ့ကြသည်။

ရာသီဥတုမှာ တရွေ့ရွေ့ ပြောင်းလဲနေ၏။ သူတို့သည် ခရီးလီပေါင်းများစွာ လျှောက်လာကြရာ ထန်စန်းကျမ်းဆရာတော်သည် မြို့တော်တစ်ခုကို လှမ်းမြင်မိလေ၏။

"ဝူခုံး ... ရှေ့မှာမြို့တော်တစ်ခုကိုတွေ့နေရပြီ၊ ဘယ်တိုင်းပြည် ဘယ်ဌာနီလဲဆိုတာ သိရဲ့လား"

စွန်းဟိန်ကျဲသည် မျက်လုံးကိုကာ၍ ကြည့်လိုက်၏။ အလွန်ခံ့ညားထည်ဝါသော မြို့ရိုးတစ်ခု ဖြစ်နေသည်ကို တွေ့မြင်ရတော့သည်။

"ဆရာ .... တပည့်တော်တို့ တိုင်းပြည်တစ်ပြည်တော့ ဆိုက်ရောက်ပြန်ပြီ ....."

ကျူးပတ်ကိုင်က ရယ်မောလိုက်၏။

"အစ်ကိုကြီးက မြို့ရိုးကြီးမြင်ပြီးမှ ဒီလိုပြောဖို့လိုသေးသလား"

ဆားဝူကျိန်းက -

"ဆရာက ဘာတိုင်းပြည်လဲဆိုတာ သိချင်လို့မေးနေတာအစ်ကိုကြီးရ ....."

စွန်းဟိန်ကျဲ ဒေါသဖြစ်သွား၏။

"မင်းတို့နဲ့ငါ အတူတူလာကြတယ်၊ ဒီမြို့ကို အတူတူမြင်ကြတယ်၊ ဒီမြို့ကိုလည်း မရောက်ဖူးကြဘူး၊ ငါကဒီမြို့ရဲ့နာမည်ကိုဘယ်လိုကြိုတင် သိနိုင်မှာလဲ ...."

သူတို့သည် စကားတပြောပြောဖြင့် မြို့ရိုးအနီးသို့ ချဉ်းကပ်လာကြ၏။ မြို့တံခါး၌ အစောင့်အကြပ်များ ရှိသော်လည်း သူတို့အား စစ်ဆေးမေးမြန်း မနေချေ။ သူတို့ဘာသာ စကားပြောနေကြ၏။

ဆရာတော်သည် မြင်းပေါ်မှဆင်းသည်။ အောက်မှ လမ်းလျှောက်သည်။ ကျုံးပေါ်၌ တည်ဆောက်ထားသော တံတားပေါ်မှ ကျော်ဖြတ်ပြီး မြို့ထဲသို့ လျှောက်ဝင်သွားသည်။

မြို့တော်သည် အံ့ဘနန်း ခမ်းနားကြီးကျယ်လှသည်။ လမ်းမကြီး၏ ဘေးတစ်ဖက်တစ်ချက်၌ အထည်ဆိုင်၊ စားသောက်ဆိုင်များ ရှိနေသည်။ ကုန်စုံဆိုင်၊ ပစ္စည်းမျိုးစုံရောင်းသောဆိုင်နှင့် တည်းခိုခန်းများလည်း ရှိသည်။

သူတို့ ဆရာတပည့်သည် ခမ်းနားကြီးကျယ်သော မြို့ကြီးကို ကြည့်၍ အံ့သြနေစဉ် ရုတ်တရက် မြင်ကွင်းတစ်ခုကို မြင်လိုက်ရသောအခါ အံ့သြမှင်တက်မိ သွားတော့သည်။ ဘုန်းကြီးအပါး နှစ်ဆယ်ခန့်သည် ခြေလက်များကို သံကြိုးများခတ်၍ တောင်းရမ်းစားသောက်နေသည်ကို တွေ့မြင်လိုက်သောကြောင့်ပေတည်း။ သူတို့ဝတ်ထားသော သင်္ကန်းများမှာလည်း စုတ်ပြဲနေပြီး အရောင်ပင် မပေါ်တော့ချေ။

ထန်စန်းကျွမ်းဆရာတော်သည် မိမိနှင့်ဘဝတူဖြစ်သော ဘုန်းတော်ကြီးများ ဤသို့ ဆင်းရဲပင်ပန်းနေသည်ကို မြင်သောအခါ နှလုံးသားကို ဖျစ်ညှစ်ခံလိုက်ရသကဲ့သို့ နာကျင်စွာ ခံစားလိုက်ရလေ၏။

ဆရာတော်သည် စွန်းဟိန်ကျဲအား အရေးတကြီးပြောလေ၏။

"ဝူခုံး ..... သူတို့ကို သွားမေးစမ်း၊ ဘာအပြစ်တွေကျူးလွန်လို့ ဒီလို ဒဏ်ကို ဒဏ်ခတ်ရတာလဲလို့ ...."



"မှန်ပါ၊ တပည့်တော် သွားမေးပါမယ်ဘုရား"

စွန်းဟိန်ကျဲသည် ဘုန်းတော်ကြီးများထံသို့ ချဉ်းကပ်သွားသည်။

"အရှင်ဘုရားတို့ .... အရှင်ဘုရားတို့ ဘယ်ကျောင်းမှာများ သီတင်းသုံးကြသလဲဘုရား ...."

ဘုန်းတော်ကြီးများက -

"ကျွန်ုပ်တို့ ရွှေရောင်ခြည်ကျောင်းတိုက်က ဘုန်းတော်ကြီးတွေပါ ...."

"ရွှေရောင်ခြည်ကျောင်းတိုက်ဟာ ဘယ်နားမှာ တည်ရှိပါသလဲဘုရား ...."

ဘုန်းတော်ကြီးတစ်ပါးက ဖြေသည်။

"ဟိုဘက်လမ်း ကွေ့လိုက်တာနဲ့ တွေ့နိုင်ပါတယ် ...."

"အရှင်ဘုရားတို့ ...ခေတ္တလောက် လမ်းလျှောက်နိုင်ပါသလား"

"လျှောက်နိုင်ပါတယ်"

"တပည့်တော်ရဲ့ ဆရာဆီ လမ်းလျှောက်ကြပါလား၊ မကြာပါဘူး ဘုရား၊ တပည့်တော်ရဲ့ဆရာက အရှင်ဘုရားတို့ရဲ့ အဖြစ်ကို သိလိုနေပါတယ်"

ဘုန်းတော်ကြီးများသည် လမ်းလျှောက်လိုက်လာကြ၏။ သံကြိုးသံများ တချွင်ချွင်ကြားနေရသည်။

ထန်စန်းကျွမ်းဆရာတော်သည် လက်အုပ်ချီ၍ ရှိခိုးသည်။

"ဝူခုံး .... ဘုန်းတော်ကြီးတွေကို ဘာဖြစ်လို့ ဒီကိုခေါ်လာတာလဲ သွားရင် ငါကသာ သွားရမှာပါ"

"ဆရာကပဲသွားသွား၊ ဘုန်းတော်ကြီးတွေကပဲလာလာ၊ အတူတူပါပဲ၊ ကဲ ... အရှင်ဘုရားတို့ ဘယ်လို မင်းပြစ်မင်းဒဏ်ခံရတယ်ဆိုတာကို ပြောပြစမ်းပါ"

ဘုန်းတော်ကြီးတစ်ပါးက -

"ဒကာကြီးတို့ ဘယ်က လာတယ်ဆိုတာလည်း ကျုပ်တို့မသိပါဘူး၊ ကျုပ်တို့ ဒီနေရာမှာ မပြောဝံ့ပါဘူး၊ ဒါကြောင့် ကျောင်းတိုက်ကိုလိုက်ခဲ့ ပါ ......"

ထန်စန်းကျွမ်းဆရာတော်က ခေါင်းညိတ်၏။

"ဒါလည်း မှန်တာပေါ့၊ ငါတို့ သူတို့ ကျောင်းတိုက်ကို လိုက်သွား လိုက်မယ်၊ ဒါမှအကျိုးအကြောင်း သိရမှာပေါ့၊ ကဲ..အရှင်ဘုရားတို့ ကျောင်းကိုသွားကြစို့"

ဤသို့ဖြင့် သံကြိုးခတ်ထားသော ဘုန်းကြီးနှစ်ဆယ်ခန့်တို့က ဦးဆောင်ပြီး သူတို့၏ ကျောင်းတိုက်သို့ သွားသည်။ ထန်စန်းကျွမ်းဆရာတော်နှင့် တပည့်သုံးယောက်တို့သည် နောက်မှ လိုက်ပါ သွားကြသည်။ မကြာမီသူတို့သည် ရွှေရောင်ခြည်ကျောင်းတိုက်သို့ ရောက်ရှိ သွားကြသည်။ ကျောင်းတိုက်မှာ အပြုအပြင် မရှိသဖြင့် ပျက်စီးယိုယွင်းနေသည်။ ထန်စန်းကျွမ်းဆရာတော်သည် လွန်စွာ စိတ်မကောင်း ဖြစ်ခဲ့ရသည်။

ဘုန်းတော်ကြီးများသည် ကျောင်းတံခါးကိုဖွင့်ပြီး ထန်စန်းကျွမ်းဆရာတော်အား ပင့်ဖိတ်သည်။

ဆရာတော်သည် ဘုန်းတော်ကြီးများခေါ်ဆောင်သည့် အနောက်ဘက် အဆောင်ဆီသို့ လိုက်ပါသွားသည်။ အနောက်ဘက် အဆောင်၏ သံတိုင်များနှင့် အကျဉ်းခန်းထဲ၌ ကိုရင်လေးခုနစ်ပါးကို ချုပ်နှောင်ထားကြောင်း တွေ့ရှိရသည်။

ကျောင်းထိုင် ဆရာတော်သည် ထိုအဖြစ်ကို ပြသ ပြီးနောက် ထန်စန်းကျွမ်းဆရာတော်အား နေရာထိုင်ခင်း ပေးလေ၏။

ကျောင်းထိုင်ဆရာတော်က -

"အရှင်ဘုရားကို ကြည့်ရတာ အရှေ့အရပ်က ကြွလာတာလို့ ထင်ရပါတယ် ...."

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"ဘုန်းတော်ကြီးဟာ အကြားအမြင်ရတယ်နဲ့ တူပါတယ်"

ကျောင်းထိုင်ဆရာတော်က -

"ကျုပ် အကြားအမြင်ရလို့ မဟုတ်ပါဘူး၊ ကျုပ်တို့ဟာ ဘယ်သူ့ အကူအညီမှ ရတာ မဟုတ်ပါဘူး၊ နေ့တိုင်းပဲ ဘုရားချည်း ရှိခိုးနေရတာပါပဲ၊ နတ်သိကြားတွေက မနေနိုင်လို့နဲ့တူပါရဲ့၊ အရှေ့ဒေသက ဘုန်းတော်ကြီး တစ်ပါးရောက်လာလိမ့်မယ်၊ အဲဒီဘုန်းတော်ကြီးအကယ်



လိမ့်မယ်လို့ အိမ်မက်ပေးကြပါတယ်၊ အဲဒါကြောင့် အရှေ့ဒေသက ဘုန်းတော်ကြီးများလားလို့ မေးတာပါ ....."

ထန်စန်းကျွမ်းဆရာတော်က -

"ဟုတ်ပါတယ်၊ ကျုန်ုပ်တို့ဟာ အရှေ့ဒေသက ကြွလာတဲ့ ဘုန်းကြီးပါပဲ၊ ဒါနဲ့ ဒီတိုင်းပြည်ကို ဘယ်လိုခေါ်သလဲ၊ အရှင်ဘုရားတို့ ဘယ်လို မတရားမှုကို ခံနေရတာလဲ"

ဘုန်းတော်ကြီးများက -

" ဒီတိုင်းပြည်ကို " ကျေးဆိုက် " တိုင်းပြည်လို့ ခေါ်ပါတယ်၊ အနောက်ဘက် အရပ်မှာရှိတဲ့ တိုင်းပြည်တွေကို ဒီနေရာက သွားနိုင်ပါတယ်၊ လမ်းဆုံလမ်းခွမှာရှိတဲ့ တိုင်းပြည်ပေါ့၊ အရင်တုန်းကဆို အိမ်နီးချင်းနိုင်ငံတွေက လက်ဆောင်ပစ္စည်းတွေကို လာရောက်ဆက်သကြရပါတယ် ....."

ထန်စန်းကျွမ်းဆရာတော်က -

"သူတို့က လက်ဆောင်ပစ္စည်းတွေလာ ဆက်ကြတယ်ဆိုတော့ ဒီနိုင်ငံက အဲဒီ နိုင်ငံတွေကို သွားရောက်တိုက်ခိုက်မယ့် အခြေအနေ ရှိနေလို့လား"

"အဲဒီလို မဟုတ်ပါဘူး၊ ဒီနိုင်ငံက စစ်အင်အား မထူထောင်ပါဘူး၊ သူတို့နိုင်ငံတွေကိုက ကြည်ညိုပြီး လာဆက်သကြတာပါ ....."

"ဒါဆိုရင် ဒီနိုင်ငံကို အုပ်ချုပ်တဲ့ဘုရင်ဟာ ဘုန်းတန်ခိုးကြီးလို့ပေါ့ ......"

"မဟုတ်ပါဘူး၊ ဒီလိုလည်း မဟုတ်ပါဘူး"

"ဒါဖြင့် တိုင်းပြည်မှာအဆင့်ဆင့် အုပ်ချုပ်နေကြတဲ့မှူးမတ်၊ ဝန်ကြီးတွေ တော်ကြလို့ပဲဖြစ်မယ်"

"သူတို့လည်း မတော်ကြပါဘူး အရှင်ဘုရား"

ထန်စန်းကျွမ်းဆရာတော်သည် နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ဘုရင်လည်း တန်ခိုးမရှိ၊ ဝန်ကြီး မှူးမတ်တွေလည်း မတော်ကြဘဲနဲ့ ဘယ်နှယ့် အိမ်နီးနားချင်းတွေက လက်ဆောင်ဆက်သရတာလဲ"

ဘုန်းတော်ကြီးများက -

"တပည့်တော်တို့ရဲ့ ရွှေရောင်ခြည်ဘုန်းကြီးကျောင်းတိုက်မှာ အာလိန်ဆယ့်သုံးဆင့်ရှိတဲ့ စေတီတစ်ခုရှိပါတယ်၊ အဲဒီစေတီရဲ့ စိန်ဖူးဟာ ရောင်ခြည်တော်လွှတ်ပါတယ်၊ ညဘက်မှာဆိုရင် လီပေါင်း တစ်သောင်းက ဒီရောင်ခြည်တော်ကို ဖူးတွေ့နိုင်ပါတယ်၊ဒီလိုရောင်ခြည်တော်ကွန့်မြူးတာကို အိမ်နီးချင်းနိုင်ငံများဟာ သိပ်ကြည်ညိုကြပါတယ်၊ သာသနာတော်ထွန်းကားတဲ့နိုင်ငံလို့လဲ မှတ်ယူကြပါတယ်၊ ဒါကြောင့် သူတို့ဟာ လက်ဆောင်ပစ္စည်းများကို လာရောက်ဆက်သခြင်းဖြစ်ပါတယ်"

ထန်စန်းကျွမ်းဆရာတော်က ခေါင်းညိတ်၏။

"ကြည်ညိုထိုက်ပါပေတယ်"

ဘုန်းတော်ကြီးများက -

"လွန်ခဲ့တဲ့ သုံးနှစ်ခုနစ်လပိုင်းညတစ်ညမှာ မိုးပေါ်က သွေးမိုးတွေရွာချပါတယ်၊ မိုးလင်းလာတဲ့အခါမှာ တိုင်းသူပြည်သားတွေ ကြောက်ရွံ့ကုန်ကြတယ်၊ ဝန်ကြီးမှူးမတ်တွေက ပြောတယ်၊အခုလိုသွေးမိုးရွာခြင်းဟာ ကောင်းကင်က၊နတ်တွေစိတ်ဆိုးလို့ သွေးမိုးရွာခြင်းဖြစ်တယ်၊ ဆုတောင်းပွဲ ပြုလုပ်ဖို့ ဘုန်းတော်ကြီးတွေ၊ ရသေ့တွေကို ပင့်ဖိတ်ပြီး အန္တရာယ်ကင်း ဂါထာမန္တရားများ ရွတ်ဖတ်သင့်တယ်လို့ ဘုရင့်ကို လျှောက်ကြပါတယ်၊ တပည့်တော်တို့ရဲ့ စိန်ဖူးတော်ဟာလည်းသွေးမိုးကြောင့် ရောင်ခြည်တော် လုံးဝမလွှတ်တော့ပါဘူး၊ ဒါကြောင့် အခုဆိုရင် ဘယ်နိုင်ငံကမှ လက်ဆောင်ပဏ္ဏာ ဆက်သခြင်းမရှိတော့ပါဘူး ...."

ထန်စန်းကျွမ်းဆရာတော်သည် သက်ပြင်းချလေ၏။

"ဒါနဲ့ အရှင်ဘုရားတို့ကို ရန်ရှာရောလား"

ဘုန်းတော်ကြီးများက -

"ဘုရင်ရဲ့ ဝန်ကြီး မှူးမတ်များဟာ အတော့်ကိုတော်ကြပါလေတယ်၊ အနမာန မျက်မှန်းရမ်းဆပြီးတော့ စေတီတော်ကြီး ရောင်ခြည်တော် မကွန့်မြူးနိုင်တာဟာ ဒီစေတီတော်ရဲ့ စိန်ဖူးကို ဒီကျောင်းကဘုန်းကြီးတွေ ခိုးထားလို့ ဖြစ်မှာပါလို့ ဘုရင့်ကိုလျှောက်ထားကြသတဲ့၊ ဒီဝန်ကြီး မှူးမတ်တွေရဲ့ ကျေးဇူးကြောင့် တပည့်တော်တို့ကျောင်းက



ဆရာတော်ကြီးတွေ၊ ဘုန်းတော်ကြီးတွေဟာ ညှဉ်းပန်းအနှိပ်စက်ခံခဲ့ကြရပါတယ်၊ အသက်အရွယ်ကြီးရင့်တဲ့ဆရာတော်ကြီးတွေ ၊ ဘုန်းတော်ကြီးတွေဟာ ညှဉ်းပန်းမှုကြောင့် ပျံလွန်တော်မူကုန်ပါတယ်"

ထန်စန်းကျွမ်းဆရာတော်သည် ဆရာတော်ကြီးများ၏ အဖြစ်ကို စာနာပြီး မျက်ရည်ဝဲလာသည့်အထိ ခံစားရသည်။

"အဲဒီထဲမှာ သက်လတ်ပိုင်းတပည့်တော်တို့လို ကိုယ်တော်တွေသာ ညှဉ်းဆဲမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်ပြီး အသက်ရှင်ကျန်ရစ်ပါတယ်၊ အခုကျန်ရစ်ခဲ့တဲ့ကိုယ်တော်နှစ်ဆယ်ဟာ မပျံလွန်ဘဲကျန်ရစ်ခဲ့တဲ့ ကိုယ်တော်များ ဖြစ်ပါတယ်၊ တပည့်တော်တို့ကို ဆွမ်းခံစားခွင့် မပြုတော့ပါဘူး၊ တပည့်တော်တို့ တောင်းစားကြရပါတယ်"

ထန်စန်းကျွမ်းဆရာတော်သည် နားထောင်ပြီးနောက် လွန်စွာစိတ်မကောင်း ဖြစ်မိသည်။

"အရှင်ဘုရားတို့....အရှင်ဘုရားတို့ တကယ်ပဲ ဒီစိန်ဖူးတော်ကို ခိုးတာ မဟုတ်ဘူး မဟုတ်လား"

ဘုန်းတော်ကြီး အားလုံးက -

"တပည့်တော်တို့ဟာ သီလ သမာဓိ ရှိတဲ့ ဘုန်းတော်ကြီးများဖြစ်ပါတယ်၊ နောက်ပြီး ဒီစိန်ဖူးဟာ ဒီကျောင်းတော်ရဲ့စိန်ဖူးပါ၊ တစ်နိုင်ငံလုံး ဂုဏ်ယူနေရတဲ့စိန်ဖူးပါ၊ ဘယ့်နှယ့် တပည့်တော်တို့ ခိုးရမှာလဲ၊ မခိုးပါဘူး ဘုရား ....."

ထန်စန်းကျွမ်းဆရာတော်က -

"ဒီကိစ္စမှာ အရှင်ဘုရားတို့ရဲ့ ဘုရင်ကလည်း အသေအချာ မစုံစမ်းဘူး၊ မှူးမတ်တွေကလည်း တော်တော်ဟုတ်တယ်၊ သွေးမိုးရွာပြီး ရောင်ခြည်တော် မလွှတ်နိုင်တာနဲ့ ဘုန်းတော်ကြီးတွေကို အရေးယူခိုင်းတယ်ဆိုတာတော့ ပညာရှိတွေ ကြားလို့ မတော်တဲ့ ကိစ္စပဲ ....."

သူသည် စွန်းဟိန်ကျဲဘက်သို့ လှည့်မေးလေ၏။

"ဘယ်အချိန် ရှိပြီလဲ ဝူခုံး ....."

စွန်းဟိန်ကျဲက -

"မွန်းတိမ်းနေပါပြီ ဆရာ ....."

"ဩော် ... မွန်းတိမ်းမှကိုး .....၊ နန်းတော်ထဲကို ဝင်ဖို့ကတော့ မနက်ပိုင်းကျမှ ဝင်ဖို့ကောင်းမယ်၊ ငါတို့ ဒီဘုရင်ဆီဝင်ပြီး လက်မှတ်လဲဖို့ပဲ ရှိတယ်၊ တံဆိပ်တုံးရိုက်ဖို့ရှိတယ်၊ ငါ ချန်းအန်းမြို့တော်က ထွက်လာခဲ့စဉ်တုန်းက ဘုရားကျောင်းတွေ့တိုင်း ဝင်ရှိခိုးမယ်လို့ ကတိပြုခဲ့တယ်၊ ဒါ ကြောင့် ဒီစေတီတော်ကိုလည်း ဂါရဝပြုရှိခိုးရမယ်"

သူသည် ကျောင်းထိုင်ဆရာတော်အား ကြည့်လိုက်ပြီး –

"အရှင်ဘုရား .... တပည့်တော်ကို တံမြက်စည်း တစ်လက် လောက်ပေးပါဘုရား၊ ဒီစေတီရဲ့ အာလိန်ဆယ့်သုံးဆင့်ကို တပည့်တော် လှည်းကျင်း ဝတ်ပြုချင်လို့ပါဘုရား၊ ဒီစေတီဟာ ဘာကြောင့် ရောင်ခြည်တော် မကွန့်မြူးဘူးဆိုတာလည်း တပည့်တော် စုံစမ်းချင်ပါတယ်ဘုရား"

ကျောင်းထိုင်ဘုန်းတော်ကြီးက –

"တံမြက်စည်းတွေကတော့ အများကြီးရှိပါတယ်၊ ဆရာတော် လိုချင်သလောက်ယူပါ"

ဘုန်းတော်ကြီးများသည် သံကြိုးများခတ်ထားသဖြင့် တစ်ပါး ထလျှင် ကျန်သောဆယ့်ကိုးပါးကပါ ထရသည်။ ဘုန်းတော်ကြီးတစ်ပါး သည် ထပြီး တံမြက်စည်းများကို ယူပေးလေ၏။

ထန်စန်းကျွမ်းဆရာတော်က –

"တပည့်တော် ကိုယ်လက်သန့်စင်ပြီးမှ စေတီတော်ကို ဖူးမြော်ပါမယ်ဘုရား"

ဘုန်းတော်ကြီးများသည် ဆရာတော် ကိုယ်လက်သန့်စင်စေရန် ရေစည်များကို အသင့်ပြုပြင်ပေးကြလေ၏။

✵ ✵ ✵ ✵ ✵ ✵ ✵

အခန်း (၁၅၈)

## သူခိုးဖမ်းရန်ထွက်ခွာခြင်း

ထန်စန်းကျွမ်းဆရာတော်ကို ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် တကွ ဘုန်းတော်ကြီးများက ဆွမ်းကပ်ကြ၏။ သက်သတ်လွတ်ဆွမ်းဖြစ် သည်။ ဆရာတော်ကို ဆွမ်းကပ်ပြီးနောက် တပည့်သုံးဦးအား ကျွေးမွေး ကြသည်။

ညမှောင်လာသောအခါ ကိုရင်လေးများက မီးအိမ်များကို မီး ထွန်းညှိလာသည်။ ဆရာတော် စေတီတော်ကို သန့်ရှင်းရေး ပြုရာတွင် ထင်သာ မြင်သာ ဖြစ်စေရန် မီးအိမ်တစ်လုံးကို လာပို့သည်။

ထန်စန်းကျွမ်းဆရာတော်သည် ဘုန်းတော်ကြီးများအား မှာ ကြားစရာရှိသည်ကို မှာကြားပြီး လက်တစ်ဖက်က တံမြက်စည်း၊ လက် တစ်ဖက်က မီးအိမ်ကိုဆွဲလျက် စေတီတော်သို့ ထွက်ခွာသွားရန် ဟန် ပြင်သည်။

စွန်းဟိန်ကျဲသည် တပည့်ကြီးဖြစ်သည့် အားလျော်စွာ ပေါ့ပါး စွာ ထ၍ ပြောသည်။

"ပေးပါဆရာ ... မီးအိမ်ကို တပည့်တော် ဆွဲခဲ့ပါမယ် ....."

ဆရာတော်သည် စွန်းဟိန်ကျဲကို မီးအိမ် လှမ်းပေးလိုက်၏။

ဆရာတော်သည် တံမြက်စည်းကိုင်လျက် ရှေ့ကထွက်သည်။ စွန်းဟိန်ကျဲက မီးအိမ်ဆွဲလျက် နောက်ကလိုက်သည်။

စေတီရှိရာသို့ ရောက်သောအခါ စွန်းဟိန်ကျဲက စေတီတံခါးကို ဖွင့်လိုက်၏။

ထန်စန်းကျွမ်းဆရာတော်သည် စေတီတော်ကို တစ်ထပ်ပြီး တစ်ထပ် လှည်းကျင်းလေတော့၏။ စေတီတော်၏ ခုနစ်ထပ်မြောက်သို့ ရောက်သောအခါ အုန်းမောင်းနှစ်ချက် ခေါက်နေလေပြီ။

ဆရာတော်သည် မောဟိုက်နေသဖြင့် ခေတ္တနားလိုက်၏။

စွန်းဟိန်ကျဲက –

"ဆရာ ... ခဏ နားလိုက်ပါလား၊ ကျန်တဲ့အထပ်တွေကို တပည့်တော် ဆက်ပြီး လှည်းကျင်းလိုက်ပါမယ် ...."

ဆရာတော်က –

"ဂူခုံး ... ဘယ်နှစ်ထပ်ကျန်သေးသလဲ"

"ခြောက်ထပ်ပဲ ကျန်ပါတော့တယ် ဆရာ"

"ဒါက ဘယ်နှစ်ထပ် ရှိသလဲ"

"ဆယ့်သုံးထပ် ရှိတယ်လို့ ဘုန်းကြီးတွေက ပြောပါတယ်"

"ကိစ္စမရှိဘူး၊ ငါပဲဆက်ပြီး လှည်းကျင်းလိုက်ဦးမယ်"

ဆရာတော်သည် ဇွဲနပဲဖြင့် ထပ်မံလှည်းကျင်းပြန်လေတော့၏။ ဆယ်ထပ်သို့ ရောက်သောအခါ ဆရာတော်သည် ဆက်လက် မလှည်းကျင်းနိုင်တော့ပေ။

သူသည် လွန်စွာ မောပန်းနေလေ၏။

သူသည် မောဟိုက်စွာဖြင့် ပြောသည်။

"ဂူခုံး .... ငါမတတ်နိုင်တော့ဘူး၊ ကျန်တဲ့သုံးထပ်ကို မင်းပဲ ဆက်လှည်း လိုက်ပါတော့"

"မှန်ပါဘုရား"

စွန်းဟိန်ကျဲသည်တံမြက်စည်းကိုယူပြီး သွက်လက်စွာ လှည်းကျင်းသည်။ သူ၏လှည်းကျင်းမှုမှာ အလွန်မြန်ဆန်လှသည်။ သူသည် ဆယ့်တစ်ထပ်ကို လှည်းကျင်းပြီး ဆယ့်နှစ်ထပ်တွင် လှည်းကျင်းနေ၏။



ထိုအခါ အပေါ်ဆုံးအထပ် တစ်ဆယ့်သုံးထပ်တွင် စကားပြောသံများ ကြားရတော့သည်။

စွန်းဟိန်ကျဲ အံ့ဩသွား၏။

"အံ့ဩစရာ ကောင်းလိုက်တာ .... ဒါလောက် ညဥ့်နက်နေတာတောင် ဘယ်သူတွေများ အာလိန်ဆယ့်သုံးဆင့်ပေါ်တက်ပြီး စကားပြောနေပါလိမ့်၊ ဒီလူတွေဟာ တံခါးပိတ်ထားတဲ့ စေတီပေါ်တက်ပြီး စကားပြောနေတော့ လူကောင်း မဖြစ်နိုင်ဘူး ....."

သူသည် တံမြက်စည်းကို ချထားလိုက်၏။ နားထဲမှ အပ်ကို ဆွဲပြီး သံတုတ်ပြုလုပ်လိုက်၏။ သူသည် တံခါးဝမှ ချောင်းကြည့်သည်။

ဘီလူးနှစ်ယောက်သည် တီးတိုးစကားပြောနေကြ၏။

စွန်းဟိန်ကျဲသည် တံခါးဝကို ပိတ်ပြီး ရပ်လိုက်၏။

စွန်းဟိန်ကျဲက –

"ဟေ့ .... စိန်ဖူးသူခိုးတွေ၊ မင်းတို့ ဒီစေတီက စိန်ဖူးကို ခိုးသွားကြတာ မဟုတ်လား ....."

ဘီလူးနှစ်ကောင်သည် ထိတ်လန့်သွား၏။ သူတို့သည် စွန်းဟိန်ကျဲကို ကရား၊ ပန်းကန်များဖြင့် ပစ်ပေါက်ကြသည်။

စွန်းဟိန်ကျဲက ထိုကရား၊ ပန်းကန်များကို မရှောင်ချေ။ စွန်းဟိန်ကျဲသည် တံခါးဝကို သံတုတ်ဖြင့် ကန့်လန့်ခံကာ ပိတ်လိုက်သည်။

"သင်တို့ကို ရိုက်သတ်လိုက်ရင် စိန်ဖူးခိုးတဲ့လူကို ဖမ်းမိမှာ မဟုတ်ဘူး၊ ဒါကြောင့် သင်တို့ကို မသတ်ဘူး၊ ဖမ်းရုံပဲ ဖမ်းမယ် ...."

ဘီလူးနှစ်ကောင်သည် မြင်ရုံနှင့်စွန်းဟိန်ကျဲအား မနိုင်မှန်းသိကြသည်။ သူတို့သည် ကြောက်ကြောက်လန့်လန့်ဖြင့် ပြောကြသည်။

"ကျွန်ုပ်တို့နှင့် မဆိုင်ပါဘူး၊ ကျွန်ုပ်တို့ကို အသက်ချမ်းသာပေးကြပါ၊ စိန်ဖူးခိုးတဲ့လူကို ကျွန်ုပ်တို့ ပြောပြပါမယ်"

စွန်းဟိန်ကျဲသည် ဘီလူးနှစ်ကောင်ကို ဖမ်း၍ ဆရာတော်ရှိရာ အထပ်သို့ ဆင်းလာခဲ့သည်။

ဆရာတော်မှာ ပင်ပန်းပြီး အိပ်ပျော်နေ၏။

စွန်းဟိန်ကျဲက နိုးလိုက်သည်။

"ဆရာ ..... ဆရာ ..... ထပါဘုရား"

ထန်စန်းကျွမ်းဆရာတော်သည် နိုးလာ၏။

"ဆရာ .... စိန်ဖူးခိုးတဲ့ သူခိုးကို မိလာပါပြီ"

"ဟော .... ဟုတ်လား ...."

ဆရာတော်သည် ဝမ်းသာသွား၏။

"ဘယ်က မိလာတာလဲ"

ဆရာတော်က ပြန်မေးသည်။

"သူတို့ဟာ စေတီရဲ့ အပေါ်ဆုံးထပ်မှာ အရက်သောက်ရင်း စကားပြောနေကြတာပါ၊ စေတီဟာ ဘီလူးတွေနဲ့ ဘယ်လိုမှ မဆိုင်တာပဲ၊ စိန်ဖူးခိုးတဲ့လူ ဘယ်သူဆိုတာကို ဆရာ သေသေချာချာ စစ်မေးပါ၊ သူတို့ ပြောပြပါလိမ့်မယ်"

ဆရာတော်သည် ဘီလူးနှစ်ကောင်ကိုကြည့်လိုက်၏။

"ကဲ .... သင်တို့ ပြောကြပေတော့"

ဘီလူးနှစ်ကောင်သည် အဖြစ်မှန်ကို ပြောပြတော့၏။

"ကျွန်ုပ်တို့ဟာ ပြာလဲ့လဲ့လှိုင်း ရေကန်ကိုအပိုင်စားရတဲ့ နဂါးမင်းရဲ့ ကျေးကျွန် ရေဘီလူးတွေပါ၊ နဂါးမင်းက ဒီစေတီကို စောင့်ကြည့်ဖို့ စေလွှတ်လိုက်တာပါ၊ သူ့နာမည်က "ဖွန်ဖိုးအော့ပ"ပါ၊ ကျွန်ုပ်နာမည်က "ပဖိုးအော့ဖုံး" လို့ခေါ်ပါတယ်၊ ကျွန်ုပ်တို့ နဂါးမင်းမှာ သမီးတော် တစ်ယောက်ရှိပါတယ်၊ သူ့ကို "ဝမ်လိန်ရွှေမင်းသမီး" လို့ခေါ်ကြပါတယ်၊ ရွှေမင်းသမီးမှာ ကြင်ရာတော်ရှိပါတယ်၊ ခေါင်းကိုးလုံးရှိတဲ့ ကြင်ရာတော်ပါ၊ သူဟာ အလွန်ပဲ တန်ခိုးကြီးပါတယ်၊ သူဟာ သေွးမိုးရွာစေခဲ့သူပါ ....."

ထန်စန်းကျွမ်းဆရာတော်နှင့် စွန်းဟိန်ကျဲတို့သည် သွေးမိုးရွာစေသူ တရားခံကို သိလိုက်ကြလေပြီ။

ဘီလူးနှစ်ကောင်က ဆက်ပြော၏။

"သူ သွေးမိုး ရွာစေလိုက်တဲ့အခါ အားလုံး ညစ်ညမ်းသွားပါတယ်၊ စိန်ဖူးတော်ကိုလည်း သူပဲ ခိုးချသွားပါတယ်၊ နောက်ပြီး သူ့ရဲ့ ဇနီး ဝမ်လိန်ရွှေမင်းသမီးက နတ်မင်းကြီးရဲ့ နန်းတော်ကို တက်ပါတယ်၊



မယ်တော် ဝမ်းမုရဲ့သက်ရှိမြက်ပင်ကိုခိုးပါတယ်၊ သူတို့ဟာ စိန်ဖူးတော်နဲ့သက်ရှိ မြက်ပင်ပေါင်းပြီး ရေအောက်နန်းတော်မှာ တပ်ဆင်လိုက်ပါတယ်၊ အဲ့ဒီတော့ ညကျ အလင်းရောင်တွေလင်းနေတော့တာပေါ့၊ နဂါးမင်းက အရှင်ဘုရားတို့ ဒီတိုင်းပြည်ကို ဖြတ်မယ်ဆိုတာ သိထားပါတယ်၊ အရှင်ဘုရားတို့ ဘာလုပ်တယ်ဆိုတာ သိရအောင် ကျွန်ုပ်တို့ကို ဒီမှာ အစောင့်ချထားတာပါ ....."

စွန်းဟိန်ကျဲက မဲ့ပြုံးပြုံးလိုက်၏။

"ဟင်း .... တစ်နေ့က နွားဘီလူးကို ဒီရေအောက်မှာ တွေ့လိုက်ပါတယ်၊ ဒီလူယုတ်မာတွေနဲ့ ပေါင်းသင်းနေတာကိုး၊ အပေါင်းအသင်းကို ကြည့်ပြီး သူ့ရဲ့စိတ်သဘောကို သိနိုင်တယ်ဆိုတာ သိပ်မှန်တာပဲ၊ လူယုတ်မာ လူယုတ်မာချင်းပေါင်းကြတာကိုး ....."

ထိုအချိန်တွင် ကျူးပတ်ကိုင်နှင့် ကိုရင်သုံးပါးသည် မီးအိမ်များဆွဲကာ တက်လာလေ၏။

ကျူးပတ်ကိုင်သည် ထိုင်နေသူများကို မကြည့်ဘဲ သူပြောချင်ရာကို ပြောလေ၏။

"ဆရာ .... ဆရာတို့က ဒီမှာစကားကောင်းနေတာကိုး၊ လှည်းကျင်းပြီးရင်လည်း ပြန်ဆင်းလာဖို့သင့်ပါတယ်၊ အောက်မှာ ဘုန်းတော်ကြီးတွေက တစောင့်စောင့်နဲ့ ......"

စွန်းဟိန်ကျဲက –

"မင်း အိပ်ချင်မှုးတူးနဲ့ ဘာတွေ ပြောနေတာလဲ၊ ဆရာက စကားပြောနေတာ မဟုတ်ဘူးကွ၊ ဘီလူးနှစ်ကောင် ဖမ်းမိလို့ စစ်မေးနေတာ ...."

ကျူးပတ်ကိုင်သည် မျက်လုံးဖြဲ၍ ကြည့်သည်။

"ဟာ အစ်ကိုကြီးကလည်း.... ဘီလူးဆိုရင် ဘာ စစ်မေးနေစရာလိုမလဲ၊ သတ်သာပစ်လိုက် ......"

"သတ်လို့မရသေးဘူးကွ၊ ဒီစေတီကိစ္စက ဘုရင့်နန်းတော်နဲ့ ပတ်သက်နေတယ်၊ သူတို့ကို ဘုရင့်ဆီပို့ရဦးမှာကွ၊ သူတို့ကို ဘုရင်က စစ်အောင် တို့က နန်းတော်ထဲ ဒီဘီလူးနှစ်ကောင်ကို ပို့ပေးရဦးမှာ ....."

စွန်းဟိန်ကျဲသည် ဘီလူးနှစ်ကောင်ကို ကျူးပတ်ကိုင်အား လွှဲပေးလိုက်၏။

"ကဲ ... ညီလေး .... သူတို့ကို မင်းပဲ ကြိုးနဲ့တုပ်ပြီး ဖမ်းခေါ်သွားပေတော့၊ မနက်ဖြန်ကျမှ ဘုရင့်ဆီပို့မယ်၊ အခုတော့ ဆရာ့ကို တွဲခေါ်ပြီး အောက်ဆင်းရမယ် ....."

ကျူးပတ်ကိုင်နှင့် ကိုရင်သုံးပါးတို့သည် ဘီလူးနှစ်ကောင်ကို ဖမ်းဆီးခေါ်ဆောင်သွားကြ၏။

စွန်းဟိန်ကျဲနှင့် ဆရာတော်တို့သည်လည်း စေတီအောက်သို့ ဆင်းကာ အနားယူအိပ်စက်ကြသည်။

ကိုရင်လေးသုံးပါးက စိန်ဖူးတော်ကို ခိုးယူသည့် သူခိုး နှစ်ကောင်အား မိထားပြီဟု ပြောသောအခါ ဘုန်းတော်ကြီးများ အားလုံး ပျော်ရွှင်သွားကြသည်။ သူတို့အား ဘုရင်က အပြစ်ဒဏ်ခတ်ထားသည် မဟုတ်ပါလော။

မိုးလင်းသောအခါ ထန်စန်းကျွမ်းဆရာတော်သည် သင်္ကန်းကို လဲလေ၏။ သူသည် သင်္ကန်းကိုဝတ်ရုံရင်း -

"မင်းတို့နေခဲ့ကြ၊ ငါနဲ့ဝူခုံး နန်းတော်ထဲသွားပြီး ပြည်ကျော်ခွင့်လက်မှတ်ကို တံဆိပ်ရိုက်ရမယ်၊ စိန်ဖူးသူခိုးကိစ္စလည်း ရှင်းလင်းရမယ်"

ကျူးပတ်ကိုင်က -

"ဆရာ .... ဒီဘီလူးနှစ်ကောင်ကို တစ်ခါတည်း ခေါ်သွားမှာလား"

"မခေါ်ပါဘူး၊ ဘုရင့်ကိုရှင်းလင်းတင်ပြရဦးမှာ၊ ဘုရင်က အခေါ်လွှတ်မှ ဘီလူးတွေကို လာခေါ်ရမှာ၊ ဒီကျောင်းမှာ ဘီလူး နှစ်ကောင်ကို မင်းတို့ ကောင်းကောင်း စောင့်ရှောက်ထားကြ ....."

ဆရာတော်သည် ဤသို့မှာကြားပြီးနောက် စွန်းဟိန်ကျဲနှင့်အတူ နန်းတော်သို့ ထွက်ခွာသွားလေတော့၏။ သူတို့သည် မကြာမီ နန်းတော်မုခ်တံခါးဝသို့ ရောက်ရှိလာကြ၏။

သူတို့သည် တံခါးမှူးကိုတွေ့သည်။

"ကျွန်ုပ်ဟာ ထန်နိုင်ငံက သာသနာ့ တမန်ပါ၊ မဇ္ဈိမဒေသက



ပိဋကတ်တော်တွေကို ပင့်ဆောင်ဖို့ ကျွန်ုပ်တို့ ခရီးထွက်လာကြတာပါ၊ ဒီတိုင်းပြည်ရဲ့ ပြည်ကျော်ခွင့် ခရီးသွားလက်မှတ်ကို လက်မှတ်ထိုးဖို့ကိစ္စ၊ တံဆိပ်တုံးရိုက်ဖို့ကိစ္စတွေနဲ့ ဘုရင်မင်းမြတ်ထံ ဝင်ကြရပါမယ်၊ ဝင်နိုင်ဖို့ တံခါးမှူးက သံတော်ဦးတင်ပေးပါ ....."

"တင်ပေးပါမယ်၊ အရှင်ဘုရား ဒီမှာ ခဏစောင့်ပါ"

တံခါးမှူးသည် ဘုရင့်ရှေ့တော်မှောက်သို့ ဝင်သွားပြီး ဆရာတော်မိန့်မှာသည့်အတိုင်း သံတော်ဦးတင်လိုက်၏။

ဘုရင်မင်းမြတ်သည် ချက်ချင်းပင် ရှေ့တော်သို့ သွင်းစေဟု မိန့်ကြားလေ၏။

ဤသို့ဖြင့် ထန်စန်းကျွမ်းဆရာတော်နှင့် စွန်းဟိန်ကျဲတို့သည် ဘုရင်ရှေ့တော်မှောက်သို့ ဝင်ရောက်သွားရလေ၏။

ဝန်ကြီး မှူးမတ်တို့သည် ထန်စန်းကျွမ်း ဆရာတော်အား လေးစား ကြည်ညိုသလောက် စွန်းဟိန်ကျဲ၏ ရုပ်ရည်အား ကြည့်ပြီး ကြောက်ရွံ့မိကြသည်။ သူတို့သည် နန်းတော်ထဲသို့ ဂျုန်ဝင်လာပြီဟု တီးတိုးပြောကြလေ၏။

ထန်စန်းကျွမ်းဆရာတော်သည် ရှင်ဘုရင်အား ဂါရဝပြုလိုက်သည်။

"အရှင်မင်းမြတ် .... ကျွန်ုပ်ဟာ ထန်နိုင်ငံက မြတ်စွာဘုရားရဲ့ ပိဋကတ်တော်များ ပင့်ဆောင်ရန် စေလွှတ်လိုက်သူများ ဖြစ်ပါတယ်၊ တစ်နည်းအားဖြင့် သာသနာ့တမန်တော်များ ဖြစ်ကြပါတယ်၊ ပြည်ကျော်ခွင့် ခရီးသွားလက်မှတ်မှာ လက်မှတ်ရေးထိုးဖို့၊ တံဆိပ်တုံးရိုက်ဖို့ ကိစ္စတွေအတွက် ကျွန်ုပ်တို့ အရှင်မင်းမြတ်ဆီ ဝင်ခဲ့တာပဲ ဖြစ်ပါတယ်"

ဆရာတော်၏ စကားများက ချောင်လှသည်။ ဘုရင်မင်းမြတ်သည် ဆရာတော်အား သလွန်တစ်ခုပေါ်၌ ထိုင်စေကာ ရှိခိုးဦးခိုက်လေ၏။

"ကဲ .... သက်ဆိုင်ရာ အမတ်ကြီးများက ပြည်ကျော်ခွင့် လက်မှတ်တွေကို ထုတ်ပေးလိုက်ပါ ....."

သက်ဆိုင်ရာ မှူးမတ်များက ပြည်ကျော်ခွင့် ခရီးသွားလက်မှတ်

များကို ထုတ်ပေးသည်။

ဘုရင်မင်းမြတ်သည် ဆရာတော်၏ဖွဲ့သတ္တိရှိသော လုပ်ရပ်ကို ချီးကျူးသည်။

"အရှင်ဘုရားဟာ ကိုယ်ကျိုးစွန့်ပြီး အခုလို ခရီးထွက်လာတာဟာ အင်မတန်ချီးကျူးစရာကောင်းလှပါတယ်၊ တပည့်တော် အလွန်ပဲ ချီးကျူးမိပါတယ်၊ တပည့်တော်တို့ ဘုန်းကြီးတွေကတော့ တိုင်းပြည်ရဲ့ အကျိုးကိုမဆောင်တဲ့အပြင် နိုင်ငံရဲ့ဂုဏ်ဆောင် စိန်ဖူးတော်ကိုပါ ခိုးယူဖျောက်ဖျက်ကြပါတယ်၊ ဒါကြောင့် နိုင်ငံဟာလည်း အတိုင်းတိုင်း အပြည်ပြည်အလယ်မှာ မျက်နှာငယ်ခဲ့ရပါတယ်ဘုရား ....."

ထန်စန်းကျွမ်းဆရာတော်က –

"ဒကာတော် ရေမြေ့ရှင်က ဘုန်းတော်ကြီးတွေ မကောင်းကြောင်းပြောတော့ ကျွန်ုပ်ဟာလည်း ဘုန်းတော်ကြီးတစ်ပါး ဖြစ်နေတဲ့အတွက် ဘုန်းတော်ကြီးတွေဘက်က ကာကွယ်သင့်ကာကွယ်ရအောင် ဒကာတော်ရေမြေ့ရှင်ကို မေးချင်ပါတယ်၊ သူတို့က ဘာတွေ တိုင်းပြည်အကျိုး မဆောင်ပါသလဲ"

ဘုရင်က –

"တပည့်တော်တို့နိုင်ငံကို အိမ်နီးချင်းနိုင်ငံတွေက နှစ်စဉ်နှစ်တိုင်း လက်ဆောင်ပဏ္ဏာတွေ လာဆက်ပါတယ်၊ ဒီလိုဆက်သရတဲ့ အကြောင်းကလည်းရှိပါတယ်၊ တပည့်တော်တို့နိုင်ငံမှာ ရွှေရောင်ခြည်ကျောင်းတိုက်ဆိုတာရှိပါတယ်၊ အဲဒီကျောင်းတိုက်မှာ အာလိန်ဆယ့်သုံးဆင့် စေတီဆိုတာ ရှိပါတယ်၊ အဲဒီ အာလိန်ဆယ့်သုံးဆင့် စေတီဟာ စိန်ဖူးတော်က ရောင်ခြည်တော် ကွန့်မြူးပါတယ်၊ အဲဒါကို ကြည်ညိုကြလွန်းလို့ အိမ်နီးချင်းတိုင်းပြည်တွေက လက်ဆောင်ပဏ္ဏာတွေ ပေးကြတာပါ၊ ဒါပေမယ့် လွန်ခဲ့တဲ့သုံးနှစ်ကစပြီး အဲဒီကျောင်းက ဘုန်းကြီးတွေဟာ စိန်ဖူးတော်ကို ခိုးသွားခဲ့ပါတယ်၊ အဲဒီအခါမှာ စိန်ဖူးတော်က ရောင်ခြည်တော် မကွန့်မြူးတော့ အိမ်နီးနားချင်းတိုင်းပြည်တွေကလည်း လက်ဆောင်ပဏ္ဏာတွေ မဆက်သကြတော့ဘူးပေါ့၊ အဲဒီလို မဆက်သတာ နှစ်နှစ်တောင် ရှိသွားပါပြီဘုရား"



ထန်စန်းကျွမ်းဆရာတော်က ပြုံးလိုက်၏။

"အဲဒီလိုဆိုရင်တော့ ကျွန်ုပ်က ရွှေရောင်ခြည်ကျောင်းတိုက်က ဘုန်းတော်ကြီးတွေအတွက် ကာကွယ်ပြောကြားရတော့မှာပဲ"

ဘုရင်က မျက်မှောင်ကုတ်ပြီး ပြောသည်။

"အရှင်ဘုရားက ဘယ်လို ကာကွယ်နိုင်မှာလဲ ဘုရား"

"ကာကွယ်ပြောကြားနိုင်တာက ဒီလိုပါ၊ ဒကာတော်ရေမြေ့ရှင် မှားနေတယ်ဆိုတာ မကြာခင်သိပါလိမ့်မယ်၊ ကျွန်ုပ်ဟာ ညက ရွှေရောင်ခြည်ကျောင်းတိုက်မှာ တည်းခိုခဲ့ပါတယ်၊ ညမအိပ်ခင် အဲဒီစေတီတော်ကို သန့်ရှင်းရေးလုပ်ပါတယ်၊ သန့်ရှင်းရေးလုပ်ရင်းနဲ့ စိန်ဖူးတော်ခိုးတဲ့ သူခိုးနှစ်ယောက်ကို ဖမ်းမိခဲ့ပါတယ်၊ ဘုန်းတော်ကြီးတွေ ခိုးတာမဟုတ်ပါဘူး ....."

ဘုရင်သည် ဝမ်းသာသွား၏။

"ဟုတ်လား ဘုရား၊ အခု .... စိန်ဖူးတော်ခိုးတဲ့ သူခိုးတွေကို အရှင်ဘုရား ဖမ်းမိထားပြီပေါ့၊ ဘယ်မှာ ဖမ်းမိထားပါသလဲဘုရား ....."

ထန်စန်းကျွမ်းဆရာတော်က –

"အဲဒီရွှေရောင်ခြည်ကျောင်းတိုက်မှာပဲ ချုပ်နှောင်ထားခဲ့ပါတယ်"

ဘုရင်သည် ချက်ချင်းအမိန့်ပေးလေ၏။

"သွားကြစမ်း၊ မင်းချင်းတို့၊ အမတ်ကြီးတစ်ပါးက ဦးဆောင်သွား၊ အဲဒီ စိန်ဖူးတော်ခိုးတဲ့ သူခိုးတွေကိုခေါ်ခဲ့၊ ငါကိုယ်တိုင် စစ်မေးမယ်"

ထန်စန်းကျွမ်းဆရာတော်က –

"ဒီလိုမဖြစ်ပါဘူး၊ ကျွန်ုပ်ရဲ့တပည့်ကြီး လိုက်ပါမှဖြစ်လိမ့်မယ်"

"ဘာဖြစ်လို့လဲဘုရား"

"သူခိုးနှစ်ယောက်ဟာ လူမှမဟုတ်ဘဲ၊ ဘီလူးနှစ်ကောင် ဖြစ်နေတော့ ဒကာတော်ရေမြေ့ရှင်ရဲ့ မင်းချင်းတွေ ဘယ်ဖမ်းနိုင်ပါ့မလဲ"

"ဒါဖြင့် အရှင်ဘုရားရဲ့ တပည့်ကို ထည့်လိုက်ပါ၊ ဘယ်မှာလဲ အရှင်ဘုရားရဲ့တပည့်"

ဆရာတော်သည် စွန်းဟိန်ကျဲအား ညွှန်ပြလိုက်ပြီး –

"ဟိုမှာလေ ကျွန်ုပ်တပည့် ....."

"အရှင်ဘုရားရဲ့ တပည့်ကလည်း ရုပ်ဆိုးအကျည်းတန် လှချည်လား"

"ရုပ်လှတာကို ရွေးမလား၊ စိတ်လှတာကို ရွေးမလား ဒကာတော်၊ ကျွန်ုပ် တပည့်ဟာ အင်မတန် စိတ်ထားကောင်းပါတယ် ......"

"တပည့်တော်ကို ခွင့်လွှတ်ပါ၊ စိတ်လှဖို့သာ အဓိကပါဘုရား၊ သူ့ကို တပည့်တော်ရဲ့ မင်းချင်းတွေနဲ့အတူ ထည့်မယ်ဆိုရင် အခုပဲ ထည့်လိုက်ပါဘုရား ....."

"အိမ်း .... ကောင်းပြီ၊ ဂူခုံး .... သူတို့နဲ့အတူ လိုက်သွားပေတော့ ....."

ဘုရင်မင်းမြတ်သည် ဖမ်းရမည့် သူခိုးနှစ်ယောက်မှာ သာမန်လူသားများ မဟုတ်သဖြင့် သွားရောက်ဖမ်းမည့်အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းလိုက်၏။ သူ့စစ်တပ်မှ အမာခံစစ်သည်တော် တပ်ခွဲတစ်ခွဲကို စေလွှတ်သည်။ ဗိုလ်မှူးတစ်ယောက်ကို ဦးဆောင်ခိုင်းသည်။ စွန်းဟိန်ကျဲသည် ထိုစစ်တပ်ကို ဦးဆောင်သွားရမည်။

ဗိုလ်မှူးသည် စွန်းဟိန်ကျဲအား ဝေါယာဉ်တစ်ခုနှင့် ထိုင်စေပြီး ချီတက်လေတော့၏။ နန်းတွင်း စစ်သည်တော်များလာခြင်း ဖြစ်၍ လမ်းသွားလမ်းလာများ အသေအလဲ ဖယ်ရှောင်ကြရသည်။

သူတို့သည် ရွှေရောင်ခြည်ကျောင်းတိုက်သို့ ရောက်ရှိလာကြလေ၏။

တိုင်းသူပြည်သားများသည် ထူးခြားလှသဖြင့် ဝိုင်းအုံကြည့်ရှုကြသည်။

ကျူးပတ်ကိုင်၊ ဆားဝူကျိန်းနှင့် ဘုန်းတော်ကြီးများသည် ထွက်ခုံစမ်းကြလေ၏။ ဗိုလ်မှူးက ဘုန်းကြီးများအား အကျိုးအကြောင်း လျှောက်ထား၏။

ကျူးပတ်ကိုင်က ရယ်မောသည်။

"အစ်ကိုကြီး .... ရာထူးဟောင်း ပြန်ရလာပြီကိုး ...."

စွန်းဟိန်ကျဲသည် ဝေါယာဉ်ပေါ်မှ ဆင်းသက်လာ၏။



"ဘာလဲဟ .... ရာထူးဟောင်း ပြန်ရလာပြီ ဆိုတာ ......"

ကျူးပတ်ကိုင်က –

"အစ်ကိုကြီး မျောက်မင်းအဖြစ် စိုးစံရတာကို ပြောတာပါ"

"ငါ မျောက်မင်းဖြစ်တုန်းက ဒီလို မသွားလာရပါဘူးကွာ"

"အစ်ကိုကြီးက ဦးစီးပြီး လာတာလား"

"ဟုတ်တယ် .... ဘီလူးနှစ်ကောင် ရှိတယ်မဟုတ်လား"

"ရှိတယ်"

"အဲဒီနှစ်ကောင်ကို ရှင်ဘုရင် စစ်ဆေးလိမ့်မယ်၊ အဲဒီနှစ်ကောင်ကိုဖမ်းခေါ်ခဲ့ကြ .....၊ မင်းတို့နှစ်ယောက်ပါ လိုက်ခဲ့ကြ ....."

"မြင်းနဲ့ အထုပ်တွေကိုကော ယူခဲ့ရမှာလား"

ထိုအခါ ဘုန်းတော်ကြီးများက ဝင်ပြောလေ၏။

"ဒကာကြီးတို့ စိတ်အေးအေးသာသွားကြပါ၊ မြင်းနဲ့အထုပ်တွေကို ဘုန်းကြီးတို့ ကြည့်ရှု ထိန်းသိမ်းထားလိုက်ပါမယ် ....."

ဤသို့ဖြင့် သူတို့သည် ဘီလူးနှစ်ကောင်ကို ဖမ်းဆီးခေါ်ဆောင်ကာ နန်းတော်ဆီသို့ ပြန်လည်ချီတက်ကြတော့၏။ မကြာမီ သူတို့သည် နန်းတော်ထဲသို့ ပြန်ရောက်ကြလေ၏။ စွန်းဟိန်ကျဲသည်ဘီလူးနှစ်ကောင်ကို ဘုရင်ရှေ့တော်မှောက်သို့ သွင်းလေ၏။

ဘုရင်သည် ဘီလူးနှစ်ကောင်အား စစ်မေးလေ၏။

"သင်တို့ ဘယ်ကလာတဲ့ ဘီလူးတွေလဲ"

ဘီလူးနှစ်ကောင်က –

"ပြာလဲ့လဲ့လှိုင်း ရေကန်က လာတဲ့ ရေဘီလူးတွေပါ ..."

"သင်တို့နာမည်တွေကို ပြောစမ်း"

"သူ့နာမည်က "ဖွန်ဖိုးအော့ပ" ပါ၊ ကျွန်ုပ်ရဲ့နာမည်ကတော့ "ပဖိုးအော့ဖုံး"လို့ခေါ်ပါတယ်"

"သင်တို့ဘယ်တုန်းက ကျွန်ုပ်ရဲ့ပြည်ထဲကိုဝင်လာပြီး စေတီတော်ရဲ့ စိန်ဖူးတော်ကို ခိုးသွားကြတာလဲ"

ဘီလူးတစ်ဦးက လျှောက်ထားသည်။

"မှန်လှပါ .... လွန်ခဲ့တဲ့ သုံးနှစ် ခုနစ်လပိုင်း လဆန်းတစ်ရက်

နေ့ ညမှာ "ဝမ်စိန်း"အမည်ရှိတဲ့ နဂါးမင်းဟာ သူ့ရဲ့ဆွေမျိုးတစ်သိုက်နဲ့ အတူ အရှင်မင်းမြတ်ရဲ့ ပိုင်နက်နိုင်ငံအတွင်းကို ကျူးကျော် ဝင်ရောက်ခဲ့ပါတယ်"

ဘုရင်က -

"သူတို့ဟာ ကျွန်ုပ်ပြည်ထဲကျူးကျော်လာပြီး ဘယ်လိုနေထိုင်ကြသလဲ"

ဘီလူးက ရှင်းပြသည်။

"သူတို့ အရင်ကနေထိုင်တဲ့ ရေပိုင်နက်ကတော့ ဒီတိုင်းပြည်ရဲ့ အရှေ့တောင်ဘက် လီပေါင်းတစ်ရာနှစ်ဆယ်ဝေးတဲ့ ပြာလဲ့လဲ့လှိုင်း ရေကန်ဖြစ်ပါတယ်၊ နဂါးမင်းဝမ်စိန်းဟာ အဲဒီရေကန်ကို အပိုင်စားရပါတယ် ....."

"ဆက်ပြောပါ"

"သူတို့ဟာ ဆွေမျိုးတစ်သိုက်လုံး ဒီနိုင်ငံထဲကို ဝင်လာခဲ့ပါတယ် ....."

"သူတို့ ဆွေမျိုးဆိုတာတွေဟာ ဘယ်သူတွေလဲ"

"သူ့သမီးနဲ့ သူ့သမက်ပါ၊ သမီးက အလွန်ချော အလွန်လှပါတယ်၊ သူ့သမက်က ခေါင်းကိုးလုံးရှိတဲ့ ဘီလူးပါ၊ သူက အလွန် တန်ခိုးကြီးပါတယ်၊ နောက်ပြီး အခြွေအရံများ ပါလာပါတယ်"

"စေတီတော်ရဲ့ စိန်ဖူးတော်ကို ခိုးသွားတာက ဘယ်သူလဲ"

"နဂါးမင်းရဲ့သမက်ပါ၊ သူက ဒီစိန်ဖူးတော်ရဲ့ အစွမ်းကို သိပါတယ်၊ ဒါကြောင့် သူဟာ နဂါးမင်းနဲ့ပေါင်းပြီး သွေးမိုးရွာစေခဲ့ပါတယ်၊ နောက်တော့ စိန်ဖူးတော်ကို ခိုးသွားခဲ့ပါတယ်"

"ခိုးသွားတဲ့ စိန်ဖူးတော်ကို ဘယ်မှာ ထားသလဲ"

"သူတို့နေထိုင်တဲ့ ရေနန်းဗိမာန်မှာ ထားပါတယ်၊ စိန်ဖူးတော်ရဲ့ ရောင်ခြည်ဟာ ရေအောက် နန်းတော်တစ်ခုလုံးကို လင်းထိန်စေပါတယ်၊ အခု ကျွန်ုပ်တို့ ဒီစေတီကိုရောက်လာတာဟာလည်း ထန်စန်းကျွမ်း ဆရာတော်တို့ကို စောင့်ကြည့်ဖို့ နဂါးမင်းက အမိန့်ပေးလိုက်တာပါ"

ဘုရင်မင်းမြတ်သည် ဘီလူး နှစ်ကောင်အား ခိုင်ခံ့သော အချုပ်



ခန်းထဲ၌ သွတ်သွင်းထားရန် အမိန့်ပေးလိုက်၏။ သူသည် ရွှေရောင်ခြည် ကျောင်းတိုက်မှ ဘုန်းတော်ကြီးများအား အပြစ်မှ ကင်းလွတ်စေရန် အမိန့်ချလိုက်၏။ တစ်ဆက်တည်း ကျောင်းတော်အား ပြုပြင်ပေးရန်နှင့် ရိက္ခာများကို ကျောင်းတိုက်သို့ပို့စေရန် အမိန့်ချလိုက်သည်။ အမှားကို ပြင်ရဲသောဘုရင်ပေတည်း။

ထိုညတွင် နန်းတော်ထဲမှာပင် ထန်စန်းကျွမ်းဆရာတော်အား သက်သတ်လွတ်ဆွမ်းကပ် လှူဒါန်းလေ၏။ ဆရာတော် ဆွမ်းစားပြီးသောအခါ ဘုရင်က ဆရာတော်အား စိန်ဖူးတော်သူခိုးအား ဖမ်းဆီးပေးရန် လျှောက်ထား တောင်းပန်တော့၏။

ယခုမှပင် ဘုရင်သည် ဆရာတော်၏အမည်ကို မေးမြန်းရန် သတိရသည်။

"ဆရာတော်ဘုရားရဲ့အမည်က ဘယ်လိုပါလဲဘုရား"

"ကျွန်ုပ်နာမည်က ထန်စန်းကျွမ်းဖြစ်ပါတယ်"

"ဆရာတော်ရဲ့တပည့်တွေ နန်းတော်ထဲ လိုက်လာတာ တွေ့ပါတယ်၊ တပည့်တော် သူတို့ရဲ့ နာမည်တွေကို သိလိုပါတယ် ဘုရား ....."

"တပည့်ကြီးရဲ့နာမည်ရင်းကတော့ စွန်းဝူခုံး၊ ကျွန်ုပ်ဆီရောက်လာတော့ စွန်းဟိန်ကျဲဖြစ်သွားတယ်၊ တပည့်လတ်ကတော့ နာမည်ရင် ကျူးဝူလိန်ပါ၊ ကျွန်ုပ်ဆီရောက်တော့ ကျူးပတ်ကိုင် ဖြစ်သွားတယ်၊ နောက်တပည့် တစ်ဦးကတော့ ဆားဝူကျိန်းပါ ......"

"ဆရာတော် .... တပည့်တော်ကို အဲဒါလေးတော့ ဆောင်ရွက်ပေးစေချင်ပါတယ်၊ စိန်ဖူးတော်သူခိုးကို ဖမ်းပေးစေချင်ပါတယ်"

ဆရာတော်သည် စွန်းဟိန်ကျဲကိုလှမ်းကြည့်၏။

စွန်းဟိန်ကျဲက ခေါင်းညိတ်ပြသည်။

"အင်း .... ဖမ်းပေးရတာပေါ့လေ"

"ဘယ်သူ ဖမ်းပေးမှာလဲ ဘုရား ....."

"ကျွန်ုပ်တပည့်ကြီး စွန်းဟိန်ကျဲခေါ် စွန်းဝူခုံးပဲပေါ့"

ဘုရင်က -

"စစ်သည်တော်တွေ၊ မြင်းသည်တော်တွေ ဘယ်လောက် ခေါ်

သွားမှာလဲဘုရား၊ တပည့်တော်စီစဉ်ထားစရာရှိတာ စီစဉ်ထားရအောင်"

ကျူးပတ်ကိုင်က –

"အို: .... ဘာစစ်သည်တော်မှမလိုဘူး၊ ဘာမြင်းသည်တော်မှ မလိုဘူး၊ ဘီလူးတွေ နဂါးတွေကို လူရိုးရိုးနဲ့ တိုက်လို့ရမှာလား၊ ကျုပ်နဲ့ အစ်ကိုကြီး ဒီဘီလူးကိုဖမ်းပေးပါမယ် ......"

ဘုရင်သည် ဝမ်းသာသွား၏။

"ကောင်းပြီ၊ သင်တို့သွားမယ့်အချိန်ကို ပြောပါ"

စွန်းဟိန်ကျဲက –

"ခုပဲ သွားပါမယ်"

ရှင်ဘုရင်က –

"ဒါ အကောင်းဆုံးပဲ"

စွန်းဟိန်ကျဲသည် ဆားဝူကျိန်းကို မှာကြားလေ၏။

"ညီလေး ... ဆရာ့ကိုစောင့်ရှောက်ပါ၊ ငါနဲ့ကျူးပတ်ကိုင် သူခိုး သွားဖမ်းမယ် ...."

"စိတ်ချပါ အစ်ကိုကြီး"

ကျူးပတ်ကိုင်က တာဝန်ခံ၏။

စွန်းဟိန်ကျဲသည် ဘုရင်အား လျှောက်ထားသည်။

"ကျွန်ုပ်တို့ ဘီလူးနစ်ကောင်ကို လမ်းပြအဖြစ်ခေါ်သွားမယ်၊ ရှာရတာ လွယ်တာပေါ့၊ ကိုယ့်ဘာသာ ရှာနေရင် ကြာနေမယ် ....."

"ခေါ်သွားပါ၊ ခေါ်သွားပါ"

ဘုရင်သည် ဘီလူးနှစ်ကောင်အား ချက်ချင်းအချုပ်မှခေါ်ထုတ်လေသည်။ သူသည် စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့၏ လက်ထဲသို့ ဘီလူးနှစ်ကောင်ကို ထည့်လိုက်၏။

စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့သည် ဘီလူးနှစ်ကောင်ကို ဆွဲ၍နန်းတော်ထဲမှ ထွက်လာကြသည်။ ဘုရင်နှင့်မှူးမတ်များသည် စွန်းဟိန်ကျဲတို့ကို အားအကိုးကြီး ကိုးလေ၏။ သူတို့သည် နန်းတော်ရှေ့ အထိ လိုက်လံ ပို့ဆောင်ကြသည်။

နန်းတော်အပြင်သို့ ရောက်သောအခါ ဘီလူးနှစ်ကောင်ကို ခေါ်



ပြီး တိမ်တိုက်ပေါ်သို့ ခုန်တက်လေတော့၏။

ဘုရင်နှင့် မှူးမတ်များမှာ စွန်းဟိန်ကျဲတို့မှာ သာမန် လူသားများ မဟုတ်ကြောင်း သိရှိသွားကြ၏။ တန်ခိုးဣဒ္ဓိပါဒ်ရှိသူများ ဖြစ်ကြောင်း သိရှိသွားကြ၏။

ဘုရင်သည် ထန်စန်းကျွမ်းဆရာတော်အား ပို့ဆောင်ပြီး နန်းတွင်းသို့ ပြန်လာခဲ့၏။

ဘုရင်က ထန်စန်းကျွမ်းဆရာတော်အား ရှိခိုးပြီး –

"အရှင်ဘုရားတပည့်တွေဟာ နတ်သိကြားလို တန်ခိုးဣဒ္ဓိပါဒ် ရှိတဲ့ လူတွေပါပဲ ဘုရား ......"

ဆရာတော်က ပြုံးသည်။

"တပည့်တွေကတော့ တန်ခိုးဣဒ္ဓိပါဒ်ရှိပါတယ်၊ ဆရာကတော့ လူသာမန်ပါပဲ၊ ဒီတပည့်သုံးယောက်ကိုပဲ အားကိုးနေရတာပါ ....."

ဆားဝူကျိန်းက ရှင်းပြ၏။

"မိုးပျံမြေလျှိုးတာဟာ ပြောပလောက်တဲ့ ပညာမဟုတ်ပါဘူး၊ တချို့ရသေ့တွေတောင် လုပ်နိုင်ပါတယ်၊ ကျွန်ုပ်ရဲ့ အစ်ကိုကြီး စွန်းဟိန်ကျဲဟာဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်း ငါးရာတုန်းက နတ်မင်းကြီးရဲ့စစ်သည်တော်တွေနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သူဖြစ်ပါတယ်၊ နတ်မင်းကြီးရဲ့ စစ်သည်တော်တွေဟာ သူ့ကိုမနိုင်ပါဘူး၊ အခုလည်းနတ်မင်းကြီးဟာ အစ်ကိုကြီးကို လေးစားရပါတယ်"

ဘုရင်သည် အလွန်အံ့သြသွား၏။

"တယ်တော်တဲ့ ပုဂ္ဂိုလ်တွေပဲ"

ဆားဝူကျိန်းက –

"ကျူးပတ်ကိုင်ဆိုတဲ့ ပုဂ္ဂိုလ်ကလည်း ခေသောသူမဟုတ်ပါဘူး၊ သူ့ရဲ့အတိတ်ဘဝဟာ တကယ်ကြီးကျယ်ခဲ့ပါတယ်၊ အဏ္ဏဝါစစ်သည်တော်တစ်သိန်းကို အုပ်ချုပ်ခဲ့တဲ့ ဗိုလ်မှူးကြီးတစ်ယောက်ပါ ...."

ဘုရင်နှင့် မှူးမတ်များသည် ဆားဝူကျိန်း၏စကားကိုကြားလိုက်သောအခါ တုန်လှုပ်သွားကြသည်။ သူတို့ ယခု တွေ့ဆုံနေရသော ပုဂ္ဂိုလ်များမှာ အဓိကရပုဂ္ဂိုလ်များဖြစ်နေသည်မဟုတ်ပါလား၊ သူတို့သည်

ဘာမျှ မစွမ်းပါ၊ သာမန်ပုဂ္ဂိုလ်သာဖြစ်သည်ဟု ပြောနေသော ထန်စန်းကျွမ်းဆရာတော်ကို သူတို့သည် ပိုမိုလေးစားကြည်ညိုလာသည်။ အဘယ်ကြောင့်ဆိုသော် .... အလွန်စွမ်းသော တပည့်သုံးယောက်၏ ဆရာဖြစ်နေသည် မဟုတ်ပါလား။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း (၁၅၉)

## ထူးခြားသောသတ္တဝါ

စွန်းဟိန်ကျဲတို့သည် ပြာလဲ့လဲ့လှိုင်းရေကန်အထက်သို့ ရောက်ရှိလာကြ၏။ သူသည် တိမ်တိုက်အား ရပ်တန့်လိုက်သည်။ နားထဲမှ သံတုတ်ကိုဆွဲယူလိုက်၏။ လေထဲ၌ ဝှေ့ယမ်း လွှပ်ရှားလိုက်သောအခါ ဓားတစ်ချောင်းအဖြစ်သို့ ပြောင်းလဲသွားသည်။

သူသည် ဘီလူးနှစ်ကောင်၏နားရွက်တစ်ဖက်စီကိုဖြတ်ပြီး ဤသို့ မှာကြားလေ၏။

"သင်တို့ ရေအောက်ရေနန်းဗိမာန်ကို သွားကြစမ်း၊ စွန်းဂူခုံးစောင့်နေတယ်၊ စေတီရဲ့ စိန်ဖူးတော်ကို အမြန်ဆုံးလာပို့ပါလို့၊ မပို့ရင် ရေနန်းဗိမာန်မှာ နေသူတွေအားလုံး သေကုန်လိမ့်မယ်လို့ ပြော ...."

သူသည် ဘီလူးနှစ်ကောင်အား ရေကန်ထဲသို့ ကန်ချလိုက်သည်။

ဘီလူးနှစ်ကောင်သည် ရေကန်ထဲသို့ ကျသွားသည်နှင့် ရေနန်းဗိမာန်ဆီသို့ သွားကြလေ၏။

ရေနန်းထဲ၌ နဂါးမင်းနှင့်သမက်တို့မှာ စားသောက်နေကြသည်။

သူတို့သည် ဒဏ်ရာကိုယ်စီဖြင့် ရောက်လာသော ဘီလူးနှစ်ကောင်အား မေးမြန်းကြ၏။

"သင်တို့ကို စေတီ၌ သွားစောင့်ပါဟု စေလွှတ်လိုက်တယ်၊ ယခု ဒဏ်ရာများဖြင့် ပြန်လာတယ်၊ ဘယ်သူက သင်တို့ကို ဒဏ်ရာရအောင် လုပ်လိုက်သလဲ ...."

ဘီလူးနှစ်ကောင်က -

"မှန်လှပါ ....၊ ကျွန်တော်မျိုးတို့ စေတီတော်မှာ သွားစောင့်နေပါတယ်၊ အဲဒီအချိန်မှာပဲ ဘုန်းကြီးက စေတီတော်ကို တံမြက်စည်းလှည်းကျင်းပါတယ်၊ သူတို့တက်လာတာကို ကျွန်တော်မျိုးတို့ လုံးဝမသိလိုက်ပါဘူး၊ ဘုန်းကြီးရဲ့ တပည့်ကြီး စွန်းဂူခုံးက ကျွန်တော်မျိုးတို့ကို ဖမ်းဆီးပြီး ဘုရင်ရှေ့တော်မှောက်ကို ပို့ပါတယ်၊ ဘုရင်ကို ကျွန်တော်မျိုးတို့ မှန်ရာအစစ်ခံရပါတယ်"

နဂါးမင်းက -

"ကျွန်ုပ်တို့ စိန်ဖူးတော်ယူတာကို သင်တို့ ပြောလိုက်တယ်ပေါ့"

"သူတို့ကိုကြောက်ရပါတယ်ဘုရား၊ စွန်းဂူခုံးနဲ့ တခြားတပည့်နှစ်ယောက်လည်းရှိနေတယ်၊ အခု ... စွန်းဂူခုံးဟာ ရေပြင်တိမ်တိုက်ပေါ်မှာ ရှိနေပါတယ်၊ ကျွန်တော်မျိုးတို့ကို နားရွက်ဖြတ်ပြီး ရေထဲကို ကန်ချလိုက်တာပါ၊ သူရဲ့စိန်ဖူးတော်ကို အပ်ချင်အပ်၊ မအပ်ရင် ရေအောက်ရေနန်းဗိမာန်က သူတွေ အားလုံး သေကုန်မယ်လို့ ပြောလိုက်ပါတယ် ...."

နဂါးမင်းသည် စွန်းဂူခုံးဟူသောအသံကို ကြားလိုက်သည်နှင့် ထိတ်လန့် တုန်လှုပ်သွားလေ၏။

သူ့ထက် တန်ခိုးကြီးသော နတ်မင်း၊ နဂါးမင်းများသည်ပင် စွန်းဂူခုံးကို ကြောက်လန့်ရသည် မဟုတ်ပါလော။

"ဟာ .... တခြားသူဆိုရင်တော့ တိုက်ခိုက်ကောင်းတိုက်ခိုက်ဦးမယ်၊ စွန်းဂူခုံးကိုတော့ တိုက်ခိုက်လို့မဖြစ်ဘူး၊ သွားမလုပ်နဲ့ဟေ့၊ စိန်ဖူးတော်ကို အမြန်ဆုံးပြန်ပေးမှဖြစ်မယ်"

သမက်ဖြစ်သူ ဘီလူးသည် ရယ်မောလေ၏။

"နဂါးမင်း ဘာမှ စိတ်မပူပါနဲ့၊ ကျွန်ုပ်လည်း တန်ခိုးရှိပါသေးတယ်၊ ဘယ်သူ့ကိုမှ မရှုံးခဲ့သေးပါဘူး၊ ကျွန်ုပ် သူ့ကို သွားဖမ်း ခေါ်ခဲ့



ပါမယ် ....."

သူသည် စားသောက်နေသည့် စားပွဲဝိုင်းမှထလိုက်၏။ ချပ်ဝတ်တန်ဆာများကိုဝတ်ဆင်သည်။ ဓားကို ကိုင်စွဲလျက် ရေပြင်ပေါ်သို့တက်လာတော့သည်။

သူသည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး စူးစမ်းလိုက်သည်။

"စွန်းဂူခုံးဆိုတာ ဘယ်သူလဲဟေ့"

စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်သည် တိမ်တိုက်ပေါ်၌ရပ်၍ ရေကန်ကိုကြည့်နေကြသည်။ ထိုစဉ်ဘီလူးတစ်ကောင် ထွက်လာသည်ကို တွေ့ရှိကြရသည်။ ထိုဘီလူး၌ ဦးခေါင်းကိုးလုံးရှိနေသည်ကို အံ့သြစွာတွေ့ရှိရသည်။

စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်သည် တိမ်တိုက်ပေါ်မှ ဆင်းသက်ကြလေ၏။

ဦးခေါင်းကိုးလုံးဘီလူးသည် ထပ်မံ၍စိန်ခေါ်လိုက်၏။

"စွန်းဂူခုံးဆိုတာ ဘယ်သူလဲ"

စွန်းဂူခုံးသည် အသံပေးလိုက်၏။

"အော်မနေနဲ့ .... စွန်းဂူခုံးဆိုတာ ငါပဲ"

"ဩော် .... စွန်းဂူခုံးဆိုတာ သင်ကိုး၊ ဘာကြောင့် ကျုပ်ရဲ့ ငယ်သားတွေကို နှိပ်စက်ရတာလဲ ...."

"သင်က မသိချင်ယောင်ဆောင်နေတာကိုး၊ ငါဟာ ဟွာကိုးစန်းတောင်က မျောက်မင်းပဲ၊ တစ်ချိန်တုန်းက နတ်မင်းကြီးနဲ့တောင် စစ်ထိုးခဲ့တဲ့ကောင်ပါ၊ မြတ်စွာဘုရားက တောင်ငါးလုံးနဲ့ ဖိထားခံခဲ့ရတာလည်း ငါပဲ၊ ကွမ်ယင်မယ်တော်ရဲ့တရားကိုနာပြီး ထန်စန်းကျမ်းဆရာတော်ကို ပိဋကတ်သုံးပုံရှိရာ လိုက်ပို့နေတာ ငါပဲ၊ အခု သင်တို့က ရွှေရောင်ခြည်ကျောင်းတိုက်ထဲက စိန်ဖူးတော်ကို ခိုးသွားကြလို့ ငါလိုက်လာတာ၊ အခု ငါကောင်းကောင်းတောင်းနေတယ်၊ ကောင်းကောင်းပြန်ပေး၊ နို့မဟုတ်ရင် သင်တို့ရေနန်းဗိမာန်တစ်ခုလုံး အသက်ချမ်းသာရာရမှာမဟုတ်ဘူး"

ခေါင်းကိုးလုံးဘီလူးက မဲ့ပြုံးပြုံးလိုက်၏။

"သင့်ကိစ္စကို သင် ဆောင်ရွက်ပါ၊ သင် ပိဋကတ်သုံးပုံကို သွား

ပင့်ဆောင်နေတယ်မဟုတ်လား၊ သွားပင့်ဆောင်ပေါ့၊ သင့်အလုပ် မဟုတ်တာကို ဘာဖြစ်လို့ ဝင်ရှုပ်ရတာလဲ"

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"သင်တို့ မဟုတ်တာ လုပ်တာတွေကို ငါက လျစ်လျူရှုပြီး ကွင်းရှောင်သွား ရမယ် မဟုတ်လား၊ သင်တို့ သွေးမိုး ရွာစေတာ၊ စိန်ဖူးတော်ခိုးသွားတာတွေကို ငါက လက်ပိုက်ကြည့်နေရမှာလား၊ ငါတောင်းတာကို မြန်မြန်ပေးစမ်း၊ မဟုတ်ရင်တော့ ငါ့အဆိုးမဆိုနဲ့ ....."

ခေါင်းကိုးလုံးဘီလူးက ရယ်မောသည်။

"သင့်ဘာသာ ကျမ်းစာတွေ သွားပင့်နေမယ်ဆိုရင် ကျွန်ုပ်ခွင့်လွှတ်လိုက်မယ်၊ မဟုတ်ရင် ကျွန်ုပ်လက်ချက်နဲ့ သင် အသက် ထွက်သွားလိမ့်မယ် ...."

စွန်းဟိန်ကျဲက ဒေါသထွက်လာ၏။

"သင် .... သေချင်ပြီနဲ့ တူတယ်၊ ကဲ ... ငါရဲ့သံတုတ်ကို ကြည့်ရှောင်ပေတော့ ...."

သူသည် သံတုတ်ဖြင့် တိုက်ခိုက်လိုက်သည်။ ခေါင်း ကိုးလုံးဘီလူးသည် ကြောက်ရွံ့ခြင်းလုံးဝမရှိဘဲ ပြန်လှန်တိုက်ခိုက်သည်။ သူတို့သည် သူတစ်ပြန်ကိုယ်တစ်ပြန်တိုက်ခိုက်နေကြတော့၏။ သိုင်းကွက်သုံးဆယ်ရှိလာသော်လည်း သူတို့သည် အနိုင်မရသေးဘဲရှိနေကြ၏။

ထိုအခါ ကျူးပတ်ကိုင်သည် ထွန်ခြစ်ဖြင့် ဝင်ရောက်တိုက်ခိုက်လေ၏။

ခေါင်းကိုးလုံးဘီလူးသည် ပတ်လည်ခေါင်းကိုးလုံး ရှိနေသဖြင့် ကျူးပတ်ကိုင်၏တိုက်ကွက်ကိုလည်း ခုခံနိုင်သည်။ သူသည် ဝံပုလွေသွားဖြင့် ပြုလုပ်ထားသော တုတ်ဖြင့် ပြန်လည်ခုခံနေသည်။

အချိန်ကြာမြင့်စွာ နှစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်ရသဖြင့် ကြာသော် ဦးခေါင်းကိုးလုံးဘီလူးမှာ မတိုက်နိုင်တော့ချေ။ သူသည် ကောင်းကင်သို့ တက်ပြေးလေ၏။ သူသည် ကောင်းကင်သို့ရောက်သည်နှင့် ကြောက်စရာ ရုပ်သွင်သို့ ပြောင်းလဲသွားသည်။

သူ့၌ တောင်ပံများ ပေါက်လာသည်။ ခြေသည်း လက်သည်းများ



ကလည်း ကြောက်မက်ဖွယ်ရာ ပေါ်ထွက်လာသည်။ ဦးခေါင်းကိုးလုံးကလည်းရှိနေသည်။ သူသည် သူ၏ချွန်ထက်သော ခြေသည်းလက်သည်းများဖြင့် တိုက်ခိုက်ရန် ဟန်ပြင်တော့သည်။

ကျူးပတ်ကိုင်သည် ထိုသတ္တဝါကို ကြည့်ပြီး အံ့သြစွာ ပြောသည်။

"ကျုပ် .... ဒီလုကြောက်စရာကောင်းတဲ့ သတ္တဝါမျိုးကို တစ်ခါမှ မတွေ့ဖူးဘူး ....."

"အေး .... ရှားတော့ .... ရှားတယ်ကွ"

စွန်းဟိန်ကျဲသည် သတ္တဝါအား နှိမ်နင်းရန် ကောင်းကင်ပေါ်သို့ ခုန်တက်သွားသည်။

စွန်းဟိန်ကျဲ ကောင်းကင်ပေါ်သို့ ခုန်တက်စဉ် သတ္တဝါကြီးသည် ကျူးပတ်ကိုင်ရပ်နေသည့် နေရာသို့ ပျံသန်းလာလေ၏။ သူ၏ခါးတွင် ရှည်လျားသော လည်ပင်းနှင့် ဦးခေါင်းတစ်လုံး ထပ်မံထွက်လာပြီး ကျူးပတ်ကိုင်အား ရုတ်တရက် ကိုက်ဆွဲသွားသည်။

ကျူးပတ်ကိုင်မှာ မည်သို့မျှ မျှော်လင့်မထားသဖြင့် သူ့အား ကိုက်ချီသောအခါ ပါသွားသည်။ သူသည် အတင်း ရုန်းကန်သော်လည်း သတ္တဝါကြီးသည် မလွှတ်ဘဲ ကိုက်ချီသွားလေတော့၏။

စွန်းဟိန်ကျဲသည် အပေါ်သို့တက်သွားရာမှ အောက်သို့အလျင်အမြန် ခုန်ဆင်းလာရသည်။ သူသည် သတ္တဝါကြီးအား ရိုက်ချရန် ဟန်ပြင်နေစဉ် သတ္တဝါကြီးသည် ကျူပတ်ကိုင်အား ကိုက်ချီလျက် ရေထဲသို့ ငုပ်လျှိုးသွားလေတော့၏။

သူသည် ရေအောက် ရေနန်းဗိမာန်အထိ ကျူးပတ်ကိုင်အား ကိုက်ချီသွားသည်။ သူသည် နဂိုမူလရုပ်သွင်သို့ ပြန်လည် ဖန်ဆင်းလိုက်ပြီး ကျူးပတ်ကိုင်အား ခြေဖြင့်နင်းထားလေ၏။

"ငါတို့လူတွေ ဘယ်မှာလဲဟေ့ ...."

သူကလှမ်းခေါ်လိုက်သောအခါ ရေသတ္တဝါများသည် အားလုံးလိုလို စုရုံးရောက်ရှိလာကြ၏။

ခေါင်းကိုးလုံးဘီလူးက –

"ဒီဝက်ပုတ်ကို .... ကြိုးနဲ့တုပ်ထားကြစမ်း၊ ငါရဲ့ ဘီလူးနှစ်ကောင်ကို ဒီကောင်တွေ နားရွက်ဖြတ်ထားတယ်၊ အဲဒီအတွက်နောက်မှ လက်စားချေမယ် ...."

ရေသတ္တဝါများသည် ကျူးပတ်ကိုင်အား ကြိုးဖြင့်တုပ်နှောင် ကြတော့၏။

နဂါးမင်းသည် သူ့သမက်က ကျူးပတ်ကိုင်အား ဖမ်းဆီးလာနိုင်သည်ကို တွေ့ရသောအခါ လွန်စွာ ဝမ်းသာဂုဏ်ယူလေ၏။

"ငါ့သမက်က တယ်တော်ပါလား၊ ဒီကောင်တွေကို အင်မတန်ဖမ်းရခက်တယ်၊ သူ့ကို ဘယ်လိုလုပ် ဖမ်းလာတာလဲ"

ခေါင်းကိုးလုံးဘီလူးက အကျိုးအကြောင်း ရှင်းလင်း ပြောပြလေ၏။ နဂါးမင်း ဝမ်းသာသွားသည်။

"အောင်ပွဲခံ စားပွဲကြီး ကျင်းပမယ်ဟေ့"

သူသည် အောင်သေအောင်သား စားသောက်သည့်ပွဲကြီးကို ကျင်းပရန် ပြင်ဆင်လေတော့သည်။ ရေပြင်ထက်၌ ကျန်ရစ်ခဲ့သော စွန်းဟိန်ကျဲသည်လည်း ဘီလူးကိုမဖမ်းနိုင်သည့်အပြင် ဘီလူးက ကျူးပတ်ကိုင်ကိုပင် ပြန်ဖမ်းသွားသဖြင့် အကြံရခက်နေသည်။

"အင်း .... ဒီဘီလူးက အတော့်ကို အစွမ်းထက်တာပဲ"

ငါ့ဆရာဆီပြန်သွားရင် နန်းတော်ထဲက ဘုရင်နဲ့မှူးမတ်တွေက ငါ့ကိုလည်း အထင်သေး၊ ဆရာ့ကိုလည်း အထင်သေး ကုန်တော့မှာပဲ"

သူသည် မည်သို့လုပ်ရမည်နည်းဟု ကြံနေလေ၏။

"ငါ ရေသတ္တဝါ တစ်ကောင်အဖြစ် ဖန်ဆင်းပြီး ရေအောက်ကို ဆင်းမယ်၊ အခြေအနေ ကြည့်ပြီးမှ ဘာလုပ်ရမယ်ဆိုတာ သိမယ်"

သူသည် ကဏန်းတစ်ကောင်အဖြစ် ဖန်ဆင်းပြီး ရေထဲသို့ ဆင်းသွားလေတော့၏။ သူသည် မကြာမီ ရေအောက်ရေနန်းဗိမာန်သို့ ရောက်သွားသည်။ ရေနန်းဗိမာန်ထဲသို့ ဝင်သွားသည်။

ရယ်မော ဆူညံသံများကို ကြားရသဖြင့် သူကြည့်လိုက်သောအခါ နဂါမင်းနှင့် ဦးခေါင်းကိုးလုံးဘီလူးတို့ ရယ်မော စားသောက်နေကြကြောင်း တွေ့ရလေ၏။



သူသည် ထိုနေရာကို ကွင်းရှောင်၍ အရှေ့ဘက် အဆောင်သို့ သွားသည်။ ထိုအရှေ့ဆောင်၌ ရေသတ္တဝါများ စားသောက်ပျော်ပါးနေကြကြောင်းတွေ့ရှိရသည်။

သူသည် ထိုရေသတ္တဝါများအနီးသို့ ချဉ်းကပ်ပြီး မေးမြန်းလိုက်လေ၏။

"သူငယ်ချင်းတို့ .... ငါတို့ဖမ်းဆီးခဲ့တဲ့ ဝက်ပုတ်ကြီး သေသွားပြီလား ...."

ရေသတ္တဝါတစ်ကောင်က ဖြေသည်။

"မသေသေးဘူးကွ၊ သူ့ကို အနောက်ဘက်ဆောင်မှာ ချုပ်ထားတယ်၊ မသတ်သေးဘူး၊ အခြေအနေကို စောင့်ကြည့်နေတာကွ"

ကဏန်းကောင်သည် မသိမသာ ရှောင်ခွာလာလေ၏။ သူသည် အနောက်ဘက်ဆောင်သို့ လျင်မြန်စွာသွားတော့သည်။ သူသည်အနောက်ဆောင်သို့ရောက်သည်။ ကျူးပတ်ကိုင်အား ကြိုးများဖြင့်တုပ်နှောင်ထားသည်ကို တွေ့ရသည်။

သူက လေသံတိုးတိုးဖြင့် ခေါ်လိုက်၏။

"ကျူးပတ်ကိုင် ...."

ကျူးပတ်ကိုင်သည် စွန်းဟိန်ကျဲ၏ အသံကို မှတ်မိ၏။

"အစ်ကိုကြီးလား"

"ဟုတ်တယ်"

"ကျုပ် အဖမ်းခံနေရတယ်"

"ငါသိပါတယ်၊ မပူနဲ့ မင်းကို လာကယ်တာ"

သူသည် သူ၏လက်မကြီးများဖြင့် ကျူးပတ်ကိုင်အား ချည်နှောင်ထားသည့် ကြိုးများကို ဖြတ်တောက်လိုက်၏။ ကျူးပတ်ကိုင်က အညောင်းအညာ ဖြေပြီး စွန်းဟိန်ကျဲအား ပြောလိုက်၏။

"အစ်ကိုကြီး ... ကျုပ်မှာ ဘာလက်နက်မှ မရှိတော့ဘူးဗျ၊ သူတို့က ကျုပ်ရဲ့ထွန်ခြစ်လက်နက်ကို ယူသွားတယ်"

"ကိစ္စမရှိဘူး၊ ငါရှာပေးပါမယ်၊ မင်း ရေနန်းဗိမာန်ရှေ့က သွားစောင့်နေ ...."

ကျူးပတ်ကိုင်သည် အခြေအနေကိုကြည့်၍ လစ်ထွက်သွားသည်။

စွန်းဟိန်ကျဲသည် တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ရှာနေရာ အခန်းတစ်ခန်းထဲတွင် ထွန်ခြစ်ကို တွေ့ရလေ၏။ သူသည် ထွန်ခြစ်ကို ယူ၍ ဗိမာန်ထဲမှ ထွက်လာလေ၏။

ကျူးပတ်ကိုင်သည် ရေနန်းဗိမာန်ရှေ့တွင် စောင့်နေသည်။ သူသည် စွန်းဟိန်ကျဲ လှမ်းပေးသည့် သူ့ ထွန်ခြစ်လက်နက်ကို လှမ်းယူလိုက်သည်။

သူက စွန်းဟိန်ကျဲအား ပြောသည်။

"အစ်ကိုကြီး .... ကုန်းပေါ်မှာ သွားစောင့်၊ ကျုပ် သူတို့ကို အလစ်ဝင်တိုက်မယ်"

"ဟာ ... မင်းနဲ့ငါ နှစ်ယောက်တိုက်တာတောင် သူက ထွက်ပြေးသွားနိုင်သေးတာ ...."

"အစ်ကိုကြီး ကြည့်စမ်းပါ၊ ကျုပ် ဘယ်လို တိုက်ပြမယ်ဆိုတာ"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ ကျုပ်ရေထဲမှာ ဘယ်လောက်ကျွမ်းကျွမ်းကျင်ကျင် တိုက်နိုင်တယ်ဆိုတာ အစ်ကိုကြီးတွေ့မယ် ....."

"ကောင်းပြီ၊ ငါ အပေါ်က စောင့်နေမယ်"

စွန်းဟိန်ကျဲသည် ရေပေါ်တက်သွားလေ၏။ သူသည် ရေပေါ်မှ စောင့်ကြည့်နေသည်။ ကျူးပတ်ကိုင်သည် သူမနိုင်ဘဲနှင့်တော့ ဤသို့ ပြောမည် မဟုတ်ချေ။ မည်သို့ပင်ဖြစ်စေ ကျူးပတ်ကိုင် ရှုံးနိမ့်ပြေးထွက်လာပါက ရေအောက်မှတက်လာမည့် ရန်သူများကို သူတိုက်ခိုက်ရပေလိမ့်မည်။ စွန်းဟိန်ကျဲသည် စောင့်ကြည့်နေလေ၏။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၁၆၀)

## မျက်လုံးသုံးလုံးရှင်၏အကူအညီ

ကျူးပတ်ကိုင်သည် အကျီကို ကျကျနန စည်းလိုက်သည်။ သူသည် ထွန်ခြစ်ကိုထောက်လျက် အသံကျယ်လောင်စွာအော်ဟစ်သည်။

"ငါ လာပြီဟေ့ ...."

သူသည် ထွန်ခြစ်ကိုကိုင်လျက် ရေနန်းဗိမာန်ထဲသို့ ဝင်တော့သည်။ သူသည် တွေ့သမျှ ရေနန်းဗိမာန်ထဲမှ ရေသတ္တဝါများကို တိုက်ခိုက်တော့သည်။ ရေသတ္တဝါများမှာ လွတ်ရာသို့ ထွက်ပြေးကြလေတော့၏။

သူတို့သည် ပြေးလွှားရင်း အော်ဟစ်ကြသည်။

"ဒုက္ခပါပဲ .... ဝက်ပုတ်ကြီး ရေနန်းဗိမာန်ထဲဝင်ပြီး ရိုက်သတ်နေပြီ"

နဂါးမင်းနှင့် ခေါင်းကိုးလုံးဘီလူးတို့၏ မိသားစုမှာ ကျူးပတ်ကိုင် အလစ်ဝင်တိုက်သဖြင့် ကမန်းကတန်း ပုန်းရှောင်ကြရလေ၏။

ကျူးပတ်ကိုင်သည် တွေ့သမျှ ရေသတ္တဝါများကို တိုက်ခိုက်ပြီးနောက် နန်းတော်အသုံးအဆောင်များကို ဖျက်ဆီးပစ်တော့၏။

ဦးခေါင်းကိုးလုံးဘီလူးသည် သူ့ဇနီးနှင့် မိသားစုအား အခန်းထဲ

သို့ ပို့ပေးပြီးနောက် လခြမ်းဂေါ်ပြားကိုင်ကာ ကျူးပတ်ကိုင်ထံသို့ အပြေးအလွှား ရင်ဆိုင်လေ၏။

သူ ခန်းမကြီးထဲ ရောက်သောအခါ ကျူးပတ်ကိုင်သည် အစွမ်းကုန် သောင်းကျန်းနေသည်ကို တွေ့လိုက်ရသည်။

"သယ် .... ဝက်ပုတ်ရုပ်စမ်း"

"ဟား .... ဟား ... ဟား ... ကျွန်ုပ်က သင်တို့ရေနန်းဗိမာန်တစ်ခုလုံးကို မီးရှို့ပစ်မလို့ ဒီလို သောင်းကျန်းနေတာ"

"သင် ... သေတော့မယ်"

"သင့်ရေနန်းဗိမာန် မီးမလောင်ချင်ရင် ကျွန်ုပ်လက်ထဲကို စိန်ဖူးတော်အပ်ပါ၊ မအပ်ရင်တော့ သင့်ရေနန်းဗိမာန်တစ်ခုလုံး ပြောင်ပြီမှတ်ပေတော့"

ခေါင်းကိုးလုံးဘီလူးသည် ဒေါသထွက်လွန်းသဖြင့် အံကိုကြိတ်ပြီး ကျူးပတ်ကိုင်ကို တိုက်လေတော့၏။ နဂါးမင်းလည်း နဂါးလက်နက်ကိုင်စစ်သည်တော်များဖြင့် ဝိုင်းရံတိုက်ခိုက်တော့၏။

ကျူးပတ်ကိုင်မှာ အများနှင့်တစ်ယောက် ဖြစ်၍ ခေါင်းကိုးလုံးဘီလူးအား မခုခံနိုင်တော့ချေ။ သူသည် တဖြည်းဖြည်း ဆုတ်ခွာသွားရာ နဂါးမင်းနှင့် ခေါင်းကိုးလုံးဘီလူးသည် ကျူးပတ်ကိုင်အား အပြီးသတ်ချေမှုန်းရန် လိုက်ပါသွားကြလေ၏။

ကျူးပတ်ကိုင် ရေပြင်ပေါ်ရောက်သွားသည်။

နဂါးမင်းနှင့် ဦးခေါင်းကိုးလုံးဘီလူးလည်း ရေပြင်ပေါ် ရောက်သွားသည်။ သူတို့သည် သဲသဲမဲမဲ တိုက်ခိုက်နေကြလေ၏။

စွန်းဟိန်ကျဲသည် ကမ်းစပ်၌စောင့်နေရာ ရေပြင်ပေါ်သို့ ကျူးပတ်ကိုင်ပေါ်လာပြီး သဲသဲမဲမဲ တိုက်ခိုက်နေသည့် တိုက်ပွဲကို မြင်တွေ့လိုက်ရသည်။ သူသည် ရေပြင်ပေါ်သို့ ခုန်တက်လေတော့၏။

"ကဲ ... သေပေရော့"

သူသည် သံတုတ်အား လွှဲရိုက်လိုက်၏။ သံတုတ်သည်နဂါးမင်းဦးခေါင်းပေါ်သို့ တန်းတန်းမတ်မတ် ကျသွားလေရာ နဂါးမင်း၏ ဦးခေါင်းသည် ကြေမွသွားလေ၏။ ရေပြင်တစ်ခုလုံး နီရဲသွားသည်။



နဂါးများနှင့် ရေသတ္တဝါအားလုံး ထိတ်လန့်တုန်လှုပ်သွားကြသည်။ သူတို့အားလုံး ရေအောက်သို့ ပြေးသွားကြ၏။

ခေါင်းကိုးလုံးဘီလူးသည် နဂါးမင်း၏ အလောင်းကို ဖိုက်လျက်ရေအောက်သို့ ငုပ်လျှိုးသွားတော့သည်။

"ငါ့ညီ ဒီတစ်ခါတော့ မင်းမဆိုးဘူး"

စွန်းဟိန်ကျဲက ကျူးပတ်ကိုင်၏ပခုံးကိုပုတ်၍ ချီးကျူးလိုက်၏။

ကျူးပတ်ကိုင်မှာ စွန်းဟိန်ကျဲက ချီးကျူးလိုက်သဖြင့် သွေးနားထင်ရောက်သွား၏။ သို့သော် ... သူသည် သူ့ကိုယ်သူ လျှို၍ ပြောသည်။

"ကျုပ် တိုက်တာတော့ မီးကုန်ယမ်းကုန်ပါပဲ၊ ဒါပေမယ့် သူတို့က ဝိုင်းတိုက်လာတော့ ကျုပ်လည်း တက်ပြေး လာရတော့တာပဲ၊ အစ်ကိုကြီး ဝင်ကူပေလို့ပေါ့၊ နို့မဟုတ်ရင် ကျုပ်သက်သာမှာမဟုတ်ဘူး ...."

စွန်းဟိန်ကျဲက စဉ်းစဉ်းစားစားပြော၏။

"အခု .... ငါတို့ ဘာလုပ်ကြမလဲ"

ကျူးပတ်ကိုင်က –

"အခု မိုးချုပ်နေပြီအစ်ကိုကြီး၊ ဘာမှလုပ်လို့မရတော့ဘူး၊ နက်ဖြန်ကျမှ ပြန်စရမယ်"

စွန်းဟိန်ကျဲက –

"အဲဒါ အကွက်ပဲပေါ့ညီလေးရ၊ မိုးချုပ်မှာ ငါတို့လာတိုက်လိမ့်မယ်လို့ သူတို့ လုံးဝ ထင်ကြမှာ မဟုတ်ဘူး၊ ငါတို့ အခုနေသွားတိုက်ရင် စိန်ဖူးတော်ကို ပြန်ရလာမှာ သေချာတယ် ....."

"ဟာ အစ်ကိုကြီးကလည်း မှောင်ကြီးမည်းကြီးထဲ တိုက်တာမကောင်းပါဘူး ....."

"ကဲ .... ညီလေး မတိုက်ချင်နေ၊ စောစောကလို ရေပေါ် မှားခေါ်ခဲ့၊ ငါခေါင်းကိုးလုံးဘီလူးကို တိုက်မယ်"

သူတို့အပြန်အလှန် စကားပြောနေစဉ် ပတ်ဝန်းကျင်တစ်ခုလုံး၌ မြူနှင်းများဖုံးအုပ်လာသည်။ လူတစ်စုသည် အရှေ့ဘက်မှ တောင်ဘက်သို့ ဦးတည်သွားနေကြောင်း တွေ့ရှိရသည်။

စွန်းဟိန်ကျဲသည်ထူးခြားလှသဖြင့်အသေအချာကြည့်လိုက်မိသည်။

မျက်လုံးသုံးလုံးရှင် အော့လန်တန်ခိုးရှင်သည် သူ၏ညီအစ်ကို ခြောက်ယောက်နှင့် အတူ အမဲလိုက် ခွေးများ၊ သိမ်းငှက်များနှင့် တောင်ဘက်သို့ ဦးတည်သွားနေသည်ကို တွေ့ရှိရသည်။

သူ၏သွေးသောက်ညီအစ်ကို ခြောက်ယောက်၏ ပခုံးထက်၌ သမင်၊ ဒရယ်များ၊ ယုန်များကို ထမ်းလာကြောင်း တွေ့ရှိရသောအခါ အော့လန်တန်ခိုးရှင်သည် အမဲလိုက်ထွက်လာသည်ဟု စွန်းဟိန်ကျဲ သိရှိရသည်။

စွန်းဟိန်ကျဲက -

"ကျူးပတ်ကိုင် .... မျက်လုံးသုံးလုံးရှင်ကွ၊ သူ့ကိုအကူအညီတောင်းရင်တော့ အောင်မြင်မှာ သေချာတယ် ...."

"ဒီလိုဆိုရင် အစ်ကိုကြီးသွားတားပါလား၊ အောင်မြင်ဖို့သာ လိုရင်းပါ ...."

စွန်းဟိန်ကျဲက -

"ခက်တာက အော့လန်တန်ခိုးရှင်ဟာ ငါနဲ့လွန်ခဲ့တဲ့ နှစ်ပေါင်းငါးရာတုန်းက တိုက်ခိုက်ခဲ့ဖူးတယ်၊ ဒါကြောင့် အကူအညီတောင်းလို့ မကောင်းဘူး၊ ဒါကြောင့် မင်းပဲသွားပြီး အကူအညီတောင်းပါကွာ ...."

"ကျုပ် ဘာပြောပြီး အကူအညီတောင်းရမှာလဲ"

"တန်ခိုးရှင် ဒီမှာစောင့်နေပါတယ်၊ ကျေးဇူးပြုပြီး ကြွခဲ့ပါလို့ ပြောပါ၊ သူရောက်လာမှ ငါပြောပြပါ့မယ်"

ကျူးပတ်ကိုင်သည် တိမ်တိုက်ပေါ်ခုန်တက်ပြီး လိုက်လေတော့၏။ မကြာမီ သူသည်မျက်လုံးသုံးလုံးရှင် အော့လန်တန်ခိုးရှင်ကို မီသွားသည်။

ကျူးပတ်ကိုင်သည် လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်လေ၏။

အော့လန်တန်ခိုးရှင်သည် ရပ်တန့်ပြီး သူ့ကို ကြည့်ရှုလိုက်၏။

"အော့လန်တန်ခိုးရှင် .... ခဏနေပါဦး၊ တန်ခိုးရှင်ကို စွန်းဝူခုံးက တွေ့ချင်လို့တဲ့ခင်ဗျ ...."

အော့လန် တန်ခိုးရှင်က -

"တန်ခိုးရှင်က အခု ဘယ်မှာလဲ"



ကျူးပတ်ကိုင်က -

"ပြာလဲ့လဲ့လှိုင်းရေကန်ဘေးမှာ စောင့်နေပါတယ်"

အော့လန်တန်ခိုးရှင်သည် သူ၏သွေးသောက်ညီအစ်ကိုများအား အမိန့်ပေးလိုက်၏။

"မင်းတို့တန်ခိုးရှင် စွန်းဝူခုံးကို သေသေချာချာပင့်ဖိတ်ခဲ့ပါ ...."

သူ၏သွေးသောက်ညီအစ်ကိုခြောက်ယောက်တို့သည် တိမ်တိုက်ပေါ်မှ ဆင်းသက်ပြီး စွန်းဝူခုံးအား အရိုအသေပေးလိုက်ကြ၏။

"အစ်ကိုကြီး စွန်းဝူခုံး .... အော့လန်တန်ခိုးရှင်က ဖိတ်ခေါ်နေပါတယ် ...."

ထိုအခါ အော့လန်တန်ခိုးရှင်သည် တောင်ထိပ်ပေါ်သို့ဆင်းသက် စခန်းချပြီး ဖြစ်လေ၏။

စွန်းဟိန်ကျဲသည် အော့လန်တန်ခိုးရှင်၏ညီအစ်ကိုတော် ခြောက်ယောက်နှင့်အတူ စခန်းသို့လိုက်လာရ၏။ အော့လန်တန်ခိုးရှင်က ကိုယ်တိုင်ထွက်၍ ကြိုဆိုသည်။ စခန်းထဲတွင် အော့လန်တန်ခိုးရှင်နှင့် စွန်းဟိန်ကျဲတို့သည် မျက်နှာချင်းဆိုင် ထိုင်ကြလေ၏။

အော့လန်တန်ခိုးရှင်က -

"မတွေ့ရတာကြာပါပေါ့ ညီတော် ... သင် ယခု ထန်စန်းကျွမ်းဆရာတော်ကို လိုက်ပို့နေတယ်လို့ ကျွန်ုပ်ကြားနေရတယ်၊ အဲဒါကောင်းတဲ့ အလုပ်ပါပဲညီတော်၊ ညီတော်ဟာ နိဗ္ဗာန်ရောက်ဖို့ အလုပ်တစ်ခုရနေတာပဲ၊ ဒါကြောင့် ညီတော်ရဲ့လုပ်ငန်းကို ကျွန်ုပ် ဂုဏ်ယူမိပါတယ်"

စွန်းဟိန်ကျဲက လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်၏။

"ကျေးဇူးတင်ပါတယ် တန်ခိုးရှင်၊ ကျွန်ုပ် ထန်စန်းကျွမ်းဆရာတော်ကို လိုက်လံပို့ဆောင်နေတာပါ၊ ဒီလည်းရောက်ရော ဘုန်းတော်ကြီးတွေ ဒုက္ခရောက်နေတာ တွေ့ရပါတယ်၊ ထန်စန်းကျွမ်းဆရာတော် စိတ်မကောင်းဖြစ်ပြီး ဘုန်းတော်ကြီးတွေကို ကယ်တင်ဖို့လုပ်တဲ့အခါမှာ အဓိကတရားခံက သူတို့ ကျောင်းတိုက်က စိန်ဖူးတော်ကို ခိုးသွားတဲ့ လူဟာ အဓိက တရားခံ ဖြစ်နေတာကိုး၊ အဲဒီ တရားခံနဲ့ ကျွန်ုပ်နဲ့ အခု

စစ်ခင်း နေကြရတာပါပဲ"

အော့လန် တန်ခိုးရှင်က –

"ဟုတ်တယ်၊ အခု အခြေအနေဘယ်လိုရှိသလဲ ...."

စွန်းဟိန်ကျဲသည် သူတို့၏အခြေအနေအားလုံးကို ပြန်ပြောင်းပြောပြရလေ၏။

"ဒါကြောင့် နောင်တော်ဖြတ်သန်းသွားတဲ့ အခိုက်နဲ့ကြုံတွေ့နေရလို့ တားပြီး အကူအညီတောင်းရတာပါ၊ နောင်တော် ဘယ်လိုသဘောရပါသလဲ ...."

အော့လန် တန်ခိုးရှင်က –

"ကျွန်ုပ်နဲ့ သွေးသောက်ညီအစ်ကိုများ အလုပ်မရှိဘဲ ပျင်းရိနေကြလို့ အမဲလိုက်ထွက်လာတာပါ၊ ညီတော်က ကျွန်ုပ်ကို ခင်ခင်မင်မင်ရှိပြီး အခုလို အကူအညီတောင်းလာတော့ ကျွန်ုပ် မကူညီဘဲ ဘယ်နေနိုင်တော့မှာလဲ"

စွန်းဟိန်ကျဲ ဝမ်းသာသွားသည်။

"ဝမ်းသာလိုက်တာ ...."

အော့လန်တန်ခိုးရှင်က မေးသည်။

"ဒါနဲ့ ညီတော်ကို အနှောင့်အယှက်ပေးနေတဲ့ ဘီလူးက ဘယ်ဘီလူးများပါလိမ့်"

"နောင်တော် မေ့နေပြီနဲ့ တူတယ်၊ ဒီနေရာမှာ ကျောက်တုံးကျောက်ခဲပေါတယ်၊ သူ့အနီးမှာ ပြာလုံ့လုံ့ရေကန် ရှိတယ်၊ ရေကန်ကို အပိုင်စားရတာတော့ နဂါးအိုကြီးတစ်ကောင် ဖြစ်ပါတယ်"

အော့လန်တန်ခိုးရှင် အံ့သြသွား၏။

"ဒီရေကန်က နဂါးမင်းကို ကျွန်ုပ်သိပါတယ်၊ သူက အေးအေးဆေးဆေးနေတဲ့နဂါးမင်းပါ၊ သူဘာစိတ်ကူးပေါက်ပြီး စိန်ဖူးတော်ကိုခိုးတယ် မသိပါဘူး"

စွန်းဟိန်ကျဲက –

"အပေါင်းအသင်းပေါ့၊ အပေါင်းအသင်း မကောင်းတာပေါ့၊ သူ့သမက်က ဦးခေါင်းကိုးလုံးရှိတဲ့ ဘီလူးလေ၊ အဲဒီသမက်နဲ့ ပေါင်းတော့



သူလည်း လူယုတ်မာ ဖြစ်သွားတာပေါ့၊ သွေးမိုးတွေရွာလို့ရွာ စိန်ဖူးတော်ခိုးလိုခိုး၊ မဟုတ်တဲ့အလုပ်တွေ လျှောက်လုပ်ကုန်တာပဲ ...."

သူက ဆက်ပြောသည်။

"တကယ်ခိုးတာကတော့ သူ့သမက်ပါ၊ ဘုရင်က စိန်ဖူးတော်ပျောက်လို့ အဲဒီရွှေရောင်ခြည်ကျောင်းတိုက်က ဘုန်းတော်ကြီးတွေကို ယိုးစွပ်တယ်၊ ရိုက်နက်တယ်၊ နှိပ်စက်တယ်၊ အသက်ကြီးတဲ့ဘုန်းကြီးတွေ တော်တော်သေကုန်တယ်၊ ကျန်တဲ့ ဘုန်းကြီးတွေကိုလည်း သံကြိုး ခတ်တယ်၊ ကျွန်ုပ်ရဲ့ဆရာ ထန်စန်းကျမ်းဆရာတော်ဟာ အဲဒါတွေကို မကြည့်ရက်လို့ ကျွန်ုပ်ကို ဒီသူခိုးကို ဖမ်းခိုင်းလိုက်တာပါ ...."

အော့လန်တန်ခိုးရှင်က –

"နဂါးမင်း သေသွားတာဟာ အခွင့်ကောင်း တစ်ခုပါပဲ၊ ဘာကြောင့် ဆက်မတိုက်ဘဲ ရပ်ထားရတာလဲ၊ နဂါးမင်း သေတာကို သိတာနဲ့ ဆက်တိုက်ရမယ်၊ ရန်သူဟာ ပြိုကွဲနေပြီပဲ"

ကျူးပတ်ကိုင်က –

"အခုတော့ မိုးချုပ်နေပါပြီ၊ မနက်ဖြန်ကျမှ မြင်မြင်ထင်ထင် တိုက်ရင် ကောင်းပါလိမ့်မယ်"

အော့လန်တန်ခိုးရှင်က –

"စစ်တိုက်တာပဲ၊ နေ့ည ခွဲနေလို့ ဘယ်ဖြစ်ပါ့မလဲ"

အော့လန်တန်ခိုးရှင်၏ သွေးသောက်ညီတစ်ယောက်က ဝင်၍ ရှင်းပြ၏။

"နောင်ကြီး .... သူတို့ဟာ ဘီလူးနဲ့တိုက်ထားရတာ အတော်ပင်ပန်းနေပါပြီ၊ ဒါကြောင့် ဒီတစ်ည သူတို့အနားယူပါစေ၊ အားပြည့်အင်ပြည့်နဲ့ တိုက်တာက ပိုကောင်းပါတယ် ......"

အော့လန်တန်ခိုးရှင်သည် အနည်းငယ်စဉ်းစားပြီး သဘောတူလိုက်လေ၏။

"ဒါလည်းကောင်းပါတယ်၊ ကဲ ဒီ တစ်ည အချိန်ရတယ်၊ ဒီတော့ ငါတို့ မှာပါတဲ့ စားသောက်ဖွယ်ရာတွေကို ခင်းကျင်းပါ၊ ညီတော် စွန်းဝူခုံးတို့ကို ဒါတွေနဲ့ ဧည့်ခံရမယ်"

အော့လန်တန်ခိုးရှင်၏ နောက်လိုက်နောက်ပါတို့သည် စားသောက်ဖွယ်ရာတို့ကို ခင်းကျင်းလေတော့၏။

စွန်းဟိန်ကျဲက -

"နောင်တော် ဒီလို ဧည့်ခံတာကို ကျွန်ုပ် ကျေးဇူးသိပ်တင်ပါတယ်၊ ဒါပေမယ့် ညီတော်က သက်သတ်လွတ်စားတာပါ ...."

အော့လန်တန်ခိုးရှင်က ရယ်မောလေ၏။

"သက်သတ်လွတ်လား၊ ဟား ... ဟား ... ဟား ... သက်သတ်လွတ်လည်းရပါတယ်၊ ကဲ .... ညီတော်တို့ ညီတော်စွန်းဝူခုံးအတွက် သက်သတ်လွတ်ပွဲ ပြင်ပေးလိုက်ပါ"

ဤသို့ဖြင့် ဧည့်ခံပွဲကြီးသည် ပျော်ပျော်ပါးပါးပြီးစီးသွားလေ၏။

အော့လန်တန်ခိုးရှင်နှင့် စွန်းဟိန်ကျဲတို့သည် လွန်ခဲ့သော နှစ်ပေါင်းငါးရာမှ တိုက်ပွဲကိုပြန်လည်စားမြုံ့ပြန်နေကြသည်။ စွန်းဟိန်ကျဲကလည်း အော့လန်တန်ခိုးရှင်၏ စွမ်းဆောင်မှုကို ချီးပင့်ပြောဆိုသည်။ အော့လန်တန်ခိုးရှင်ကလည်း စွန်းဝူခုံး၏တိုက်ခိုက်မှု ပြောင်မြောက်ပုံကို ချီးပင့်ပြောဆိုသည်။ သူတို့နှစ်ယောက်သည် ဆွေးနွေး၍ အလွန်အာတွေ့နေကြသည်။

"ကဲ ... ညဥ့်လည်းနက်ပြီ၊ ကျွန်ုပ်တို့ အိပ်ကြစို့"

အော့လန်တန်ခိုးရှင်က ပြောလိုက်၏။

"ဟုတ်ပါရဲ့၊ ကျွန်ုပ်တို့ အိပ်ဖို့သင့်နေပြီ"

စွန်းဟိန်ကျဲသည် ပြောပြီးကြည့်လိုက်ရာ ကျုးပတ်ကိုင်မှာ တခေါခေါဖြင့် အိပ်ပျော်နေလေပြီ။

အော့လန်တန်ခိုးရှင်နှင့် စွန်းဟိန်ကျဲတို့လည်း အိပ်စက်ကြလေတော့၏။

❋ ❋ ❋ ❋ ❋ ❋ ❋

အခန်း (၁၆၁)

---

## စိန်ဖူးတော်ပြန်ရခြင်း

အရှေ့မိုးကုပ်စက်ဝိုင်းမှ ရောင်နီသမ်းလာသောအခါ စွန်းဟိန်ကျဲတို့သည် အိပ်ရာမှ နိုးလာကြလေ၏။ ကျုးပတ်ကိုင်သည် ညခင်းအခါက စားသောက်ဖွယ်ရာများကို အားပါးတရ စားသောက်ထားသဖြင့် သူသည် ခွန်အားပြည့်ဖြိုးနေပြီဖြစ်သည်။

အော့လန်တန်ခိုးရှင်နှင့် သူ၏ညီအစ်ကိုတော်များလည်း အိပ်ရာမှ နိုးထနေကြပြီး အားလုံး လန်းလန်းဆန်းဆန်းပင် ရှိကြလေ၏။

ကျုးပတ်ကိုင်သည် သူ၏ ထွန်ခြစ်လက်နက်ကို ကောက်ကိုင်လိုက်၏။

သူသည် အော့လန်တန်ခိုးရှင်ကို ဂါရဝပြုလိုက်၏။

"အော့လန်တန်ခိုးရှင် .... ကျွန်ုပ် ရေကန်ထဲကို ဆင်းပါမယ်၊ ခေါင်းကိုးလုံးဘီလူးကို ကျွန်ုပ်မျှားခေါ်ခဲ့ပါမယ်၊ တန်ခိုးရှင်တို့ကသာ သူ့ကို အမိဖမ်းဖို့ ပြင်ဆင်ထားပါ"

အော့လန်တန်ခိုးရှင်က ပြုံးလိုက်၏။

"စိတ်ချပြီးသွားပါ၊ ဒီဘီလူးကုန်းပေါ်တက်လာတာနဲ့ ကျွန်ုပ်တို့ ညီအစ်ကို ဖမ်းဆီး လိုက်ပါမယ်"

နေရောင်ခြည်သည် ပြာလဲ့လဲ့ ရေပြင်ပေါ်သို့တိုက်ရိုက်ကျနေ၏။ ရေပြင်တစ်ခုလုံးသည် အရောင်တောက်နေသည်။

ကျူးပတ်ကိုင်သည် ရေအောက်သို့ဆင်းသွားလေ၏။ ခေါင်းကိုးလုံးဘီလူးသည် ရေနန်းပတ်လည်ဘေး၌ အစောင့်များ ထူထပ်စွာ ချထားသဖြင့် ထိုအစောင့်များသည် ကျူးပတ်ကိုင်ကို တွေ့သောအခါ ပြေး၍ တိုက်ခိုက် ကြတော့သည်။

"သင်တို့ သေချင်ပြီနဲ့ တူတယ်"

ကျူးပတ်ကိုင်သည် သူ့အားဝိုင်းဝန်းတိုက်ခိုက်သူများအား ထွန်ခြစ်ဖြင့် တွန်းလှန်လိုက်သည်။ ကျူးပတ်ကိုင်သည် ကုန်းပေါ်၌များစွာ အစွမ်းမပြနိုင်သော်လည်း ရေအောက်၌မူ ကောင်းစွာ အစွမ်းပြနိုင်သည်။

တစ်ခဏမျှသာကြာသည်။ ရေသတ္တဝါ စစ်သည်တော်များမှာ အတုံးအရုံးကျဆုံးကုန်သည်။ ကျန်ရှိနေသူများလည်း အသက်ဘေးလွတ်ရာသို့ ထွက်ပြေးသွားကြလေ၏။

ကျူးပတ်ကိုင်သည် လမ်းတစ်လျှောက်လုံးတွေ့သမျှ စစ်သည်တော်များကို တိုက်ခိုက်သွား၏။ ထို့နောက် ရေနန်းဗိမာန်ထဲသို့ ဝင်တော့သည်။

အချို့ရေသတ္တဝါများသည် ရေနန်းဗိမာန် အတွင်းဆောင်ထဲသို့ ဝင်ပြီး သတင်းပို့သည်။

"သခင်လေး .... သခင်လေး .... ဝက်ပုတ်ကြီး တိုက်ခိုက်လာပြန်ပြီ၊ ကျွန်တော်မျိုးတို့ စစ်သည်တော်တွေ အတော်ကျဆုံးကုန်ပါပြီ"

ခေါင်းကိုးလုံးဘီလူးသည် ယောက္ခမ သေဆုံးရသည့်အတွက် ဒေါသထွက်နေရာ ယခု ကျူးပတ်ကိုင်က လာရောက် တိုက်ခိုက်ပြန်ပြီဟု သိရသောအခါ သူ့ဒေါသကို မထိန်းနိုင်တော့ပေ။

သူသည် လခြမ်းဂေါ်ပြားကိုဆွဲလျက် နဂါးများ၊ ဘီလူးများကို ဦးဆောင်လျက် ရေနန်းဗိမာန်အပြင်သို့ ထွက်လာလေ၏။ ကျူးပတ်ကိုင်နှင့် ရင်ဆိုင်တွေ့သောအခါ သူသည် ဘာကိုမျှ မမြင်နိုင်အောင် ဖြစ်နေလေပြီ။ ကျူးပတ်ကိုင်အား ပြေး၍တိုက်ခိုက်လေတော့သည်။

"ချွမ်း ....."



"ချလန်း ....."

သူ၏အခြွေအရံနဂါးများ၊ ဘီလူးများကလည်း ဝိုင်းဝန်း တိုက်ခိုက် ကြ၏။

ကျူးပတ်ကိုင်သည် ဘီလူးများ၏ တိုက်ခိုက်ပုံ ပြင်းထန်လှသည်ကို တွေ့သည်။ သူသည် ဤပုံအတိုင်းဆိုလျှင် ဤဘီလူးကို မည်သို့မျှ မနိုင်နိုင်ချေ။ ထို့ကြောင့် နောက်သို့လှည့်၍ ထွက်ပြေးလေ၏။

ခေါင်းကိုးလုံးဘီလူးက ကြုံးဝါးလိုက်၏။

"မပြေးနဲ့၊ ပြေးလို့လွတ်မယ်များ ထင်နေသလား၊ သင့်ကို အသေသတ်ရမှ ကျေနပ်နိုင်မယ် ....."

သူသည် အခြွေအရံနဂါးများ၊ ဘီလူးများနှင့်အတူ ကျူးပတ်ကိုင်နောက်သို့ ထက်ကြပ်မကွာ လိုက်လေတော့၏။

ကျူးပတ်ကိုင်သည် ရေထဲမှ ဘွားခနဲပေါ်လာပြီး ကုန်းပေါ်သို့ တက်ပြေးလေတော့၏။

ကုန်းပေါ်၌ အသင့်စောင့်နေကြသော စွန်းဟိန်ကျဲနှင့် အော့လန်တန်ခိုးရှင်တို့ ညီအစ်ကိုတစ်သိုက်သည် ဝိုင်းဝန်းထိုးခုတ်တိုက်ခိုက်လေရာ ဘီလူးများ၊ နဂါးများသည် အပိုင်းပိုင်း ပြတ်သတ်ထွက်ကုန်သည်။

ခေါင်းကိုးလုံးဘီလူးသည် အခြေအနေမဟန်မှန်း သိသောအခါ မြေပေါ်သို့ လိမ့်ချပြီး တစ်ပတ် လှည့်လိုက်သည်။ ထိုအခါ သူသည် ဦးခေါင်းကိုးလုံးရှိသော သတ္တဝါကြီးအဖြစ်သို့ ပြောင်းလဲသွားတော့၏။ သတ္တဝါကြီးသည် တဖြည်းဖြည်း တောင်ပံကြီးပေါက်လာ၏။ သတ္တဝါကြီးသည် လေထဲသို့ပျံဝဲရင်း အော့လန်တန်ခိုးရှင်အား ပြန်လှန်တိုက်ခိုက်တော့သည်။

အော့လန်တန်ခိုးရှင်သည် သံလုံးတစ်လုံးနှင့်ပစ်ရာ ခေါင်းကိုးလုံးသတ္တဝါသည် ပစ်လွှတ်လာသောသံလုံးအား တောင်ပံဖြင့် ရိုက်ချလိုက်လေ၏။

သူသည် အော့လန်တန်ခိုးရှင်ထံသို့ ပျံသန်းလာ၏။ သူ၏ခါးမှ ခေါင်းတစ်လုံးထွက်လာပြီး အော့လန်တန်ခိုးရှင်အား တိုက်ရန်ဟန်ပြင်လိုက်သည်။

"ဝုန်း ...."

အလွန်လျင်မြန်သော ဖြစ်ရပ်တစ်ခုသည် ဖြစ်ပွားသွား၏။ အော့လန်တန်ခိုးရှင်တွင် အမဲလိုက်ခွေးလေးကောင်ပါလာရာ တစ်ကောင်သည် ထိုဦးခေါင်းအား ရုတ်တရက် ခုန်အုပ် ကိုက်ဖြတ်ပစ်လိုက်၏။

သွေး နီနီရဲရဲများ ပန်းထွက်လာသည်။

ခေါင်းကိုးလုံးသတ္တဝါသည် အလွန်နာကျင်သောအသံကိုပြုပြီး ပင်လယ်ဘက်သို့ ပျံသန်းထွက်ပြေးသွားတော့သည်။

ကျူးပတ်ကိုင်က ယင်းသတ္တဝါနောက်သို့ လိုက်မည်ပြုရာ စွန်းဟိန်ကျဲက တားမြစ်လိုက်သည်။

"လိုက်မနေနဲ့တော့ ညီလေး"

"ဘာဖြစ်လို့လဲ အစ်ကိုကြီး"

စွန်းဟိန်ကျဲက ပြုံးလိုက်၏။

"သူဟာခေါင်းတစ်လုံးပြတ်သွားပြီ၊ ဒီကောင်ဟာ ကြာရှည် အသက် မရှည်နိုင်တော့ဘူး၊ သူ နာနာကျင်ကျင် အသံပြုသွားတာကို ငါ့ညီ ကြားတယ်မဟုတ်လား၊ ငါတို့ အလွန်အရေးကြီးတဲ့ ကိစ္စတစ်ခု လုပ်ရမယ်"

"ဘာလုပ်စရာရှိလို့လဲ အစ်ကိုကြီး"

"ဟ ... လုပ်စရာရှိတာပေါ့၊ ငါ ခေါင်းကိုးလုံးဘီလူးလို ဖန်ဆင်းမယ်၊ ရှုံးသွားတဲ့ ပုံလုပ်ပြီး ရေနန်းဗိမာန်ထဲ ဝင်မယ်၊ နောက်ပြီးနဂါးမင်းသမီးတော်ဆီက စိန်ဖူးတော်ကို ပြန်တောင်းမယ်၊ အဲဒါလုပ်စရာတွေပေါ့"

ကျူးပတ်ကိုင်သည် လွန်စွာ သဘောကျသွား၏။

"ဟာ ... ဒီအကြံသိပ်ကောင်းတာပဲ၊ အစ်ကိုကြီးကတော့ ကြံကြံဖန်ဖန် တွေးတတ် လုပ်တတ်တယ်"

အော့လန်တန်ခိုးရှင်ကလည်း ရယ်မောလိုက်၏။

"ဒီအလုပ်မျိုးကို ညီတော် လုပ်နေကျပါလေ၊ လုပ်နေကျ အလုပ်ကို လုပ်တော့ အမှားအယွင်းနည်းတာပေါ့ ...."

အားလုံးက ရယ်မောကြလေ၏။

စွန်းဟိန်ကျဲသည် ကိုယ်ကိုတစ်ချက် လှုပ်ခါလိုက်၏။ သူ့ခန္ဓာ



ကိုယ်သည် ခေါင်းကိုးလုံးဘီလူးအဖြစ်သို့ ပြောင်းလဲသွားတော့၏။

"ကဲ ... ကျုန်ုပ် ရေထဲဆင်းမယ်"

သူသည်စကားဆုံးသည်နှင့် ရေထဲဆင်းသွားတော့သည်။ ကျူးပတ်ကိုင်က နောက်မှလိုက်သွားသည်။ သဏ္ဌာန်လုပ်သရုပ်တူမှဖြစ်ပေမည်။ ကျူးပတ်ကိုင်က ဦးခေါင်းကိုးလုံးဘီလူးအား လိုက်တိုက်ဟန် ပြုလုပ်ခြင်းဖြစ်သည်။

ရေသတ္တဝါများသည် ကျူးပတ်ကိုင်အား ဟန့်တားတိုက်ခိုက်ကြသည်။ ထိုစဉ် ခေါင်းကိုးလုံးဘီလူးသည် ရေနန်းဗိမာန်ထဲသို့ ဝင်ပြေးတော့သည်။ သူသည် အနောက်ဘက်ဆောင်သို့ သုတ်သီးသုတ်ပျာ ဝင်ပြေးလေ၏။

ခေါင်းကိုးလုံးဘီလူး၏ ဇနီး "ဝမ်လိန်ရွှေမင်းသမီး"က ဆီးကြိုမေးမြန်းလေ၏။

"အစ်ကို ဘာဖြစ်လာတာလဲ"

ခေါင်းကိုးလုံးဘီလူးက -

"ငါ ... ရှုံးလာပြီ၊ ကျူးပတ်ကိုင် နောက်ကလိုက်လာနေတယ်၊ ဒါကြောင့် နမတော်ဆီမှာ သိမ်းထားတဲ့ စိန်ဖူးတော်ကို ငါ့ကိုပေးပါ၊ တစ်နေရာကို ထွက်ပြေးမှ အသက်ဘေးက လွတ်တော့မယ်"

ဝမ်လိန်ရွှေမင်းသမီးသည် စိန်ဖူးတော်အား ထုတ်ပေးလေ၏။ ထို့ပြင် ရွှေဖြင့်ပြုလုပ်ထားသော ဘူးကလေးတစ်ဘူးကိုပါ ထုတ်ပေးသည်။

"ဒီဘူးထဲမှာ သက်ရှည်မြက်ပင် ပါတယ်၊ အစ်ကိုတစ်ပါတည်း ယူသိမ်းထားပါတော့"

စွန်းဟိန်ကျဲသည် ထိုဘူးကိုပါလှမ်းယူလိုက်သည်။ စိန်ဖူးတော်နှင့် သက်ရှည်မြက်ပင်ဘူးတို့ကို ရရှိသည်နှင့် သူ့နဂိုရုပ်သွင်သည် ပြန်ပေါ် လာသည်။

"ငါ့ကို ကြည့်စမ်း .... ငါ ဘယ်သူလဲ"

စွန်းဟိန်ကျဲက မေးလိုက်သည်။

ဝမ်လိန်ရွှေမင်းသမီးမှာ မိမိ အလိမ်ခံလိုက်ရပြီဖြစ်ကြောင်း သိရှိ

သွားသည်။ သိသည်နှင့် သူမသည် ဓားနှစ်လက်ကို ဆွဲထုတ်ကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်တော့သည်။

စွန်းဟိန်ကျဲသည် သူမ၏တိုက်ခိုက်မှုကို ရှောင်တိမ်းကာသာ နေလေ၏။

ထိုအချိန်တွင် ကျူးပတ်ကိုင် ရောက်ရှိလာပြီး သူမအား ထွန်ခြစ်ဖြင့် ပေါက်ချလိုက်သည်။

"ဝုန်း ....."

"အင့် ......"

သူမသည် အင့်ခနဲအော်ကာ ကြမ်းပြင်ပေါ်သို့ လဲကျသေဆုံးသွားလေ၏။ သူတို့သည် ရေနန်းထဲရှိ သတ္တဝါများအား လိုက်လံသုတ်သင်ပစ်သည်။ သေသူလည်းသေသည်။ ထွက်ပြေးလွတ်မြောက်သူလည်း လွတ်မြောက်သည်။

နဂါးအဘွားအိုတစ်ယောက်မှာ ကျူးပတ်ကိုင်ရှေ့၌ မှောက်ရက်လဲကျနေ၏။ ကျူးပတ်ကိုင်က သူ၏ထွန်ခြစ်ကိုမြှောက်လိုက်သည်။ သူသတ်ဖြတ်ပေတော့မည်။

စွန်းဟိန်ကျဲက ဟန့်တားလိုက်၏။

"ငါ့ညီ .... သူ့ကို မသတ်နဲ့"

ကျူးပတ်ကိုင်မှာ မြှောက်ထားသည့် ထွန်ခြစ်ကို အောက်သို့ ပြန်ချလိုက်ရ၏။

စွန်းဟိန်ကျဲက -

"ဒီအဘွားကြီးကို ကြိုးနဲ့တုပ်လိုက်ပါ၊ ဒါမှ ဘုရင့်ရှေ့မှာ အကြောင်းစုံ ရှင်းပြနိုင်မှာ ...."

ကျူးပတ်ကိုင်သည် အဘွားအိုကို ကြိုးဖြင့် တုပ်လိုက်၏။ သူတို့ ကုန်းပေါ်သို့ ရောက်သောအခါ အော့လန်တန်ခိုးရှင်က ဆီးကြို မေးလေ၏။

"ညီတော် .... စိန်ဖူးတော်ကို ရခဲ့ရဲ့လား"

စွန်းဟိန်ကျဲက ခေါင်းညိတ်၏။

"ရခဲ့ပါပြီ နောင်တော် .... စိန်ဖူးတော်ကို ရခဲ့ပါပြီ"



အော့လန်တန်ခိုးရှင်က နဂါးအဘွားအိုကို ကြည့်လိုက်၏။

"သူ့ကို ဘာဖြစ်လို့ မသတ်သေးတာလဲ"

စွန်းဟိန်ကျဲက -

"အဖြစ်အပျက်တွေကို ရှင်းပြရဦးမယ်၊ အဲဒီအခါမှာ ကျွန်ုပ်တို့ချည်း ရှင်းပြနေရင် သိပ်မကောင်းလှပါဘူး၊ ရေအောက်က သက်သေတစ်ယောက်ယောက်ပါလာရင် ပိုကောင်းတယ် မဟုတ်လား နောင်တော်၊ ဒါကြောင့် သူ့ကို မသတ်တာပါ ....."

အော့လန်တန်ခိုးရှင်က ရယ်မောလေ၏။

"အင်း .... ငါ့ညီတော်က အမြော်အမြင်ရှိသားပဲ၊ ကဲ ငါ့ညီရဲ့ စိန်ဖူးတော်လည်း ရပြီဆိုတော့ ဘုန်းတော်ကြီးတွေလည်း အပြစ်လွတ်ပြီပေါ့၊ ကဲ နောင်တော်တို့ကိုလည်း ပြန်ခွင့်ပြုပါဦး"

စွန်းဟိန်ကျဲက ဖိတ်မန္တကပြုလိုက်၏။

"နောင်တော် ..... ဘုရင့်ဆီ လိုက်ခဲ့ပါဦးလား"

အော့လန်တန်ခိုးရှင်က ခေါင်းခါယမ်းလိုက်၏။

"မလိုက်တော့ပါဘူး၊ အခု ငါ့ညီတော်နဲ့တွေ့လိုက်ရတဲ့ ခဏတာလေးဟာ ပျော်စရာပါ၊ ငါတို့ညီအစ်ကိုတွေ နောက်တစ်ခါ ပျော်ပျော်ရွှင်ရွှင် ပြန်တွေ့ကြဦးစို့"

စွန်းဟိန်ကျဲက ဂါရဝပြုလိုက်၏။

"ခုလို စိတ်ရှည်လက်ရှည်နဲ့ လိုက်လံကူညီတာကို ကျေးဇူးတင်ပါတယ် နောင်တော် "

အော့လန်တန်ခိုးရှင်ကလည်း -

"ကြုံတုန်းကြုံခိုက် အကူအညီပေးနိုင်တာကိုလည်း နောင်တော်က ဝမ်းသာပါတယ် ....."

အော့လန်တန်ခိုးရှင်သည် သူ၏ သွေးသောက်ညီနောင် ခြောက်ယောက်နှင့် အခြွေအရံများ၊ သိမ်းငှက်နှင့် အမဲလိုက်ခွေးများကို ခေါ်ပြီး တိမ်ပေါ်သို့ ပြန်တက်သွားလေ၏။

မျက်လုံးသုံးလုံးရှင် အော့လန်ဆိုသည်မှာ နတ်စစ်သူကြီး ဘုံခုနစ်ဆင့်ရှင် လီတင်းဝမ်ကဲ့သို့ စွမ်းရည်ရှိသူပေတည်း။

အော့လန်တန်ခိုးရှင်သည် စွန်းဟိန်ကျဲတို့အား လက်ပြနှုတ်ဆက်ရင်း အဝေးသို့ ထွက်ခွာသွားတော့သည်။

စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့သာ ကျန်ရစ်ကြတော့သည်။

ကျူးပတ်ကိုင်က နဂါးအဘွားအိုအား မျက်စောင်းထိုးပြပြီး –

"အစ်ကိုကြီး သူ့ကို ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှ မလုပ်ရဘူး၊ ခေါ်သွားရုံပဲ"

"ဒါဖြင့် သွားမယ်"

သူတို့သည် အဘွားအိုကို တစ်ဖက်တစ်ချက်စီ ဆွဲကိုင်ပြီးနောက် တိမ်ပေါ်သို့ ခုန်တက်လိုက်ကြ၏။ တိမ်တိုက်စီးကာ သူ့ဆရာဆီသို့ ပြန်လာကြသည်။

ရွှေရောင်ခြည်ကျောင်းတိုက်မှ ဘုန်းတော်ကြီးများသည် ကျောင်းတိုက်ရှေ့၌ရပ်ကာ ကောင်းကင်သို့ မျှော်ကြည့်နေကြလေ၏။ စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့ တိမ်တိုက်စီးကာ ရောက်ရှိလာသည်ကို တွေ့သောအခါ အားလုံးက လက်အုပ်ချီ၍ ကြိုဆိုကြသည်။

ကျောင်းထိုင်က ဆီး၍မေးသည်။

"စိန်ဖူးတော်ကို ပြန်ရခဲ့ပါရဲ့လား"

စွန်းဟိန်ကျဲက ခေါင်းညိတ်သည်။

"ပြန်ရခဲ့ပါပြီ"

သူသည် နဂါးအဘွားအိုအား ညွှန်ပြလိုက်သည်။

"သူ့ကိုသက်သေအဖြစ် ခေါ်လာခဲ့တာပါ၊ ကဲ ...... အားလုံး ရွှေနန်းတော်က ဘုရင်ရှေ့မှောက်ကို ဝင်ကြစို့ ...."

ဘုန်းတော်ကြီးများသည် သူတို့၏ စိန်ဖူးတော် ပြန်ရခဲ့ပြီဆိုသဖြင့် လွန်စွာ ပျော်မြူးသွားကြသည်။ ဘုန်းတော်ကြီးများသည် စွန်းဟိန်ကျဲတို့နှင့်အတူ နန်းတော်သို့ လိုက်ခဲ့ကြသည်။ ဘုန်းတော်ကြီးများသည် ဟောင်းနွမ်းစုတ်ပြဲနေသော သင်္ကန်းတို့နှင့် မဟုတ်တော့ချေ။ သစ်လွင်တောက်ပသော သင်္ကန်းတို့နှင့် ဖြစ်နေချေပြီ။

တံခါးမှူးတို့သည် စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့ကို မြင်သောအခါ ဘုရင်အား ပြေး၍ လျှောက်ထားကြလေ၏။



"အရှင်မင်းမြတ် .... ဆရာတော်ရဲ့ တပည့်နှစ်ယောက် ပြန်လည်ရောက်ရှိလာပါပြီဘုရား ...."

ဘုရင်မင်းမြတ်နှင့် ဆရာတော်တို့မှာ နားဝင်၍ ပျားရည်ဖြင့် စိမ်လိုက်သကဲ့သို့ ချိုမြသွားကြသည်။ ဘုရင်သည် တံခါးမှူးများအား မိန့်ကြားသည်။

"မောင်မင်းများ .... ဆရာတော်ရဲ့ တပည့်ကြီးများ အမြန်ဆုံး ဝင်ရောက်လာစေဖို့ လမ်းရှင်းပေးကြဗျား ...."

စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့သည် နဂါးအဘွားအိုအား သယ်ဆောင်လျက် ဘုရင်ရှေ့မှောက်သို့ ဝင်ရောက်လာကြ၏။ ကျူးပတ်ကိုင်ကား အောင်ပွဲရစစ်သူကြီးကဲ့သို့ မော်ကြွားနေ၏။

စွန်းဟိန်ကျဲကား ဆရာတော်နှင့် လျှောက်လှမ်းလာခဲ့သည့် ခရီးစဉ်အတွင်း အတော်ပင်ပြည့်ဝလာခဲ့သည်။ သူသည် ပြုံး၍ နန်းတော်ထဲသို့ ဝင်လာခဲ့လေ၏။

✱ ✱ ✱ ✱ ✱ ✱ ✱

## အခန်း (၁၆၂)

### အဖျက်အဆီး

ဘုရင့်ရှေ့တော်မှောက်သို့ စွန်းဟိန်ကျဲ၊ ကျူးပတ်ကိုင်၊ နဂါးအဘွားအိုနှင့် ဘုန်းတော်ကြီးများအားလုံး ဝင်ရောက်လာကြ၏။

ထန်စန်းကျွမ်းဆရာတော်က -

"ဝူခုံး .... မင်း တစ်ညလုံးလုံး ပျောက်နေတယ်၊ ဘာကြောင့်လဲ"

စွန်းဟိန်ကျဲသည် အဖြစ်အပျက်အလုံးစုံကို အသေးစိတ်ပြန်လည်လျှောက်ထားလေ၏။ သူတို့ ရေကန်သို့ စရောက်သည်မှစ၍ အဘွားအိုအား ကြိုးတုပ်ခေါ်လာသည်အထိ အသေးစိတ်ကို ပြန်လည် လျှောက်ထားခြင်းဖြစ်သည်။

ဆရာတော်သည် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။

ဘုရင်လည်း လွန်စွာ ဝမ်းမြောက်နေသည်။

ထန်စန်းကျွမ်းဆရာတော်က -

"ကဲ .... ဝူခုံး ..... မင်းရလာတဲ့ စိန်ဖူးတော်ကို ဘုရင့်လက်ထဲ အပ်နှင်းလိုက်ပေတော့ ....."

စွန်းဟိန်ကျဲသည် စိန်ဖူးအား ဘုရင့်လက်သို့ ပေးအပ်လိုက်၏။ ဘုရင်သည် စိန်ဖူးတော်အား မြင်တွေ့လိုက်ရသောအခါ အလွန်ဝမ်းသာ



သွားသည်။ သူသည် စိန်ဖူးတော်အား အနီးကပ် ဖူးမြော်ရသည်သာမက သူ့နိုင်ငံအား အိမ်နီးနားချင်း နိုင်ငံများက ကြည်ညိုလေးစားပြီး လက်ဆောင်ပဏ္ဏာများ လာဆက်ကြတော့မည် မဟုတ်ပါလား။

ဘုရင်က ဆရာတော်အား လျှောက်ထားသည်။

"ကျေးဇူးတင်ပါတယ်ဆရာတော်ဘုရား၊ ဆရာတော်နဲ့ဆရာတော့်တပည့်တွေကိုဘယ်လိုကျေးဇူးတင်ရမှန်းတောင်မသိနိုင်တော့ပါဘူးဘုရား'

ဆရာတော်က -

"ဒကာတော် ရေမြေ့ရှင်၊ ဒကာတော်နဲ့ထိုက်လို့ ဒီစိန်ဖူးတော်ကို ပြန်ရတာပါ .....၊ ကျုန်ုပ်တို့က ဖြည့်စွက်ပေးတာပဲရှိပါတယ်"

ကျူးပတ်ကိုင်ကရွှေသေတ္တာကလေးကိုဘုရင်အားလှမ်းဆက်သည်။

ဘုရင်သည် ရွှေသေတ္တာလေးကို စေ့စေ့ကြည့်ပြီး -

"ဒီသေတ္တာကလေးထဲမှာ ဘာများပါရှိပါသလဲ"

စွန်းဟိန်ကျဲက ရှင်းပြ၏။

"ဒီသေတ္တာထဲမှာ သက်ရှည်မြက်ပင်ရှိပါတယ်၊ ဒီမြက်ပင်ကို ရေဘူးတစ်ခုနဲ့ထိုးထားရင် စိန်ဖူးတော်ရဲ့ ရောင်ခြည်တော်ကို နှစ်ပေါင်းတစ်သောင်းမက ထိန်းသိမ်းထားနိုင်ပါတယ် အရှင်မင်းမြတ် ....."

ဘုရင်သည် အလွန်ဝမ်းသာသွားသည်။

"ငါကိုယ်တော်မြတ်အမိန့်ရှိမယ်၊ဝန်ကြီးမှူးမတ်များနားဆင်စေ"

ဝန်ကြီးမှူးမတ်များသည် အဆင်သင့် ရှိနေပါကြောင်း လျှောက်ထား၏။

"ငါကိုယ်တော်မြတ် ဘုန်းတော်ကြီးတွေကို ပြစ်မှားခဲ့မိပါတယ်၊ ဒီအပြစ်ကိုလည်း ကျေအောင် ရွှေရောင်ခြည် ကျောင်းတိုက်ရဲ့ အာလိန်ဆယ့်သုံးဆင့်စေတီမှာ ဒီစိန်ဖူးတော်ကို ကိုယ်တိုင်ကိုယ်ကျ ငါကိုယ်တိုင် စိန်ဖူးတော်ကို တင်ပါမယ်"

"သင့်မြတ်လှကြောင်းပါဘုရား ....."

ဤသို့ဖြင့် ရှင်ဘုရင်သည် ဝန်ကြီး၊ မှူးမတ် မိဖုရားများနှင့်အတူ စိန်ဖူးတော်တင်ပွဲအား ကြီးကျယ်ခမ်းနားစွာကျင်းပလေ၏။ ပြည်သူပြည်သားများကလည်း စိန်ဖူးတော်အား ဖူးမြော်ရန်ရောက်ရှိလာကြသည်။

ဘုရင်က ထန်စန်းကျွမ်းဆရာတော်အား လျှောက်တင်၏။

"အရှင်ဘုရား ..... အရှင်ဘုရားလည်း တပည့်တော်နဲ့အတူ ဒီ စိန်ဖူးတော်ကို တင်လှူပါဘုရား"

"အိမ်း ..... ကောင်းလှပြီ"

ဆရာတော်နှင့် ဘုရင်တို့သည် စိန်ဖူးတော်ကို ကိုယ်တိုင်ကိုယ်ကျ တင်လှူကြလေ၏။

စိန်ဖူးတော်ကလည်း တကယ်အံ့သြစရာ စိန်ဖူးတော်ပင်၊ နေရောင်ပျောက်ကွယ်သည်နှင့် စိန်ဖူးတော်၌ ရောင်ခြည်တော်များ ကွန့်မြူးတော့သည်။ တိုင်းသူပြည်သား လူအများတို့သည် စိန်ဖူးတော်မှ ရောင်ခြည်တော်များ တဖျပ်ဖျပ်ကွန့်မြူးသည်ကို မျက်ဝါးထင်ထင် ဖူးတွေ့ကြရတော့သည်။

ဝန်ကြီးမှူးမတ်များမှာ စိန်ဖူးတော်ပြန်ရခြင်းမှာ တိုင်းပြည်အေးချမ်းသာယာပြီး ဆန်ရေစပါး ပေါများမည့် နိမိတ်ပင်ဖြစ်သည်ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြ၏။

အိမ်နီးနားချင်းနိုင်ငံများသည် စေတီတော်မှ ရောင်ခြည်တော်များ ကွန့်မြူးလာသည်ကို ထိုနေ့တွင်ပင် တွေ့ရှိကြရသဖြင့် နောက်နေ့များ၌ ကျောက်သံ ပတ္တမြားများ၊ လက်ဆောင် ပဏ္ဏာများကို လာရောက်ဆက်သကြ၏။

သူတို့၌ ကိစ္စတစ်ခု ကျန်ရှိနေသေးသည်။ နဂါးအဘွားအိုအား သတ်ရန်ပေတည်း။ ကျူးပတ်ကိုင်က ကျူပင်ခုတ်ကျူငုတ်မကျန် ရှင်းပစ်ရမည်ဟုဆိုသည်။

စွန်းဟိန်ကျဲက –

"တိုက်ပွဲဖြစ်နေစဉ်မှာ ရန်သူကို သတ်တာကတော့ သွေးဆူနေလို့ သတ်ကြတာပါ၊ ဒါကို ခွင့်လွှတ်ပါတယ်၊ အခုကတော့ သွေးအေးနေပြီပဲ၊ ဘာဖြစ်လို့ နဂါးဘွားဘွားကို သတ်တော့မှာလဲ၊ နောက်ပြီး သူဟာ တိုက်ပွဲထဲမှာ ပါတဲ့လူမဟုတ်ဘူး၊ သူဟာ ဘာမှမသိတဲ့လူပါ၊ သူ့မှာ ဘာအပြစ်မှမရှိပါဘူး၊ ဒါပေမယ့် ရေကန်ကိုတော့ ပြန်မလွှတ်နိုင်ဘူး၊ သူ့ကို စေတီအပေါ်ဆုံးမှာ ဘုရားကျွန်အဖြစ်ထားမယ် .....၊ စိန်ဖူးတော်ကို စောင့်



ရှောက်ဖို့ တာဝန်ပေးရမယ် ....."

နဂါးဘွားဘွားမှာ ကျေးဇူးတင်မဆုံးအောင် ဖြစ်နေတော့သည်။ သူမသည် စေတီအပေါ်ဆုံး၌ သူမ၏ တာဝန်များကို ထမ်းဆောင်လေတော့၏။

စွန်းဟိန်ကျဲသည် ရွှေရောင်ခြည်ကျောင်းတိုက်မှ ဘုန်းတော်ကြီးများကိုလည်း မှာကြားခဲ့သည်။ အချိန်တန်လျှင် နဂါးဘွားဘွားအား နံနက်စာနှင့် ညစာ ပေးပါရန် မှာကြားခဲ့သည်။ ဘုန်းတော်ကြီးများကလည်း လိုလို လားလားပင် ကတိပြုကြပါသည်။

ထန်စန်းကျွမ်းဆရာတော်က ဘုရင်အား အကြံပေးသည်။

"ဒကာတော် ရေမြေ့ရှင် ...၊ ဒီစေတီကို နာမည်ပြောင်းရင် ကောင်းပါမယ်"

"ပြောင်းပါဘုရား ..... ဆရာတော်ပေးတဲ့နာမည်ကို တပည့်တော် ပေးပါမယ် ....."

"နဂါးနိုင်စေတီလို့ အမည်ပေးလိုက်ပါ .....၊ နဂါးက ဒီစိန်ဖူးကို ခိုးသွားတယ် မဟုတ်လား၊ အခု စွန်းဟိန်ကျဲက နဂါးကိုသတ်ပြီး ဒီစိန်ဖူးတော်ကို ပြန်ယူလာခဲ့တယ်၊ ဒါကြောင့် နဂါးနိုင်စေတီလို့ အမည်ပေးလိုက်ပါ ....."

ဘုရင်သည် ရွှေရောင်ခြည်စေတီအား နဂါးနိုင်စေတီအဖြစ် ချက်ချင်း အမည် ပြောင်းလိုက်လေ၏။

ထန်စန်းကျွမ်းဆရာတော်၏ ကူညီမှုကိစ္စအဝဝသည် ပြီးစီးသွားလေပြီ။ ထို့ကြောင့် သူ၏အနောက်ပိုင်းသို့ထွက်ခွာမည့်အစီအစဉ်အား ဘုရင်အား ပြောကြားလေ၏။ ဘုရင်သည် စာရွက်စာတမ်းများ၊ ခရီးသွားခွင့်လက်မှတ်များ၊ ပြည်ကျော်ခွင့်လက်မှတ်များကို တံဆိပ်တုံးရိုက်၊ လက်မှတ်ရေးထိုး ပေးလေ၏။ ဆရာတော်အား ဆွမ်းများဆက်ကပ်ပြီးနောက် မြို့တံခါးအထိ ဆရာတော်အား လိုက်ပါပို့ဆောင်ကြသည်။

ရွှေရောင်ခြည်ကျောင်းတိုက်မှ ဘုန်းတော်ကြီးများကား ဆရာတော်နှင့် တပည့်သုံးယောက်တို့အား လွန်စွာ ကျေးဇူး တင်လှသဖြင့် မြို့ရိုးမှ လီသုံးဆယ်အကွာအဝေးထိ လိုက်ပါပို့ဆောင်ကြသည်။

"ကဲ ..... အရှင်ဘုရားတို့ ဒီကပဲ လှည့်ပြန်ကြပါတော့ဘုရား"

ထန်စန်းကျွမ်းဆရာတော်သည် ဘုန်းတော်ကြီးများကို အတန်တန်တောင်းပန်မှ ဘုန်းတော်ကြီးများသည် လှည့်ပြန်သွားကြလေ၏။

ထန်စန်းကျွမ်းဆရာတော်နှင့် တပည့်သုံးယောက်တို့လည်း ထိုအခါကျမှ ဖြောင့်ဖြောင့်မတ်မတ် ခရီးဆက်နိုင်ကြတော့သည်။

သူတို့ခရီးမှာ အေးချမ်းလှသည်။ တောင်တက်တောင်ဆင်းလည်း မရှိ၊ သဲကန္တာရများကို ဖြတ်သန်းရခြင်းလည်းမရှိချေ။ ရာသီဥတုကလည်း မပူမအေးဖြစ်နေရာ ခရီးသွားရသည်မှာ များစွာသက်သောင့်သက်သာ ရှိလှသည်။ ဆရာတော်တို့သည် သစ်တောတစ်ခုကို ဖြတ်သန်းလာရာ ဆရာတော်သည် မြင်းပေါ်မှဖြစ်၍ ရှေ့အတော်လှမ်းလှမ်းကို လှမ်းမြင်လိုက်နိုင်သည်။

"ဝူခုံ ..... ရှေ့မှာ သွားမရတော့ဘူး"

"ဘာဖြစ်လို့လဲ ဘုရား ....."

"ဆူးပင်တွေ တင်းကျမ်းပဲ"

"ဟာ ..... ဆူးပင် နည်းနည်းပါးပါး ရှိမှာပါ"

"နည်းနည်းပါးပါး မဟုတ်ပါဘူး၊ မင်း သွားကြည့်လေ ....."

"တပည့်တော် သွားကြည့်ပါမယ်ဘုရား"

စွန်းဟိန်ကျဲသည် ရှေ့သို့ထွက်သွား၏။ မကြာမီပြန်လာသည်။

"ဟုတ်တယ် ဆူးပင်တွေက တင်းကျမ်းပဲ မျက်စိတစ်ဆုံးရှိနေတာပဲ၊ အနည်းဆုံး ဆယ်လီလောက်တော့ ရှိလိမ့်မယ်"

"ဆယ်လီဆိုတာနည်းတာမဟုတ်ဘူး၊ငါတို့ဘယ်လိုသွားရမှာလဲ"

"မစိုးရိမ်ပါနဲ့ဆရာ ..... ဒီဆူးပင်တွေကို တပည့်တော် ထိုးဖောက်ပြီး သွားပါမယ် .....၊ ဆရာတို့က နောက်ကသာ လိုက်ခဲ့ပါ ....."

ထိုစကားကို ပြောသူမှာ ကျူးပတ်ကိုင်ဖြစ်သည်။

စွန်းဟိန်ကျဲသည် ဝမ်းသာသွား၏။

"ကောင်းပြီ၊ ညီလေး ..... ရှေ့က သွားပါ"

ကျူးပတ်ကိုင်သည် ရှေ့မှသွားပြီး ထွန်ခြစ်ကို ဝှေ့ယမ်းလေ၏။ သူ၏ထွန်ခြစ် တစ်ခါဝှေ့ယမ်းလျှင် မြင်းသွားရန် လမ်းကြောင်း တစ်



ကြောင်းရသည်။ သူသည် ထွန်ခြစ်ကို ဝှေ့ယမ်း၍ သွားတော့၏။ ဆရာတော်တို့က နောက်မှလိုက်ကြရသည်။ သူတို့သည် ဤသို့ဖြင့် တဖြည်းဖြည်း သွားကြ၏။ ညအချိန်ရောက်သောအခါ သူတို့သည် ငါးလီခန့် ရောက်ရှိသွားသည်။ ကျူးပတ်ကိုင်သည် သူတို့နားနိုင်ရန် ပေနှစ်ဆယ် ပတ်ဝန်းကျင်ရှိ ဆူးပင်များကို ရှင်းလင်းလိုက်သည်။ ထို့နောက် ကျူးပတ်ကိုင်သည် မောမောပန်းပန်းဖြင့် ထိုင်ချလိုက်လေ၏။

ထန်စန်းကျွမ်းဆရာတော်က –

"ဒီမှာပဲတစ်ညလောက်အနားယူလိုက်ရင်ကောင်းမယ်နဲ့တူတယ်"

ကျူးပတ်ကိုင်က –

"လသာနေတယ် ဘုရား ..... တပည့်တော်တို့ ခဏနားပြီးရင် ဆက်သွားဖို့ကောင်းတယ် ....."

ထန်စန်းကျွမ်းဆရာတော်သည် သဘောတူလိုက်၏။

"ငါ့တပည့် အပင်ပန်းခံပြီး ရှင်းရင်တော့ ဆက်သွားကြရတာပေါ့ကွယ်၊ တပည့် ပင်ပန်းနေမှာ စိုးလို့ပါ"

သူတို့သည် ခေတ္တနားပြီးနောက် ဆက်လက်ထွက်ခွာကြလေ၏။ ဆူးများကို ကျူးပတ်ကိုင်က ရှင်းလင်းလေ၏။ သူတို့သည် အတော်ကြီး ဆူးများကို ရှင်းလင်းလာနိုင်ခဲ့သည်။

"တပည့်တော် မောတယ်ဘုရား၊ ဒီမှာ ခဏနားကြရအောင်"

ကျူးပတ်ကိုင်က လျှောက်ထားလေ၏။

ဆရာတော်သည် ကျူးပတ်ကိုင်ကို များစွာကြင်နာသနားသွား၏။

"နားပါ ..... တပည့်၊ နားပါ ..... ၊ တပည့် အမောပြေမှ ဆက်လျှောက်ကြတာပေါ့ ....."

သူတို့အားလုံး ခေတ္တနားကြတော့၏။ သူတို့ ဝိုင်းဖွဲ့ အနားယူနေစဉ် လေတစ်ချက်ဝှေ့ယမ်းတိုက်ခတ်သွား၏။ ထန်စန်းကျွမ်း ဆရာတော် ကျောချမ်းသွားသည်။

ထိုစဉ် လေတိုက်ရပ်သွား၏။ အဘိုးအိုတစ်ဦး ဘွားခနဲပေါ်လာသည်။ ထိုအဘိုးအို၌ အဖြူရောင်မုတ်ဆိတ်ရှိသည်။ လက်ထဲ၌တောင်ဝှေးကိုင်ထားသည်။ သူ့နောက်၌ ဘီလူးတစ်ကောင်ပါသည်။ ဘီလူးသည်

လင်ပန်းတစ်ခုကို ရွက်ထားသည်။ ထိုလင်ပန်းထဲ၌ စားစရာအစုံအလင် ပါရှိသည်။

ထန်စန်းကျွမ်းဆရာတော်သည် အဘိုးအိုအား တွေ့လိုက်ရသောအခါ အဘိုးအိုရှိရာသို့ လျှောက်သွားလေ၏။

"ဒကာကြီး ..... ဘာကိစ္စနဲ့ ကျုပ်ဆီ ရောက်လာတာလဲ ....."

အဘိုးအိုက ရှိခိုးကန်တော့လိုက်၏။

"တပည့်တော်ဟာ တောင်စောင့်နတ်ဖြစ်ပါတယ်၊ အရှင်ဘုရားကို ဆွမ်းလာကပ်တာပါ ....."

ထန်စန်းကျွမ်းဆရာတော် ဝမ်းသာသွားလေ၏။

"ကျေးဇူးတင်ပါတယ် ဒကာကြီး"

အဘိုးအိုက ဘီလူးအား စားသောက်ဖွယ်ရာ ဆက်ကပ်ရန် အမိန့်ပေးလိုက်သည်။

စွန်းဟိန်ကျဲက ဟန့်တားလိုက်၏။

"ဆရာ ..... သူဆက်ကပ်တဲ့ဆွမ်းကို မစားပါနဲ့"

ထန်စန်းကျွမ်းဆရာတော်သည် ယခင်ကဆိုလျှင် စွန်းဟိန်ကျဲ နှောင့်ယှက်သည်ဟုသာ ထင်မိမည်ဖြစ်သည်။ ယခုတော့ ဤသို့မဟုတ်တော့ချေ။ စွန်းဟိန်ကျဲ၏ ထင်မြင်ချက်ကို မေးလေ၏။

"ဘာဖြစ်လို့လဲ တပည့်ကြီး"

စွန်းဟိန်ကျဲက ရှင်းပြ၏။

"ဒီအဘိုးကြီးကိုကြည့်ရတာ လူကောင်းမဟုတ်နိုင်ပါဘူး၊ ဒီနားမှာလည်း ဘယ်တောင်မှမရှိပါဘူး၊ နောက်ပြီး ဘီလူးတစ်ကောင်ကို ဘယ်လူကောင်း သူကောင်းကမှ အစေအပါး မထားပါဘူး၊ အခု ဒီအဘိုးကြီးရဲ့ အစေအပါးဟာ ဘီလူးဖြစ်နေတယ်၊ သတိထားပါဆရာ ....."

အဘိုးအိုက ရယ်မောလိုက်၏။

"ဟား ..... ဟား ..... ဟား၊ စွန်းဝူခုံးက ဘယ်ဆိုးလို့တုံး"

သူသည် စကားဆုံးသောအခါ အကျီလက်စရှည်ဖြင့် ဇော့ယမ်းလိုက်သည်။ ထိုအခါ လေပွေကြီးတစ်ခု ပေါ်လာတော့သည်။ လေပွေကြီးသည် ကြောက်စရာ လေဆင်နှာမောင်းအဖြစ်သို့ ပြောင်းလဲသွား၏။



"ဗိုး ..... ဟည်း ..... ဟည်း ....."

လေဆင်နှာမောင်းသည် ဆရာတော်အား ရစ်ပတ်ပွေ့ယူသွားတော့သည်။

အဘိုးအိုနှင့် ဘီလူးလည်း လေဆင်နှာမောင်းထဲသို့ ခုန်ဝင် ပျောက်ကွယ်သွား၏။ လေဆင်နှာမောင်းကြီးသည် တဗိုးဗိုးမြည်ကာ ပျောက်ကွယ်သွားသည်။ ဆရာတော် မရှိတော့ပေ။ စွန်းဟိန်ကျဲ၊ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့မှာ ဟန့်တားချိန်မရလိုက်ကြပေ။ သူတို့သုံးယောက်စလုံး မှင်တက်အံ့သြနေကြသည်။ သူတို့အားလုံး စိတ်ပျက်လက်ပျက် ဖြစ်သွားကြလေ၏။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၁၆၃)

### လူလော၊ သစ်ပင်လော

ဆရာတော်သည် လေဆင်နှာမောင်းကြီးနှင့်အတူ လွင့်မျောပါရှိသွားပြီးနောက် လေငြိမ်သွားလေ၏။ သူသည် ဘုရားကျောင်းပျက်တစ်ခုရှေ့သို့ ကျရောက်သွားလေ၏။ သူသည် ကောင်းကင်သို့ မော့ကြည့်လိုက်သည့်အခါတွင်လည်း လမင်းကြီးက ထိန်ထိန်သာနေသည်။

ပတ်ဝန်းကျင် တစ်ခုလုံး လွန်စွာ အေးချမ်း သာယာလှသည်ကို တွေ့ရှိရသည်။

ထန်စန်းကျွမ်းဆရာတော်သည် ထိုအေးချမ်းလှသော နေရာသို့ရောက်ရှိသောအခါ သူ့အားခေါ်ဆောင်လာသူသည် လိမ်ညာ၍ခေါ်ဆောင်လာသူမဟုတ်ဟု ယုံကြည်သွားမိသည်။ ထို့ကြောင့် ဆရာတော်သည် ကြောက်ရွံ့စိတ်မရှိဘဲ ဘုရားကျောင်းပျက်ရှိရာသို့ လှမ်းဝင်သွားမိ၏။

ထိုအခါ အဘိုးအိုတစ်ယောက်သည် ဘုရားကျောင်းပျက်ထဲမှ ထွက်လာသည်။ ထိုအဘိုးအိုကား ထန်စန်းကျွမ်းဆရာတော်အား ဆောင်ကြဉ်းလာခဲ့သည့် ပုဂ္ဂိုလ်ပင်တည်း။

ထန်စန်းကျွမ်းဆရာတော် မျက်မှောင်ကုတ်သွား၏။

"သင်ဘယ်သူလဲ ..... သင်က ကျွန်ုပ်ကို ဒီနေရာကို ဘာကြောင့် ခေါ်ဆောင်လာတာလဲ"



အဘိုးအိုက ပြုံးလိုက်၏။

"တပည့်တော်တို့ဟာ မိတ်ဆွေများနဲ့ ဒီတောင်ပေါ်မှာ နေထိုင်ပါတယ်၊ ထန်စန်းကျွမ်းဆရာတော်ဟာ တရားဓမ္မလိုက်စားတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့ ကြားသိရပါတယ်၊ ဆရာတော်ရဲ့တရားကို နာယူချင်လို့ အခုလို ဖိတ်ခေါ်ရခြင်း ဖြစ်ပါတယ် ....."

ဆရာတော်က -

"အသင်တို့ ပင့်ဖိတ်ချင်ရင် ပင့်ဖိတ်လို့ ရပါတယ်၊ ရိုးရိုးသားသား ပင့်ဖိတ်ကြပေါ့၊ ကျွန်ုပ်က မငြင်းပါဘူး၊ ခုလို အဓမ္မခေါ်ဆောင်လာတာကတော့ မကောင်းပါဘူး၊ ဒကာကြီး ဒီလိုခေါ်လာတော့ ကျုပ်တပည့်တွေက ဒကာကြီးတို့ကို ရန်သူလို့ သတ်မှတ်သွားတာပေါ့"

အဘိုးအိုက -

"တပည့်တော် ဆွမ်းလာကပ်တာဟာ ရိုးရိုးသားသား ဆွမ်းကပ်ပြီး ရိုးရိုးသားသား ဖိတ်ခေါ်ဖို့ပါ၊ ဒါပေမယ့် ဆရာတော်ရဲ့ တပည့်ကြီးက တပည့်တော်ကို တားနေတော့ .... အခုလိုပဲ ခေါ်ဆောင်ခဲ့ရတာပါဘုရား .....၊ ဒါကို တပည့်တော် တောင်းပန်ပါတယ်"

ဆရာတော်သည် စိတ်ပြေသွား၏။

"ဒါနဲ့ ဒီမှာ သင်တစ်ယောက်တည်းနေတာလား"

"မဟုတ်ပါဘူး၊တပည့်တော်ရဲ့မိတ်ဆွေများလည်းရှိပါသေးတယ်"

"ဒကာကြီးရဲ့ မိတ်ဆွေတွေကိုလည်း မတွေ့ရပါလား"

အဘိုးအိုက -

"အခုပဲ ရောက်လာပါတော့မယ်"

သူ့စကားမဆုံးမီမှာပင် အဘိုးအိုသုံးယောက် ရှေ့ဆင့်နောက်ဆင့် ရောက်ရှိလာတော့၏။

အဘိုးအိုသည် ထန်စန်းကျွမ်းဆရာတော်ကို လက်အုပ်ချီ၍ ရှိခိုးကန်တော့သည်။ သူ၏မိတ်ဆွေ တစ်ဦးချင်းနှင့် မိတ်ဆက်ပေးသည်။ ပထမဆုံး သူ့ကိုယ်သူ မိတ်ဆက်သည်။

"တပည့်တော်က စုပကုန်း ...လို့ ခေါ်ပါတယ်"

ထို့နောက် ဆံပင်ဖြူဖွေးသော အဘိုးအိုတစ်ယောက်ကို ညွှန်ပြ

လိုက်သည်။

"ဒီမိတ်ဆွေရဲ့နာမည်ကတော့ ကုက္ကိုကုန်း ...လို့ခေါ်ပါတယ်"

ထန်စန်းကျွမ်းဆရာတော်က လက်အုပ်ချီပြီး –

"တွေ့ရတာ ဝမ်းသာပါတယ် ....."

စုပကုန်းသည် အစိမ်းရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ဦးနှင့် မိတ်ဆက်ပေးပြန်သည်။

"သူ့နာမည်ကတော့ လိန်ခုံးကြု .... လို့ ခေါ်ပါတယ်"

ဆရာတော်နှင့်လိန်ခုံးကြုသည်အပြန်အလှန်နှုတ်ဆက်ကြလေ၏။ သူသည် နောက်ဆုံးပုဂ္ဂိုလ်တစ်ယောက်နှင့် မိတ်ဆက်ပေးသည်။

"သူ့နာမည်ကတော့ ဟူရင်စို့ .... လို့ ခေါ်ပါတယ်ဘုရား"

ဆရာတော်သည် ဟူရင်စို့အား နှုတ်ဆက်စကားပြောလေ၏။

စုပကုန်းက –

"အခုလို လသာနေတုန်းမှာ တပည့်တော်တို့ တရားဓမ္မ ဆွေးနွေးကြရရင် မကောင်းဘူးလား"

ထန်စန်းကျွမ်းဆရာတော်က ခေါင်းညိတ်လိုက်၏။

"တရားဓမ္မဆွေးနွေးတယ်ဆိုရင် ဘယ်နေရာမဆိုကောင်းပါတယ်၊ တရားဓမ္မဟာ ကောင်းရာကောင်းကျိုးကို ဖြစ်စေတာပါပဲ ....."

သူတို့သည် ဘုရားကျောင်းရှေ့ မြေကွက်လပ်တွင် ဝိုင်းဖွဲ့ထိုင်ချလိုက်ကြ၏။

ထန်စန်းကျွမ်းဆရာတော်က –

"ဒကာကြီးတို့ကို ကြည့်ရတာ အလွန်အေးချမ်းတယ်၊ အသက်အရွယ်ကြီးပေမယ့် ကျန်းမာသန်စွမ်းပြီး စိတ်အေးချမ်းသာတာကို တွေ့ရတယ်၊ ဒါနဲ့ ဒကာကြီးတို့ အသက်ဘယ်လောက်စီ ရှိကြပြီလဲ"

"တပည့်တော်တို့ လေးယောက်ဟာ အသက်ငါးရာနဲ့ တစ်ထောင် ကြားမှာ ရှိကြပါတယ်"

စုပကုန်းက ဖြေသည်။

ဆရာတော်သည် ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေ၏။

"အခုလို အသက်ရှည်ရှည်နေရတာဟာ ရှေးဘဝက ကောင်းမှု

ကုသိုလ်ပြုခဲ့လို့ပဲ ဖြစ်ပါတယ် .....၊ အတိတ်ဘဝက ကုသိုလ်ကံဟာ လူတို့ကို အမြဲပဲ ကောင်းကျိုးပြုတတ်ပါတယ် ....."

စုပကုန်းက -

"အရှင်ဘုရားကော အသက် ဘယ်လောက်ရှိပါပြီလဲ ဘုရား ...."

ထန်စန်းကျွမ်းဆရာတော်က -

"လေးဆယ်ဝန်းကျင်တော့ ရောက်ပါပြီ"

ဟူရင်စို့က -

"တပည့်တော် ကြည့်ရတာကတော့ ဆရာတော်ဟာ ငယ်ဖြူနဲ့ တူပါတယ်ဘုရား"

ဆရာတော်က ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ ကျွန်ုပ်ဟာ ငယ်စဉ်ကတည်းက သာသနာ့ဘောင် ဝင်ခဲ့သူ ဖြစ်ပါတယ် ....."

ဟူရင်စို့က ကောင်းကင်ကို မော့ကြည့်ပြီး -

"ညဉ့်နက်လာပြီ၊ လေတိုက်ခိုက်လာတော့ သိပ်အေးပါတယ်၊ ဒါကြောင့် ရေနွေးကြမ်းနဲ့ တစ်ခုခု သုံးဆောင်ဖို့ ဘုရားကျောင်းထဲ ဝင်ကြရင် ကောင်းမယ်ထင်ပါတယ်"

လိန်ခုံးကြုက -

"ဟုတ်တယ်၊ ဆရာတော်ကဧည့်သည်ပဲ၊ ဧည့်သည်ကို ဘာမှ ဧည့်မခံဘဲနဲ့ ဒီအတိုင်းထိုင်နေရတာ အားနာစရာ ကောင်းလှပါတယ်"

စုပကုန်းက ထရပ်လိုက်၏။

"ဆရာတော်ဘုရား ..... အထဲကို ကြွပါဘုရား ....."

သူတို့သည် ထန်စန်းကျွမ်းဆရာတော်အား ဘုရားကျောင်းပျက်ထဲသို့ ပင့်ခေါ်သွားလေ၏။ ဆရာတော်လည်း သူတို့အား ယုံကြည်သဖြင့် မကြောက်မရွံ့ လိုက်သွားသည်။ ဆရာတော် မြင်တွေ့ရသည်မှာ ဘုရားကျောင်းသည် အပြင်၌ ပျက်စီးနေသည်၊ သို့သော် ..... အတွင်းရောက်သွားသည့်အခါတွင်မူ သန့်သန့်ရှင်းရှင်းဖြစ်နေပြီး စားပွဲကုလားထိုင်များ ပြည့်စုံစွာရှိနေကြောင်း တွေ့ရှိရသည်။

စုပကုန်းသည် ထန်စန်းကျွမ်း ဆရာတော်အား ထိုင်စေသည်။

ဆရာတော်အား ဦးစွာနေရာပေးသည်။ ပြီးမှ သူတို့ ထိုင်ကြသည်။

စုပကုန်းက ကုကျိုကုန်းအား လှည့်ပြောသည်။

"မိတ်ဆွေကြီး ..... ဆရာတော်အတွက် ကျုပ်တို့ တစ်ခုခု ကပ်ကြရအောင် ....."

ကုကျိုကုန်းက ပြုံးလိုက်၏။

"မစိုးရိမ်ပါနဲ့ ..... လာပို့ပါလိမ့်မယ်"

သူ၏စကား ဆုံးသွားသောအခါ မိန်းကလေး တစ်ယောက်၏ ခိုးခိုးခစ်ခစ်ရယ်သံ ကြားလိုက်ရသည်။

ထန်စန်းကျွမ်းဆရာတော်သည် ဤဘုရားကျောင်းထဲ၌ စုပကုန်းတို့ကဲ့သို့ အဘိုးကြီးများသာ ရှိနေသည်ဟု ထင်ထားခဲ့သည်။ ယခုကဲ့သို့ မိန်းကလေး ရှိနေသည်ကို သိသောအခါ အံ့သြသွားလေ၏။ ထို့ကြောင့် ဆရာတော်က လှမ်းကြည့်မိသည်။

ထိုအခါ မိန်းကလေးတစ်ယောက်သည် ဘုရားကျောင်းပျက်ထဲသို့ လှမ်းဝင်လာသည်ကို တွေ့ရသည်။ ထိုမိန်းကလေးသည် အဖြူရောင်နန်းတွင်းဝတ်စုံကို ဝတ်ဆင်ထားသည်။

သူမ၏နောက်၌ အစိမ်းရောင် ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ဦးပါလာ၏။ သူမ၏အစေခံဖြစ်ကြောင်း အဝတ်အစားများကိုကြည့်ရုံနှင့် သိသာသည်။ ထိုအစေခံ၏လက်ထဲ၌ လင်ပန်းတစ်ချပ်ပါသည်။ ထိုလင်ပန်းပေါ်၌ စားသောက်ဖွယ်ရာများ၊ ရေနွေးကြမ်း ပန်းကန်များနှင့် အကြမ်းကရားများ ပါရှိလာသည်။

သူမသည် လက်အုပ်ချီ၍ ထန်စန်းကျွမ်းဆရာတော်အား ရှိခိုးကန်တော့လေ၏။

ကုကျိုကုန်းသည် ရယ်မော၍ ဆရာတော်နှင့် သူမကို မိတ်ဆက်ပေးသည်။

"ဆရာတော် ..... သူကတော့ တပည့်တော်တို့ရဲ့အိမ်နီးချင်းပါပဲ၊ နာမည်က စံပယ်ဖြူဖြစ်ပါတယ်၊ အင်မတန်သွက်လက်ချက်ချာပါတယ်"

ဆရာတော်သည်မိန်းကလေးအားမကြည့်ချေ။မျက်လွှာချ၍နေ၏။

လိန်ခုံးကြုက ပြုံးလိုက်သည်။



"စံပယ်ဖြူ ...ဆရာတော်ဟာ တရားဓမ္မ အင်မတန် ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်၊ ကြုံတုန်းကြုံခိုက် တို့ဝိုင်းထဲဝင်ပြီး တရားဓမ္မ ဆွေးနွေးပါလား၊ ဒီလိုပုဂ္ဂိုလ်မျိုးကို တွေ့ရဖို့ တို့အနှစ်တစ်ရာစောင့်တာတောင် မတွေ့နိုင်ပါဘူး ....."

သူသည် ပြောရင်းနေရာဖယ်ပေးလိုက်သောအခါ စံပယ်ဖြူသည် ဝင်ထိုင်လေတော့၏။ သူမသည် ဆရာတော်နှင့် အနီးကပ်ဆုံးတွင် ဝင်ထိုင်ခြင်းဖြစ်သည်။

ထန်စန်းကျွမ်း ဆရာတော်သည် မျက်မှောင်ကုတ်သွားလေ၏။ သို့သော် ..... ဘာမျှတော့ မပြောပေ။

စံပယ်ဖြူသည် ရေနွေးကြမ်းငှဲ့ပေးသည်။

"အကြမ်းရည် သုံးဆောင်လိုက်ပါဦး ဆရာတော် ....."

ဆရာတော်သည် အကြမ်းပန်းကန်ကို လှမ်းယူလိုက်သည်။ သူ့ရှေ့တွင် ချထားလိုက်သည်။ သောက်တော့ မသောက်ပေ။

စံပယ်ဖြူသည်ဆရာတော်အားမျက်တောင်မခတ်စိုက်ကြည့်နေ၏။

"ဆရာတော်က အသက်ငယ်ငယ်လေး ရှိသေးတာပဲ၊ ဘုန်းကြီးဝတ်တယ်၊ ရသေ့ဝတ်တယ်ဆိုတာ အသက်ကြီးမှဝတ်ရတာ၊ ငယ်တုန်းမှာ လောကစည်းစိမ်မှန်သမျှ ခံစားရပါတယ်၊ အရှင်ဘုရားက ဘာဖြစ်လို့ ဘုန်းကြီး ဝတ်ချင်ရတာလဲ"

ဆရာတော်သည် စံပယ်ဖြူကို လုံးဝစကားမပြောပေ။ မျက်လွှာချထားသည်။

စံပယ်ဖြူသည် ဆရာတော်၏ မတုန်မလှုပ်ပုံစံကိုကြည့်၍ ခစ်ခနဲရယ်မောလိုက်လေ၏။ သူမ၏ရယ်မောသံမှာ ယောကျ်ားသားများအဖို့ ရင်ခုန်ဖွယ်ရာပင် ဖြစ်နေသည်။

ထန်စန်းကျွမ်းဆရာတော်မှာ မလှုပ်မယှက်ပင် ထိုင်နေသည်။

ကုကျိုကုန်းက ရယ်မောပြီး -

"စံပယ်ဖြူ နင့်အကြောင်း မသိရင်ခက်မယ်၊ ဆရာတော်ဟာ တရားဓမ္မကိုပဲ စိတ်ဝင်စားတာ၊ နင့်ကို စိတ်ဝင်စားတာ မဟုတ်ဘူး ....."

လိန်ခုံးကြုက ရယ်မောလိုက်၏။

"ဟုတ်တယ်စံပယ်ဖြူ၊ ဆရာတော်ဟာ သူပိဋကတ်သုံးပုံကို ပင့်ဆောင်ဖို့ကိုပဲ စိတ်ဝင်စားတယ်၊ နင့်ကို လုံးဝစိတ်မဝင်စားဘူး၊ နင် ဘယ်လိုကြိုးစားကြိုးစား ရမှာမဟုတ်ဘူး ....."

စံပယ်ဖြူက –

"ဒီလိုပြောလို့ ဘယ်ရမလဲ၊ ကျွန်မနဲ့ မထိတွေ့လို့ပါ၊ ထိတွေ့မိသွားရင် အရည်ပျော်သွားမှာပါ ....."

စုပကုန်းက ရယ်မောလိုက်၏။

"နင်ပြောတာ မှန်သလား၊ သူတို့ပြောတာ မှန်သလားဆိုတာ အချိန်က စကားပြောလာပါလိမ့်မယ် ....."

ကုက္ကိုကုန်းက –

"ကဲ ..... စံပယ်ဖြူ ..... ဆရာတော် အိမ်ထောင်ပြုချင်တဲ့စိတ် ပေါ်အောင် နင်လုပ်နိုင်မလားဆိုတာ ငါတို့သိချင်တယ်"

စံပယ်ဖြူက ရယ်မောသည်။

"ဘယ်လောက်မာကျောတဲ့ချိပ်ဖြစ်ပါစေ ..... မီးနဲ့တွေ့ရင် ပျော်ကျသွားတာပဲ .....၊ ဆရာတော် အရည်ပျော် မပျော် စောင့်ကြည့်ကြပါ"

သူတို့၏ ပြောစကားများမှာ ဆရာတော်အတွက် နားရှက်စရာများပင် ဖြစ်သည်။ သို့သော် ..... ဆရာတော်သည် ထလည်းမပြေးနိုင်ချေ။ အောင့်အည်းသည်းခံကာသာ ထိုင်နေရသည်။

စံပယ်ဖြူသည် ဆရာတော်ထံချဉ်းကပ်ပြီး ရှေ့၌ချထားသော ရေနွေးကြမ်းပန်းကန်ကိုကောက်ယူပေးသည်။ ဆရာတော့်အား ပူးကပ်သည်။

ဆရာတော်က –

"ဒကာမလေး ... ဘုန်းကြီးကို ဒီလိုမရိုမသေ မလုပ်သင့်ဘူး ..."

စံပယ်ဖြူက –

"ဘုန်းကြီးဝတ်တယ်ဆိုတာ မလွယ်ဘူး၊ ဒုက္ကရစရိယာအကျင့်ကို ကျင့်ရတာ .....၊ ဘဝတစ်လျှောက်လုံးမှာ အဖော်လဲမရှိဘူး၊ ပြုစုပေးမယ့်သူလည်းမရှိဘူး .....၊ အထီးကျန်ဘဝနဲ့နေရတာ ဘယ်လောက် ခြောက်သွေ့တယ်ဆိုတာ တပည့်တော်သိပါတယ်၊ ဒါကြောင့်ဆရာတော့်ကို ပြုစုချင်တာပါ ....."



သူမသည် ဆရာတော့်အနီးသို့ ပို၍တိုးကပ်လိုက်သည်။

ဆရာတော်က လေသံမာမာဖြင့် ငေါက်လိုက်သည်။

"ဒကာမ ..... တော်ပြီ၊ ရှေ့မတိုးနဲ့တော့၊ ကျုပ်ကိုမစော်ကားနဲ့"

"ဆရာတော်ကလည်း ...ဒီမှာရှိတဲ့လူတွေအားလုံး လူရင်းတွေပါ၊ ဘာမှရှက်စရာမလိုပါဘူး ....."

"ဆရာတော်လည်း ဒုက္ခခံပြီး ရှေ့ခရီး ဆက်မနေပါနဲ့တော့ ဒီမှာ လူဝတ်လဲပြီး လူ့လောကရဲ့ စည်းစိမ်ကို ခံစားကြပါစို့ ....."

ထန်စန်းကျွမ်းဆရာတော်သည် ထိုင်နေ၍မရတော့ပေ။ ဆတ်ခနဲ မတ်တတ်ထလိုက်၏။

"ဒကာမ ..... သင်ပြောတဲ့စကားတွေဟာ အကုသိုလ်စကားတွေချည်းပဲဆိုတာ မသိဘူးလား"

ဆရာတော်သည် စိတ်ဆိုးမာန်ဆိုးပြောရင်း စကားဝိုင်းမှ ထွက်တော့သည်။

စံပယ်ဖြူသည် ဆရာတော့်လက်ကို ဖမ်းဆွဲလေ၏။

အဘိုးအို လေးယောက်တို့သည် လျင်မြန်စွာထသွားပြီး ဘုရားကျောင်းတံခါးဝ၌ ပိတ်ဆို့ရပ်လိုက်လေ၏။

ဆရာတော်သည် အဘိုးအိုလေးယောက်ကို ကြည့်လိုက်သည်။ အဘိုးအိုများသည် ဆရာတော်ကို မည်သည့်နည်းနှင့်မျှ ဤကျောင်းတွင်းမှ ထွက်ခွင့်မပေးဟူသည့် ဆုံးဖြတ်ပြီးဟန်မျိုးဖြင့် တားဆီးသည့် အမူအရာ ရှိနေကြောင်း တွေ့ကြရသည်။

"ကျွန်ုပ်နဲ့ဒကာကြီးတို့ဟာ ဘာရန်ငြိုးရန်စမှ မရှိကြတာဘဲ ....၊ ရန်ငြိုးရန်စမရှိတာကို ဘာကြောင့်ရန်ငြိုးရန်စရှိအောင် လုပ်ချင်ရတာလဲ"

စုပကုန်းက ခေါင်းယမ်းလိုက်၏။

"ဆရာတော် အထင်လွဲနေတာပါ၊ တပည့်တော်တို့က ဆရာတော်ကြုံတွေ့ရမယ့် အခက်အခဲတွေ၊ ဒုက္ခတွေကို ကိုယ်ချင်းစာလို့ ဒီနေရာမှာ အေးအေးချမ်းချမ်းနေရအောင် ခေါ်လာခဲ့တာပါ ဆရာတော် အနေနဲ့ ဒီမှာ လူဝတ်လဲပြီး အိမ်ထောင်ပြုလိုက်ရင် အေးချမ်းသာယာတဲ့ဘဝကို ထူထောင်ပြီး ဖြစ်သွားမှာပါ ....."

ထိုအချိန်တွင် စံပယ်ဖြူသည် ဆရာတော့်လက်ကို အတင်းဆွဲလွဲနေပေပြီ၊ ဆရာတော်သည် စံပယ်ဖြူလက်မှ လွတ်အောင်ရုန်းကန်နေရ၏။

"လွှတ်စမ်း ..... လွှတ် ..... လွှတ် ...."

ဆရာတော်သည် ရုန်းကန်အော်ဟစ်နေရသည်။

"ဒကာမ ..... ဘုန်းကြီးကို ဒီလိုမလုပ်ကောင်းဘူး၊ သင်တို့တော့ အပါယ် လားတော့မှာပဲ"

ထိုအချိန်တွင် မိုးလင်းလုနီးနေချေပြီ။ ထိုစဉ် –

"ဆရာ ..... ဆရာ့အသံ ကြားနေရတယ်၊ ဘယ်က ဆရာပြောနေတာလဲ"

အမှန်တွင် စွန်းဟိန်ကျဲ၊ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့သည် မြင်းကိုဆွဲကာ ညလုံးပေါက် လိုက်ရှာနေကြသည်။ သူတို့သည် ဆရာတော်အား ဤတောတောင် အတွင်းတွင်ပင် တွေ့ရလိမ့်မည်ဟု ယုံကြည်နေကြသည်။

ယခု မိုးလင်းခါနီးတွင် ဆရာတော်၏ အော်သံကို ကြားလိုက်ရသဖြင့် ကျူးပတ်ကိုင်က လှမ်းအော်မေးလိုက်ခြင်းဖြစ်သည်။ ထိုအချိန်တွင် ဆရာတော်သည် မိန်းကလေး၏လက်အတွင်းမှ လွတ်မြောက်လာသည်။ သူသည် ကျောင်းရှေ့သို့ အခြားအပေါက်မှ ပြေးထွက်လာခဲ့သည်။ သူနောက်သို့ လှည့်ကြည့်လိုက်သောအခါ အံ့သြသွားသည်။

"ဟင် ....."

အဘယ့်ကြောင့်ဆိုသော် စံပယ်ဖြူဆိုသော မိန်းကလေးကိုလည်း မတွေ့ရ၊ အဘိုးအိုလေးယောက်ကိုလည်း မတွေ့ရသောကြောင့်တည်း။

သူသည် ရှေ့မှောင်ထဲသို့ လှမ်းကြည့် လိုက်၏။ စွန်းဟိန်ကျဲ၊ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့သည် သူ့ကိုတကြော်ကြော်အော်ခေါ်ရင်း လျှောက်လာနေသည်ကို တွေ့လိုက်ရသတည်း။

ထန်စန်းကျွမ်းဆရာတော်သည် ဝမ်းသာသွား၏။

"ကျူးပတ်ကိုင် ..... ငါ ဒီမှာပါ ....."

စွန်းဟိန်ကျဲတို့သည် ဆရာတော်အား တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသည်။



"ဆရာ ..... ဘယ်လိုဖြစ်လာတာလဲ"

စွန်းဟိန်ကျဲက မေးလိုက်၏။

ဆရာတော်သည် သက်ပြင်းကို ပြင်ဝတ်လိုက်၏။

"တပည့်တို့ ..... ငါပြောရမှာရှည်လျားလှပါတယ် .....၊ မင်းတို့လည်းငါ့ကိုရှာရလို့ ပင်ပန်းနေကြပြီ၊ ဒီမှာပဲ နားလိုက်ကြပါဦး"

စွန်းဟိန်ကျဲတို့သည် ကောင်းကင်သို့ကြည့်ပြီးလက်အုပ်ချီလိုက်သည်။ ထို့နောက် ဘုရားစာ၊ တရားစာများကိုရွတ်ဖတ်သရဇ္ဈာယ်လေ၏။ ထို့နောက် စွန်းဟိန်ကျဲတို့ စခန်းချသည့်နေရာ၌ ဝင်ထိုင်လိုက်သည်။

စွန်းဟိန်ကျဲက ဘုရားကျောင်းပျက်ဆီသို့ လက်ညှိုးထိုးပြပြီး –

"ဆရာ... ဘုရားကျောင်းပျက်ထဲမှာ ဘာဖြစ်လို့ မတည်းတာလဲ"

"ဟာ ..... မတည်းနဲ့၊ မတည်းနဲ့၊ ဒီဘုရားကျောင်းက နာနာဘာဝ ဝိနာဘာဝတွေရှိတယ် ....."

"ဟုတ်လား ....."

"ဟုတ်ပါတယ်၊ အားလုံးထိုင်ကြဦး၊ ငါ့အတွေ့အကြုံတွေကို ပြောပြမယ်၊ မနေ့က အဘိုးကြီးတစ်ယောက် ဘီလူးတစ်ကောင်နဲ့ ဆွမ်းကပ်လာတာကို တွေ့တယ်မဟုတ်လား ....."

"တွေ့ပါတယ်"

ဆရာတော်သည် ဘုရားကျောင်းပျက်ထဲ ရောက်သည်မှအစ သူထွက်ပြေးလာခဲ့သည့်အဆုံး ပြန်ပြောင်းပြောပြလေ၏။

"ငါ ..... သူအတင်းဆွဲလွဲနေတဲ့အထဲက ပြေးလာခဲ့တာကွယ့်၊ ဒါပေမယ့် နောက် လှည့်ကြည့်လိုက်တော့ သူတို့မရှိတော့ဘူး၊ သူတို့ဆိုတာက အဘိုးအိုလေးယောက်စလုံးကိုမတွေ့တာကိုပြောတာပါ ....."

"ဒီလိုဆိုရင် ဆရာတို့ ဒီမှာစောင့်နေပါ၊ ကျောင်းပျက် ပတ်ဝန်းကျင်ကို တပည့်တော် သွားကြည့်ပါမယ် ....."

စွန်းဟိန်ကျဲက ပြောလိုက်သည်။

"အေး ..... အေး ..... သွားကြည့်ပါ ....."

စွန်းဟိန်ကျဲသည် ကျောင်းရှေ့သို့လျှောက်လာလေ၏။ သူသည် တန်ခိုးရှင် စွမ်းအင် မျက်လုံးများဖြင့် ကြည့်လိုက်သည်။ တန်ခိုးရှင်

စွမ်းအင်မျက်လုံးများသည် အရာရာကို ထွင်းဖောက်မြင်နိုင်စွမ်းရှိလေ၏။

စွန်းဟိန်ကျဲသည် သက်တမ်းရှည်ကြာလှပြီဖြစ်သည့် သစ်ပင်ကြီးများကိုလည်း ကြည့်သည်။

လားလား .....။ တွေ့ပါပြီ။ အဘိုးအိုလေးယောက်သည် သစ်ပင်အိုကြီးလေးပင်အဖြစ် ဖန်ဆင်းထားကြောင်းတွေ့ရှိရတော့သည်။ စံပယ်ဖြူဆိုသောမိန်းကလေးမှာ ယင်းအပင်အိုကြီးများကို နွယ်ပတ်နေသော နွယ်ပင်တစ်ပင်ဖြစ်ကြောင်း တွေ့ရှိရသည်။

စွန်းဟိန်ကျဲသည် ထိုငါးယောက်ကို တွေးတောအံ့သြမိလေ၏။ လူမှ သစ်ပင်များအဖြစ် ဖန်ဆင်းထားကြသလော၊ သစ်ပင်များမှ လူအဖြစ် ဖန်တီးထားကြသလော၊ သူသည် ထိုအဖြစ်ကို မသိရှိနိုင်ပေ။

ကျူးပတ်ကိုင်က ပြန်လျှောက်လာသော စွန်းဟိန်ကျဲကို ကြည့်ပြီး မေးသည်။

"အစ်ကိုကြီး ဘာတွေတွေ့ခဲ့သလဲ"

စွန်းဟိန်ကျဲက –

"တွေ့ခဲ့ပါတယ်ကွာ၊ ဒါပေမယ့် ဘာတွေလဲ ဆိုတာတော့ ငါ သေသေချာချာ မသိပါဘူးကွ ....."

"ပြောပြစမ်းပါ အစ်ကိုကြီးရာ"

"ဒီလိုကွ ..... ဆရာပြောတဲ့ အဘိုးကြီး လေးယောက်ကိုလည်း တွေ့ရတယ်၊ စံပယ်ဖြူဆိုတဲ့ မိန်းကလေးကိုလည်း တွေ့ရတယ် .....၊ ဒါပေမယ့် သူတို့ဟာ သစ်ပင်ယောင်ဖန်ဆင်းနေကြတယ်"

"ဒါပေါ့ အစ်ကိုကြီးရ ..... ဒီဘီလူးတွေက သစ်ပင်ယောင် ဖန်ဆင်းတာဖြစ်မှာပေါ့ ....."

"ဘီလူးလည်း မဟုတ်ဘူးကွ၊ လူက သစ်ပင်ယောင် ဖန်ဆင်းတာလား၊ သစ်ပင်က လူယောင်ဖန်ဆင်းတာလားဆိုတာ ငါလည်း မခွဲခြားနိုင်ဘူး၊ ဆန်းတော့ဆန်းတယ်ကွ၊ သူယောင်မယ်တွေလည်း မဟုတ်ဘူး၊ သူယောင်ပင်မဟုတ်ဘူးကွ၊ အဲဒီအပင်အိုကြီး လေးပင်ကို ကြည့်လိုက်စမ်း အဲဒါ အဘိုးအို လေးယောက်ပဲ၊ သူတို့အပင်ပေါ်မှာ ရစ်ပတ်နေတဲ့နွယ်ကို ကြည့်စမ်း၊ အဲဒါက စံပယ်ဖြူလို့ခေါ်တဲ့ မိန်းကလေးပဲ ....."

ကျူးပတ်ကိုင်က –

"အစ်ကိုကြီး ..... ဘာဖြစ်လို့ သူတို့ကို ဒီအတိုင်းထားခဲ့ရမှာလဲ"

"ထားခဲ့တော့ ဘာဖြစ်သလဲ"

"ထားခဲ့တော့ ဆရာ့ကို ဒုက္ခပေးသလို တခြားသူတွေကို ဒုက္ခပေး နေဦးမှာပေါ့"

"အေး ..... ဒါလည်းဟုတ်တယ် ....."

ကျူးပတ်ကိုင်သည် သူ့ထွန်ခြစ်ကို ကောက်ကိုင်လိုက်၏။

"အစ်ကိုကြီး ..... ဒီသစ်ပင်တွေကို ကျုပ်ရှင်းပစ်လိုက်မယ် ....."

"အေးကွာ ..... ရှင်းပစ်လိုက်ပေတော့၊ တော်ကြာ ဆရာ့ကို ဒုက္ခ ပေးသလို တခြားသူတွေကိုလည်း ဒုက္ခပေးနေဦးမယ် ....."

ကျူးပတ်ကိုင်သည် သစ်ပင်ကြီးလေးပင်နှင့် သစ်ပင်များပေါ်၌ တက်နေသော နွယ်ပင်ကို ရှင်းလင်းခုတ်ထွင်ပစ်လိုက်တော့၏။ သစ်ပင် များလည်း အပိုင်းပိုင်းပြတ်သည်။ နွယ်ပင်လည်း အပိုင်းပိုင်းပြတ်သည်။

ထိုသစ်ပင်ကြီးများမှ နီရဲစေးထန်းသောသွေးများ တဖြည်းဖြည်း စီးကျလာကြောင်း အံ့သြစဖွယ် တွေ့ရှိလိုက်ရတော့သည်။ ထိုအခါ စွန်း ဟိန်ကျဲသည် ပို၍ဦးနှောက်ခြောက်သွားလေ၏။

လူလော ..... သစ်ပင်လော .....။

သူသည် ဘာကိုမျှ မတွေးတတ်တော့ချေ။

✷ ✷ ✷ ✷ ✷ ✷ ✷

စာဖတ်သူများ၏ မေတ္တာခံယူလျက်
တက္ကသိုလ်နေလင်းအောင်

တက္ကသိုလ်နေလင်းအောင်

၏

**အကြမ်းပတမ်းခရီးဆန်း**

စာစဉ် (၆)၊ (၇) နှင့် (၈)ဆက်လက်ထွက်ပါတော့မည်။